ဂ ရက် သတင်းဂျာနယ်
# 7 DAY NEWS JOURNAL
http://www.7daynewsjournal.com

အတွဲ(၁၀)၊ အမှတ်(၁၁) | ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် | ၁၃၇၃ ခုနှစ်၊ နယုန်လဆန်း ၁ ရက် ၊ ကြာသပတေး၊ (ဇွန် ၂ ၊ ၂၀၁၁)

တရားရုံးဆိုင်ရာ အခေါ်အဝေါ်များ ပြောင်းလဲ ၃

ကာမစိတ်လှုံ့ဆော်စေသော အစားအစာရောင်းချသူများအား စတင်ဖမ်းဆီး ၆

ကြိုးဖုန်းများ ကျပ်ခြောက်သိန်းခွဲဖြင့် စတင်ချပေး ၆

အထူးအချပ်ပို (၄)မျက်နှာ မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်

## ပြည်ပသို့ ဆန်တန်ချိန်ခြောက်သိန်း တင်ပို့ရန် လျာထား

ပြည်သိမ်း၊ ဇာဇာနီ

ရန်ကုန်၊ မေ - ၃၀

ပြည်ပဈေးကွက်သို့ ၂၀၁၁-၁၂ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန်ခြောက်သိန်းတင်ပို့ရန်လျာထားကြောင်းမြန်မာနိုင်ငံ ဆန်စပါး လုပ်ငန်းအသင်းမှ သတင်းရရှိသည်။


ယင်းသို့ တင်ပို့ရန် မေလအတွက် တန်ချိန်သုံးသောင်းလိုင်စင်ရထားပြီး ဇွန်လဆန်း၌ သင်္ဘောတင်မည်ဖြစ်သည်။ ထို့အပြင်နောက်ထပ်တန်ချိန်နှစ်သောင်းမှာ လိုင်စင်လျှောက်ထားဆဲဖြစ်ကြောင်းကိုလည်းမြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ အတွင်းရေးမှူး ဦးရဲမင်းအောင်ကပြောကြားသည်။

"မြန်မာ့ဆန်က လက်ရှိ ကမ္ဘာ့ဈေးကွက်မှာ ရတဲ့ဈေးကမဆိုးဘူးလို့ပြောလို့ရတယ်။ ပို့ကုန် ရငွေတန်ဖိုးသာထပ်မကျရင် လုပ်သာကိုင်သာရှိနေပါတယ်"ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

လက်ရှိ မြန်မာ့ဆန်သည် ကမ္ဘာ့ဈေးကွက်တွင် တစ်တန်လျှင် ကန်ဒေါ်လာ ၃၉၀မှ ၃၉၅အထိ ဈေးရနေကြောင်း သိရသည်။

မြန်မာ့ဆန်ကို ကမ္ဘာ့ဈေးကွက်သို့တင်ပို့ရန် တန်ချိန်လျာထားသတ်မှတ်ချက်ကြောင့် ဗီယက်နမ်ဆန်မှာ. . .

စာ(၇)သို့



## တရားရုံးများ၏တရားစီရင်ပိုင်ခွင့် တိုးလာ

### ငွေကြေးနှင့်သက်ဆိုင်သော အမှုများတွင် မြို့နယ်တရားရုံးများက ကျပ်သိန်းတစ်ရာအထိ၊ ခရိုင်တရားရုံးက ကျပ်သိန်းငါးထောင်အထိ စီရင်ခွင့်ရ

မြတ်စုမွန်

ရန်ကုန်၊ မေ - ၂၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအစိုးရသစ်လက်ထက်တွင် တရားရုံးများအား မူလတရားစီရင်ပိုင်ခွင့်များထက် ထပ်မံတိုးမြှင့်ပေးမှုများရှိလာကြောင်း တရားရုံးချုပ်ရှေ့နေတစ်ဦးကပြောသည်။

တရားစီရင်ပိုင်ခွင့်များ တိုးမြှင့်ပေးမှုကြောင့် မူလကတရား စီရင်ပိုင်ခွင့်နည်းသော တရားရုံးများသည် ယခုပိုမိုစီရင်ပိုင်ခွင့်များ ရလာကြောင်းလည်း သိရသည်။

စာ(၇)သို့

## ဟိုတယ်ဇုန်အသစ်များထပ်မံဖော်ထုတ်ရန် စီစဉ်

အောင်သူရ၊ ညီညီဇော်

ရန်ကုန်၊ မေ - ၂၅

ကမ္ဘာ့လှည့်ခရီးသွားများ အဓိကသွားရောက်သောမြို့ကြီးများတွင် ဟိုတယ်အသစ်များ တည်ဆောက်ရန်ဟိုတယ်ဇုန်မြေနေရာရွေးချယ်မှုကို သက်ဆိုင်ရာသို့တင်ပြထားကြောင်းမြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌဦးခင်ရွှေကပြောသည်။

"ရန်ကုန်မှာ ဗိုလ်တထောင်နဲ့ မင်္ဂလာဒုံမြို့နယ်၊ မန္တလေးမှာ စစ်ကိုင်း တံတားဘေး၊ ပုဂံမှာ ဧရာဝတီမြစ်ဘေးနဲ့ မော်လမြိုင်မှာ မုတ္တမဘက်ခြမ်းကို လျာထားပြီး တင်ပြထားပါတယ်"ဟု ဦးခင်ရွှေက မေ ၂၅ ရက်တွင် ပြောသည်။ ထို့အပြင် ထားဝယ်ဒေသတွင်လည်း ဟိုတယ်ဇုန်တည်ထောင်ရန် အစီအစဉ်ရှိကြောင်း သတင်းရရှိသည်။

သို့သော် ဗိုလ်တထောင်မြို့နယ်တွင် ယာဉ်ကြောပိတ်ဆို့မှုရှိနိုင်ခြင်းနှင့် မြေနေရာမရှိသောကြောင့်ဟိုတယ်များတည်ဆောက်ရန် အခက်အခဲရှိနိုင်ကြောင်း ရန်ကုန်မြို့ အိမ်ခြံမြေအကျိုးဆောင်များက ပြောသည်။

စာ(၁၂)သို့



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ရန်ကုန်မြို့သို့ လာရောက်လည်ပတ်သော ကမ္ဘာ့လှည့်ခရီးသည်များကို ဆူးလေစေတီတော်အနီး၌ တွေ့ရစဉ်

## ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ဝင်ရမည်

အောင်သူရ


ရန်ကုန်၊ မေ - ၂၅

ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံထားသော ဟိုတယ်များ အပါအဝင် လိုင်စင်ရဟိုတယ်များ၊ ဧည့်လမ်းညွှန်များနှင့် ခရီးသွားကုမ္ပဏီများအားလုံး မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ MTB (Myanmar Toursim Board) သို့မဝင်ပါက ဆက်လက်ရပ်တည်ခွင့်ရမည်မဟုတ်ကြောင်း သတင်းရရှိသည်။

"ဒီနေ့ ဒီအချိန် ဦးတင့်ဆန်း (ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး) ဝန်ကြီးဖြစ်တဲ့အချိန်ကစပြီး ဝင်ဖို့မဝင်ဖို့ကို ဘုတ်ကပဲဆုံးဖြတ်မယ်။ ကျွန်တော်တို့ဆီ မဝင်ရင် ဟိုတယ်ဆက်ရပ်တည်လို့မရဘူး။ Tour Guide တွေ Tourကုမ္ပဏီတွေကအစ"ဟုထိုအဖွဲ့ဥက္ကဋ္ဌဦးခင်ရွှေကမေ ၂၅ရက်နေ့တွင်မြရိပ်ညိုဟိုတယ်၌ပြုလုပ်သော အခမ်းအနားတွင် အထက်ပါအတိုင်း ပြောကြားခဲ့သည်။

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများအနေဖြင့် အသင်းမဝင်ပါက ထိုအဖွဲ့၏ ကူညီပံ့ပိုးမှုကို ရရှိမည်မဟုတ်ဘဲ ဖောက်သည်များ လျော့နည်းမည်ဖြစ်၍ ရပ်တည်ရန် ခက်ခဲမည်ဖြစ်ကြောင်း ဦးခင်ရွှေက ဆက်လက်ပြောသည်။

စာ(၁၂)သို့



7 DAY NEWS JOURNAL
Vol.10, No.11 · JUNE 2, 2011

# မလေးရှားဗီဇာလျှောက်ထားသူ များပြားခြင်းကြောင့် ရရှိရန် ခက်ခဲဟုဆို

နေလင်းထွန်း

ရန်ကုန်၊ မေ – ၂၈

မလေးရှားသံရုံးတွင် ပြည်ဝင်ခွင့် (ဗီဇာ)လျှောက်ထားသူ နေ့စဉ် ၃၀၀ ကျော်ရှိနေခြင်းကြောင့် အချိန်ကြာမြင့်စွာစောင့်ဆိုင်းမှုများ ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်းမလေးရှားသံအမတ်ကြီးကပြောသည်။

တစ်နေ့လျှင် ဗီဇာအတွက် လူဦးရေ ၃၀၀ ကိုလက်ခံဆောင်ရွက်လျက်ရှိပြီး လက်ရှိသံရုံးလူအင်အားဖြင့် ည ၇ နာရီမှ ၈ နာရီထိဆောင်ရွက်လျက်ရှိသည်ဟုၡင်းက ဆိုသည်။

"ဗီဇာအခက်အခဲကိုလက်ခံပါတယ်။ သံရုံးက ခက်ခဲစေချင်တာမဟုတ်ပါဘူး။ သံရုံးမှာ လူအင်အားမမျှလို့ပါ။ ဒါတွေ မကြာခင်ပြီးတော့မှာပါ။ မလေးရှားက အရာရှိတွေထပ်ရောက်လာတော့မယ်။ မြန်မာဝန်ထမ်းလည်း ထပ်ခန့်မယ်။ ဒါယာယီပြဿနာပါပဲ" ဟု သံအမတ်ကြီး Dato' Mazlan Muhammad ကသတင်းထောက်များအား ပြောသည်။

လက်ရှိပြင်ပ၌ သတင်းထွက်ပေါ်နေသည့် မဲနှိုက်နေရသည်ဟူသော အကြောင်းအရာသည် သံရုံးနှင့် မည်သို့မှ သက်ဆိုင်မှုမရှိကြောင်း၊ အလုပ်အကိုင် အေးဂျင့်များက ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သံရုံးမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။ ထိုသံရုံးကတစ်ရက်လျှင် လူမှုရေးဗီဇာ လျှောက်ထားသူ ၁၀၀ဦးနှင့်အလုပ်သမားဗီဇာ လျှောက်ထားသူ ၂၀၀ဦးသာ တစ်ပတ်လျှင် ၄ရက်နှုန်းဖြင့် မတ်လ ၁၈ရက်မှစတင်သတ်မှတ်ထုတ်ပေးခဲ့သည်။



မလေးရှားသံရုံးရှေ့တွင် ဗီဇာလျှောက်ထားရန် စောင့်ဆိုင်းနေသူများကို မတ်လက တွေ့ရစဉ်။

ဓာတ်ပုံ - ဇေျမောင်မောင်(အမရပူရ)

# ရန်ကုန်တိုင်းဒေသကြီးတွင် ဆယ်နှစ်အတွင်း လူသတ်မှု ၁,၁၇၇ မှုနှင့် မုဒိမ်းမှု ၇၅၅ မှုဖြစ်ပွား

အိဖြူလွင်

ရန်ကုန်၊ မေ – ၂၅

ရန်ကုန်တိုင်းဒေသကြီးတွင် ၂၀၀၁ မှ ၂၀၁၀ ပြည့်နှစ်အထိ ဆယ်စုနှစ်တစ်ခုအတွင်း လူသတ်မှုပေါင်း ၁,၁၇၇ မှုဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

ဆယ်စုနှစ်အတွင်းဖြစ်ပွားခဲ့သောပြစ်မှုကြီးများတွင် လူသတ်မှု အများဆုံးဖြစ်ပွားပြီး ဒုတိယဖြစ်ပွားမှုအများဆုံးမှာ မုဒိမ်းမှုဖြစ်ကာ ၇၅၅ မှု ထိဖြစ်ပွားခဲ့သည်ဟု သက်ဆိုင်ရာစာရင်းဇယားများတွင်ဖော်ပြထားသည်။လုယက်မှုနှင့်ဖောက်ထွင်းမှုတို့သည်လည်း ဖြစ်ပွားမှုများပြားခဲ့သောစာရင်းတွင် ပါဝင်ခဲ့ပြီး လက်နက်၁၉ (က)မှုဖြင့်အရေးယူခဲ့မှုမှာမူ ၂၀၁၀ ပြည့်နှစ်က တစ်မှုသာ ဖြစ်ပွားခဲ့ကြောင်းသိရသည်။ပြစ်မှုကြီး ၁၀မျိုးစာရင်းတွင် မပါဝင်ဘဲ အခြားအမှုများထဲတွင်ပါဝင်သော မတရားအသင်းဖြင့် အရေးယူခံရသော အမှုအရေအတွက်မှာ ၁၀နှစ်တာအတွင်း အရေအတွက်၁၀၀ထိရှိခဲ့ကြောင်း သိရသည်။

အရေးပေါ် ၅/ည ဥပဒေဖြင့် ဖမ်းဆီးအရေးယူခံရမှုမှာ ၁၀ နှစ်အတွင်း စုစုပေါင်း ၃၀၈ မှုရှိခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် အရေးယူခဲ့မှု ၆၅ မှုထိရှိ၍ ၂၀၁၀ ပြည့်နှစ်တွင်မူ အဆိုပါပုဒ်မဖြင့် အရေးယူမှုငါးမှုသာရှိခဲ့ကြောင်း သိရသည်။ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုမှာမူ အရေအတွက်အများဆုံးဖြစ်ပြီး ၂၃၄၄မှုထိရှိခဲ့ကြောင်းသိရ သည်။

# စက်တင်ဘာလအထိ မုန်တိုင်းဝင်ရန် မရှိကြောင်း ဦးထွန်းလွင်ခန့်မှန်း

အောင်သူရ

ရန်ကုန်၊ မေ – ၂၆

ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်စေကာမူမြန်မာနိုင်ငံတွင် စက်တင်ဘာလကုန်အထိ မုန်တိုင်းအန္တရာယ်မရှိနိုင်တော့ကြောင်း မိုးလေဝသပညာရှင် ဒေါက်တာဦးထွန်းလွင်က ခန့်မှန်းပြောကြားသည်။

"ဘင်္ဂလားပင်လယ်အော်မှာ ဖြစ်ချင်ဖြစ်မယ်။ မြန်မာပြည်ကို မဝင်တော့ဘူး။ ဘာကြောင့်လဲဆိုတော့ မိုးတွင်းမှာ ဖြစ်တဲ့ မုန်တိုင်းက မြန်မာပြည်ကို မဝင်ဘူး"ဟု ဦးထွန်းလွင်ကဆို သည်။

အမေရိကန်ပြည်ထောင်စုရှိ အမျိုးသားအဏ္ဏဝါနှင့် လေထုအုပ်ချုပ်ရေးအဖွဲ့ကြီး၏ မေ ၂၅ ရက် ထုတ်ပြန်ချက်အရ ဇွန် ၇ ရက်အထိဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်နိုင်ခြေမရှိဟုလည်း ခန့်မှန်းထားသည်။

"အဲဒီလို မုန်တိုင်းတွေဖြစ်တာ အားနည်းသွားမယ်ဆိုရင် ဒီနှစ်မုတ်သုံလေအခြေအနေဟာ အတောင်အလက်တွေ မစုံတဲ့ ငှက်တစ်ကောင်လို ဒုက္ခိတငှက်ကလေးဖြစ်သွားမှာကို စိုးရိမ်ရတယ်" ဟု ဦးထွန်းလွင်၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထား သည်။

"မုတ်သုံမကောင်းရင် မုတ်သုံကာလတိုတောင်းမယ်။ မိုးရွာသွန်းမှုပုံစံပြောင်းမယ်။ မုတ်သုံကောင်းရင် ရွာရက်မှန်တယ်။ တစ်ပြည်လုံး ပျံ့ပျံ့နှံ့နှံ့ ရွာတယ်။ မုတ်သုံအားနည်းနေမယ်ဆိုရင် အဲဒီမိုးတွေအားနည်းမယ်။ ရွာတဲ့မိုးကလည်း ပျံ့ပျံ့နှံ့နှံ့ မရှိတော့ဘူး။ စိုက်ပျိုးရေးအထောက်အကူပြုမိုး မဖြစ်တော့ဘူး" ဟု ဦးထွန်းလွင်က ပြောသည်။


ယခုနှစ်တွင် မြန်မာနိုင်ငံသို့ မုတ်သုံလေဝင်ရောက်သည့် ပုံစံမှာ ပုံမှန်နှစ်များထက် ထူးခြားစွာ တစ်နေရာနှင့်တစ်နေရာ ဆက်တိုက်ဝင်ရောက်ခဲ့ပြီး မေ၉ရက်မှစ၍ မြန်မာနိုင်ငံ တောင်ပိုင်းသို့ စတင် ဝင်ရောက်ခဲ့သည်။

# မေလအတွင်း မိုးကြိုးပစ်၍ သေဆုံးမှုများပြား

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ မေ – ၂၇

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ မှော်ဘီကျေးရွာအုပ်စု၊ အခေါတ်ကျေးရွာရှိ လယ်ကွင်းထဲတွင် လယ်ထွန်နေသော လယ်ယာလုပ်သားတစ်ဦးမှာ မေ ၂၅ ရက်က မိုးရွာသွန်းပြီး မိုးကြိုးပစ်မှုကြောင့် မိုးကြိုးထိမှန်ကာ ယင်းနေရာ၌ပင် ပွဲချင်းပြီး သေဆုံးသွားကြောင်းသတင်းရရှိသည်။



သေဆုံးသူမှာ ကိုချစ်ဇော် (၂၁)နှစ်ဖြစ်ပြီး ကော့ဒွန်ကျေးရွာတွင် နေထိုင်သူဖြစ်ကြောင်းသိရသည်။ ၎င်းမိုးကြိုးပစ်ခံရသည့်အချိန်မှာညနေ ၃ နာရီခွဲဝန်းကျင်ဖြစ်ပြီး လယ်ကွင်းထဲတွင် ဂွမ်ဒေါင်လယ်ထွန်စက်ဖြင့် လယ်ထွန်နေစဉ် မိုးကြိုးထိမှန်သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။

"သူက အခေါတ်ရွာမှာ လယ်စာရင်းငှားလုပ်တာပါ။ ဖြစ်တဲ့နေ့ကနေ့လယ် ၂နာရီလောက်ကတည်းက မိုးကအုံ့နေတာ လျှပ်စီးတွေလည်းလက်တယ်။ ဖြစ်တဲ့အချိန်မှာတော့ မိုးလည်းရွာနေပါတယ်။ သူနဲ့အတူ သူ့အစ်ကိုကလည်း လယ်ကွင်းထဲမှာ တာတူးနေတာပါ။ မိုးတွေရွာတော့ သူ့အစ်ကိုက တက်တော့မယ်ပြောတော့ ကိုချစ်ဇော်က ဒီတစ်ပတ်ထွန်လိုက်ဦးမယ်ဆိုပြီး ဆက်ထွန်နေတာပါ။ အဲဒီနောက်ဆုံး တစ်ပတ်ထွန်နေတုန်းမှာပဲ မိုးကြိုးပစ်ခံရတာ" ဟု အခေါတ်ကျေးရွာတွင် နေထိုင်သူတစ်ဦးက 7 Day News သို့ဖုန်းဖြင့် ပြောပြခဲ့သည်။

မိုးကြိုးပစ်လိုက်သည့်အချိန်တွင် ကိုချစ်ဇော်မှာ ထွန်စက်ပေါ်မှ လွင့်စဉ်ကျသွားခဲ့ပြီး ၎င်းဆောင်ထားသည့်ခမောက်မှာလည်းကြေသွားခဲ့ကြောင်း အဆိုပါပုဂ္ဂိုလ်က ဆက်လက်ပြောပြသည်။

၎င်းဖြစ်စဉ်အား ကွမ်းခြံကုန်းမြို့နယ်၊ ရဲတပ်ဖွဲ့မှ သေမှုသေခင်းအမှတ် ၃/၂၀၁၁ ဖြင့် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

ထို့အပြင် မိုးဦးကာလဖြစ်သော မေလအတွင်း မိုးကြိုးပစ်မှုပိုများလာပြီး တွံတေးမြို့နယ်၊ တကယ်လှဲ့ကျေးရွာ၊ လယ်ကွင်းထဲတွင် မေ ၁၄ ရက် ညနေပိုင်း၌ မိုးကြိုးပစ်မှုကြောင့် လူတစ်ဦးသေဆုံးကာ သုံးဦးဒဏ်ရာရရှိခဲ့သည်။ မေ ၁၉ ရက်နေ့လယ်ပိုင်းတွင် စစ်ကိုင်းမြို့နယ်၊ တာတိုင်ကျေးရွာနေ အမျိုးသားတစ်ဦးသည်လည်း ငါးဖမ်းရန် လှေလှော်ထွက်လာစဉ် မိုးကြိုးပစ်မှုကြောင့် ရေထဲပြုတ်ကျသေဆုံးခဲ့သည်။

ထို့အတူ မေ ၂၂ ရက် ညနေပိုင်းကလည်း ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၌ မိုးကြိုးပစ်မှုကြောင့် တစ်မိုင်စီ အကွာအဝေးရှိသော လူနှစ်ဦးတစ်ပြိုင်နက်သေဆုံးခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

# ကမ္ဘာလှည့်ခရီးသွားများအတွက် တာချီလိတ်နှင့်ကော့သောင်းနယ်စပ်ဝင်ပေါက်များဖွင့်ပေးမည်

အောင်သူရ

ရန်ကုန်၊ မေ – ၂၅

ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ခြင်းထိစပ်နေသော တာချီလိတ်နှင့်ကော့သောင်းမြို့ ဝင်ပေါက်များမှ စမ်းသပ်သည့်အနေဖြင့် ကမ္ဘာ့လှည့်ခရီးသွားများ ဝင်ရောက်ရန်စတင်ဖွင့်ပေးမည်ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌဦးခင်ရွှေကပြောသည်။

"ဒီကနေ စမ်းသပ်တဲ့အနေနဲ့ ကော့သောင်းတို့ တာချီလိတ်တို့စဖွင့်မယ်။ နောက်ပိုင်းကျရင် မြဝတီမဲဆောက်ကို ဖွင့်မယ်" ဟု မေ ၂၅ရက်က မြရိပ်ညိုဟိုတယ်တွင် ဦးခင်ရွှေက ပြောကြားခဲ့သည်။

ပုံမှန်ခရီးသွားရာသီများတွင် မူဆယ်ဝင်ပေါက်မှ တရုတ်နိုင်ငံသားများ ဝင်ရောက်မှုများပြီး တာချီလိတ်ဝင်ပေါက်မှ ထိုင်းနိုင်ငံသားများဝင်ရောက်မှုများသည်။

"မြဝတီဝင်ပေါက်ဖွင့်ရင်တော့ ထိုင်းတွေတော်တော်လာကြမှာ။ ဒါပေမဲ့ဒီဝင်ပေါက်ဖွင့်မယ်လို့ အရင်ဝန်ကြီးတွေတုန်းကတည်းက ပြောနေကြတာ"ဟု ခရီးသွားလုပ်ငန်းရှင်တစ်ဦးကပြောသည်။

မြဝတီဝင်ပေါက် ဖွင့်လှစ်လိုက်ပါက ကျိုက်ထီးရိုးစေတီတော်သို့ လာရောက်မည်သူများလာနိုင်ပြီး မြဝတီ မဲဆောက်ဝင်ပေါက်အား ၂၀၁၀ ပြည့်နှစ်လယ်ပိုင်းစ၍ ပိတ်ထားခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်းတိုးတက်စေရန်မြန်မာပြည်ဝင်ပေါက်အားလုံးအား နောက်ပိုင်းတွင် ဖွင့်လှစ်ရန် ရည်ရွယ်ထားကာ ပြီးခဲ့သည့်နှစ် လေဆိပ်ဝင်ပေါက်မှ ကမ္ဘာ့လှည့်ခရီးသွား သုံးသိန်းခန့် ဝင်ရောက်ခဲ့သည်။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.11 · JUNE 2, 2011



**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**
- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွား ရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**
- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုး သားရေးလက္ခဏာများ မပျောက် ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ကျောင်းဆင်းပွဲအချို့တွင် ကလေးများ၏ ကကွက်ဆန်းများကြောင့် ကျောင်းသားမိဘများ မျက်လုံးပြူး

**ဒဲနစ်အောင်အောင်**

**ရန်ကုန်၊ မေ - ၂၆**

ရန်ကုန်တွင် ဖွင့်လှစ်ထားသော နိုင်ငံတကာကျောင်း (International School)အချို့၏ ကျောင်းသားကလေးငယ်များ ကပြဖျော်ဖြေသည့် အစီအစဉ်များတွင် လူရွယ်နှင့်လူကြီးအချို့ကကြသကဲ့သို့ ကာမစိတ်နိုးထစေသော Sexy Danceကဲ့သို့ကကွက်များ ပါဝင်ခြင်းကြောင့်ကျောင်းတက်နေသော ကလေးငယ်များ အရွယ်မတိုင်မီ စိတ်ဓာတ်ပျက်ပြားမည်ကိုကျောင်းသားမိဘများ စိုးရိမ်လျက်ရှိသည်။



**ကလေးငယ်များ၏ သဘာဝကိုယ်တိုင်က ချစ်စဖွယ်ကောင်းသည်။ ပုံတွင် ကျေးလက်ဂီတဖြင့် မြူးကြွစွာ ကနေသော နိုင်ငံတကာမှ ချစ်စဖွယ် ကလေးငယ်များကို တွေ့ရစဉ်**

အဆိုပါ ပျော်ပွဲရွှင်ပွဲများတွင် တက်ရောက်လာသော ကျောင်းသားမိဘများအား လေး၊ ငါးနှစ်အရွယ်သာရှိသေးသော ကျောင်းသားများနှင့် ကျောင်းသူလေးများက ထိုကဲ့သို့ ကကွက်များကို ရယ်စရာဟာသတစ်ခုအနေဖြင့် တင်ဆက်ပြသသော်လည်းကျောင်းသားမိဘအများစုမှာ ဟာသအနေဖြင့်မမြင်ရက်နိုင်ဘဲ သားသမီးများ အနာဂတ်အတွက် စိုးရိမ်လျက်ရှိသည်။ "ကလေးတွေဆိုတာ ဘယ်လိုပဲ က က ချစ်ဖို့ကောင်းပြီးသားပါ။ ဒီလို ယောကျ်ားလေးနဲ့ မိန်းကလေး Sex ဦးစားပေးပုံစံတွေ လုပ်ပြအောင် သင်ပေးတာတော့ မကောင်းပါဘူး။ နိုင်ငံတကာကျောင်းတွေမှာ ထားတယ်ဆိုတာ ကိုယ့်သားသမီးတွေကို ပညာရေးကောင်းဖို့ ရည်ရွယ်ချက်နဲ့ပါ" ဟု နာမည်ကြီးပုဂ္ဂလိကကျောင်းတွင် သားသမီးများအပ်နှံထားသော စမ်းချောင်းမြို့နေ ကျောင်းသားမိဘတစ်ဦးက 7 Day News သို့ ပြောသည်။

**စာ(၇)သို့**

# တရားရုံးဆိုင်ရာ အခေါ်အဝေါ်များပြောင်းလဲ

**ဦးလွင်**

**မန္တလေး၊ မေ - ၃၀**

နိုင်ငံ၏ အမြင့်ဆုံးတရားရုံး ဖြစ်သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားရုံးဆိုင်ရာ အခေါ်အဝေါ်များပြင်ဆင်ပြောင်းလဲခေါ်ဝေါ်သုံးစွဲရန်သတ်မှတ်လိုက်ကြောင်း သတင်းရရှိသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ၂၀၁၁ ခုနှစ် မေ ၁၃ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၉၃/၂၀၁၁ဖြင့် ယခင်တရားရုံးချုပ်ကိုယခုပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ယခင်နိုင်ငံတော်တရားသူကြီးချုပ်ကို ယခု ပြည်ထောင်စုတရားသူကြီးချုပ်၊ ယခင်တရားရုံးချုပ်တရားသူကြီးကို ယခုပြည်ထောင်စု တရားလွှတ်တော်ချုပ်တရားသူကြီးဟု ပြောင်းလဲခေါ်ဝေါ်သုံးစွဲရန်သတ်မှတ်လိုက်ကြောင်း မေလနောက်ဆုံးပတ်ထုတ် နိုင်ငံပိုင် သတင်းစာများတွင် ဖော်ပြထားသည်။

ထို့အတူ အမိန့်ကြော်ငြာ အမှတ် (၉၄/၂၀၁၁) အရ ယခင်တရားရုံးချုပ်ရှေ့နေကိုယခုတရားလွှတ်တော်ရှေ့နေ (Advocate)၊ ယခင် တရားရုံးချုပ်ရှေ့နေများကောင်စီကိုယခုတရားလွှတ်တော်ရှေ့နေများကောင်စီ (Bar Council) ဟု ခေါ်ဝေါ်သုံးစွဲရန် သတ်မှတ်လိုက်ကြောင်း သိရှိရသည်။

၁၉၈၈ ခုနှစ် အစောပိုင်းရှေ့နေလိုင်စင်ရရှိသူတစ်ဦးက "၁၉၇၄ ခုနှစ်ကနေ ၁၉၈၈ ခုနှစ်အထိနိုင်ငံရဲ့အမြင့်ဆုံးတရား ရုံးက ဗဟိုတရားရုံးဖြစ်ခဲ့ပါတယ်။ အဲဒါကိုမှီးပြီးတော့အဲဒီအချိန်တုန်းက ဗဟိုတရားရုံးရှေ့နေလို့ ခေါ်ဝေါ်ခဲ့ကြတယ်။ ဒီနောက်ပိုင်း ၁၉၈၈ခုနှစ်၉လပိုင်းကနေ ၂၀၁၁ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာမတည်မီအချိန်အထိ နိုင်ငံရဲ့အမြင့်ဆုံးတရားရုံးဖြစ်ခဲ့တာက နိုင်ငံတော်တရားရုံးချုပ် (SUPEREME COURT) ပါ။ ဒီအရင်တုန်းကလိုပဲ နိုင်ငံရဲ့ အမြင့်ဆုံးတရားရုံးအခေါ်အဝေါ်ကိုမှီးပြီးတော့ပဲ တရားရုံးချုပ်ရှေ့နေလို့ခေါ်ဝေါ်ခဲ့ကြတာပါ။ နိုင်ငံရဲ့ တရားရုံးဆိုင်ရာ အခေါ်အဝေါ်များကတော့ အစိုးရအသစ်ပြောင်းတိုင်း တရားရုံးဆိုင်ရာ အခေါ်အဝေါ်များလည်း လိုက်ပါပြောင်းလဲခဲ့ကြပါတယ်"ဟုပြောသည်။



7 DAY NEWS JOURNAL
Vol.10, No.11 · JUNE 2, 2011

# ကျောင်းအပ်နှံခအနည်းငယ်သာပေးသွင်းရ၍ကျောင်းသားမိဘများပျော်နေ

**မြတ်စုမွန်**

**ရန်ကုန်၊ မေ – ၂၅**

ရန်ကုန်မြို့ပေါ်ရှိ အခြေခံ ပညာကျောင်းများတွင် ယခုနှစ် အတွက် ကျောင်းအပ်ခများမှာ မူလတန်းကလေးငယ်များအတွက် ငွေကျပ်ရာဂဏန်းသာ ပေးရတော့ကြောင်း ကျောင်းသားမိဘအချို့ထံမှ စုံစမ်းသိရှိရသည်။

"ဒီနှစ်ကျောင်းအပ်ရတာ အရမ်းပျော်တယ်"ဟု ဒုတိယတန်းကျောင်းသူတစ်ဦး၏ မိခင်မသင်းနွယ်စိန်ကပြောသည်။

"မနေ့က ကျွန်မသမီးလေးကို သြဂတ်စတင်းကျောင်းမှာ သွားအပ်တာ ကျောင်းဝင်ကြေး ၅၀၀ ကျပ်ပဲ ကုန်ခဲ့တယ်။ အရင်နှစ်တွေကလို သုံး၊ လေးသောင်းကုန်မှာပဲဆိုပြီး စီစဉ်ထားတာ။ အခု ၅၀၀ ကျပ်ပဲကုန်ခဲ့တယ်။ ကျောင်းတံဆိပ်ရယ်၊ မနှစ်က ငွေသွင်းထားပြီး ထုတ်ဖို့ကျန်နေတဲ့ အင်္ဂလိပ်စာအုပ်ရယ်၊ ကျောင်းမှာ အလှူလုပ်တဲ့ ယပ်တောင်တစ်ချောင်းရယ်ရခဲ့တယ်" ဟု မသင်းနွယ်စိန်က ဆက်လက်ပြောသည်။

ယခုနှစ်တွင် ကျောင်းအပ်လက်ခံသည့်ပုံစံမှာ ယခင်နှစ်များကကဲ့သို့ အတန်းပိုင်တစ်ဦးချင်းစီထံတွင်အပ်နှံရခြင်းမဟုတ်ဘဲဆရာ၊ ဆရာမများအုပ်စုဖွဲ့ကာ လက်ခံကြောင်း၊ ယခင်နှစ်များက အလှူခံပုံးထားရှိသော်လည်း ယခုနှစ်တွင် မရှိကြောင်း ၎င်းက ပြောသည်။

"အရင်နှစ်တွေကဆိုကျောင်းအုပ်ကြီးနှင့် မည်သူမဆို တွေ့ဆုံဆွေးနွေးနိုင်ပါသည်ဆိုတဲ့ ဆိုင်းဘုတ်ရေးထားတယ်။ ဒီနှစ် မရေးထားဘူး"ဟုအသက် ၄၀ ဝန်းကျင်အရွယ်ရှိ ကျောင်းသားမိဘတစ်ဦးကပြောသည်။

ထို့အပြင် အမက (၁၂)စမ်းချောင်းတွင် ဒုတိယတန်းကျောင်းသွားအပ်သည့်မိဘတစ်ဦးကလည်း ပြီးခဲ့သည့်နှစ်ကကျောင်းအပ်စရိတ်ကျပ်နှစ်သောင်းဝန်းကျင် ကုန်ကျခဲ့သော်လည်း ယခုနှစ်တွင် ရာဂဏန်းသာကုန်ကျခဲ့ကြောင်းပြောဆိုသည်။

"ဖတ်စာအုပ်တွေ အခမဲ့ပေးတယ်။ အလှူငွေ မကောက်ဘူး။ ရန်ပုံငွေ မတောင်းဘူး။ ဗလာစာအုပ်ကို တော့ လောလောဆယ် မရောင်းသေးဘူး။ ကျောင်းဖွင့်မှ ရောင်းပေးမယ်လို့ပြောတယ်"ဟု ကျောင်းသားမိဘတစ်ဦးဖြစ်သည့် အသက် ၅၀ ဝန်းကျင်ရှိ အမျိုးသမီးတစ်ဦးက ပြောသည်။

စာ(၁၂)သို့



**ကမာရွတ်မြို့နယ် ကျောင်းတစ်ကျောင်းတွင် ကျောင်းအပ်နှံခနှုန်းထားများအား ကြေညာချက်ကပ်ကာအသိပေးထားသည်ကို တွေ့ရစဉ်။**

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

## CRIME CORNER

### ဆင်ဆာမဲ့ ညစ်ညမ်းခွေနှင့် နိုင်ငံခြားဇာတ်ကားများ ကူးယူဖြန့်ချိသူတစ်ဦးအား ဖမ်းဆီး

**အိဖြူလွင်**

**ရန်ကုန်၊ မေ – ၂၅**

ဆင်ဆာမဲ့ညစ်ညမ်းခွေနှင့် တရားမဝင် ဆင်ဆာမဲ့နိုင်ငံခြားဇာတ်လမ်းခွေများ ကူးယူဖြန့်ချိသူတစ်ဦးအား တာမွေမြို့နယ်တွင် ယခုလ ၂၀ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက်တွင် ဆင်ဆာမဲ့ခွေကူးယူသည့် လုပ်ငန်းလုပ်ကိုင်သူတစ်ဦး၏ နေအိမ်ခန်းအတွင်းသို့တာမွေမြို့နယ်ဗီဒီယိုအခြေခံဥပဒေအဖွဲ့ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ ဝင်ရောက်ရှာဖွေရာမှ သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးမိခဲ့ခြင်းဖြစ်သည်။

ဖမ်းဆီးရမိသော ပစ္စည်းများမှာ Bicopy တံဆိပ်ပါ ၁၀ ချပ်ထွက်ဗီဒီယိုအခွေကူးစက် ၃လုံး၊ UPS ၂လုံး၊ ဒီဗီဒီခွေလွတ် ၂၂၀၀ ချပ်၊ ပလတ်စတစ်ခွေကာဗာဘူး ၁၀၀၊ အခွေမျက်နှာဖုံးပိုစတာစာရွက် ၂၅၀၀၊ ပလတ်စတစ်အိတ်လွတ် ၂၀၀၊ ဆင်ဆာမဲ့မြန်မာသီချင်းခွေ ၁၅ခွေ၊ အငြိမ့်ခွေ ၇ခွေ၊ နိုင်ငံခြားဇာတ်လမ်းခွေ ၂၉၅၀ခွေနှင့် ညစ်ညမ်းခွေ ၅၅ခွေတို့ဖြစ်ကြောင်း သတင်းရရှိသည်။

သက်သေခံပစ္စည်းများနှင့်အတူဖမ်းဆီးရမိသူအား ပ-၃၀၂/၁၁ဗီဒီယိုအက်ဥပဒေပုဒ်မ ၃၂/(က)(ခ)၊ ပ-၃၀၃/၁၁ ပုဒ်မ ၂၉၂တို့ဖြင့် တာမွေမြို့နယ်ရဲစခန်း၌ အမှုဖွင့်အရေးယူထားသည်။

### နှစ်လုံးထီလောင်းကစားဒိုင် နှစ်ဦးအား ဖမ်းဆီး

**ကျော်ဇေယျ**

**နေပြည်တော်၊ မေ – ၂၅**

နေပြည်တော် ပျဉ်းမနားတွင် မေလ ၂၅ ရက်က တစ်ရက်အတွင်းမှာပင် နှစ်လုံးထီလောင်းကစားဒိုင်နှစ်ဦးအား ဖမ်းဆီးခဲ့သည်။

မေလ ၂၅ရက်နေ့လယ် ၁၁း၄၅ အချိန်ခန့်က နေပြည်တော် ပျဉ်းမနားရဲတပ်ဖွဲ့နယ်ထိန်းတပ်ဖွဲ့ဝင်များ၊ အသိသက်သေများသည် လှည့်ကင်းဆောင်ရွက်နေစဉ် ကုန် ထုတ်လမ်း၊ အလံကိုးစင်းသုံးလမ်းဂိတ်အနီး၊ ကားလမ်းပေါ်တွင် မသင်္ကာဖွယ်တွေ့ရသော ကို. . . (၂၄နှစ်)အား စစ်ဆေးရာ ၎င်း၏ အင်္ကျီရင်ဘတ်အတွင်း ၀ှက်ထားသော ဝင်းဆပ်ပြာမှုန့်ပလတ်စတစ်အိတ်အတွင်းမှ နှစ်လုံးထီလောင်းကစားရာ၌ အသုံးပြုသော လောင်းကစားဆက်စပ်ပစ္စည်း ငါးမျိုးနှင့် လောင်းကစားငွေ နှစ်သိန်းသုံးသောင်းသုံးထောင်ကျပ်အားတွေ့ရှိရမှု အပေါ် နေပြည်တော် ပျဉ်းမနားရဲစခန်း (ပ)၃၂၆/၂၀၁၁ လောင်းကစား ဥပဒေပုဒ်မ ၁၅(က)/၁၆(က) အရ အရေးယူဆောင်ရွက်ခဲ့သည်။

အလားတူ အဆိုပါနေ့ ညနေ သုံးနာရီခွဲအချိန်ခန့်က နေပြည်တော်ပျဉ်းမနားမြို့နယ် ရဲတပ်ဖွဲ့မှူး၏ လောင်းကစားဖမ်းဝရမ်းနှင့် လောင်းကစားသတင်းရရှိထားသော နေပြည်တော်ပျဉ်းမနား၊ ဥယျာဉ်စုရပ်နေအိမ်ရှင် ကို. . . (၂၆)နှစ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေစစ်ဆေးစဉ် အိမ်ရှင်ကို. . (၂၆) မှာ ၎င်း၏နေအိမ်အောက်ထပ်တွင် စားပွဲ၌ထိုင်ပြီး နှစ်လုံးထီဂဏန်းများ ရေးမှတ်နေပြီး ၎င်းထံမှ နှစ်လုံး ထီလောင်းကစားရာတွင် အသုံးပြုသော လောင်းကစားဆက်စပ် ပစ္စည်း ၁၂ မျိုးနှင့် လောင်းကစားငွေ တစ်သိန်းတစ်သောင်းကိုးရာ ငါးဆယ်ကျပ်အား တွေ့ရှိခဲ့ရမှုအပေါ် နေပြည်တော် ပျဉ်းမနား ရဲစခန်း (ပ)၃၂၇/၂၀၁၁ လောင်းကစားဥပဒေပုဒ်မ ၁၅(က)/၁၆(က) အရ အရေးယူဆောင်ရွက်ခဲ့ရကြောင်း ရဲမှတ်တမ်းများအရ သိရသည်။

သို့ဖြစ်၍ အဆိုပါအမှုနှစ်ခု အားတရားစွဲဆိုတင်ပို့ရေး အတွက် သက်ဆိုင်ရာအမှုစစ်တို့မှ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

## ကာမစိတ် လှုံ့ဆော်စေသော အစားအစာရောင်းချသူများအား စတင်ဖမ်းဆီး

**အိဖြူလွင်**

**ရန်ကုန်၊ မေ – ၂၇**

ကာမစိတ်နိုးကြွစေသော တရား မဝင်ဆေးဝါးများ၊ ချိုချဉ်၊ ပီကေ၊ ကော်ဖီများ၊ ချောကလက်၊ လိင်နှင့်ပတ်သက်သည့်ပစ္စည်းများ ရောင်းချဖြန့်ချိ သူ ၁၆ ဦးကို ယခုလဆန်းပိုင်းတွင် ဖမ်းဆီးရမိခဲ့သဖြင့် အမျိုးသား ဆေးဝါးဥပဒေနှင့် အရေးကြီးကုန်ပစ္စည်းအက်ဥပဒေတို့ဖြင့် အမှုဖွင့်အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

မေ ၇ ရက်က အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်လမ်းဆုံရှိ ကွမ်းယာဆိုင်များတွင် အဆိုပါ ပစ္စည်းများရောင်းချနေသော သတင်းအရ အင်းစိန်မြို့နယ်ရဲ တပ်ဖွဲ့မှ တာဝန်ရှိသူများသည် ကွမ်းယာဆိုင်များအား ဝင်ရောက်ရှာဖွေခဲ့ရာမှ တရားမဝင်တင်သွင်းလာသော အဆိုပါ ပစ္စည်းများ၊ ဆေးဝါးများရောင်းချသူ ၁၃ ဦး အား ဖမ်းဆီးမိခဲ့သည်။

ထိုသူများအား စစ်ဆေးချက်များအရ ၎င်းဆေးဝါးများအား ဖြန့်ဖြူးရောင်းချနေသည့် သိမ်ကြီးဈေး ဒီရုံရှိ စွမ်းအားသစ်ဆေးဆိုင်မှ ကာမစိတ်နိုးကြွစေသော ဆေးဝါးပစ္စည်းအမျိုးအမယ်စုံ ၄၇မျိုးနှင့် ညိုဆေးဆိုင်မှ ဆေးအမျိုးအစားဂမျိုးတို့ သိမ်းဆည်းရမိခဲ့သဖြင့် အမျိုးသားဆေးဝါးဥပဒေ ပုဒ်မ ၁၈/၁၉ဖြင့် လသာရဲစခန်းတွင် အမှုဖွင့်စစ်ဆေးနေသည်ဟုသိရသည်။

ထို့အပြင် အဆိုပါဆေးဆိုင်ရှင်များအား စစ်ဆေးချက်အရ၎င်းဆေးဝါးများကို တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်နေသူထံမှ ဝယ်ယူရရှိခဲ့ကြောင်းသိရ၍ အဆို ပါသူ၏ တိုက်ခန်းအား ဆက် လက်ရှာဖွေရာမှ ကာမစိတ်နိုးကြွစေသော ဆေးဝါးပစ္စည်းအမယ်စုံ ၇၃မျိုးနှင့် လိင်နှင့်ပတ်သက်သည့် ပစ္စည်းငါးမျိုးတို့ကို သိမ်းဆည်းရမိခဲ့ရာ တာမွေရဲစခန်းတွင် အမျိုးသားဆေးဝါးဥပဒေနှင့် အရေးကြီးကုန်ပစ္စည်းအက်ဥပ ဒေ ပုဒ်မ၅(၁)/၅(၃)တို့ဖြင့် ပြစ်မှု ကျူးလွန်သူများအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။


## မန္တလေးမြို့တွင် ကြိုးဖုန်းများ ကျပ်ခြောက်သိန်းခွဲဖြင့် ချပေး

**စိုင်းသာအောင်**

**မန္တလေး၊ မေ – ၂၅**

မန္တလေးတိုင်းဒေသကြီးမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ကြိုးဖုန်းများကို မေလ ၂၃ ရက်မှ စတင် ၍ တစ်လုံးလျှင် ကျပ်ခြောက်သိန်းခွဲဖြင့် ငွားရမ်းချထားပေးနေပြီး ကျပ်ငါးသိန်းတန် ဂျီအက်စ်အမ်ဖုန်းများကိုလည်း နေ့ချင်းပြီး One Stop Serviceဖြင့် ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း မန္တလေးမြို့ ၂၅ လမ်း၊ ၈၀×၈၁ လမ်းကြား ပြည်သူသုံးဆက်သွယ်ရေးစခန်းမှ သိရသည်။





**ကြိုးဖုန်းလျှောက်ထားသူများနှင့်ကြိုးဖုန်းဈေးနှုန်းကြော်ငြာ။**

ဓာတ်ပုံ – စိုင်းသာအောင်

ယခင်ကကြိုးဖုန်းတစ်လုံးလျှင် ကျပ်ဆယ်သိန်းနှုန်းငှားရမ်းခပေးသွင်းရာမှ ယခု ၆၅၀,၀၀၀ ကျပ်နှုန်းသာပေးရသဖြင့်စိတ်ဝင်စားမှုများကြောင်း မန္တလေးမြို့တွင် ယခင်က ကြိုးဖုန်းတစ်လုံး ၀၂-၃×××× သည် ကျပ်သိန်း ၅၀ထိလည်းကောင်း၊ ၀၂-၆××××၊ ၀၂-၇××××၊ ၀၂-၅×××× တို့သည် ကျပ်သိန်း ၄၀ ခန့်အထိ ဈေးပေါက်ခဲ့ပြီး ယခုကဲ့သို့မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်းက ကြိုးဖုန်းများကို ကျပ် ၆၅၀,၀၀၀ ဖြင့် အငှားချထားပေးသဖြင့် ပြင်ပကြိုးဖုန်းဈေးကွက်မရှိသလောက် ပျောက်သွားကြောင်းသိရသည်။


TRI


i-MAX
COLLECTION
Rain Coat & BAG COLLECTION

7DAY NEWS JOURNAL
Vol.10, No.11 · JUNE 2, 2011

# စားအုန်းဆီ အဝင်များသော်လည်း ဈေးတက်

သိမ့်သိမ့်စိုး

ရန်ကုန်၊ မေ-၂၇

စားအုန်းဆီကိုယ်စားလှယ်များအား ယခုလတွင်ဆီဖြန့်ဖြူးမှုများသောကြောင့် ဈေးကွက်တွင်းသို့ ဆီဝင်ရောက်မှုများသော်လည်း ယခုရက်ပိုင်း၌ ဆီဈေးနှုန်းများပြန်လည်မြင့်တက်နေကြောင်း ဆီဈေးကွက်မှ စုံစမ်းသိရသည်။

စားအုန်းဆီဈေးနှုန်းများမှာ မေ ၁၁ ရက်တွင် တစ်ပိဿာလျှင် ၂,၀၃၀ ကျပ်ထိ ကျဆင်းသွားရာမှ ယခုရက်ပိုင်း ၂,၃၅၀ ကျပ်သို့ မြင့်တက်လာ၍ တစ်ပိဿာလျှင်၃၂၀ ကျပ် မြင့်တက်လာခဲ့ကြောင်း စားအုန်းဆီဆိုင်ရှင်များကပြောသည်။

ယခုကဲ့သို့ စားအုန်းဆီဈေးနှုန်းများ မြင့်တက်ခြင်းမှာ ရန်ကုန်ဆိပ်ကမ်းအရောက်ဈေးနှုန်း တစ်ပိဿာလျှင် ၁၀၀ ကျပ်ကျော်မြင့်တက်လာခြင်းနှင့် စားအုန်းဆီကြိုရောင်းဈေးမှာ တစ်ပိဿာလျှင် ၂,၄၀၀ ကျပ်ထိ ရှိနေခြင်းကြောင့် ဈေးနှုန်းများ မြင့်တက်လာခဲ့ခြင်းဖြစ်သည်ဟု စားအုန်းဆီလုပ်ငန်းရှင်အချို့က ပြောသည်။

ယခုရက်ပိုင်းတွင် ဆိပ်ကမ်းအရောက်ဈေးနှုန်းတစ်ပိဿာလျှင် ၁၀၀ကျပ်ကျော်မြင့်တက်သွားခြင်းနှင့်ပတ်သက်၍ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းသို့ မေးမြန်းရာတွင် အသင်းဥက္ကဋ္ဌ ဦးသိန်းဟန်က "အရင်စရိတ်က ၃၅ ကျပ်၊ အခုစရိတ် ၁၅၀ ကျပ်ဖြစ်လာတယ်။ အဲဒါက အရင်တုန်းက စရိတ်အတွက် ကုန်တဲ့အချက် ၉ ချက်ပဲ ရှိတယ်။ အခု ၁၁ ချက်ဖြစ်လာတဲ့အပြင် စရိတ်တချို့ တက်လာတာကြောင့်လည်းပါတယ်"ဟု ပြောသည်။



ယခင်ကစရိတ် ၃၅ ကျပ်အတွက် ကောက်ခံသော အချက် ၉ ချက်မှာ FDA ထောက်ခံစာ၊ သွင်းကုန်လိုင်စင်ကြေး၊L\Cစရိတ်၊ နိုင်ငံခြားကုန်သွယ်မှုဘဏ်မှ ဘီလ်စရိတ်၊ စားအုန်းဆီအလျှော့ထွက်၊ ဆီသိုလှောင်ခ၊ အကောက်ခွန်၊ ဆိပ်ကမ်းခွန်၊ Myanmar Instruction Testing Service (MITS စစ်ဆေးခ) များဖြစ်သည်။ ယခုအခါ အမြတ်ခွန်နှင့် ဆိပ်ကမ်းကပ်ခ နှစ်မျိုးပါတက်လာ၍ ၁၁ ချက်ဖြစ်လာကြောင်း ဦးသိန်းဟန်ကပြောသည်။

ယခင်က ဆိပ်ကမ်းကပ်ခ မရှိသော်လည်းယခုကုမ္ပဏီတစ်ခုက ဆိပ်ကမ်းတိုးချဲ့နေသဖြင့် တစ်တန် သိုလှောင်ခ ၃ ဒေါ်လာရှိပြီး တစ်ပိဿာပေါ်တွင်၄ကျပ်၃၅ပြား တက်သွားခြင်းနှင့် အမြတ်ခွန်တစ်တန်လျှင်၁,၂၀၀ ဒေါ်လာရှိသည်

တစ်တန်လျှင်၆၁၂ ပိဿာရှိသည့်အတွက် တစ်ပိဿာလျှင် နှစ်ဒေါ်လာကျပြီး ကုမ္ပဏီများက တစ်ဒေါ်လာ ၃၅ ကျပ်နှုန်းဖြင့် နှစ်ဒေါ်လာကို ၇၀ ကျပ် ပိုဆောင်လာရခြင်းကြောင့်ဟု သိရသည်။

ထို့အတူ ကန်သိုလှောင်ခမှာ ယခင်စက်မှု(၁)ကန်၌တစ်ပိဿာလျှင်တစ်ကျပ်ခွဲနှုန်း၊ ပုဂ္ဂလိကတွင် သုံးကျပ်ရှိပြီးယခုအခါပုဂ္ဂလိကကန်မှ တစ်ပိဿာ ၅ ကျပ်နှုန်းဖြစ်၍ ယခင်စက်မှု(၁)ကန်ထည့်သူများမှာတစ်ပိဿာပေါ်တွင်သုံးကျပ်ခွဲ မြင့်တက်လာသည်။ ယခင် အကောက်ခွန်မှတစ်ပိဿာလျှင်တစ်ရာခိုင်နှုန်းဖြင့်၉ကျပ်ပြား၅၀ကျရာမှယခု၅ရာခိုင်နှုန်းကောက်၍ တစ်ပိဿာလျှင်၄၅ကျပ်၄ပြားရှိပြီး၃၆ ကျပ် မြင့်လာခြင်းကြောင့် ၁၀၀ ကျပ်ကျော်မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ "အခု ဆီဈေးတက်တာက ဆိပ်ကမ်းရောက်ဈေးတက်လို့ ထက်ကြိုရောင်းတဲ့ဈေးက အရမ်းများနေလို့ တက်လာတာက များတယ်။ အရင်က ကိုယ်စားလှယ်ထုတ်ဈေး ၂,၀၀၀ ကျပ်အောက် ကျမယ်ထင်ထားတာ။ အခုဆိပ်ကမ်းအရောက်ဈေး တက်လာတော့ ထုတ်ဈေးက ၂,၀၀၀ ကျပ်အောက် မကျနိုင်လောက်တော့ဘူး" ဟု စားအုန်းဆီကိုယ်စားလှယ်တစ်ဦးက ပြောကြားသည်။

# သင်္ဘောသားဖြစ် သင်တန်းကြေးမြင့်

သိမ့်သိမ့်စိုး

ရန်ကုန်၊ မေ-၂၇

ရေကြောင်းကုန်သွယ်မှု ကောလိပ်တွင် သင်္ဘောသားဖြစ် သင်တန်းတက်ရောက်ရသော 4 tickets သင်တန်းကြေးများမှာ ယခုတစ်ပတ်မှစ၍ မြင့်တက်သွားကြောင်း သတင်းရရှိသည်။

အဆိုပါသင်တန်းကြေးများမှာ ယခင်က ၃၀,၀၀၀ ကျပ်ရှိနေရာမှ ယခုတစ်ပတ်တွင် ၅၀,၀၀၀ ကျပ်ထိ ဖြစ်သွား၍ ၂၀,၀၀၀ ကျပ် မြင့်တက်သွားကြောင်း သင်တန်းတက်ရောက်နေသူများက ပြောသည်။ ယင်းကောလိပ်တွင်သင်္ဘောသားဖြစ်ရန် တက်ရောက်ရသော 4 tickets နှင့် pre sea သင်တန်း များမှာ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရသဖြင့် ပုဂ္ဂလိက ကုမ္ပဏီလေးခုကိုပါဖွင့်လှစ်ခွင့်ပေးပြီး သင်တန်းများမြင့်တက်မည်ဟု အဆိုပါကောလိပ်မှ တာဝန်ရှိသူက ပြောကြားခဲ့ကြောင်း သင်တန်းသားများက ပြောသည်။

သို့သော် ယခုဈေးနှုန်းမြင့်တက်ခြင်းမှာ ပုဂ္ဂလိကကုမ္ပဏီများသို့ လွှဲပြောင်း၍ မြင့်တက်ခြင်းမဟုတ်ဘဲ ကျောင်းမှမြင့်တက်ခြင်းသာ ဖြစ်ကြောင်း သိရသည်။ အဆိုပါ4-tickets သင်တန်းကို ကျောင်းမှ နှစ်ပတ်တစ်ကြိမ်ခေါ် ယူနေသော်လည်း ကျောင်းသားများမှာ မိမိအလှည့်ကျရောက်ရန် တစ်နှစ်နီးပါးစောင့်ဆိုင်းနေကြရကြောင်း ယင်းကောလိပ်သို့ တက်ရောက်သော ကျောင်းသားများကပြောသည်။

# ရန်ကုန်တွင် ဝက်နားရွက်ပြာရောဂါ မဖြစ်ပွားသေးဘဲ ဝက်ဝမ်းကျရောဂါသာ ဖြစ်ပွားနေဟုဆို

ကျော်သီဟ

ရန်ကုန်၊ မေ-၂၄

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ဝက်နားရွက်ပြာရောဂါတွေ့ရှိခြင်းမရှိသေးဘဲ ဝက်မွေးမြူရေးခြံများကိုလိုက်လံစစ်ဆေးမှုရာတွင် ဝက်ဝမ်းကျရောဂါသာ တွေ့ရှိရကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ သတင်းရရှိသည်။

"ဝက်ဝမ်းကျရောဂါဖြစ်တာ တွေ့တယ်။ ဝက်နားရွက်ပြာရောဂါတော့ မဟုတ်ဘူး။ ဝက်ဝမ်းကျရောဂါကလည်း ဝက်တွေမှာရှိသင့်တဲ့ ကယ်ဆီယံဓာတ်ချို့တဲ့လို့ပဲ။ ရန်ကုန်မှာ ဝက်နားရွက်ပြာ ဖြစ်ပွားမှုတော့ မတွေ့ရှိပါဘူး" ဟု တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဝက်ဝမ်းကျရောဂါမှာ ကာကွယ်ဆေးထိုးခြင်းဖြင့် ကာကွယ်နိုင်သည်။ သို့သော် လက်ရှိတွင် ဝက်ဝမ်းကျရောဂါမှာ ဝက်မွေးမြူ ရေးခြံကြီးများတွင် မဟုတ်ဘဲ၊ တစ်ပိုင်တစ်နိုင် မွေးမြူသူများထံ တွင်သာ တွေ့ရှိသည်ဟုဆိုသည်။ ဝက်ဝမ်းကျရောဂါကို ဒဂုံဆိပ်ကမ်း၊တောင်ဒဂုံစသော မြို့နယ်များတွင်တွေ့ရှိရကြောင်း အထက်ပါပုဂ္ဂိုလ် ကရှင်းပြသည်။ တိရစ္ဆာန်ရောဂါရှာဖွေထိန်း ချုပ်ရေးဌာနမှလည်း ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ မြို့နယ်၊ ခရိုင်အဆင့် တာဝန်များခွဲ၍ ဝက်မွေးမြူရေးခြံများကို လိုက်လံစစ်ဆေး လျက်ရှိကြောင်း အထက်ပါဌာနမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။ (7Day အတွဲ ၁၀ အမှတ် ၁၀ ဖော်ပြပြီး)

ဝက်နားရွက်ပြာရောဂါကြောင့် ရန်ကုန်မြို့နေ ပြည်သူ့အချို့မှာ ဝက်သားစားသုံးမှု လျော့ချလျက်ရှိနေပြီး ဝက်သားအစား အခြားကြက်သားနှင့် ငါးစသည့်အသားများကို ပိုမိုစားသုံးနေကြောင်း ရန်ကင်းမြို့နယ်တွင် နေထိုင်သူတစ်ဦးက ပြောသည်။

# ဧည့်လမ်းညွှန်များ သင်တန်းပြန်တက်ပြီးမှသာ လိုင်စင်ထုတ်ပေးတော့မည်ဟုဆို

အောင်သူရ

ရန်ကုန်၊ မေ-၂၅

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ဧည့်လမ်းညွှန်အားလုံးအား သင်တန်းပြန်တက်ပြီးမှ ဧည့်လမ်းညွှန်လိုင်စင်ပြန်ချပေးမည့် အခြေအနေရှိကြောင်းမြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌဦးခင်ရွှေကပြောသည်။

"ဝန်ကြီးဌာနကလည်း Tour Guide တွေ အကုန်လုံးကိုသင်တန်းပြန်ပေးပြီး Tour Guide တွေသင်တန်းပြန်တက်ပြီးတော့မှ Tour Guide လိုင်စင်ပြန်ချပေးမယ်" ဟု မေ ၂၅ ရက်က မြရိပ်ညိုဟိုတယ်တွင် ပြုလုပ်သော အခမ်းအနားတွင် ဦးခင်ရွှေက အထက်ပါအတိုင်းပြောသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ဧည့်လမ်းညွှန်အချို့ကလည်း လုပ်သက်နှစ် ၂၀၊ နှစ် ၃၀ ရှိသော ဧည့်လမ်းညွှန်များအား မည်သူက စာမေးပွဲစစ်မည်နည်းဟု မေးခွန်းထုတ်စရာရှိကြောင်း ပြောဆိုကြသည်။

ဧည့်လမ်းညွှန်များအနေဖြင့် လမ်းညွှန်ပြသရာ၌ ကြုံလျှင်ကြုံသလို ပြသနေကြသည့်အပြင်ဝတ်စားဆင်ယင်မှုကိုလည်း ဘုတ်အဖွဲ့ကကြီးကြပ်မည်ဖြစ်ကြောင်း ဦးခင်ရွှေကဆိုသည်။

အဆိုပါကိစ္စများကို စောင့်ကြည့်ထိန်းသိမ်းရန်၊ ခရီးသွားလုပ်ငန်းကြီးကြပ်မှု လုံခြုံရေးအဖွဲ့ အား ဖွဲ့စည်းရန် သက်ဆိုင်ရာသို့ တင်ပြထားသည်ဟု သိရှိရသည်။ မြန်မာနိုင်ငံတွင် လိုင်စင်ရဧည့်လမ်းညွှန်လေးသောင်းကျော်ရှိပြီး ဧည့်လမ်းညွှန်များအသင်းဖွဲ့စည်းရန် ဆောင်ရွက်လျက်ရှိသည်။ ၁၉၉၃ ခုနှစ်မတိုင်ခင်က ဧည့်လမ်းညွှန်များအား သုံးပတ်သင်တန်းပေးပြီးနောက် လိုင်စင်ထုတ်ပေးခဲ့သော်လည်း ၁၉၉၃ ခုနှစ်မှစ၍ နှစ်လသင်တန်းတက်ပြီး စာမေးပွဲအောင်မြင်သူများကိုသာ လိုင်စင်ထုတ်ပေးခဲ့သည်။

# မတ်လအတွင်း ရေလုပ်သားများဒုက္ခရောက်ရခြင်းမှာ ဆူနာမီမိုးလေဝသဖြစ်စဉ်ကြောင့်ဟု ဦးထွန်းလွင်ပြောကြား

သန်းဌေး

ရန်ကုန်၊ မေ-၂၆

၂၀၁၁ နွေရာသီကာလ မတ် ၁၄ မှ ၁၇ ရက်အတွင်း ဖျာပုံမြစ်ဝရှိ ကျားဖောင်များ လွင့်မျောပျက်စီးရသည့်ဖြစ်စဉ်မှာ ဆူနာမီမိုးလေဝသကြောင့် ဖြစ်ရကြောင်း မိုးလေဝသပညာရှင်ဒေါက်တာထွန်းလွင်က ပြောသည်။

"အင်အားကြီးမားတဲ့ ဆူနာမီရေလှိုင်းတွေ ဖြစ်ရင် ပင်လယ်ရေတွေက အဘက်ဘက်ကို ရွေ့သွားတယ်။ အဲဒီရေတွေရဲ့ နေရာကို အောက်ဘက်က ရေတွေက အစားထိုးနေရာယူလာမယ်။ ဒီတော့ ပင်လယ်ရေမျက်နှာပြင် အပူချိန်တွေ ကျဆင်းသွားမယ်။ ပင်လယ်ပြင်ပေါ်မှာရှိတဲ့ လေဖိအားတွေတိုးလာမယ်။ လေတွေထဲမှာ ရေငွေ့တွေ တိုးလာမယ်။ နောက်တော့ အရှေ့မြောက် လေတွေပိုပြင်းထန်လာမယ်" ဟု ၎င်းက ပြောသည်။



*အသက်ဘေးမှလွတ်မြောက်လာသော လေဘေးသင့်ရေလုပ်သားများ* ဓာတ်ပုံ-သန်းဌေး

အဆိုပါ ဖြစ်စဉ်ကို ဆူနာမီမိုးလေဝသဟူ၍ သတ်မှတ်ကြောင်း ၎င်းကပြောသည်။ မတ် ၁၁ ရက် ဒေသစံတော်ချိန် ၂ နာရီ ၄၆ မိနစ်အချိန်တွင် ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းဟွန်ရှူးကျွန်းအနီး ပင်လယ်ရေပြင်အောက်ခံကြမ်းပြင်အောက် ၁၅ မိုင်ကို ဗဟိုပြုပြီး အင်အား ၉ အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့သည်။ ၎င်းမြေငလျင်ကြီးကြောင့် အလျားကီလိုမီတာ ၅၀၀ ခန့်ရှိရေအောက်မြေငလျင်ကြောကြီး၏ မြေသားလွှာကြီး အပေါ်သို့ ရုတ်တရက်မြောက်တက်ကာ ဆူနာမီရေလှိုင်းကြီးများ ဖြစ်ပေါ်ခဲ့ကြောင်း ဒေါက်တာထွန်းလွင်က ပြောသည်။

"မတ်လ ၁၄ ရက်၊ ၁၅ ရက်၊ ၁၆ ရက်တွေမှာ ၃ ရက်လောက် ဆက်တိုက် အဆက်မပြတ်တိုက်ခတ်နေတဲ့အရှေ့မြောက်လေအေးများဟာ တစ်ခါတစ်ရံ တစ်နာရီမိုင် ၅၀၊ ၆၀ မိုင်အထိ ပြင်းထန်လာတယ်။ အဆက်မပြတ်တိုက်ခတ်နေတဲ့ လေပြင်းတွေကြောင့် အခုလို ဖြစ်ရတာ"ဟု ၎င်းကပြောသည်။ အဆိုပါဆူနာမီမိုးလေဝသဖြစ်စဉ်မျိုး ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်က အိန္ဒိယသမုဒ္ဒရာတွင် ဆူမတြာဆူနာမီဖြစ်ပေါ်ခဲ့သည်။ ထိုအကျိုးဆက်ကြောင့် မြေငလျင်လှုပ်ပြီး ၃ နာရီခွဲခန့်အကြာတွင် ဆူနာမီရေလှိုင်းများ မြန်မာ့ကမ်းခြေများသို့ရိုက်ခတ်ခဲ့ကြောင်းသိရသည်။ အထက်ပါဆူမတြာဆူနာမီသည် မြန်မာနိုင်ငံအတွက် ပထမဆုံးအတွေ့အကြုံဖြစ်ပြီး ယခုရေလုပ်သားများဖြစ်စဉ်သည် ဆူနာမီမိုးလေဝသ၏ ဒုတိယအတွေ့အကြုံဖြစ်ကြောင်း ဦးထွန်းလွင်က ပြောသည်။

7 DAY NEWS JOURNAL
Vol.10, No.11 · JUNE 2, 2011

# နိုင်ငံတော်သမ္မတဦးသိန်းစိန်၏တရုတ်နိုင်ငံခရီးစဉ်တွင်နှစ်နိုင်ငံသဘောတူညီချက်စာချုပ်ကိုးခုလက်မှတ်ရေးထိုး

အေးမြကျော်

ရန်ကုန် – မေ ၃၀

မြန်မာနိုင်ငံသမ္မတ ဦးသိန်းစိန်သွားရောက်ခဲ့သောတရုတ်နိုင်ငံခရီးစဉ်အတွင်း တရုတ်နှင့်နှစ်နိုင်ငံသဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာ စုစုပေါင်း ၉ ခုကိုလက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း မေလ၃၀ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

နှစ်နိုင်ငံသဘောတူညီမှုနှင့် စာချုပ်ချုပ်ဆိုခဲ့မှုများမှာ စီးပွားရေးနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှုစာချုပ်၊ စီးပွားရေးနှင့်နည်းပညာများ ပူးပေါင်းဆောင်ရွက်မှုတွင် အတိုးမဲ့ချေးငွေပေးမည့် သဘောတူစာချုပ်၊ အတိုးနှုန်းသက်သာသည့်ချေးငွေထုတ်ချေးရေးဆိုင်ရာ မူဘောင်သဘောတူညီမှုစာချုပ်၊ ဘီလူးချောင်းအမှတ်(၃)ရေအားလျှပ်စစ်စီမံကိန်းအတွက် ဟိုက်ဒရောလစ်သံမဏိပစ္စည်းများနှင့်လျှပ်စစ်နှင့်စက်မှုဆိုင်ရာပစ္စည်းကိရိယာများ လုပ်ငန်းအပ်နှံဝယ်ယူခြင်းအတွက် ဦးစားပေးဝယ်ယူချေးငွေစာချုပ်၊ချေးငွေဖြည့်ဆည်းပေးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာသဘောတူညီမှုစာချုပ်၊ သင်္ဘောတူးရေယာဉ်နှင့် အထောက်အကူပြုရေယာဉ်များဝယ်ယူရန်ချေးငွေစာချုပ်၊ တာယာစက်ရုံသစ် စီမံကိန်းအတွက်သီးခြားချေးငွေစာချုပ်၊စီမံကိန်းရေးဆွဲရေးတိုင်ပင်ညှိနှိုင်းမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာသဘောတူညီမှုစာချုပ်နှင့် မူဆယ်-ကျောက်ဖြူ ရထားပို့ဆောင်ရေးလုပ်ငန်းစီမံကိန်းအတွက် BOTစနစ်ဖြင့်အကောင်အထည်ဖော်ရေးဆိုင်ရာနောက်ဆက်တွဲနားလည်မှုစာချွန်လွှာတို့ဖြစ်ကြောင်း ဖော်ပြပါရှိသည်။



မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံတို့နှစ်နိုင်ငံသဘောတူညီမှုစာလွှာများနှင့် စာချုပ် ၉ ခုတွင်အများစုမှာချေးငွေဆိုင်ရာ သဘောတူညီမှုစာချုပ်များ ဖြစ်ကြောင်း တွေ့ရသည်။

မြန်မာနိုင်ငံသမ္မတ ဦးသိန်းစိန် နှင့်တရုတ်နိုင်ငံသမ္မတဟူကျင်တောင်တို့ မေလ ၂၇ ရက်နေ့က ပေကျင်းမြို့ပြည်သူ့ခန်းမဆောင်တွင်တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ထိုနှစ်နိုင်ငံသဘောတူညီမှုစာချုပ်များနှင့်နားလည်မှုစာချွန်လွှာ၉ခုကို လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် ထိုင်းနိုင်ငံပြီးလျှင်မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး စီးပွားဖက်နိုင်ငံဖြစ်ပြီး၂၀၁၀ ပြည့်နှစ်မှာပင် မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၄ ဘီလီယံရှိခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံသမ္မတဦးသိန်းစိန်သည် တရုတ်နိုင်ငံသို့ မေလ ၂၆မှ ၂၈ ရက်နေ့အထိသုံးရက်ကြာ သွားရောက်ခဲ့သည်။

## မျက်နှာဖုံး- တရား႐ုံးများ၏ တရားစီရင်ပိုင်ခွင့် တိုးလာ မှ

"ပြည်ထောင်စု တရားစီရင်ရေးဥပဒေအရ အရင်က တိုင်းတရားရုံးရှိတယ်။ အခုတိုင်းတရားရုံးမရှိတော့တဲ့အတွက် သက်ဆိုင်ရာ ခရိုင်ရုံးတွေကို တရားစီရင်ပိုင်ခွင့်တွေလွှဲရတယ်။ ဒီလိုလုပ်တာကောင်းပါတယ်။ စီရင်ပိုင်ခွင့်တွေ တိုးပေးလိုက်တာပဲ" ဟု ရွှေ့နေချုပ်ရုံးညွှန်ကြားရေးမှူး(ငြိမ်း) တရားရုံးချုပ်ရှေ့နေ ဦးအောင်သန်းစိုးက ပြောသည်။

တရားရုံးများ၏ စီရင်ပိုင်ခွင့်များ တိုးမြှင့်ပေးမှုကြောင့် ငွေရေးကြေးရေးနှင့်သက်ဆိုင်သော အမှုအခင်းများနှင့်ပတ်သက်လျှင် မြို့နယ် တရားရုံးများသည် မူလက ကျပ်သိန်း ၃၀ တန်ဖိုးအထိရှိ အမှုအခင်းများအစား ကျပ်သိန်း ၁၀၀ အထိလည်းကောင်း၊ ခရိုင်တရားရုံးများသည် မူလက ကျပ်သိန်း ၁၀၀ တန် တန်ဖိုးအထိရှိ အမှုအခင်းများအစား ကျပ်သိန်း ၅၀၀၀ အထိလည်းကောင်း အသီးသီး စီရင်ပိုင်ခွင့်ရလာမည်ဖြစ်ကြောင်း အထက်ပါ ရှေ့နေကရှင်းပြသည်။

"အရင်က တိုင်းတရားရုံးက ကျပ်သိန်း ၁၀၀ အထက်ကို စီရင်ပိုင်ခွင့်ရှိတယ်။ အခု ခရိုင်က ကျပ်သိန်း ၅၀၀၀ အထိ စီရင်ပိုင်ခွင့်ရှိပြီ။ တိုင်းရုံးမရှိတော့ဘူးဆိုတော့ သက်ဆိုင်ရာခရိုင်ရုံးကိုလွှဲတာ၊ ကျပ် ၅,၀၀၀ အထက်ဆိုရင် ပြည်နယ်တိုင်းဒေသကြီး တရားလွှတ်တော်က စီရင်တော့မယ်" ဟု ဦးအောင်သန်းစိုးက ဆက်လက်ပြောကြားသည်။

## မျက်နှာဖုံး- ပြည်ပသို့ ဆန်တန်ချိန်ခြောက်သိန်း တင်ပို့ရန်လျာထား မှ

ကမ္ဘာ့စျေးကွက်တွင် စျေးနှုန်း ၂၅ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း ဝေါလ်စထရိဂျာနယ် ဝက်ဘ်ဆိုက်တွင် ရေးသားထားသည်ကိုတွေ့ရသည်။

ကမ္ဘာ့စျေးကွက်တွင် မြန်မာ့ဆန်နှင့် အပြိုင်ရောင်းချရသည်မှာ ဗီယက်နမ်ဆန်ဖြစ်ပြီး တန်ဖိုးမှာလည်း တစ်တန်လျှင် အနည်းငယ်သာကွာခြားသည်။ စျေးကွက်မှာလည်း အာဖရိက၊ စင်ကာပူ စသဖြင့် နိုင်ငံအတော်များများ တူနေသည်။ဗီယက်နမ်ဆန်သည် ကမ္ဘာ့စျေးကွက်တွင် တစ်တန်လျှင် ကန်ဒေါ်လာ ၄၃၀ ဝန်းကျင်ရှိသည်။

မြန်မာ့ဆန်တင်ပို့မှုမှာ ယခင်နှစ်က ကမ္ဘာ့စျေးကျဆင်းမှု၊ ပြည်တွင်းစျေးမြင့်မားမှု၊ ပြည်ပပို့ကုန်ရငွေတန်ဖိုးစျေးကျမှုတို့ကြောင့် ၂၀၁၀-၁၁ ဘဏ္ဍာနှစ်တွင် တန်ချိန် ၅၄၀,၀၀၀ သာ တင်ပို့နိုင်ခဲ့ကြောင်းကိုလည်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ သိရသည်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် စားနပ်ရိက္ခာဖူလုံရေးတွင် ကာကွယ်မှုအနေဖြင့် ဆန်ပြည်ပသို့ တင်ပို့သူများသည် ပြည်တွင်းစျေးကွက်၌ စျေးနှုန်းမြင့်တက်လာပါက လက်ထဲတွင်လှောင်ထားသောဆန်များထဲမှ ငါးရာခိုင်နှုန်းကိုပြည်တွင်းစျေးကွက်သို့ပြန်လည်ရောင်းချပေးရမည်ဖြစ်ကြောင်းကိုလည်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ ဦးချစ်ခိုင်က ပြောကြားသည်။

ပြည်ပသို့ တင်ပို့လိုသူများသည် စျေးကွက်၌ ဆန်များ ဝယ်ယူစုဆောင်းရာတွင် စျေးနှုန်းများမြင့်တက်လာသည့်အတွက် ပြီးခဲ့သည့်မတ်လကလည်းပြည်ပတင်ပို့မှုကို ရပ်နားခဲ့ရကြောင်း အထက်ပါ ပုဂ္ဂိုလ်ကဆိုသည်။

## အားဖြည့်ရေပိုက်ပေါက်ခြင်းမှာ မိုးကြိုးပစ် မဟုတ်ကြောင်း တာဝန်ရှိသူပြော

မြတ်စုမွန်

ရန်ကုန်၊ မေ-၂၇

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ရန်ကုန်မြို့အနှံ့ ရေပေးဝေရေးစနစ်ကို အဓိကအားဖြည့်ပေးသည့်ကြိုတင်အားဖြည့်ရေပိုက် မေလနောက်ဆုံးပတ်အတွင်းပေါက်ခြင်းသည် မိုးကြိုးပစ်ချခြင်းကြောင့်ဆိုသည်မှာ မဟုတ်မှန်ကြောင်းနှင့် ဖြစ်ရိုးဖြစ်စဉ်ပေါက်ခြင်းဖြစ်ကြောင်း ရေနှင့်သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ "မိုးကြိုးပစ်လို့ပိုက်ပေါက်တယ်ဆိုတာ မဟုတ်ပါဘူး။ မြေကြီးအောက်မှ မြှုပ်ထားတဲ့ ပိုက်က ဘယ်လိုပေါက်နိုင်မှာလဲ။ ဖြစ်ရိုးဖြစ်စဉ်ပေါက်တာ။ ရေပိုက်ပေါက်ပြီး ၃၈ နာရီအတွင်း အပြီးပြန်ပြင်နိုင်ခဲ့တယ်" ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရေနှင့်သန့်ရှင်းရေးဌာနမှူးဒေါက်တာဇော်ဝင်းကပြောသည်။

အင်းစိန်မြို့နယ် ကျောက်တော်ကြီးဘုရားအနီးရှိနေရာတွင် မြေအောက်၌သွယ်တန်းထားသော ၆၆ လက်မအရွယ်အစားရှိ ကြိုတင်အားဖြည့်ကွန်ကရစ်ပိုက်လုံးပေါက်သဖြင့် ရန်ကုန်မြို့အတွင်းရှိ မြို့နယ်များတွင် မေ ၂၄ ရက်နှင့် ၂၅ ရက်များ၌ ရေပြတ်လပ်မှုများကြုံတွေ့ခဲ့ရသည်။ ထိုပိုက်မှာ လှော်ကားရေလှောင်ကန်မှ လာသောပိုက်ဖြစ်သည်။

## စာ-၃၊ ကျောင်းဆင်းပွဲအချို့တွင် ကလေးများ၏ကကွက်ဆန်းများကြောင့် ကျောင်းသားမိဘများ မျက်လုံးပြူး မှ

အဆိုပါပုဂ္ဂလိကကျောင်းများ၏ ပျော်ပွဲရွှင်ပွဲများတွင် အစိုးရကျောင်းများမှ နွေရာသီသင်တန်းလာတက်ရောက်သော ကျောင်းသားအများစုလည်း ပါဝင်ပြီး ယင်းကျောင်းသားများ၏ သင်တန်းဆင်းပွဲကဲ့သို့သော ပွဲများတွင်လည်း အဆိုပါဖျော်ဖြေရေးပုံစံများ ထည့်သွင်းကြကြောင်းလည်း သိရသည်။ "ဒီလိုကျောင်းတွေမှာ အကဆရာမ သတ်သတ်ထားသင့်ပါတယ်။ ဂီတဆိုလည်းဂီတ၊ အကဆိုလည်းအက ဆရာမသတ်သတ်ထားသင့်တယ်။ အခုဟာက ရိုးရိုးစာသင်တဲ့ဆရာမတွေကပဲ ပွဲအတွက် အကသင်ပေးတော့ ဒီလိုတွေဖြစ်ကုန်တာ။ ကျွန်တော့်သားသမီးတွေတော့ အဲလိုကတဲ့နေရာတွေမှာမပါစေဖို့ဆရာမတွေကိုကြိုပြောထားတာ။ ဒါပေမဲ့ ပွဲကတဲ့အခါ တခြားကလေးတွေ အဲလိုလုပ်နေတော့ သူတို့အတွက်ရင်လေးတယ်။ တခြားကလေးဆိုတာလည်းကိုယ့်သားသမီးရဲ့သူငယ်ချင်းတွေပဲလေ" ဟု နာမည်ကြီးပုဂ္ဂလိကကျောင်း၏ ကျောင်းသားမိဘတစ်ဦးက ပြောသည်။

"ဒီလိုကကွက်တွေ သင်ပေးတာက အဓိက Class Teacher တွေမှာ တာဝန်ရှိတာပါ။ တချို့ကျောင်းတွေက ကျောင်းခွဲတွေ အများကြီးရှိတယ်။ ဒီလိုပျော်ပွဲရွှင်ပွဲတွေလုပ်တော့သူများ အစီအစဉ်ထက် ကိုယ့်အစီအစဉ်ကိုလူတွေ သဘောကျအောင် စိတ်ဝင်စားအောင်လုပ်ရင်း အဲလိုမျိုးတွေ ဖြစ်သွားကြတာပါ" ဟု ကမာရွတ်မြို့နယ်အတွင်းဖွင့်လှစ်ထားသောနာမည်ကြီးပုဂ္ဂလိကကျောင်းမှဆရာမတစ်ဦးက 7 Day News သို့ပြောသည်။ ကလေးငယ်များကို Sexy Dance ကဲ့သို့ကကွက်များကပြခြင်း မှာ ပုဂ္ဂလိကကျောင်းအချို့၏ ပျော်ပွဲရွှင်ပွဲများနှင့်အခြားကျောင်းပျော်ပွဲရွှင်ပွဲအစီအစဉ်များတွင်လည်း တစ်ခါတရံတွေ့ရတတ်ကြောင်း အထက်ပါဆရာမက ပြောသည်။



7DAY NEWS JOURNAL
Vol.10, No.11 • JUNE 2, 2011

## ၂၀၁၁ ခုနှစ် ဇွန်လပထမ ၁၀ ရက်ပတ်

## မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်



### ဘင်္ဂလားပင်လယ်အော်အခြေအနေ

အနောက်တောင်မုတ်သုံလေသည် ဇွန်လပထမ ၁၀ရက်ပတ်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများနှင့် မြောက်ပိုင်းဒေသများသို့ အသီးသီး ဝင်ရောက်နိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအား အသင့်အတင့်ရှိနိုင်ပါသည်။

### မိုးအခြေအနေနှင့် မိုးရွာရက်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုထက်ပိုကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမှုခန့် ရွာနိုင်ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၅ရက်မှ ၇ရက်ခန့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ၃ရက်မှ ၄ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

### မြစ်ရေအခြေအနေ

မြစ်ရေအခြေအနေမှာ ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၁၈၀ စင်တီမီတာ (၆ပေခန့်)၊ မန္တလေးမြို့နှင့်စစ်ကိုင်းမြို့တို့တွင် ၁၂၀ စင်တီမီတာ(၄ပေခန့်)၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၉၀ စင်တီမီတာ (၃ပေခန့်) လက်ရှိရေမှတ်များ၏ အထက်မြင့်တက်လာနိုင်ပါသည်။ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၁၈၀ စင်တီမီတာ (၆ပေခန့်) မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင်၉၀ စင်တီမီတာ(၃ပေခန့်)လက်ရှိရေမှတ်များ၏ အထက်မြင့်တက်လာနိုင်ပါသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

CAUTION NOTICE OF PATENT

[illegible]

BIODEGRADATION PROCESS AND MICROBIAL COMPOSITION

[illegible]

U Myint Lwin, Advocate
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
[illegible]
Ph : 371946 — 2 June 2011

# မိုးလျော့နည်းသဖြင့် ပျိုးစပါးစိုက်ပျိုးရန် အခက်တွေ့

အောင်သူရ

ရန်ကုန်၊ မေ – ၂၇

မုတ်သုံအားနည်းပြီး မိုးရွာသွန်းမှုလျော့နည်းနေသဖြင့် ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် မိုးစပါးစိုက်ပျိုးရန် ပျိုးထောင်၍မရဖြစ်နေကြကြောင်းသတင်းရရှိသည်။

"မိုးနည်းတော့ တတ်နိုင်တဲ့သူတွေကတော့ ရေတင်ပြီးပျိုးထောင်ကြတယ်။ မတတ်နိုင်တဲ့သူတွေကတော့ ဒီအတိုင်း စောင့်ကြည့်နေကြတယ်"ဟု ပဲခူးတိုင်းဒေသကြီး ဝေါမြို့ခံတောင်သူကြီးတစ်ဦးကပြောသည်။

ပုံမှန်အားဖြင့် သက်လတ်စပါးမျိုးများအား မေ ၂၀ ရက်နောက်ပိုင်းမှစ၍ ပျိုးထောင်လေ့ရှိပြီး ဇွန်လကုန်ခါနီးတွင် စိုက်ပျိုးလေ့ရှိကြသည်။

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့အတွင်းရှိ ပျိုးထောင်ထားသော လယ်ကွက်အချို့မှာ မိုးရွာသွန်းမှုလျော့နည်းသဖြင့် ပျိုးပင်များ သေကျေပျက်စီးမှုများရှိကြောင်း ကိုယ်တိုင်မြင်တွေ့ခဲ့သူ ရန်ကုန်ဒေသခံတောင်သူကြီးတစ်ဦးကပြောသည်။

"ယေဘုယျအားဖြင့် ရေနဲ့နီးတဲ့နေရာမှ ရွှေး၊ ရေတင်သွင်းနိုင်တဲ့နေရာ၊ ပျိုးပင်က အဝါရောင်သန်းစပြုတဲ့အထိ ရသေးတယ်။ အရွက်လိပ်သွားရင်တော့ ချည့်နဲ့သွားပြီး၊ ဘောင်နဲ့ပျိုးထောင်ရင်တော့ ရေပန်းကရားနဲ့ ဖျန်းပေးလို့ရတယ်"ဟု စိုက်ပျိုးရေးပညာရှင်ဦးဘဟိန်းကပြောသည်။

ယခုနှစ်မုတ်သုံမှာ အားနည်းနေသဖြင့် မိုးရွာသွန်းမှုမှာလည်း မုတ်သုံမိုးကဲ့သို့ ပုံမှန်ပျံ့ပျံ့နှံ့နှံ့ ရွာသွန်းခြင်း မရှိနိုင်ကြောင်း မိုးလေဝသပညာရှင်ဦးထွန်းလွင်က ခန့်မှန်းထားသည်။

# ကုန်ချရာမှ ဓာတ်ကြိုးထိ၍ ဓာတ်လိုက်သေဆုံး

ကျော်ဇေယျ

နေပြည်တော်၊ မေ – ၂၆

နေပြည်တော် ပျဉ်းမနားယုဇနဈေးရှိ ဈေးဆိုင်တစ်ခုရှေ့တွင် မေ ၂၅ ရက်က ကားရပ်နားပြီး ထုံး ကုန်ချရာ ကုန်ချသောယာဉ်နောက်လိုက်မှာ ဓာတ်ကြိုးနှင့်ထိ၍ ဓာတ်လိုက်သေဆုံးခဲ့ရသော ဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ မေ ၂၅ ရက် ည ၇ နာရီအချိန်ခန့်က နေပြည်တော် ပျဉ်းမနား ယုဇနဈေးရှိ ဈေးဆိုင်တစ်ခုရှေ့တွင် ထုံးကုန်ချရန် နစ်ဆန်းခြောက်ဘီးကားခေါင်မိုးပေါ်သို့ ကားယာဉ်နောက်လိုက်ဖြစ်သူ ကိုခင်ဇော်ထွန်း (၂၃)နှစ်က တက်ရောက်စဉ် တောင်မြောက်သွယ်တန်းထားသော ဓာတ်ကြိုးအား ထိမိ၍ ကိုခင်ဇော်ထွန်းမှာ ဓာတ်လိုက်ကာ လွင့်စဉ်ပြုတ်ကျပြီး မျက်နှာများညိုမဲကာ ပါးစပ်မှ သွေးထွက်ဒဏ်ရာဖြင့် သေဆုံးခဲ့ကြောင်း ရဲမှတ်တမ်းများအရ သိရှိရသည်။

သို့ဖြစ်၍ အဆိုပါ အမှုအား နေပြည်တော် ပျဉ်းမနားရဲစခန်း သေမှုသေခင်းအမှတ်–၁၂/၂၀၁၀ အရ ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အခု သေမှုသေခင်းဖြစ်တဲ့ ဓာတ်အားကြိုးက 11KV ဆိုတဲ့ ကြိုးပါ။ အခင်းဖြစ်ရပ်က အဲဒီကြိုးက မြေကြီးအထက် ၁၅ ပေ အမြင့်မှာရှိတယ်။ အဲဒီဓာတ်အားကြိုးတန်းအောက်မှာ ခြောက်ဘီးကားလို ကားမျိုးက ရပ်လိုက်တော့ ကားခေါင်မိုးအထက် လေးပေပဲ အကွာပဲရှိတော့တာပဲလေ။ အဲဒီလိုအချိန်မှာ ယာဉ်နောက်လိုက် ခင်ဇော်ထွန်းက ကားခေါင်မိုးပေါ် တက်လာတာဆိုတော့ ခင်ဇော်ထွန်းရဲ့ပါးပြင်နဲ့ 11KV ကြိုးနဲ့ ထိမိပြီး ဒီလိုအဖြစ်မျိုးရောက်သွားတာပဲဗျာ"ဟု အမှုစစ်အရာရှိက ရှင်းပြသည်။

"11KV ဆိုတဲ့ကြိုးက ဗို့အား ၁၁,၀၀၀ ရှိတယ်ဗျ။ ဓာတ်အားပြင်းထန်တဲ့အတွက် တစ်ပေအကွာတောင် လှမ်းပြီးဆွဲနိုင်တဲ့ အားတောင်ရှိတယ်။ ဒီလိုကြိုးမျိုးကိုပါးနဲ့ထိမိတယ်ဆိုတော့ တွေးတောင်မတွေးဝံ့ပါဘူးဗျာ" ဟု မြို့နယ်လျှပ်စစ်ရုံးမှ ဝန်ထမ်းတစ်ဦးကလည်း ပြောသည်။

# ခရီးသည်ကို မချေမငံဆက်ဆံ ယာဉ်မောင်းနှင့် ယာဉ်အကူအား ယာဉ်လိုင်းမှထုတ်ပယ်

ရန်ကုန်၊ မေ – ၂၄

မော်တော်ယာဉ်ကို အရှိန်ပြင်းမောင်းနှင်ပြီး ခရီးသည်များကို မချေမငံပြောဆိုဆက်ဆံသဖြင့် ဗန္ဓုလသယ်ယူပို့ဆောင်ရေး၊ အဓိပတိ ၁၇၉ အထူးယာဉ်တစ်စီးမှ ယာဉ်မောင်းနှင့်ယာဉ်အကူများကိုပြီးခဲ့သည့်ရက်ပိုင်းက ရာသက်ပန်ထုတ်ပယ်ကာ အပြစ်ပေးဆောင်ရွက်ခဲ့သည်ဟုသိရသည်။

ရာသက်ပန်ထုတ်ပယ်ခံရသူများသည် မည်သည့်ယာဉ်လိုင်းတွင်မှ အလုပ်လုပ်ခွင့်မရှိဘဲ ယာဉ်လိုင်းအလိုက်ထိုကဲ့သို့ထုတ်ပယ်ခံရသူများ၏ အမည်ကို ခရီးသည်တင် ယာဉ်လိုင်းအားလုံးသို့ အကြောင်းကြားစာများ ပေးပို့သည်ဟုဆိုသည်။

ရန်ကုန်မြို့တွင်းပြေးဆွဲလျက်ရှိသည့်ခရီးသည်တင်ယာဉ်လိုင်းများတွင် ခရီးသည်များ မကျေနပ်မှုများတိုင်ကြားရာတွင် စိစစ်အရေးယူဆောင်ရွက်လျက်ရှိပြီး စည်းကမ်းဖောက်ဖျက်မှုများပါက ယာဉ်လိုင်းများမှထုတ်ပယ်သည်အထိ ဆောင်ရွက်ခြင်းဖြစ်သည်။



ရန်ကုန်မြို့တွင်းပြေးဆွဲသော ရိုးရိုးဘတ်စ်ကားပေါ်သို့ ခရီးသည်တစ်ဦး တက်ရောက်ရန် ပြင်ဆင်နေစဉ်။
ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

ခရီးသည်များနှင့် ယာဉ်လုပ်သားများအကြား အများဆုံးအဆင်မပြေသည့်ကိစ္စမှာ ငွေအကြွေပြန်မအမ်းခြင်း၊ မချေမငံပြောဆိုဆက်ဆံခြင်း၊ ယာဉ်ပေါ်မှတွန်းချခြင်းစသည်တို့ဖြစ်ပြီး ယာဉ်အချင်းချင်း အပြိုင်အဆိုင်အရှိန်ပြင်းမောင်းနှင်ခြင်းကြောင့် ခရီးသည်များ အထိတ်တလန့်ဖြစ်ရမှုမှာ အမြဲလိုလိုကြုံတွေ့ရသည်ဟုသိရသည်။

ခရီးသည်တင်ယာဉ်လိုင်းများတွင်အရက်သေစာသောက်စားကာ မဆင်မခြင်မောင်းနှင်ခြင်း၊ ယာဉ်တိုက်မှုကြောင့် လူသေဆုံးခြင်း၊ ယာဉ်လုပ်သားအချင်းချင်း တုတ်၊ ဓားဆွဲ၍ ခိုက်ရန်ဖြစ်ခြင်း၊ ဝန်ထမ်းများ၊ ခရီးသည်များကို မချေမငံပြောဆိုကာ ကိုယ်ထိလက်ရောက်ပြုမူခြင်းများပြုလုပ်ပါက ယာဉ်လိုင်းမှ ထုတ်ပယ်သည်အထိ အရေးယူဆောင်ရွက်သည်ဟု သိရသည်။

# ဆဌမအကြိမ် ရွှေအမြုတေ စာပေဆုပေးပွဲတွင် ဆုခြောက်ဆုချီးမြှင့်

သီဟ

ရန်ကုန်၊မေ – ၂၇

ဆဌမအကြိမ်မြောက် ရွှေအမြုတေစာပေဆုပေးပွဲအား မေ ၂၇ရက်ညနေပိုင်းတွင် ကျင်းပရာ စာပေဆု ခြောက်ဆုချီးမြှင့်ခဲ့သည်။ ဆုပေးပွဲကို ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပခဲ့ပြီး ၂၀၁၀ပြည့်နှစ်အတွက်ရွေးချယ်ပေးအပ်သော စာပေဆုပေးပွဲတွင် ကဗျာဆု၊ဆောင်းပါးဆု၊ရသစာတမ်းဆု၊ ဝတ္ထုတိုဆု၊ ဝတ္ထုရှည်ဆု၊ မျိုးဆက်သစ်ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ ကဗျာဆုအား သစ်ခက်အိမ်၊ ဆောင်းပါးဆုအား မသီတာ(စမ်းချောင်း)၊ ရသစာတမ်းဆုအား ရဲသျှမ်း၊ ဝတ္ထုတိုဆုအား မင်းဝေဟင်၊ မျိုးဆက်သစ်ဆုအား ဇူးဇူးမွန်နှင့်ဝတ္ထုရှည်ဆုအား မနှင်းဖွေးတို့က ရရှိခဲ့သည်။ အလားတူ အဆိုပါဆုပေးပွဲတွင် ရွှေနှလုံးသားဆုနှင့် စာဖတ်သူအကြိုက်ဆုတို့ကိုလည်း ချီးမြှင့်ခဲ့ရာ ရွှေနှလုံးသားဆုအား အယ်လိုထူးက ရရှိခဲ့ပြီး စာဖတ်သူအကြိုက်ဆုအား လင်းယဉ်နွဲ့(မြို့ သစ်ကလေး)က ရရှိခဲ့သည်။

Life
7DAY NEWS JOURNAL
Vol.10, No.11 · JUNE 2, 2011



အထူးဆောင်းပါး
**ပုဒ္ဓဝိဟာရ ကမ္ဘာ့အံ့ချီးဖွယ်ရာ ဘုရားကျောင်းတော်ကြီး**
ဒေါက်တာအရှင် ဏ ရ(သီတဂူဆရာတော်)
စာ(၂၅)သို့



မြန်မာ့နွားများပြည်ပသို့ ပင်လယ်ကူးသင်္ဘောဖြင့် တင်ပို့စဉ်။

# ကျေးရူးရှင်တွေကို မျိုးတုံးပစ်တော့မလား

ပြည်သိမ်း

မိခင်နွားမကြီးသည် သူ့ခန္ဓာကိုယ်အား လူသားတို့ အသုံးပြုတော့မည်ကို သိနေ၍လားမသိ ဆွဲခေါ်ရာသို့မလိုက်ဘဲ မြေပေါ်တွင် လှဲအိပ်နေသည်။ မျက်လုံးမှ မျက်ရည်များတွေတွေစီးကျနေသည်။ နွားသားပေါက်လေးကတော့ မိခင်၏ ခံစားနေရသည့် သောကကို မသိဘဲ အခွင့်ရသည်အထင်ဖြင့် နို့ကို အငမ်းမရစို့နေပေသည်။ သည်မြင်ကွင်းကိုတွေ့မြင်ခဲ့ရသည့် ဝေါမြို့နယ်တွင် နေထိုင်သော လယ်သမားကြီးတစ်ဦးက ပြန်လည်ပြောပြချိန်တွင်အသံများပင်တိမ်ဝင်သွားသည်။ မျက်လုံး၌လည်းမျက်ရည်ကြည်များ ရစ်ဝိုင်းလာသည်။

"ဒါကိုမြင်တော့ ကျွန်တော် ချက်ချင်းအိမ်ပြန် ကင်မရာယူပြီး ဓာတ်ပုံရိုက်ထားတယ်"ဟု နွားသားအမိရဲ့ဖြစ်စဉ်ကိုဓာတ်ပုံရိုက်ထားခဲ့သည့် ၎င်းကဆက်လက်ပြောသည်။

မြန်မာ့လယ်ယာကဏ္ဍတွင် ကျွဲ၊ နွားများ၏ အခန်းကဏ္ဍသည် ယနေ့ထိ အဓိကအရေးပါနေဆဲဖြစ်သည်။ နိုင်ငံတော်က စက်မှုလယ်ယာသို့ ကူးပြောင်းနေသော်လည်း ကျေးလက်ဒေသတွင်လယ်သမားများသည် ကျွဲ၊ နွားများကိုသာ အားကိုးနေရသည်။

သို့သော် ယခုနှစ်ပိုင်းတွင် ခိုင်းနွားများကို ပဲခူးတိုင်းဒေသကြီးနှင့် ဒေသအချို့တွင် အသားအတွက် ပို၍သတ်လာကြသည်။ လယ်ကွင်းများမှ သီးနှံများအကြောင်းမျိုးစုံကြောင့် အထွက်လျော့ချိန် ကြွေးပိနေသော လယ်သမားများ အကြွေးဆပ်ရန် ကျွဲ၊ နွားများကိုရောင်းချလာရကြောင်း ပဲခူးတိုင်းဒေသကြီးမှ တောင်သူများကပြောသည်။ ထို့ပြင် လွန်ခဲ့သော ၂နှစ်ခန့်မှစ၍ ကျွဲနွားများကို ဆိတ်နှင့်အတူ ပြည်ပသို့ပို့ကုန်အဖြစ်ကောင်ရေအမြောက်အမြား တင်ပို့လာခဲ့သည်။

မြန်မာနိုင်ငံမှ နွားများပြည်ပဈေးကွက်သို့ တင်ပို့ရာတွင် ယခင်က မလေးရှားသို့သာ အဓိကတင်ပို့ခဲ့ပြီး ယခု အရှေ့အာရှနိုင်ငံများကပါ ဝယ်ယူရန် လာရောက်ဆွေးနွေးနေသည်။ ယခုနှစ်ပြည်ပသို့ ကျွဲ၊နွား အရှင်ကောင်ရေ တစ်သောင်းတင်ပို့ရန် ခွင့်ပြုထားသည်။ ယခင်နှစ်ကလည်း ပြည်ပသို့ ကောင်ရေတစ်သောင်း တင်ပို့ရန် ခွင့်ပြုခဲ့သည်။ သို့သော်လက်တွေ့တွင် ထိုပမာဏကို မတင်ပို့နိုင်ခဲ့ပေ။

ပြည်ပဈေးကွက်တွင် ကျွဲနွားရောင်းဝယ်ခြင်းကို ရေရှည်လုပ်ကိုင်ပါက နောင်လေး၊ငါးနှစ်တွင် လယ်ယာလုပ်ငန်း၌ အခက်အခဲများ ကြုံတွေ့လာနိုင်ကြောင်း ပြည်တွင်း၌ ကျွဲနွားရောင်းဝယ်မှုသည် ဝယ်၊ရောင်းလုပ်ကိုင်ခြင်းသာဖြစ်သည့်အတွက် ရေရှည်စိုးရိမ်ရကြောင်း မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၏ ဧကဒသမအကြိမ် နှစ်ပတ်လည်တွင် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီးက ပြောကြားခဲ့သည်။

စည်းကမ်းမဲ့ သတ်ဖြတ်နေပါက မြန်မာ့လယ်ယာကဏ္ဍဖွံ့ဖြိုးမှုအတွက် စိုးရိမ်စရာတစ်ခုဖြစ်ကြောင်း ဝေါမြို့နယ်မှ လယ်သမားကြီးတစ်ဦးက ဆိုသည်။

ကျွဲ၊ နွားများကို အသားအတွက် သတ်ဖြတ်ရာတွင် နယ်မြို့များ၌ အသားအတွက် တစ်ရက်လျှင် နှစ်ကောင်နှုန်း၊ ဈေးရှိသည့် တိုက်နယ်ကျေးရွာများတွင် တစ်ရက်လျှင် တစ်ကောင်နှုန်း ခွင့်ပြုထားသည်။ သို့သော် ယင်းလုပ်ငန်းကို လုပ်ကိုင်သူများက ကိုယ့်မြို့နယ်၊ ကျေးရွာတွင် သာမက ပြင်ပသို့ တင်ပို့နိုင်ရန် စည်းကမ်းမဲ့စွာ သတ်ဖြတ်နေကြသည်။

"ဒီက အမဲသားတွေက မြဝတီကိုလည်း တင်ပို့တယ်" ဟု ပဲခူးမြို့မှ မြို့ခံတစ်ဦးကလည်းဆိုသည်။

အသားအတွက် ကျွဲ၊ နွားများကို သတ်ဖြတ်မည်ဆိုပါက ဥပဒေအရဆိုလျှင်လယ်ယာလုပ်ငန်းတွင် အသုံးမပြုသော ကျွဲ၊ နွားများကိုသာ ခွင့်ပြုထားသည်။

စာ(၁၁)သို့



ဒီလိုလေး
**ချက်ကြရအောင်**
ဝိုက်ဖီ

## ခြံစည်း ိုးဟင်းချိုနဲ့ ဂွေးသီးအစပ်ထောင်း



ဒီရက်တွေမှာ နေ့တိုင်းလိုလိုမိုးကလည်း အုံ့အုံ့မှိုင်းမှိုင်းစိုစိုစွတ်စွတ်နဲ့မို့ ရာသီဥတုနဲ့ လိုက်ဖက်မယ့်ဟင်းအရံတစ်ပွဲကို ဒီတစ်ပတ်ချက်ဖို့ ဝိုက်ဖီစီစဉ်ထားပါတယ်။

ကုန်ကျစရိတ်သက်သက်သာသာနဲ့မိုးအေးအေးမှာ ပူပူနွေးနွေးလေးစားသောက်လို့ရမယ့်ခြံစည်းရိုးဟင်းရေသောက်လေးနဲ့ ဂွေးသီးအစပ်ထောင်းလေးပဲဖြစ်ပါတယ်။

ခြံစည်းရိုးဟင်းချိုလို့ နာမည်ပေးရတာက ကျေးလက်တောရွာတွေမှာဆိုရင်လွယ်လင့်တကူခြံစည်းရိုးတစ်လျှောက်ရသမျှဟင်းသီးဟင်းရွက်တွေ စုပေါင်းခပ်ထားတဲ့ ဟင်းချိုဖြစ်လို့ အဲဒီလိုနာမည်ပေးထားတာပါ။ ခြံစည်းရိုးဟင်းချိုချက်ဖို့ ငါးရံ့အသေးတစ်ကောင်၊ ရုံးပတီသီး၊ မျှစ်စပ်၊ ကြက်သဟင်းရွက်၊ ဒန့်သလွန်ရွက်၊ ဆူးပုပ်ရွက်၊ ကင်းပုံညွန့်၊ ဖရုံညွန့်စသည်ဖြင့် အစိမ်းရောင်ရှိတဲ့ မိမိကြိုက်နှစ်သက်ရာ အရွက်တွေထည့်လို့ရပါတယ်။ ဟင်းချိုချက်ရတာလည်း ရိုးရိုးရှင်းရှင်းပါပဲ။ အရင်ဆုံး ငါးရံ့ကို မီးဖုတ်ပါမယ်။ မီးဖုတ်ပြီးရင်တော့ အသားနွှင်ထားပါမယ်။

စာ(၁၁)သို့




## ဒစ်စနေးဇာတ်ကောင်လေးများရဲ့ ကျောပိုးအိတ်နဲ့ ရေဘူးမျိုးစုံရှိတဲ့နေရာ

အိဖြူလွင်

ယခုအချိန်ကတော့ ကျောင်းဖွင့်ချိန်ရောက်လာပြီဖြစ်တဲ့အတွက် ကျောင်းတက်မယ့် သားသား၊ မီးမီးတို့လိုအပ်မယ့် ပစ္စည်းတွေကို ဈေးဝယ်ထွက်ရမယ့်အချိန်ပဲ ဖြစ်ပါတယ်။

ကလေးတိုင်းက ကျောင်းဖွင့်ချိန်မှာ ကျောင်းစတက်ဖို့ ပြင်ဆင်ကတည်းက ပစ္စည်းအားလုံးကို အသစ်တွေပဲ ကိုင်ချင်တတ်ကြတာပါ။ မိဘတွေကလည်း ကိုယ့်ရဲ့ငွေကြေးပမာဏအလိုက် သားသား၊ မီးမီးတို့ကို ကျောင်းတက်ဖို့ ပစ္စည်းသစ်တွေဝယ်ပေးကြတာချည်းဖြစ်တဲ့အတွက် ဒီတစ်ပတ်မှာ လမ်းညွှန်ချင်တဲ့ ဆိုင်လေးက Disney Brand နဲ့ ပစ္စည်းတွေ ရနိုင်တဲ့ဆိုင်လေးဖြစ်ပါတယ်။


ကလေးတွေအတွက် မရှိမဖြစ်လိုတဲ့ပစ္စည်းတွေထဲက ကျောပိုးအိတ်နဲ့ ရေဘူးတွေကတော့ ဒီဆိုင်မှာ အများဆုံးဖြစ်ပြီး အခြားဖိနပ်နဲ့ တိုလီမိုလီပစ္စည်းလေးတွေလည်း ရနိုင်ပါတယ်။

ပစ္စည်းတွေက Disney Brand ဆိုတဲ့အတိုင်း ကလေးတို့အကြိုက် ကာတွန်းဇာတ်လမ်းတွေထဲက ဇာတ်ကောင်ရုပ်တွေဖြစ်တဲ့ Toy story ထဲက Buzz Lightyear၊ Wall E ၊ မီးမီးတို့ အသည်းစွဲ စင်ဒရဲလား၊ Tinkle Bellနဲ့ ဒစ်စနေးမင်းသမီးဇာတ်ကောင်များ၊ မစ်ကီမောက်စ် စတဲ့အရုပ်ကလေးတွေနဲ့အိတ်တွေ ရေဘူးလေးတွေဖြစ်ပါတယ်။ ကလေးတို့ မကြိုက်မှာတော့စိတ်ပူစရာလုံးဝလိုမယ်မထင်ပါဘူး။ ကျောပိုးအိတ်ဆိုရင်လည်း ရိုးရိုးကျောပိုးအိတ်တွေအပြင် ဘီးတွေပါပြီး တွန်းသွားလို့ရတဲ့ Luggage အသေးလေးလို အိတ်လေးတွေလည်း ရှိတဲ့အတွက် သားသား၊ မီးမီးတို့ကတော့ အကြိုက်တွေ့မှာ သေချာပါတယ်။

ပစ္စည်းအားလုံးကတော့ U.S.A made တွေပဲဖြစ်တဲ့အတွက် ဈေးနှုန်းအနေနဲ့တော့ ကျောပိုးအိတ်တွေဆိုရင် ၃၅,၀၀၀ ကျပ်က ၄၈,၀၀၀ ကျပ်ထိ၊ ရေဘူးတွေက ၉၀၀၀ ကျပ်ကနေ ၁၄,၀၀၀ ကျပ်ထိ၊ သွားပွတ်တံတွေက ၅၀၀၀ ကျပ်ကနေ ၁၅,၀၀၀ ကျပ်ထိ၊ ဖိနပ်တွေက ၇၀၀၀ ကျပ်ကနေကျပ် ၂၀,၀၀၀ လောက်ထိရှိပါတယ်။ ကလေးကြိုက် ကာတွန်းဇာတ်ကောင်နဲ့ကျောင်းသုံးပစ္စည်းတွေ ရနိုင်တဲ့ ဆိုင်ဖြစ်တဲ့အပြင် ကလေးတွေအတွက်ပစ္စည်းကောင်းကို ဝယ်ပေးချင်သူတွေလည်း ဒီဆိုင်ကို နှစ်သက်နိုင်မယ်ထင်ပါတယ်။ ဆိုင်ရဲ့လိပ်စာကတော့ဗိုလ်တထောင်ဘုရားလမ်းပေါ် Orchid ဟိုတယ်နဲ့ မျက်နှာချင်းဆိုင် အနော်ရထာလမ်းထိပ်အနီးက for kids & ladies ဆိုင်ပါလို့ လမ်းညွှန်လိုက်ပါတယ်။

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)







7DAY NEWS JOURNAL
Vol.10, No.11 • JUNE 2, 2011







ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ရှိ သဘာဝသမိုင်းပြတိုက်တွင် ပြသထားသော ရုပ်လုံးသွင်းထားသည့် သမင်များ။

## မျိုးဆက်အမွေခံလိုနေသော
# ရုပ်လုံးသွင်းပညာ

**မေဝင်းမွန်**

တိရစ္ဆာန်ဥယျာဉ်ဝင်းအတွင်း တစ်နေရာ၌ သစ်ကုလားအုတ်တစ်ကောင် ရပ်နေသည်ကို မြင်တွေ့ရသည်။ တိရစ္ဆာန်ဥယျာဉ်ထဲတွင် တိရစ္ဆာန်တစ်ကောင်ရှိနေ၊ ရပ်နေခြင်းမှာ ထူးဆန်းသည့်ကိစ္စမဟုတ်သော်လည်းယင်းသစ်ကုလားအုတ်မှာ အသက်ဝိညာဉ်ကင်းမဲ့နေသည့်တိုင် သက်ရှိတစ်ကောင်ဟု ထင်မှတ်ရလောက်အောင် အသက်ဝင်လှသည့် ရုပ်လုံးသွင်း တိရစ္ဆာန်ဖြစ်နေခြင်းမှာ ထူးဆန်းနေသည်။

ယင်းမှာ နေပြည်တော်တိရစ္ဆာန်ဥယျာဉ်တွင် မကြာမီရက်ပိုင်းက သေဆုံးခဲ့သော သစ်ကုလားအုတ်ဖြစ်ပြီး ရန်ကုန်သို့ပို့ဆောင်ကာ ရုပ်လုံးသွင်းထားခြင်းဖြစ်သည်။ ရုပ်လုံးသွင်းခြင်း အတတ်ပညာ (Taxidermy)မှာ မြန်မာနိုင်ငံတွင် လူသိနည်းသည့် ရှားပါးပညာ တစ်ရပ်တစ်ခုဖြစ်ပြီး လက်ရှိတွင် ရုပ်လုံးသွင်းပညာရှင် အရေအတွက်မှာလည်း လက်ချိုးရေနိုင်သည့် အနေအထားသာရှိနေသေးသည်။

ထိုသို့လူသိနည်းကာ ရှားပါးရုပ်လုံးသွင်းပညာရပ်ကို ပညာအမွေရကာ ယနေ့တိုင်ပြုလုပ်ပေးနေသူက ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၊ ရုပ်လုံးသွင်းဌာနတွင် တာဝန်ထမ်းဆောင်နေသည့် ဆရာဦးဘော်သန်းပင်ဖြစ်သည်။

“ဟိုးအရင်က နိုင်ငံခြားပညာရှင်တစ်ယောက်က ရုပ်လုံးသွင်းပညာနဲ့မြန်မာနိုင်ငံမှာငှက်သေတွေလာစုဆောင်းတယ်။ သစ်တောဦးစီးဌာနက တာဝန်ရှိသူတွေက ဝန်ထမ်းတစ်ယောက်ကို ရုပ်လုံးသွင်းပညာကို သင်ကြားပေးဖို့ တောင်းဆိုခဲ့တယ်။ တောင်ကြီးပြတိုက်က သစ်တောဝန်ထမ်းတစ်ဦးဖြစ်တဲ့ ဦးလှစိန်ကို ရုပ်လုံးသွင်းပညာသင်ပေးခဲ့တယ်။ ဦးလှစိန်က အိန္ဒိယနိုင်ငံမှာ ရုပ်လုံးသွင်းပညာကို ထပ်ပြီးသင်ယူခဲ့တယ်။ မြန်မာနိုင်ငံကိုပြန်လာပြီးတော့ တောင်ကြီးပြတိုက်မှာပဲ ရုပ်လုံးသွင်း တာတွေလုပ်တယ်။ ဗိုလ်ချုပ်ကြီးနေဝင်းလက်ထက်လောက်မှာ ကယားပြည်နယ်မှာ ရုပ်လုံးသွင်းအကောင်တွေကို ပြသခဲ့တယ်။ အရင်တုန်းက ပြပွဲပြိုင်ပွဲတွေမှာ ဌာနဆိုင်ရာအလိုက်ပြခန်းလုပ်တဲ့အခါ ရုပ်လုံးသွင်းအကောင်တွေပြခဲ့တာဖြစ်တယ်။ ဗိုလ်ချုပ်ကြီးနေဝင်းက တွေ့ပြီးတော့ ဆရာဦးလှစိန်ကို ၁၉၆၄ ခုနှစ်မှာ ရန်ကုန်ကိုခေါ်လာတယ်။ တိရစ္ဆာန်ဥယျာဉ်မှာစပြီး ရုပ်လုံးသွင်းတာကိုလုပ်စေခဲ့တယ်။ မြန်မာနိုင်ငံမှာကတော့ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၊ ရုပ်လုံးသွင်းပြတိုက်မှူး ဆရာဦးလှစိန်က ရုပ်လုံးသွင်းပညာကိုစတင်ခဲ့သူပဲဖြစ်ပါတယ်’ ဟု ဦးဘော်သန်းက ပြောကြားသည်။

၁၉၆၄ ခုနှစ်မှစတင်ကာ ရုပ်လုံးသွင်းပညာအသက်ဝင်ခဲ့ပြီး ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ရှိသဘာဝသမိုင်းပြတိုက်တွင် ရုပ်လုံးသွင်းတိရစ္ဆာန်များပြသနိုင်ရန်အတွက် ဆရာဦးလှစိန်က ဦးဘော်သန်းကို လက်ဆင့်ကမ်းရုပ်လုံးသွင်းပညာ သင်ပေးခဲ့ကာ လက်တွေ့လုပ်ဆောင်စေခဲ့ခြင်းဖြစ်သည်ဟုသိရသည်။

စာ(၁၂)သို့




7 DAY NEWS JOURNAL
Vol.10, No.11 • JUNE 2, 2011

## စာ-၉၊ ခြံစည်းရိုးဟင်းချိုနဲ့ ငွေးသီးအစပ်ထောင်း မှ

အဲဒါပြီးရင်တော့ လိုသလောက်ရေကို အိုးထဲထည့်ပြီး ပွက်ပွက်ဆူအောင် တည်ရပါမယ်။ ရေဆူလာရင် ကြက်သွန်ဖြူခြားပြားရိုက်၊ အရသာမှုန့်နဲ့ ငါးမီးဖုတ်ကိုထည့်ပါ။ ပြီးရင် အနေတော်အချောင်းလေးတွေ လှီးပြီး ပြုတ်ထားတဲ့ မျှစ်စပ်ကို ထည့်ရပါမယ်။ ဟင်းချိုနံ့လေးမွှေးလာပြီဆိုရင်တော့ ရုံးပတီသီးကို ထပ်ထည့်ပါ။ နှစ်မိနစ်လောက်နေတဲ့အခါ ပြင်ဆင်ထားတဲ့ အရွက်တွေအားလုံးခတ်လိုက်ပြီး ဟင်းချိုအိုးကို မီးဖိုပေါ်က ချလို့ရပါပြီ။ တကယ်လို့ ငရုတ်ကောင်းကြိုက်တယ်ဆိုရင်တော့ ငရုတ်ကောင်းခတ်ပြီးလည်း သုံးဆောင်နိုင်ပါတယ်။ ဟင်းချိုက မီးဖိုပေါ်ကချချခြင်း ပူပူနွေးနွေးအသီးအရွက် စိမ်းစိမ်းနဲ့ သုံးဆောင်ရတာဖြစ်လို့ သူနဲ့တွဲဖက်စားသုံးနိုင်မယ့် ငွေးသီးထောင်းကို အရင်ပြင်ဆင်ထားရပါမယ်။

ငွေးသီးကတော့ အခုအခါ ရာသီချိန်လည်းဖြစ်လို့ ဈေးထဲမှာ လွယ်လင့်တကူဝယ်လို့ရပါတယ်။ ငွေးသီးအနေတော်ကို ရေဆေးပြီး ပါးပါးလှီးထားပါ။ ငါးပိ၊ ပုစွန်ခြောက်၊ ငရုတ်သီးစိမ်းတို့နဲ့ ရောနှောပြီး ထောင်းရုံပါပဲ။ ခြံစည်းရိုးဟင်းချိုပူပူလေးနဲ့ ငွေးသီး အစပ်ထောင်းလေးနဲ့ မိုးအေးအေး မှာ ညနေစာအဖြစ်ချက်ပြုတ်စားသုံးရင်း ဝိုက်ဖ့်ိပရိသတ်ကြီးခံတွင်းမြိန်နိုင်ကြပါစေလို့. . . . ။



ဓမ္မ

အသိတစ်လုံး
အမြတ်ဆုံး
တစ်လုံးသိ
အကျိုးရှိ၏

## လူမိုက်နှင့် မိုက်သည်ထက် မိုက်သောသူ. . .

သိကောင်းတာမသိ မသိကောင်းတာသိတာ အဝိဇ္ဇာလို့ ဆိုတာပဲ။ ခန္ဓာကို ငါထင်တော့ အဲဒါ လူမိုက်တစ်မျိုးလို့မှတ်ပါ။ ကဲ မိုက်သည်ထက် မိုက်တဲ့ လူတစ်မျိုးကတော့ ကိုယ်လူမိုက်မှန်းလည်း မသိ ဘုရားသွားလိုက်ကျောင်းသွားလိုက်နဲ့ပြုလိုက်တဲ့ ကုသိုလ်တွေ မနည်းဘူးဟေ့၊ နောင်ဘဝ ဒီမိသားစု ဥမကွဲသိုက်မပျက် အလှူဆက်ရအောင်ဆိုတော့ စဉ်းစားလေဗျာ။

ခန္ဓာကြီး အဝိဇ္ဇာဖုံးနေတာ သူသိသလားမသိဘူး။ မသိတော့ နောက်ထပ်တစ်ဖန် ခန္ဓာထပ်ရချင်သေးတယ်။ အဲဒါ လူမိုက်၊မိုက်သည်ထက် မိုက်သည်ထက် မိုက်သည့် လူမိုက်။ မိုက်မှန်းမသိ မိုက်သည်ထက် မိုက်မိကြမှာစိုးလွန်းလို့ ဆရာဘုန်းကြီးနေ့စဉ် ဝိပဿနာတရားတွေ တဖွဖွ ဟောနေတာလို့မှတ်။

မိတ်ဆွေချင်းတွေ့ကြရင် ကျောင်းဆောက်တယ်၊ ဘုရားတည်တယ်၊ (မတည်ရဘူး)ဘုန်းကြီးက မဆိုပါဘူး(ဘဝကူးကောင်းဖို့လောက်တော့ မဖြစ်စေနဲ့)။

အသက်ကလည်း ကြီးပြီဗျာ၊ ဘဝကူးကောင်းဖို့ အရေးကြီးတယ်(မှန်ပ့ါ) သူကဖြင့် တရားသံလိုလိုနဲ့ ဒိဋ္ဌိသံကြီး။ (ဘဝကူးကောင်းဖို့) ဆိုတဲ့ ဥစ္စာကို ပယ်ကြ၊ ဘဝချုပ်ငြိမ်း ရုပ်သိမ်းတဲ့ နိဗ္ဗာန်ကိုသာရအောင် ကြိုးစားကြ။

ရည်ညွှန်း-မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဓမ္မသံဝေဂနှင့် ဩဝါဒကထာများ

## ဘုရင့်နောင်ပွဲရုံလုပ်ငန်းရှင်အချို့ အမှိုက်သိမ်းချိန်ပြင်ဆင်စေလို

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မေ-၁၈**

ဘုရင့်နောင်ပွဲရုံဝင်းအတွင်းရှိ ပွဲရုံနှင့် စားသောက်ဆိုင်လုပ်ငန်းများတွင် အမှိုက်ပုံးများထားရှိရန် သတ်မှတ်သကဲ့သို့ အမှိုက်သိမ်းဝန်ထမ်းများ၏ အမှိုက်သိမ်းချိန်ကိုလည်း ကြပ်မတ်ပေးသင့်ကြောင်း အဆိုပါဝင်းအတွင်းရှိ လုပ်ငန်းရှင်များက ပြောသည်။

ဘုရင့်နောင်ပွဲရုံဝင်းအတွင်းရှိပွဲရုံနှင့်စားသောက်ဆိုင်များကို တူညီအမှိုက်ပုံးထားရှိရေးကို ဘုရင့်နောင်ပွဲရုံစခန်းကွပ်ကဲမှုရုံးမှ ယခု ၁၆ ရက်တွင် ဒုတိယအကြိမ် ဝေငှခဲ့သည်။ တူညီအမှိုက်ပုံးဆို သည်မှာ အရွယ်အစားတူ အမှိုက် ပုံးကြီးများဖြစ်သည်ဟု ဆိုသည်။ အမှိုက်ပုံးထားရှိရေးအတွက် ၂၀၀၅ ခုနှစ်ကလည်း အမှိုက်ပုံးတစ်ခုလျှင် ၉,၀၀၀ ကျပ်ဖြင့် ပွဲရုံလုပ်ငန်းရှင်များ မဖြစ်မနေ ဝယ်ယူ၍ လုပ်ဆောင်ခဲ့ရကြောင်း ပွဲရုံလုပ်ငန်းရှင်တစ်ဦးက ပြောသည်။ "အမှိုက်ပုံးက ပွဲရုံတစ်ခုကို တစ်လုံးစီဝယ်တာက သိပ်အရေးမကြီးဘူး။ အရင်တစ်ခါလုပ်တုန်းကလည်း အမှိုက်သိမ်းချိန်က အမှိုက်မရှိတဲ့မနက်ပိုင်းမှ လာသိမ်းတယ်။ ညနေပွဲရုံပိတ်ချိန်ဆို အမှိုက်အပြည့်နဲ့ ပုံးကို ထားခဲ့လို့လည်း မရ။ အထဲသွင်းရတာလည်း မလွယ်တော့ အသေးလေးတွေပဲ သုံးကြရတယ်"ဟု ပွဲရုံလုပ်ငန်းရှင်တစ်ဦးက ပြောသည်။ တူညီအမှိုက်ပုံးများထားရှိရေးထက် စနစ်တကျ အမှိုက်စွန့်ပစ်ရန်နှင့် အမှိုက်သိမ်းချိန်များကိုလည်း တစ်ချိန်တည်းသာ သတ်မှတ်ရန်လိုကြောင်း၊ ထိုသတ်မှတ်သော အချိန်မှာ အမှိုက်တကယ်ရှိသော အချိန်ဖြစ်ရေးအတွက် စနစ်တကျဆောင်ရွက်သင့်ကြောင်း ပွဲရုံဝင်းရှိ လုပ်ငန်းရှင်များက ပြောသည်။

## မြစ်ဝကျွန်းပေါ်ဒေသရှိ မျက်စိဝေဒနာရှင် လေးထောင်ကျော်ကို အခမဲ့ဆေးကုသပေး

**ဟသ်ာတ၊ မေ-၂၁**

ကျန်းမာရေးဝန်ကြီးဌာနနှင့် စက္ခုပါလာဒီဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ မျက်စိဝေဒနာသည် ၄,၀၀၀ ကျော်အား ဟသ်ာတမြို့တွင် အခမဲ့ကုသပေးခဲ့ကြောင်း သတင်း ရရှိသည်။

ဟသ်ာတ၊ဇလွန်၊ ငနွေဖြူလေး မျက်နှာ၊ ကြံခင်းနှင့် မြန်အောင်မြို့များမှာ လာရောက်ပြသကြသူများအနက် လူ၅၀၀ကျော်အား ခွဲစိတ်ကုသပေးခဲ့ပြီး လူ၂,၀၀၀ကျော်ကို မျက်မှန်တပ်ဆင်ပေးခဲ့သည်။ မျက်စိဝေဒနာရှင်များကို မေ ၂၀ ရက်မှ ၂၃ရက်အထိ ကုသပေးခဲ့ခြင်းဖြစ်သည်။

စက္ခုပါလာဒီဖောင်ဒေးရှင်းသည် ဒေသတွင်း မျက်စိဝေဒနာသည်များအား ၂၀၀၈ခုနှစ်မှစတင်၍ အခမဲ့ကုသပေးခဲ့သည်။ အဆိုပါ စက္ခုပါလာဒီဖောင်ဒေးရှင်းအား ပြည်ခိုင်ဖြိုးပါတီအထွေထွေအတွင်းရေးမှူးဦးဌေးဦးက ဥက္ကဋ္ဌအဖြစ်တာဝန်ယူထားသည်။

## စာ-၉၊ ကျေးရူးရှင်တွေကို မျိုးတုံးပစ်တော့မလား မှ

ယင်းသို့ပြုလုပ်မည်ဆိုပါက ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ သက်ဆိုင်ရာ မြို့နယ်ရဲစခန်းတို့တွင် ပျောက်ဆုံးကြောင်း အမှုဖွင့်ထားခြင်းရှိမရှိလည်း စစ်ဆေးရသည်။

"ကျေးရွာတွေမှာက အုပ်ချုပ်ရေးအဖွဲ့တွေနဲ့ အဆက်အစပ်နည်းတော့ သတ်ချင်သလိုသတ်နေကြတာပဲ"ဟု သနပ်ပင်မြို့နယ် ရွှေအိုးရွာသစ်မှ လယ်သမားတစ်ဦးကလည်းပြောသည်။

ယင်းသို့ တင်ပို့ရာတွင် အမဲသားများကို လူစီးကားများ၊ အိတ်စ်ပရက်စ်ကားကြီးများ၏ဝမ်းဗိုက်အတွင်းထည့်၍သယ်ဆောင်ကြသည်။ယခင်ကမြဝတီသို့တင်ပို့လျှင် ကျွဲ၊ နွားအကောင်လိုက်သာ တင်ရသဖြင့် ပမာဏကို သိနိုင်သော်လည်း ယခုအခါ အကောင်ရေမည်ရွေ့မည်မျှရှိသည်ကို မသိရပေ။

လက်ရှိအခြေအနေ၌အဆိုးဆုံးမှာ ခိုင်းနွားများကို အသားအတွက် အသုံးပြုမှုများလာခြင်းဖြစ်သည်။ ခိုင်းနွားတစ်ကောင်သည် ဈေးကွက်တွင်အနည်းဆုံးကျပ်နှစ်သိန်းခွဲမှ ကျပ်ငါးသိန်းကျော်ထိ ရှိကြောင်းကိုလည်း မှော်ဘီမြို့နယ် မြောင်းတကာကျေးရွာမှ လယ်သမားတစ်ဦးက ပြောပြခဲ့ဖူးသည်။ သို့သော် အသားအတွက် ခိုင်းနွားများကို အသုံးပြုမည်ဆိုပါက သက်တမ်း ၁၆ နှစ်အထက်ရှိသည့် ခိုင်းနွားများကိုသာ ခွင့်ပြုထားသည်။

"လုပ်ငန်းခွင်မှာ အသုံးမတည့်တော့တဲ့ နွားတွေကို တိမွေးကုရဲ့ ခွင့်ပြုချက်နဲ့မှ ပေါ်ခွင့်ရှိတယ်" ဟု ပဲခူးမြို့မှ လယ်သမားကြီးတစ်ဦးကရှင်းပြသည်။

ယင်းကဲ့သို့ အသားအတွက် လယ်ယာလုပ်ငန်းသုံး ခိုင်းနွားများအားပစ်မှတ်ထားလာရခြင်းသည် လယ်သမားများ၏ အကြွေးများကြောင့် ဖြစ်သည်။ လယ်သမားများသည် မိုးစပါး၊ ဆောင်း ပဲ တို့ကို အားထား၍ စိုက်ပျိုးသော်လည်း ပျက်စီးဆုံးရှုံးမှုများကြောင့် အကြွေးကို မဆပ်နိုင်ပေ။ ကြွေးရှင်က လယ်ယာမြေများသာမက ကျွဲ၊ နွားများပါ သိမ်းပြီး အသားဈေးဖြင့် တန်ဖိုးဖြတ်လာကြသည်။

အကြွေး သိမ်းယူရာတွင် ကြွေးရှင်များသည် ကျွဲ၊နွားများကို အသားထုတ်လုပ်သူများထံသို့ ရသည့်ဈေးဖြင့် ရောင်းကြသည်။ ခိုင်းနွားတစ်ကောင်သည် မည်မျှပင်တန်ဖိုးရှိနေပါစေ အသားထုတ်လုပ်သူက တစ်ပိဿာလျှင် ၂၈၀၀ ကျပ်သာ ဈေးပေးဝယ်ယူသည်။ ယင်းကြောင့် နွားတစ်ကောင်ကို တစ်သိန်းကျော်မျှသာ ရသည်။

ယနေ့အချိန်ထိ လယ်သမားဦးကြီးအချို့သည် ကျွဲနွားများကို ကျေးဇူးရှင်သဖွယ် သတ်မှတ်ထားကြသူများလည်းရှိသည်။ ကျွဲနွားများ တစ်စုံတစ်ရာရောဂါကြောင့် သေဆုံး၍ဖြစ်စေ၊ ထိခိုက်ဒဏ်ရာကြောင့် သေဆုံးသည်ဖြစ်စေ အသားကိုစားသုံးခြင်းမပြုဘဲ မြေမြှုပ်ပေးကြသည်။

ယခုနှစ်သည် လယ်သမားများအတွက် ကျပ်တည်းခက်ခဲသည့် နှစ်တစ်နှစ်ဖြစ်သည်။ မိုးစပါးထွက်ပေါ်သည့် ရာသီတွင် လာနီညာရာသီဥတုကြောင့် စပါးများ ပျက်စီးဆုံးရှုံးမှုများ ရှိခဲ့သည်။ ယင်းကြောင့် တောင်သူများသည် ဆောင်းသီးနှံအပြင် ပဲကို အားထားခဲ့ကြသည်။ သို့သော် ပဲထွက်ချိန်တွင် မိုးထပ်မံမိခဲ့သဖြင့် လေလွင့်ဆုံးရှုံးမှုများခဲ့ပြန်သည်။

"မျိုးဖိုး သုံးခါကုန်ခဲ့တယ်။ ပထမကြဲ မိုးမိသေး။ ဒုတိယကြဲ မိုးမိပြီးသေနဲ့ မျိုးဖိုး အကြွေးတော်တော်ထိခဲ့တယ်" ဟု သနပ်ပင်မြို့နယ် ညောင်ကာယားကျေးရွာမှလယ်သမားကြီးတစ်ဦးကလည်း ဆိုသည်။

လယ်ယာလုပ်ငန်းများတွင် ကျွဲ၊ နွားများ၏ အရေးပါမှုကို မြန်မာ့ဆန်စပါးထုတ်လုပ်မှုသမိုင်းတွင်လည်း အထင်အရှားသက်သေပြထားခဲ့သည်။ ၁၉၃၀ ခုနှစ်များက မြန်မာနိုင်ငံသည် အာရှတွင် ပြည်ပသို့ ဆန်တင်ပို့မှုအများဆုံး နိုင်ငံဖြစ်သည်။ အရှေ့တောင်အာရှတွင်လည်း ဆန်စပါးအထွက်ဆုံး နိုင်ငံဖြစ်သည်။ ယင်းအခြေအနေမှ ၁၉၄၀ခုနှစ် နောက်ပိုင်းအချို့နှစ်များတွင်ပြည်ပသို့ဆန်တင်ပို့မှုများစွာ ကျဆင်းသွားခဲ့ရသည်။ အဓိကပြဿနာမှာ လယ်ယာလုပ်ငန်းတွင် ကျွဲ၊နွား မလုံလောက်ခြင်းပင်ဖြစ်သည်။

ယနေ့ မြန်မာ့လယ်ယာစိုက်ပျိုးရေးကဏ္ဍအား ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်က လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ဦးတည်သွားနေသည်။ သို့သော် လယ်သမားများတွင်ငွေကြေးအင်အားမပြည့်စုံမှု၊ နည်းပညာမပြည့်စုံမှု၊ ရေမြေဒေသတစ်ခုနှင့်တစ်ခု ကွာခြားမှုတို့ကြောင့် စက်ကိရိယာများ အသုံးပြုမှု မတွင်ကျယ်သေးပေ။ ထို့အပြင် ကျေးလက်များရှိ လယ်မြေများ ပုံသဏ္ဌာန်မျိုးစုံရှိနေခြင်းကလည်း စက်ကိရိယာကို အသုံးပြုရန် ခက်ခဲရခြင်း၏ အချက်တစ်ချက်ဖြစ်သည်။

"ကျွန်တော့်မှာဆို ဟော်လန်ကလာတဲ့ သိန်း၄၀၀ကျော်တန် ထွန်စက်နဲ့ထွန်တယ်။ နွံနစ်တော့ ဆက်ပြီးလုပ်လို့မရတော့ဘူး။ အချို့နေရာတွေက ခက်ခဲတယ်"ဟု ဝေါမြို့နယ်မှ အထက်ပါလယ်သမားကြီးကပြောသည်။

"ကျွန်တော်တို့က ကျွဲပဲ သုံးချင်တယ်။ ဒါပေမဲ့ နာဂစ်နောက်ပိုင်း ကျွဲကရှားတော့ စက်တွေသုံးရတယ်။ စက်သုံးဆီက ဈေးကြီးတော့ ဟင်းကောင်းကျွေးကောင်း တောင်မစားနိုင်ဘူး" ဟု ဖျာပုံမြို့နယ် နောက်ပြန်တိုးကျေးရွာမှ လယ်သမားကြီးတစ်ဦးကလည်း ဆိုသည်။

ယနေ့တွင် စက်မှုလယ်ယာသို့ ဦးတည်လာသော်လည်း သီးနှံစိုက်ပျိုးမှု၊ ပဲစိုက်ပျိုးမှုတို့တွင် ပေါင်းမြက်လိုက်ရာတွင် နွားမှာ လိုအပ်နေသည်။ ထို့အပြင် လယ်သမားတို့အတွက် လိုအပ်သည့် သဘာဝဓာတ်မြေဩဇာကိုလည်း ကျွဲ၊ နွားများကပင် အဓိကရယူရသည်။ စက်မှုဖွံ့ဖြိုးသည့်နိုင်ငံများမှာပင် ကျွဲ၊နွားများကိုလယ်သမားတစ်ဦးလျှင် အကောင်၅၀မှ ၁၀၀ထိမွေးမြူကြသည်။ အထူးသဖြင့် ကျွဲ၊နွားများ၏ကျင်ကြီးကျင်ငယ်ရည်က လယ်သမားများအတွက်အဖိုးမဖြတ်နိုင်သည့်သဘာဝမြေဩဇာများဖြစ်နေခြင်းကြောင့် ဖြစ်ကြောင်းကို စိုက်ပျိုးရေးပညာရှင် ဦးဗဟိန်းကဆိုသည်။

"ကျွဲနွားတစ်ကောင်က လယ်သမားအတွက် တစ်နေ့ကို သဘာဝမြေဩဇာဖြစ်မယ့်နောက်ချေးငါးပိဿာလောက်ထိ ပေးနိုင်တယ်" ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။၎င်းအပြင်ယနေ့လယ်သမားများ ကြုံတွေ့နေရသော ချေးငွေပြန်မဆပ်နိုင်မှုတွင် လယ်သမားနှင့်ငွေကြေးချေးငှားသူကြား စေ့စပ်ဆောင်ရွက်သင့်ကြောင်း၊လယ်သမား၏ ကျွဲနွားများ မသိမ်းယူဘဲ ချေးငှားသူများလည်း ကျေနပ်မှုရှိစေရန် နိုင်ငံတော်က ကြားဝင်ဆောင်ရွက်ပေးသင့်ကြောင်းကိုလည်း ဦးဗဟိန်းက အကြံပြုသည်။

ထို့အပြင် လယ်ယာလုပ်ငန်းခွင်တွင် ကျွဲ၊ နွားများအပြင် ထပ်မံရှားလာသည်မှာ လယ်ယာလုပ်သားများဖြစ်သည်။ လယ်ယာလုပ်ငန်းခွင်တွင် ကျွဲ၊ နွားဖြင့် ပင်ပန်းစွာလုပ်ကိုင်ပြီး ကြွေးရှင်များနှင့် နှစ်စဉ်ဖြေရှင်းနေရခြင်း၊ရာသီဥတု ဖောက်ပြန်မှုကြောင့် မိမိလုပ်ငန်းများ ဆုံးရှုံးမှုများလာပြီး ကြွေးရှင်ကို လယ်မြေများ၊ ကျွဲ၊ နွားများ၊ အိမ်ခြံများပင် ထိုးအပ်ရသည့် အခြေအနေမျိုးသို့ ရောက်လာသည်။ ယင်းကြောင့် သန်မာငယ်ရွယ်သည့် လယ်သမားများသည် "တစ်ရွာမပြောင်း သူကောင်းမဖြစ်" စကားပုံကဲ့သို့ နီးစပ်ရာ နိုင်ငံများသို့ ရွှေ့ပြောင်းအလုပ်သမားများအဖြစ် သွားရောက်လုပ်ကိုင်ကြလေတော့သည်။

"ဒီမှာ ရွှံ့ထဲမှ နွားနဲ့ ရုန်းရတာထက်စာရင် ဟိုစက်ရုံတွေမှာ အလုပ်ကြမ်းလုပ်ရတာ ပိုသက်သာတယ်။ ဝင်ငွေကလည်း ဒီမှာထက် အများကြီးပိုရတယ်" ဟု မလေးရှားနိုင်ငံတွင် သုံးနှစ်သွားရောက်လုပ်ကိုင်ခဲ့ဖူးသည့် မှော်ဘီမြို့နယ်မှလယ်သမားတစ်ဦးက ပြောပြသည်။

လယ်သမားများ၏ ငွေကြေးအခက်အခဲကို ပြေလည်စေရန် နိုင်ငံတော်ကလည်း ၂၀၀၉ ခုနှစ်မှစတင်ပြီး အထူးပြုကုမ္ပဏီများဖွဲ့၍ ချေးငွေများ ထုတ်ပေးခဲ့သည်။ အတိုးနှုန်းမှာ ဒေသတွင်းချေးငွေပေးသူများထက် များစွာသက်သာသော်လည်း အချိန်မီ ပြန်ဆပ်နိုင်ရေး ဦးစားပေးနေရသည့်အတွက် လယ်သမားဘဝမှာ ဘဝ တိုးတက်ရေး နှေးကွေးနေသည်။ အကြောင်းအမျိုးမျိုးကြောင့် သီးနှံအထွက် ဆုံးရှုံးမှုများရှိမည်ဆိုပါက ကျွဲ၊ နွားများရောင်းချ၍ ပြန်ဆပ်ခဲ့ရကြောင်းကိုလည်းပဲခူးမြို့နယ်ပိုင် ကမာနတ်ကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင်လူဦးရေ၇၀ ရာခိုင်နှုန်းမှာ တောင်သူလယ်သမားများဖြစ်သည့်အတွက် ကျွဲ၊နွားများ၏ အရေးပါမှုမှာ ယနေ့တိုင် အရေးကြီးအခန်းကဏ္ဍ၌ ရှိနေသည်။ ။

7 DAY NEWS JOURNAL
Vol.10, No.11 • JUNE 2, 2011

## စာ – ၁၀၊ မျိုးဆက်အမွေခံလိုနေသောရုပ်လုံးသွင်းပညာ မှ

ရုပ်လုံးသွင်းပညာရပ်ဟူသည် သေဆုံးသွားသည့် တိရစ္ဆာန်၏ သားရေကို ခွာယူကာ သက်ရှိအကောင် အတိုင်းဖြစ်အောင် ရုပ်လုံးသွင်းကာ အလှအပအတွက် ပြသရန် (သို့မဟုတ်) သုတေနပြု လေ့လာနိုင်ရန်အတွက် မှတ်တမ်းတင် ပြုလုပ်သည့် ပညာရပ် ဖြစ်သည်။ ရုပ်လုံးသွင်းခြင်းကို နို့တိုက် သတ္တဝါ၊ ငှက်များ၊ တွားသွားသတ္တဝါနှင့်ကုန်းနေရေနေသတ္တဝါ ဟူသမျှကိုပြုလုပ်နိုင်သည်။

ရုပ်လုံးသွင်းမှုကို တိရစ္ဆာန်ရုံမှ သေဆုံးသွားသည့် အကောင်များကိုပြုလုပ်ခြင်းဖြစ်ပြီး ရုပ်လုံးသွင်းပြီးပါက ပြတိုက်တွင် ပြသထားရန်ဖြစ်သည်။

ရုပ်လုံးသွင်းရာတွင်ကျောက်ချဉ်မှုန့်၊ အာဆင်းနစ်အရည်၊ ဂုန်လျှော်အလေအလွင့်များ၊ ဂွမ်း၊ သံချောင်း၊ ရွှံ့၊ လွှစာမှုန့်စသည့် ကုန်ကြမ်းများလိုအပ်ပြီး၊ တိရစ္ဆာန်သေပြီးပြီးချင်း အရေခွံမပုပ်မီ ၃ ရက်အတွင်းရုပ်လုံးသွင်းခြင်းအကြမ်းထည်ပြီးအောင် လုပ်ဆောင်ရသည်။ "ဌာနအနေနဲ့ တိရစ္ဆာန်ရုံမှာသေတဲ့အကောင်တိုင်းကိုရုပ်လုံးသွင်းတယ်။ ရှားပါးတိရစ္ဆာန်ဆိုရင်တော့ ဂရုစိုက်ပြီးရုပ်လုံးသွင်းရပါတယ်။ ကုန်းနေ၊ ရေနေနှစ်မျိုးလုံး အရေခွံရှိတဲ့အကောင်တွေအကုန်ရတယ်။ ရုပ်လုံးသွင်းမယ်ဆိုရင် သားရေခွံခွာပြီးရင် ကျောက်ချဉ်မှုန့်နဲ့ပွတ်တယ်။ ပွတ်ပြီးတော့ ရုပ်လုံးသွင်းခါနီးရင် ပိုးမကိုက်အောင်လို့ အာဆင်းနစ်ဆေးသုတ်ရတယ်။ အဲလိုပြီးပြီဆိုမှသံချောင်းထည့်၊ လိုအပ်တဲ့ပစ္စည်းထည့်ပြီး ရုပ်လုံးသွင်းပြန်သွင်းတာပဲ။

ဂုန်နီစက်ရုံက အလေအလွင့်၊ အမှုန်အမွှားတို့၊ ဂွမ်းတို့၊ လိုအပ်ချက်အလိုက်သုံးရတယ်။ ပလာစတာကိုင်ရတာလည်းရှိပါတယ်။ အကောင်တစ်ကောင်ကို ရုပ်လုံးသွင်းမယ်ဆိုရင် အသေကောင်တစ်ကောင်က ၃၊၄ ရက်ဆိုရင် ပုပ်လာတာပဲ။ မပုပ်ခင်ကို အကြမ်းထည်ရအောင် ရုပ်လုံးသွင်းရတယ်။ နောက် အချောထည်လုပ်တဲ့အခါမှ အမွေးတို့၊ အရောင်တို့သေချာပြန်လုပ်ရတယ်။ ရုပ်လုံးကတိရစ္ဆာန်အသေကို အစိမ်းသွင်းရတာဆိုတော့ အရေခွံမနာခင် ၃၊ ၄ရက်နဲ့ အပြီးကိုလုပ်ရတာ။ အကောင်သေးဖြစ်ဖြစ်၊ အကြီးပဲဖြစ်ဖြစ်၊ အကြီးဆိုရင်တော့ နေ့ရောညပါ မအိပ်မနေ လုပ်ရတယ်။ ၄၊ ၅ရက်ကြာတဲ့အထိလုပ်ရတာတွေရှိပါတယ်" ဟု ဆရာဦးဘော်သန်းကရှင်းပြသည်။

နိုင်ငံတကာတွင်မူ ရုပ်လုံးသွင်းပညာရပ်မှာတိုးတက်သည့်နည်းပညာများပေါ်ထွန်းသည့်အလျောက်တိရစ္ဆာန်အရေခွံကိုခွာယူသည့်အဆင့်၊ သားရေနယ်သည့်အဆင့်၊ တိရစ္ဆာန်၏အရွယ်အစားအတိုင်း ပုံစံထုတ်ယူသည့်အဆင့်စသည်ဖြင့်အရေခွံ (သားရေ)အမျိုးအစားအလိုက် ဓာတုဗေဒဆေးသုံးခြင်းစသည်တို့ဖြင့် ထုတ်လုပ်ပြီး မြန်မာနိုင်ငံတွင်မူ သားရေကို ပျော့ပျောင်းအောင်နယ်သည့်အဆင့်သို့ မပြုလုပ်နိုင်သေးသဖြင့် တိရစ္ဆာန်တစ်ကောင်သေဆုံးပါက အရေခွံခွာကာ သားရေပုပ်မသွားမီ သံချောင်းများထည့်ကာ အစာသွတ်ချုပ်လုပ်ရသည့်နည်းကိုသာ အသုံးပြုလျက်ရှိသည်ဟုသိရသည်။

"နိုင်ငံခြားမှာက အကောင်တစ်ကောင်သေပြီဆိုရင် အတိုင်းအတာယူပြီး သားရေခွံကို သားရေနယ်စက်ရုံကိုပို့တယ်။ သူတို့ဆီမှာက သားရေနယ်ကတစ်ယောက်။ ချုပ်တာကတစ်ယောက်။ အကောင်ရဲ့အရွယ်အစားအတိုင်းထုတ်ပေးတဲ့ မိုလုပ်တဲ့သူကတစ်ယောက်လုပ်ကြတာ။ စက်ရုံကယူလာတဲ့ သားရေခွံက အဝတ်ကလေး လိုပဲပျော့ပျော့လေး၊ အဲဒါကိုပလာစတာ အရုပ်မှာ ပြန်အုပ်ပြီးချုပ်တဲ့ ပုံစံမျိုးလုပ်ကြတယ်။ ပလာစတာရုပ်နဲ့ ကျွဲတစ်ကောင်လုပ်ဖူးတယ်။ မူးယစ်ဆေးဝါးပြတိုက်မှာသုံးဖို့ ခိုင်းကျွဲတစ်ကောင်လယ်ထွန်တဲ့ပုံစံအရုပ်အတွက်ပါ။ ပန်းပုဆရာနဲ့တိုင်ပင်ပြီးကျွဲပုံစံအရင်ထုတ်၊ ပြီးတော့မှ ကျွဲအရေခွံနဲ့ကပ်ချုပ်ပြီးလုပ်တာနှစ်ရက်နဲ့တစ်ညကြာခဲ့ပါတယ်"ဟု ရုပ်လုံးသွင်းပညာရှင်က ဆက်ပြောသည်။

ရုပ်လုံးသွင်းထားသည့်အကောင်များ၏ သက်တမ်းမှာစောင့်ရှောက်သည့်အနေအထား ပေါ်မူပြီး ရုပ်လုံးသွင်းပြတိုက်တွင် နှစ်ပေါင်း ၄၀ ကျော်၊ ၅၀ လောက် သက်တမ်းရှိ အကောင်များ ပြသထားသည်ဟုသိရသည်။ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွင်းရှိ ရုပ်လုံးသွင်းပြတိုက်တွင် တိရစ္ဆာန်ရုံထဲမှသေဆုံးသွားသည့်အကောင်များကို ရုပ်လုံးသွင်းကာပြသထားပြီး ငှက်မျိုးစုံ၊ ကျား၊ ခြင်္သေ့၊ ရေမြင်း၊ မျောက်ဝံ၊ မြင်းကျား၊ သစ်ကုလားအုတ်၊ သားမင်း၊ မြွေ၊ ရေနေသတ္တဝါများစသည်တို့ကို တွေ့မြင်ရမည်ဖြစ်သည်။ ရုပ်လုံးသွင်းပြတိုက်ကို ရန်ကုန်မြို့အပြင် တောင်ကြီးနှင့် ပြင်ဦးလွင်မြို့တို့တွင်လည်း ဖွင့်လှစ် ထားသည်ဟုသိရသည်။

"ရုပ်လုံးသွင်းပြီးသားအကောင်တွေကို မှန်ဗီရိုထဲမှာထားပြီး ပိုးမကိုက်အောင်ဆေးဖျန်းမယ်။ ပြုပြင်ထိန်းသိမ်းတာတွေ လုပ်ပေးရပါတယ်။ လက်ရှိ ပြတိုက်မှာဆိုရင် ခြောက်လတစ်ကြိမ် ပိုးသတ်ဆေးဖျန်းတယ်။ ပရုပ်လုံးထည့်တာတွေ လုပ်ပါတယ်။ အကြီးဆုံးအကောင်အနေနဲ့ ကျွဲနဲ့ သစ်ကုလားအုတ်ကိုရုပ်လုံး သွင်းခဲ့တယ်။ ရုပ်လုံးသွင်းရတာ အခက်ခဲဆုံးက ငှက်သေးသေး လေးတွေပါ။ ပုံစံမပျက်လုပ်ရတာ ဆိုတော့ အရမ်းလက်ဝင်ပါတယ်" ဟု ဦးဘော်သန်းကပြောသည်။ ရုပ်လုံးသွင်းပညာကို သင်ယူသော်လည်း အသက်မွေးဝမ်းကြောင်းအလုပ်အဖြစ် တစ်စိုက်မတ်မတ်လုပ်မည့်သူ မရှိခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ကျွမ်းကျင်သူနည်းပါးသည့် ရုပ်လုံးသွင်းပညာရပ်ကို ဆရာဦးလှစိန်ထံမှ ၁၉၆၄ခုနှစ်ကတည်းက အလုပ်သင်အဖြစ်လုပ်လာခဲ့သည့်ကာလအတွင်း ယခင်က သစ်တောဝန်ထမ်းများ၊ တက္ကသိုလ်ဆရာဆရာမများ၊ တက္ကသိုလ်နောက်ဆုံးနှစ်ကျောင်းသားများကို သင်တန်းပို့ချခြင်းများဆောင်ရွက်ခဲ့သော်လည်း ယခုနောက်ပိုင်းတွင် အဆက်ပြတ်သွားခဲ့သည်။

" ရုပ်လုံးသွင်းပညာရပ်က ဝါသနာရယ်၊ စိတ်ရှည်မှုရယ်ကို အခြေတည်ပြီးမှ လုပ်ရတာပါ။ ဒီပညာရပ်ကို စိတ်ဝင်စားတာကြောင့် ဆရာဦးလှစိန်ဆီကနေ သေချာသင်ယူလေ့လာခဲ့တာပါ။ ဝါသနာပါတော့ ဆရာမလုပ်ခိုင်းတောင် ကိုယ်ကိုယ်တိုင်က ဟိုအကောင်လေးလုပ်ကြည့်ချင်၊ ဒီအကောင်လေးလုပ်ကြည့်ချင်နဲ့ ရုပ်လုံးသွင်းပညာကိုတန်ဖိုးထားပြီးတော့ တစ်ကောင်ထက်တစ်ကောင်လက်ရာတက်အောင် တဖြည်းဖြည်းကြိုးစားလုပ်ဆောင်ခဲ့ပါတယ်။ ရုပ်လုံးသွင်းတာကလဲ တကယ့်ကို ဝါသနာပါမှလုပ်လို့ရတယ်။ စိတ်ရှည်ရတယ်။ အဲဒါမှလက်ရာမြောက်ပြီးတတ်မယ်။ နောက်ပိုင်းလူတွေက ဝါသနာသိပ်မပါကြတော့ သေချာတတ်ကျွမ်းတဲ့သူကနည်းနေသေးတယ်"ဟု ရုပ်လုံးသွင်းပညာရှင်ကဆိုသည်။

ရုပ်လုံးသွင်းခြင်းကို သိသူနည်းသည်ဆိုသော်လည်းတိရစ္ဆာန်ချစ်သူများကမူ အိမ်မွေးတိရစ္ဆာန်များ ရုပ်လုံးသွင်းကာ အလွမ်းပြေအမှတ်တရသိမ်းဆည်း ထားမှုများပြုလုပ်လာကြသည်ဟု သိရသည်။

"ကျွန်တော်တို့ဆရာလက်ထက်ကတည်းက အိမ်မွေးကြောင်တွေကိုလာပြီး ရုပ်လုံးသွင်းတာရှိပါတယ်။ တိရစ္ဆာန်ချစ်တဲ့သူတွေ၊ ရုပ်လုံးသွင်းတဲ့အကြောင်း သိတဲ့သူတွေကတော့ ဟိုးအရင်ထဲက လုပ်နေကြပါတယ်။ သိတဲ့လူလောက်ပဲလာတဲ့ သဘောပါပဲ။ တယ်ရီယာခွေးတွေရုပ်လုံးသွင်းတာများတယ်။ ရုပ်လုံးလာသွင်းတဲ့သူတိုင်းက ငိုပြီးလာကြတာ။ တကယ့်ကိုချစ်ကြတဲ့သူတွေ။ အချို့ဆိုဘုန်းကြီးဆွမ်းကျွေးတာတွေလုပ်သေးတယ်။ မျိုးစုံပါပဲ" ဟုဦးဘော်သန်းက သူ၏ အတွေ့အကြုံများကိုပြောကြားသည်။

တစ်နိုင်ငံလုံးအနေဖြင့် ရုပ်လုံးသွင်းခြင်းကို ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ရှိ သစ်တောဦးစီးဌာန၊ ရုပ်လုံးသွင်းဌာနတွင်သာ ပြုလုပ်သည်ဟုသိရသည်။

ရုပ်လုံးသွင်းပညာရှင်ဆရာဦးလှစိန်လက်ထက်မှအစပြုကာ လက်ဆင့်ကမ်းဆောင်ရွက်နိုင်ခဲ့သည့်၊ ရာနှင့်ချီသောရုပ်လုံးကောင်ရေများစွာကို လုပ်ဆောင်ပေးလျက်ရှိသူ ဆရာဦးဘော်သန်းက "ရုပ်လုံးသွင်းပညာကို လုပ်နေရင်းနဲ့ လက်ဆင့်ကမ်းပေးဖို့ လုပ်ဆောင်ပေးမယ့် ဝါသနာကိုအခြေခံတာဆိုတော့ စိတ်မဝင်စားရင် ဘယ်လိုလုပ်လုပ်မရပါဘူး။ ရုပ်လုံးသွင်းပညာရှင်က အင်္ကျီချုပ်တဲ့သူနဲ့တူပါတယ်။ ခဏခဏလုပ်နေမှလက်ရာကတက်လာတာ။ အင်္ကျီချုပ်တဲ့လူတွေလို အမြဲတမ်းချုပ်နေမှ အင်္ကျီပုံစံအမျိုးမျိုးကို နားလည်သလို ပုံစံမျိုးပေါ့။ တစ်ကောင်ပြီးတစ်ကောင်လုပ်နေမှ လက်ရာကတက်တာ။ ဒီပညာက မြန်မာပြည်မှာရှားပါးတဲ့ပညာရပ်ဖြစ်တာကြောင့် နောက်ပိုင်းမှာ ပျောက်ကွယ်သွားမှာစိုးရိမ်မိပါတယ်"ဟုသူ၏အမြင်ကိုပြောကြားခဲ့သည်။

## စာ – ၄၊ ကျောင်းအပ်နှံခအနည်းငယ်သာပေးသွင်းရ၍ကျောင်းသားမိဘများပျော်နေ မှ

ထို့အပြင် အလယ်တန်း ကလေးများအတွက် ကျောင်းအပ် စရိတ်မှာလည်း ထောင်ဂဏန်း သာပေးရကြောင်း အထက(၂)စမ်း ချောင်းတွင် ပဥ္စမတန်းကလေးငယ်အား ကျောင်းသွားအပ်ခဲ့သည့် မိ ခင်တစ်ဦးကပြောသည်။

"သမီးလေးကို ၅ တန်းသွား အပ်တာ ၁၅၀၀ ကျပ်ကုန်ခဲ့တယ်။ ကျောင်းလစာ၊ ကျောင်းဝင်ကြေးနဲ့ မိဘဆရာအသင်းကြေး သုံးခုအတွက်တဲ့။ ဘာမှမရခဲ့ဘူး။ နှစ်တိုင်းလည်း ကျောင်းအပ်ချိန်မှာ အများဆုံးခြောက်ထောင်ကျပ်လောက်ပဲ ကုန်ဖူးတယ်။ ဗလာစာအုပ်နဲ့ ခဲတံရတယ်။ ဇူလိုင်လလောက်ကျမှ သဒ္ဒါကြေးကောက်တယ်"ဟု အဆိုပါ မိခင်က ယခင်နှစ်နှင့် ယခုနှစ်အတွေ့အကြုံကို ယှဉ်၍ပြောပြသည်။

"ဆရာမကို ကျွန်မ အလှူငွေဘယ်လိုထပ်ပေးရမလဲလို့ မေးတော့ ဆရာမက ဖြည်းဖြည်းပေါ့။ ကျောင်းဖွင့်မှပေါ့လို့ပြောတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။ ထို့ပြင် ၂၀၁၁-၁၂ ပညာသင်နှစ်မှ စတင်ကာ မူလတန်းအဆင့်ကျောင်းသား၊ ကျောင်းသူငါးသန်းကျော်အတွက် နိုင်ငံတော်က ငွေကျပ်သန်း ၂၄၀၀တန်ဖိုးရှိသည့် ကျောင်းသုံးစာအုပ်များ အခမဲ့ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း မေ ၂၅တွင် ပြုလုပ်သည့် ၂၀၁၁-၁၂ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အထိမ်းအမှတ် အခမ်းအနား၌ အမျိုးသားပညာရေးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာနပြည်ထောင်စု ဝန်ကြီးဒေါက်တာမြအေးက ပြောကြားခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြပါရှိသည်။

## မျက်နှာဖုံး-ဟိုတယ်ဇုန်အသစ်များ ထပ်မံဖော်ထုတ်ရန် စီစဉ် မှ

မန္တလေးမြို့ရှိ ဟိုတယ်ဇုန်နေရာသစ်ကို ရောဝတီမြစ်ဘေးတွင် တည်ဆောက်ရန် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနသို့ စီမံကိန်းရေးဆွဲတင်ပြထားကြောင်း သတင်းရရှိသည်။

မန္တလေးကန်တော်ကြီးအနီးရှိ ရှမ်းကလေးကျွန်းကျေးရွာအနီးမှ ရတနာပုံတံတားသစ်အနီး ရွှေကြက်ယက်ကျေးရွာအထိရောဝတီ မြစ်ဘေးတစ်လျှောက် ဟိုတယ်ဇုန်ဆောင်ရွက်ရန် ပင်မစီမံကိန်းအသေးစိတ်ရေးဆွဲထားကြောင်း မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း မန္တလေးဇုန်မှ အတွင်းရေးမှူးဦးခင်မောင်ဆွေကပြောသည်။ "စီမံကိန်းကတော့ ဝန်ကြီးကို တင်ပြထားတဲ့အဆင့်ပဲရှိပါသေးတယ်။ ဝန်ကြီးခွင့်ပြုတာနဲ့ အကောင်အထည်ဖော်ဆောင်ရွက်သွားမှာပါ"ဟု ပြောသည်။

ရောဝတီမြစ်ဘေးကိုဟိုတယ်ဇုန်သစ်ဆောက်လုပ်ရန် ရွေးချယ်တင်ပြရခြင်းမှာ မန္တလေးမြို့တွင် ဟိုတယ်အများစုသည် မြို့တွင်းတွင် အများဆုံးတည်ရှိကြောင်း၊ ကားသံလူသံများကြောင့် ဧည့်သည်များစိတ်အနှောင့်အယှက် အနည်းငယ်ဖြစ်ကြကြောင်း၊ ရောဝတီမြစ်ဘေးဆိုလျှင် စစ်ကိုင်းတောင်ရှုခင်း၊ မြစ်ရှုခင်းဖြင့် ဧည့်သည်များစိတ်ကျေနပ်နိုင်ပြီး စစ်ကိုင်းမြို့၊ အင်းဝမြို့ဟောင်းများသို့ အလွယ်တကူသွားနိုင်ရန် ရည်ရွယ်၍ ရွေးချယ်တင်ပြရခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

"ပုဂံမှာတော့ ဖွားစောရွာ၊ တူးရွှင်းတောင်ခြေရယ်၊ ကျောက်ကူးဘက်မှာ ချပေးနိုင်တယ်လို့ပြောနေကြတယ်။ ဖွားစောဘက်မှာအဝယ်များပြီး တစ်ဧကကိုကျပ် သိန်း ၆၀ကနေ ကျပ်သိန်း ၂၀၀ အထိ ဈေးတက်လာပြီ" ဟု ပုဂံဒေသခံခရီးသွားလုပ်ငန်းရှင်တစ်ဦးကပြောသည်။

ပြီးခဲ့သည့်နှစ် ခရီးသွားရာသီတွင် လေဆိပ်ဝင်ပေါက်မှ ခရီးသွားသုံးသိန်းကျော် ဝင်ရောက်သဖြင့် တည်းခိုရန်ဟိုတယ်နှင့် ပို့ဆောင်ရေးအတွက်ကားများ အခက်အခဲရှိခဲ့၍ ဟိုတယ်ဇုန်များတိုးချဲ့ရခြင်းဖြစ်ကြောင်း MTBအဖွဲ့မှ တာဝန်ရှိသူများက ပြောသည်။

ကျောက်မျက်ကုန်သည်ကြီးများ အိမ်ခြံမြေလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်လာရာ အိမ်ခြံမြေဈေးမှာ ယခင်နှစ်မှစ၍ ဈေးကောင်းလာခဲ့ပြီး စီမံကိန်းရှိသော နေရာများ၏ မြေဈေးများမှာ ပေါက်ဈေးထက် အဆပေါင်းများစွာပေး၍ ဝယ်ယူခဲ့ကြသည်။

လာမည့် ခရီးသွားရာသီတွင် ခရီးသည်ခြောက်သိန်း ဝင်ရောက်ရန် ရည်ရွယ်ထားသဖြင့်အဆိုပါဧည့်သည်များ တည်းခိုနိုင်ရန်၊ ဟိုတယ် အသစ်များ တည်ဆောက်ရန် တိုက်တွန်းထားပြီး လိုအပ်သည့်ငွေကြေးအား ရောဝတီဘဏ်မှ ချေးယူနိုင်ရန် ဟိုတယ်နှင့်ခရီးသွားဝန်ကြီးက စီစဉ်ပေးလျက်ရှိသည်။ လက်ရှိ မြန်မာနိုင်ငံတွင် ဟိုတယ်ဇုန် ၁၁ဇုန်ရှိ၍ ယခုဇုန်များတိုးလာပါက ၁၆ဇုန်ရှိလာမည်ဖြစ်သည်။ ရန်ကုန်မြို့တွင် လိုင်စင် ရရှိထားသော ဟိုတယ် ၁၇၂လုံးရှိပြီး အခန်းပေါင်း ၇၃၀၅ခန်းရှိကြောင်း သိရှိရသည်။ ယခုလက်ရှိမန္တလေးဟိုတယ်ဇုန်တွင်ဟိုတယ်အလုံးရေ ၁၃၀ ရှိသည်ဟု မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း မန္တလေးဇုန်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ခရီးစဉ်ဒေသအလိုက် ဟိုတယ်ဇုန်များ သတ်မှတ်၍ ဟိုတယ်လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် ကိစ္စကို မေလဆန်းပိုင်းက ညွှန်ကြားထားခြင်းဖြစ်သည်ဟု သိရသည်။ အဆိုပါ ဟိုတယ်ဇုန်နေရာသစ်များ ရွေးချယ်ရာတွင် အဆင့်မြင့်ဟိုတယ်၊ စားသောက်ဆိုင်၊ အမှတ်တရပစ္စည်းအရောင်းဆိုင်၊ ဖျော်ဖြေရေးခန်းမ၊ အစည်းအဝေးခန်းမ၊ အားကစားကွင်း၊ ဂေါက်ကွင်း စသည့်လုပ်ငန်းများဆောင်ရွက်နိုင်ရန် မြေဧရိယာအကျယ်အဝန်းကို အနည်းဆုံးဧက ၅၀၀ မှ အများ ဆုံးဧက ၁၀၀၀ သတ်မှတ်ထားကြောင်းသိရသည်။

## မျက်နှာဖုံး – ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများအားလုံး မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ဝင်ရမည် မှ

ဝန်ကြီးသုံးဦး ပြောင်းလဲသွား သော်လည်း ဈေးကွက်ဝေစုအများဆုံးရရှိထားသည့်ပြည်ပမှလာရောက် ရင်းနှီးမြှုပ်နှံထားသောဟိုတယ်ကြီးများမှာ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်အသင်းသို့ဝင်ရောက်ခြင်းမရှိခဲ့ကြောင်း ဦးခင်ရွှေက ထပ်မံပြောကြားသည်။


အဆိုပါကိစ္စနှင့်ပတ်သက်၍ ထိုင်းနိုင်ငံမှရင်းနှီးမြှုပ်နှံထားသော ချက်ထရီယံဟိုတယ်မှ လက်ထောက်အထွေထွေမန်နေဂျာက "ဝင်ရမှာပေါ့၊ ဝိုင်းပြီး Support ကူပေးရမယ်။ အခုတော့ MMC ဝင်ထားတယ်" ဟု တယ်လီဖုန်းမှတစ်ဆင့် ပြောကြားသည်။

သို့သော်မြန်မာနိုင်ငံအနှံ့အပြားတွင်ဖွင့်လှစ်ထားသော စားသောက်ဆိုင်များကမူ စားသောက်ဆိုင်အသင်းသို့အဖွဲ့မဝင်၍ရသော်လည်း အဆိုပါ စားသောက်ဆိုင်သို့ နိုင်ငံခြားသားများခေါ်သွား၍ မရကြောင်းနှင့် ခေါ်သွားပါက ဧည့်လမ်းညွှန်နှင့်ခရီးသွားကုမ္ပဏီအား အရေးယူမည်ဟု ဦးခင်ရွှေကဆိုသည်။

မြန်မာခရီးသွား လုပ်ငန်းတိုးတက်စေရန်အတွက် ခရီးသွားလုပ်ငန်းတွင် လုပ်ကိုင်နေကြသူအားလုံး တူညီသောကဏ္ဍအလိုက် အသင်းအဖွဲ့ ၁၁ ဖွဲ့အား ဖွဲ့စည်း နိုင်ရန် စီစဉ်နေပြီး အဆိုပါ အသင်း ၁၁ သင်းစုပေါင်း၍ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ အား ဖွဲ့စည်းထားပြီဖြစ်သည်။

"ဒါတွေကိုစောင့်ကြည့်ဖို့ Tourist Police လိုမျိုးအဖွဲ့ဖွဲ့ဖို့ပြည်ထဲရေးဝန်ကြီးဌာနကို တင်ပြထားပါတယ်"ဟု ဦးခင်ရွှေကဆိုသည်။

အဆိုပါ MTBအသင်း၏ ဥက္ကဋ္ဌရာထူးအား ဦးခင်ရွှေက တာဝန်ယူထားပြီး ဒု-ဥက္ကဋ္ဌအဖြစ် ဦးလှမောင်ရွှေနှင့် အထွေထွေအတွင်းရေးမှူးအဖြစ် ဒေါက်တာအောင်မြတ်ကျော်တို့က တာဝန်ယူထားသည်ဟု သိရှိရသည်။




ထိုသို့ရာဇဝတ်မှုကျူးလွန် သူများတွင် အများစုမှာ အရက်(သို့မဟုတ်)မူးယစ်ဆေးဝါးတစ်မျိုးမျိုးသုံးစွဲထားသူများဖြစ်သည်ကို တွေ့ရှိရကြောင်း စိတ်ရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာဇော်စိန်လွင်ကပြောသည်။

ဖခင်ဖြစ်သူက အရက်မူးကာ ခြောက်လသားအရွယ် သားအရင်းဖြစ်သူအား လွှင့်ပစ်ခဲ့သည့်ဖြစ်ရပ်တစ်ခု မေလ၁၆ရက်တွင် နေပြည်တော်၌ ပေါ်ပေါက်ခဲ့သည်။

ထို့အတူ လွန်ခဲ့သည့် လပိုင်းကလည်း သမီးအရင်းကို ဖခင်ဖြစ်သူက မတော်မတရားပြန်ကျင့်သည့် သတင်းတစ်ပုဒ် ဖတ်လိုက်ရသေးသည်။ ဖြစ်စဉ်နှစ်ခုစလုံးတွင် ပြစ်မှုကျူးလွန်သူများသည် အရက်သေစာသောက်စားကာ အမူးလွန်နေခဲ့ကြသည်။

"အရက်သမား အမှားတစ်ထောင်""အရက်သမား အမှားတစ်ခါ" နာမည်များဖြင့်လည်း လူထုဦးလှ၊ သုမောင် စသည့်စာရေးဆရာများက အရက်နှင့်ပတ်သက်သည့် စာများရေးသားခဲ့ကြသည်။ ထိုဆရာကြီးများသာမက အခြားသောစာရေးဆရာကြီးများလည်း အရက်၏ ဆိုးကျိုးများအား အလျဉ်းသင့်သလိုရေးသားခဲ့ကြသည်များ ရှိကြသည်။

အများအမြင်တွင်အရက်သောက်သူများသည် ကိုယ်တွင်းအင်္ဂါများပျက်စီးကာ ကျန်းမာရေး ချို့ယွင်းပြီး အသက်ဆုံးရှုံးရသည်များကိုသာ သတိထားမိသော်လည်း အရက်အသောက်လွန်ပါက မူမှန်စိတ်ပျောက်ကာ အရူးတစ်ယောက်ကဲ့သို့ဘဝဆုံးရှုံးရသူများလည်းရှိကြသည်။

အထက်ဖော်ပြပါပြစ်မှုကျူးလွန်သူများသည်လည်း အရက်ကြောင့် မူမှန်စိတ်ပျောက်ဆုံးကာ မပြုသင့်သည့်အရာများကိုပြုကျင့်မိကြခြင်းဖြစ်ပါသည်။

"ဒါမျိုးက Incest လို့ခေါ်တယ်။ သမီးဖြစ်သူကို ဒါမှမဟုတ် ဆွေမျိုးမကင်းသူကို မုဒိမ်းပြန်ကျင့်တယ်ဆိုတာ ဒီအဖြစ်အပျက်တွေမှာ အများဆုံးက အရက်နဲ့မူးယစ်ဆေးစွဲပြဿနာရှိတဲ့သူတွေသာ အများဆုံးဖြစ်ကြတာ" ဟု ဒေါက်တာဇော်စိန်လွင်ကပြောသည်။

စိတ်ကယောက်ကယက်ဖြစ်ခြင်းတွင် အရက်သောက်သူများသည် အရက်သောက်ပြီးပါက ခန္ဓာကိုယ်အတွင်းရှိဂလူးကိုစ်နှင့်ဗီတာမင်ဓာတ်များဆုံးရှုံးသွားတတ်ကြကြောင်း သိရသည်။

အဆိုပါဓာတ်များဆုံးရှုံးဖန်များလာသည့်အခါအရက်ကြောင်ကြောင်သည့်ဝေဒနာများ ပေါ်လာတတ်ပြီး အာရုံမှားခြင်း၊ အပြုအမူမှားခြင်းများဖြစ်တတ်သည်ဟု ဒေါက်တာဇော်စိန်လွင်ကပြောသည်။

"ဦးနှောက်ကလပ်စည်းတွေ ပျက်စီးသွားတဲ့အတွက်ကြောင့် မှတ်ဉာဏ်တွေ၊ အတွေးအခေါ်တွေ၊ အာရုံခံစားမှုတွေချို့ယွင်းပြီးတော့ အရက်ကြောင့်ဖြစ်တဲ့ အတိတ်မေ့ရောဂါတွေ၊မှတ်ဉာဏ်ချို့ယွင်းမှုတွေ၊စိတ်ဖောက်ပြန်မှုတွေ ဖြစ်လာမယ်"ဟု ဒေါက်တာဇော်စိန်လွင်ကပြောသည်။ အဆိုပါအဆင့်သို့ရောက်ပါက ပြန်လည်ကုစား၍မရနိုင်တော့ကြောင်းသိရသည်။

ထို့ကြောင့် အရက်အလွန်အကျွံသောက်သူများအနေဖြင့် အရက်သောက်ပြီးချိန်တွင် အတိတ်မေ့သည့် လက္ခဏာများ၊ မှတ်ဉာဏ်ချို့ယွင်းသည့်လက္ခဏာများ၊ အရက်ကြောင်ကြောင်သည့်လက္ခဏာများပေါ်ပေါက်ခဲ့ဖူးပါက အာရုံကြောထိခိုက်စပြုနေပြီဖြစ်သဖြင့် ဂရုစိုက်သင့်ကြောင်း သိရသည်။

အရက်ကြောင်ကြောင်ကာ မူမှန်စိတ်ပျောက်နေသူများသည် တွေးခေါ်မှုများ ချို့ယွင်းခြင်း၊ တုံ့ပြန်မှုများအား မထိန်းသိမ်းနိုင်ခြင်း၊ ဆုံးဖြတ်ချက် မှားယွင်းခြင်း၊ပေါ်ပေါက်လာသည့် ဆန္ဒများကို ထိန်းသိမ်း နိုင်မှုအားနည်းခြင်း စသည်များဖြစ်ပေါ်တတ်ကြောင်းသိရသည်။

"အရက်မှာပါတဲ့ အဆိပ်ကြောင့် ဆုံးဖြတ်ချက်၊ အတွေးအခေါ်တွေ မှားလာမယ်၊ အဲဒီမှာ မပြောသင့်တာမရှိတော့ဘူး။ ရှက်တာ ကြောက်တာလည်းမရှိတော့ဘူး အရက်ကလွဲပြီး ကျန်တဲ့အာရုံတွေလည်း သူ မစဉ်းစားနိုင်တော့ဘူး။ ဘာသာရေးအရလည်း အရက်ကြောင့် သီလပျက်တာသည် ကျန်တဲ့ သီလတွေကိုပါ အကုန်အဖော်ခေါ်သွားနိုင်တယ်"ဟု ဒေါက်တာဇော်စိန်လွင်ကပြောသည်။

**စာ(၁၄)သို့**

# အကြမ်းဖက်ခံရသော အမျိုးသမီးများ ကလေးမွေးပြီး စိတ်ကျရောဂါဖြစ်ပွားမှုပိုများ


**လော့စ်အိန်ဂျလိစ်၊**

**မေ - ၂၄**

မိမိတို့၏နေအိမ်တွင်အကြမ်းဖက်မှုကြုံတွေ့ရသော စပိန်နွယ်ဖွား အမျိုးသမီးများသည် ကလေးမီးဖွားပြီး ဖြစ်ပေါ်သည့်စိတ်ကျရောဂါခံစားရရန် အလားအလာ ငါးဆပိုများကြောင်း အမေရိကန်သုတေသီများကပြောကြားသည်။

ကိုယ်ဝန်မဆောင်မီ စိတ်ဓာတ်ကျခြင်းထက် မိမိနှင့် အနီးကပ်နေထိုင်သူ၏ အကြမ်းဖက်မှုကြောင့် အမျိုးသမီးမျာတွင် မီးဖွားပြီး စိတ်ကျရောဂါဖြစ်စေနိုင်ကြောင်း သုတေသနကတွေ့ရှိခဲ့သည်။ အများအားဖြင့် ကိုယ်ဝန်မဆောင်မီ စိတ်ဓာတ်ကျခြင်းကြောင့် မီးဖွားပြီးချိန်တွင်လည်း စိတ်ကျရောဂါခံစားရသည်ဟုယူဆကြသည်။

လော့စ်အိန်ဂျလိစ်မြို့မှစပိန်နွယ်ဖွား အမျိုးသမီး ၂၀၀ဦးအား လေ့လာခဲ့ရာ၌ ကိုယ်ဝန်ဆောင်နေစဉ် (သို့မဟုတ်) ကိုယ်ဝန်မဆောင်မီတစ်နှစ်တာကာလတွင် အကြမ်းဖက်မှုခံစားခဲ့ရသော အမျိုးသမီးများသည်ယင်းသို့အကြမ်းဖက်မှုမခံခဲ့ရသော အမျိုးသမီးများထက် မီးဖွားပြီးချိန်တွင် စိတ်ကျရောဂါရရှိရန် ၅ ဒသမ ၄ဆပိုများကြောင်း သုတေသီများက တွေ့ရှိခဲ့သည်။



ကိုယ်ဝန်မဆောင်မီ စိတ်ကျရောဂါခံစားရသူများသည်လည်း မီးဖွားပြီးချိန် စိတ်ကျရောဂါခံစားရရန် အလားအလာ ၃ ဒသမ ၅ ဆပိုများကြောင်းလည်း သုတေသီများကတွေ့ရှိခဲ့သည်။ ထို့အတွက် ကိုယ်ဝန်ဆောင်မိခင်များနှင့်ပတ်သက်လျှင် ကိုယ်ဝန်မဆောင်မီ စိတ်ကျရောဂါခံစားရခြင်းရှိ၊မရှိနှင့် အိမ်တွင်း အကြမ်းဖက်မှု ရှိ၊မရှိကို မေးမြန်းရန်လိုအပ်ကြောင်း ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသီများကပြောကြားသည်။

—Ref: Healthy Day




7 DAY NEWS JOURNAL
Vol.10, No.11 • JUNE 2, 2011

# ပရိုတိန်းကြွယ်ဝသော နံနက်စာ စားသုံးရန်လို

**ကိုလံဘီယာ၊ မေ – ၂၄**

ကျန်းမာရေးနှင့် ညီညွတ်သော နံနက်စာ၊ အထူးသဖြင့် ပရိုတိန်းဓာတ်ကြွယ်ဝသော နံနက်စာ စားသုံးထားသူများသည် တစ်နေ့လုံး ဆာလောင်မှုနည်းသွားပြီး ကျန်းမာရေးကောင်းကြကြောင်း အမေရိကန်သုတေသီများကပြောသည်။ ထို့အပြင် ပရိုတိန်းဓာတ်ကြွယ်ဝသည့် နံနက်စာ စားသုံးသူများသည်ခန္ဓာကိုယ်အလေးချိန်မတက်စေရန် ထိန်းသိမ်းရာတွင်ပိုမိုလွယ်ကူကြောင်း မစ်ဆူရီတက္ကသိုလ်မှ လက်ထောက်ပါမောက္ခ ဟီသာ လိုင်ဒီကပြောကြားသည်။

"နံနက်စာ စားသုံးခြင်းဟာ အရေးကြီးတယ်ဆိုတာကို လူတိုင်းသိကြပါတယ်။ ဒါပေမဲ့ လူတွေက ဒါကို ဦးစားမပေးကြဘူး။ ဒီသုတေသနကနေပြီး နံနက်စာ စားသုံးခြင်းဟာ အစာစားချင်စိတ်နဲ့ အလွန်အကျွံစားသုံးခြင်းကို ထိန်းချုပ်ရာမှာ အရေးပါတဲ့မဟာဗျူဟာဖြစ်တယ်ဆိုတာကိုပြသနေပါတယ်"ဟု သုတေသီအဖွဲ့၏ ထုတ်ပြန်သည်။

သုတေသနပြုလုပ်ရန် အတွက် သုတေသီများက ဆယ်ကျော်သက်လူငယ်များအား ကွေကာနှင့်နွားနို့ကဲ့သို့ ပရိုတိန်းဓာတ်ကြွယ်ဝသည့် နံနက်စာကို စားသုံးစေသည်။ အချို့လူငယ်များက နံနက်စာ မစားသုံးကြပေ။ သုတေသီများသည် ရက်သတ္တပတ် တစ်ပတ်ကုန်ဆုံးတိုင်း လူငယ်များအား အစာစားချင်စိတ်နှင့် စိတ်ကျေနပ်မှု မေးခွန်းများ မေးမြန်းပြီး ၎င်းတို့၏ ဦးနှောက်အတွင်း တုံ့ပြန်မှုကိုသိရှိနိုင်ရန်လည်း ဓာတ်မှန်ရိုက်ယူထားခဲ့သည်။

ရက်သတ္တပတ်သုံးပတ် လေ့လာပြီးချိန်တွင် သုံးသပ်ချက်ထုတ်ရာ၌ ယင်းသို့နံနက်စာစားသုံးခဲ့သူများသည် နံနက်ပိုင်းတစ်ပိုင်းလုံး ဗိုက်ပြည့်နေတတ်ပြီး ဆာလောင်မှုလည်းသိပ်မရှိကြောင်း၊ ဦးနှောက်ပုံရိပ်များတွင်လည်း အစားအစာအတွက် တောင်းဆိုမှုလျော့ကျနေကြောင်း သုတေသီများက တွေ့ရှိခဲ့သည်။ —Ref: UPI



## စာ – ၁၃၊ အရက်ဒဏ်မှ

အရက်ကြောင့် ဦးနှောက်နှင့် မူမှန်စိတ်များပျက်စီးစေခြင်းတွင် အရက်၌ ပါဝင်သည့် အယ်ကိုဟောဓာတ်ပစ္စည်းကပင်လျှင် ခန္ဓာကိုယ်ကလပ်စည်းများအား ပျက်စီးစေတတ်သည့် အစွမ်းသတ္တိရှိကြောင်း သိရသည်။

ထို့အပြင်နှစ်ချို့တန်ဖိုးကြီး အရက်များထက် ယခုချက် ယခုသောက်ရသည့် တောအရက် ဘီအီးအဆီစပ်အရက်များသည် ထိခိုက်မှုပိုမိုများပြားကြောင်း သိရသည်။

အရက်တွင် အီသနောနှင့် မီသနောဟူ၍ ဓာတုဓာတ်ပစ္စည်းနှစ်မျိုးပါဝင်ပြီး အဆိုပါနှစ်မျိုးအနက်မှ အီသနောသည် သတ်မှတ်အချိုးအစားအတိုင်း ပါဝင်ပါက လူအများ သောက်သုံးနိုင်သည့် အရက်အဖြစ်ထုတ်လုပ်နိုင်သည်။

သို့သော် အီသနောပါဝင်မှုနှုန်းအား အများဆုံး ၃၅ မှ ၄၅ ရာခိုင်နှုန်းအထိသာ သတ်မှတ်ထားပြီး အဆိုပါပမာဏထက်ပိုပါက အန္တရာယ်ဖြစ်စေနိုင်ကြောင်း သိရသည်။

အရက်ထဲတွင် မက်သနောပါဝင်မှု မည်မျှနည်းစေကာမူ အဆိပ်အတောက်ဖြစ်ကာအဆိုပါ အဆိပ်ပျံ့နှံ့မှုကြောင့် ခန္ဓာကိုယ်ထိခိုက်နိုင်ကြောင်း သိရသည်။ စံချိန်စံညွှန်းနှင့် မညီသောအရက်များသည်မက်သနောပါဝင်မှုများပြားကြောင်း သိရသည်။

အီသနောပါဝင်မှုနှုန်း ပုံမှန်ဖြစ်သည့် အရက်ကို သောက်သုံးမည်ဆိုလျှင်ပင် လူ၏အသည်းသည် အရက် ပက်ဝက်ခန့်အား အချိန်နှစ်နာရီကြာခန့်ကြာအောင် ချေဖျက်ရသဖြင့် အချိန်တိုတိုအတွင်း အရက်များများသောက်သုံးပါကထိခိုက်မှုရှိနိုင်သည်ဟုဒေါက်တာဇော်စိန်လွင်ကပြောသည်။

ထို့အပြင် အရက်တွင် အာဟာရဓါတ်၊ ဗီတာမင်ဓာတ်၊ အင်အားဓာတ်များ တစ်ခုမှမပါရှိသဖြင့် အဆိပ်အတောက်အနေဖြင့်အသည်း၏ ကလပ်စည်းများက ချေဖျက်ပေးရကြောင်း သိရသည်။

"နိုင်ငံခြားမှာဆိုရင် အရက်ဆိုင်တွေရဲ့ စည်းကမ်းက အများရှေ့မှာဆိုရင်သတ်မှတ်ထားတဲ့ပမာဏအတိုင်းပဲရောင်းတယ်။ ဒီ့ထက်ပိုရင်မရောင်းတော့ဘူး။ ကိုယ့်အိမ်မှာ ကိုယ်ဆိုရင်တော့ ပုလင်းထောင်ပြီး ဘယ်လောက်သောက်သောက်ပေါ့။ ဒါကတော့ ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ်ပဲ"ဟု အရက်၏ဆိုးကျိုးများကြောင့် ပြည်ပနိုင်ငံများတွင် ထိန်းချုပ်ရောင်းချပုံအား ဒေါက်တာဇော်စိန်လွင်က သူ၏ အတွေ့အကြုံကို ပြောပြသည်။

အရက်မှန်သရွေ့ ခန္ဓာကိုယ်ကလပ်စည်းများကို ထိခိုက်နိုင်သည်ဟု သုတေသနပညာရှင်များကတွေ့ရှိထားကြကြောင်း သိရသည်။

သို့သော်အရက်နှင့်ပတ်သက်၍သုတေသနပညာရှင်များသည် အာဟာရမဟုတ်သဖြင့်တားမြစ်နိုင်ရန် ကြိုးစားခဲ့သော်လည်း အရက်ဖြင့် လူမှုဆက်ဆံရေး၊ စီးပွားရေးနယ်ပယ်ကျယ်ပြန့်မှုအားဆေးပညာ၏ သုတေသနများမကျော်လွှားနိုင်သည့်အတွက် ယနေ့အချိန်အထိ လက်ခံနေရဆဲပင်ဖြစ်သည်ဟု ပညာရှင်များက ပြောသည်။

# ရန်ကုန်တိုင်းဒေသကြီးတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုလျော့နည်း

သီဟ

ရန်ကုန်၊ မေ – ၂၃

ရန်ကုန်တိုင်းဒေသကြီးတွင် ယခုနှစ်စမှစ၍သွေးလွန်တုပ်ကွေးဖြစ်ပွားမှုမှာယခင်နှစ်များနှင့် နှိုင်းယှဉ်ပါက ဖြစ်ပွားမှု အလွန်လျော့နည်းလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ တိုင်းငှက်ဖျားဆရာဝန်ကြီး ဒေါက်တာဆွေဇင်ဝင်းကပြောကြားသည်။

သို့သော် ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လများသည် နှစ်စဉ်သွေးလွန်တုတ်ကွေး အဖြစ်များသည့် လများဖြစ်သဖြင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၀၉ နှစ်ကုန်ပိုင်းနှင့် ၂၀၁၀ နှစ်ဦးပိုင်းတို့တွင် ရောဂါဖြစ်ပွားနှုန်းများပြားခဲ့သော်လည်း ယခုနှစ်တွင်မူ ဖြစ်ပွားမှု သိသိသာသာလျော့နည်းလျက်ရှိပြီး ယခုနှစ် နှစ်စဖြစ်သည့် ဇန်နဝါရီလတွင် ၂၇ဦး၊ ဖေဖော်ဝါရီလတွင် ၉ဦး၊ မတ်လတွင် ၁၃ ဦး နှင့် ဧပြီလတွင် ၁၅ ဦးတို့သာ ဖြစ်ပွားခဲ့ပြီး သေဆုံးမှုမရှိခဲ့ကြောင်း သိရသည်။

ယခုနှစ်အတွက် အဖြစ်များသည့် မြို့နယ်များမှာ မြောက်ဥက္ကလာပမြို့နယ်၊ မရမ်းကုန်းမြို့နယ်တို့ဖြစ်ပြီး ယမန်နှစ်က လှိုင်သာယာ၊ မင်္ဂလာဒုံ၊ အင်းစိန်၊ တွံတေး၊ ဒလ စသည့်မြို့နယ်များတွင် အဖြစ်များခဲ့သည်။

"ဒီနှစ်ကို အဖြစ်နည်းတယ်ဆိုပေမယ့်လည်းကာကွယ်နှိမ်နင်းရေးလုပ်ငန်းတွေကိုအရှိန်အဟုန်မပျက် ဆက်လုပ်နေပါတယ်" ဟု ဒေါက်တာဆွေဇင်ဝင်းကပြောသည်။


သွေးလွန်တုပ်ကွေးကာကွယ်နှိမ်နင်းရေး လုပ်ငန်းစဉ်များမှာ စဉ်ဆက်မပြတ် သတင်းထောက်လှမ်းခြင်း၊ ပိုးလောက် လန်းနှိမ်နင်းခြင်း(ဖုံး၊သွန်၊လဲ၊စစ်လုပ်ငန်းများဆောင်ရွက်ခြင်း၊ လိုအပ်သည့်ရပ်ကွက်များတွင် ပိုးလောက်လန်းသေဆေးခပ်ခြင်း)၊ခြင် ဆေးဖျန်းခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊သင်တန်းများပို့ချခြင်း၊ လူမှုရေးအဖွဲ့များ နှီးနွှယ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြစ်သည်ဟု ဒေါက်တာဆွေဇင်ဝင်းကပြောသည်။

"ခြင်နှိမ်နင်းခြင်းလုပ်ငန်းက ခြင်ကောင်ဖြစ်မှ နှိမ်နင်းတာထက် ပိုးလောက်လန်းဘဝမှာနှိမ်နင်းတာက သွေးလွန်တုပ်ကွေးရောဂါကို ပိုပြီးထိထိရောက်ရောက် နှိမ်နင်းနိုင်ဖြစ်ပါတယ်"ဟု ဒေါက်တာဆွေဇင်ဝင်းက ဆက်လက်ပြောကြားသည်။

သွေးလွန်တုပ်ကွေးရောဂါသည်မြန်မာနိုင်ငံတွင် ၁၉၇၀ ပြည့်နှစ်မှစ၍ဖြစ်ပွားခဲ့ပြီး နောက်ပိုင်း၌ ချင်းပြည်နယ်မှလွဲ၍ ကျန်သည့်နေရာများတွင်ဖြစ်ပွားမှုရှိခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီး၌ ယခင်က ၂နှစ်သုံးနှစ်ကြာမှ တစ်ကြိမ်ဖြစ်ပွားခဲ့သော်လည်း နောက်ပိုင်းတွင် နှစ်စဉ်ဖြစ်ပွားခဲ့ကာ ၂၀၀၅နှင့် ၂၀၀၇ခုနှစ်များတွင်ကပ်ရောဂါအသွင် ဖြစ်ပွားခဲ့သည်ဟုသိရသည်။





# Regional

7 DAY NEWS JOURNAL

Vol.10, No.11 • JUNE 2, 2011


## နေပြည်တော်တွင် လိုင်စင်မဲ့တက္ကစီများ ဖမ်းဆီးမည်ဟုဆို

**ထူးသန့်**

**နေပြည်တော်၊ မေ- ၂၆**

နေပြည်တော်ကောင်စီနယ်မြေအတွင်းလုပ်ငန်းတွင်ကျယ်လျက်ရှိသော လုပ်ငန်းလိုင်စင်မဲ့ တက္ကစီအငှားယာဉ်များအား စစ်ဆေး၍ ဖမ်းဆီးအရေးယူသွားမည်ဖြစ်ကြောင်းယနေ့ကျင်းပသော နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ အစည်းအဝေးမှ သတင်းရရှိသည်။

"နေပြည်တော်မှာ ပြေးဆွဲနေတဲ့တက္ကစီအငှားယာဉ်တွေနဲ့ ပတ်သက်ပြီး တင်ပြလာတာတွေရှိပါတယ်။ ဒီမှာက လုပ်ငန်းလိုင်စင်နဲ့ တရားဝင်ဆွဲတဲ့ တက္ကစီကနည်းနေပြီး တရားမဝင် ဝင်ဆွဲနေတဲ့တက္ကစီက အများကြီးဖြစ်နေတယ်။ အဲဒါကို စစ်ဆေးပြီး အရေးယူသွားဖို့ပါ"ဟုနေပြည်တော်ယာဉ်စည်းကမ်းကော်မတီဝင်တစ်ဦးကပြောသည်။

နေပြည်တော်တွင် တရားဝင်ပြေးဆွဲသော တက္ကစီများ အဖြစ် မက်စ်မြန်မာ ကုမ္ပဏီပိုင် တက္ကစီယာဉ်များသာရှိပြီး အခြားတက္ကစီအသင်းအဖွဲ့အများစုမှာမူ လုပ်ငန်းလိုင်စင်မရှိဘဲ ဝင်ရောက်ပြေးဆွဲနေသောယာဉ်များသာဖြစ်ကြောင်း သိရသည်။

ယင်းအခြေအနေနှင့် ပတ်သက်၍ တက္ကစီ ယာဉ်မောင်းတစ်ဦးက "အရင်နှစ်တွေကလည်း ဒီလိုပဲရှိခဲ့ပါတယ်။ ကျွန်တော်တို့ ပိုင်ရှင်တွေကို ခေါ်ပြီး ဆွေးနွေးခဲ့တာလည်းရှိတယ်။ လိုင်စင်မလုပ်ချင်တဲ့ကားပိုင်ရှင်တွေရှိသလို လိုင်စင်လုပ်ပြီး တရားဝင် ဆွဲချင်တဲ့ လူလည်း ရှိပါတယ်။ ဒါပေမဲ့ နံပါတ်အနီနဲ့ဆိုရင်တော့ အလုပ်ဖြစ်မှာမဟုတ်ပါဘူး"ဟု ပြောသည်။

နေပြည်တော်ရှိဌာနဆိုင်ရာအချို့တွင် တက္ကစီများ ဝင်ခွင့်ကန့်သတ်ထားသည့်အတွက် ယင်းနေရာဌာနသို့သွားရောက်လိုသောမည်သည့်ယာဉ်များမဆိုနံပါတ်အနက်များကိုသာ ငှားရမ်းသုံးစွဲနေရကြောင်း သိရသည်။

## ဗမာဆေးရွက်ကြီးစိုက်သူများ တွက်ခြေမကိုက်ဟုဆို

**မိုးဇော်**

**ပခုက္ကူ၊ မေ- ၂၅**

ဆေးပေါ့လိပ်၊ကွမ်းယာပစ္စည်းများတွင်သုံးသည့် ဗမာဆေးရွက်ကြီးများ စိုက်ပျိုးချိန်တွင် ယခုနှစ်လောင်စာဆီအပြောင်းအလဲကြောင့် ရေသွင်းစိုက်ပျိုးရ၍ လက်ရှိဈေးနှင့်ရောင်းပါက တွက်ခြေမကိုက်ကြောင်း စုံစမ်းသိရသည်။ "ဆေးရွက်ကြီး၊ မတ်လကနေစပြီး ရေသွင်းရေဖျန်းပြီးစိုက်ရပါတယ်။ ရေသွင်းရင် ဒီဇယ်ဆီ ကဝယ်ရပြီး လက်ရှိဈေးကမြင့်တယ်။ စိုက်ခင်းတစ်ခင်း ပြီးခဲ့တဲ့နှစ်ကထက် နှစ်သိန်းမှ ငါးသိန်းထိပိုကျတယ်။ ဒါကြောင့် ဗမာဆေးရွက်ကြီးပေါ်ချိန်ဖြစ်လို့ ယခုရာသီမှာ ကြိုက်ရောင်းကြိုက်ဝယ် (အော်ဒါသမား)များသာ မိတ်မပျက်ရုံရောင်းရပါတယ်။ တွက်ခြေမကိုက်ပါဘူး" ဟု နန်းတော်ရပ်မှကုန်သည်တစ်ဦးကပြောသည်။

ဈေးကွက်တွင် ဗမာဆေးရွက်ကြီးကို ဆေးလိပ်ခုံသုံးနှင့် ကွမ်းယာဆိုင်သုံး (ဆေးကြီး)နှစ်မျိုးရှိသည်။ ဆေးပေါ့လိပ်ခုံများမှာ ယခင်ကလို အဝယ်မသွက်ဘဲ အရောင်းကျပြီး ကွမ်းစားဆေးကိုမှီ၍ ရောင်းရကြောင်း သိရသည်။ ဆေးရွက်ကြီးကို ပခုက္ကူ မြို့နယ်တွင် နန်းတော်ရပ်၊ မြင်းဝင်း၊ ဘဲ၊ မြစ်ခြေရွာများတွင် စိုက်ပျိုးကြသည်။

## မုံရွာတွင် မိုးသည်းထန်ပြီးလေပြင်းတိုက်ခြင်းကြောင့် ကွမ်းခြံအချို့ပျက်စီး

**မျိုးမင်းဦး**

**မုံရွာ၊ မေ- ၂၅**

မုံရွာခရိုင်အတွင်း ယခုနှစ်မိုးဦးကာလတွင်မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများကြောင့် ကွမ်းစိုက်ပျိုးရေးခြံများပျက်စီးမှု ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

"ဒီနှစ် မိုးဦးရာသီမှာ မိုးသည်းသည်းရွာလို့ ကွမ်းခြံအချို့မိုးရေနစ်မြုပ်ခဲ့သလို လေပြင်းတိုက်ခတ်မှုတွေကြောင့် ကွမ်းခြံတွေလဲပြိုတာတွေဖြစ်ခဲ့တယ်။ လဲပြိုသွားတဲ့ ကွမ်းခြံတွေက ပြန်ထောင်စိုက်လို့ရတဲ့ခြံတွေရှိသလို ကွမ်းခြံအသစ်ပြန်တည်ရသူတွေလည်းရှိတယ်။ ဒီနေ့ခေတ်ကွမ်းခြံတစ်ခြံတည်ဆောက်မယ်ဆိုရင် အနည်းဆုံး ငွေကျပ်ဆယ်သိန်းကနေ သိန်းနှစ်ဆယ်လောက်အထိကုန်ကျတော့ အရင်းအနှီးမတတ်နိုင်လို့ ကွမ်းခြံအပျက်ခံရသူတွေလည်းရှိတယ်" ဟု ယင်းမာပင်မြို့နယ်ရွာသာကျေးရွာဒေသခံကွမ်းစိုက်တောင်သူဦးခင်မောင်ဝင်းကပြောသည်။



*မိုးသည်းထန်ပြီး လေပြင်းတိုက်ခတ်မှုကြောင့် ပြိုလဲနေသောသစ်ပင်တစ်ပင်ကို တွေ့ရစဉ်*

ဓာတ်ပုံ - မျိုးမင်းဦး

မိုးသည်းထန်စွာ ရွာသွန်းမှု၊ လေပြင်းတိုက်ခတ်မှုကြောင့် ကွမ်းစိုက်ပျိုးရေးခြံအချို့ ပျက်စီးမှုကြုံတွေ့ခဲ့ရချိန်တွင် ဧပြီလအတွင်း ကွမ်းနုဝါတစ်ပိဿာကျပ် ၅၀၀၊ ကွမ်းစိမ်းတစ်ပိဿာ ၃၀၀ ကျပ် ဈေးကျဆင်းခဲ့ရာမှ ကွမ်းနုဝါတစ်ပိဿာကျပ် ၁,၅၀၀၊ ကွမ်းစိမ်းတစ်ပိဿာ ၁,၀၀၀ ကျပ်ခန့်အထိမေလကုန်တွင် ဈေးနှုန်းပြန်လည်မြင့်တက်ခဲ့ကြောင်း သိရှိရသည်။

"မိုးတွင်းမှာ ကွမ်းရွက်ကအထွက်နှုန်းကောင်းတဲ့အတွက် ဈေးထိုးကျလေ့ရှိတယ်။ မိုးကောင်းလို့ ရေမြုပ်သွားတာ။ လေပြင်းကြောင့် ကွမ်းခြံလဲပြိုတာတွေကြောင့် မိုးတွင်းအထွက်ကောင်းတဲ့ ကွမ်းတွေအထွက်လျော့ပြီး ဈေးပြန်တက်လေ့ရှိတယ်။ မုံရွာဒေသမှာ တစ်လနှစ်ကြိမ်ပုံမှန်ဝင်ငွေ ရရှိနေတဲ့စိုက်ပျိုးရေးလုပ်ငန်းဖြစ်တဲ့ကွမ်းစိုက်ပျိုးရေးကို တောင်သူတွေ စိတ်ဝင်စားမှုပိုများပြီး ကွမ်းစိုက်သူပိုများချိန် ရာသီဥတု ပြောင်းလဲမှုကြောင့် ကွမ်းအထွက်နှုန်းလျော့နည်းလာတဲ့အတွက် ဈေးပိုကောင်းလာချိန်ကို တောင်သူတွေမျှော်လင့်နေကြတယ်။ စိုက်သူများလို့ကွမ်းအထွက်ကောင်းတယ် မိုးကောင်းလို့ကွမ်းအထွက်ကောင်းတယ်ဆိုရင် ကွမ်းဈေးထိုးကျနိုင်ပြီး ရာသီဥတုဒဏ်ကြောင့် ကွမ်းခြံတွေပျက်စီးမှုများရင် ကွမ်းဈေးပြန်ကောင်းလာနိုင်တယ်"ဟုမုံရွာဒေသခံကွမ်းရောင်းဝယ်သူတစ်ဦးကပြောသည်။

## လေပြင်းကြောင့် နေအိမ်များပျက်စီး

**မျိုးမင်းဦး**

**မုံရွာ၊ မေ- ၂၅**

မုံရွာခရိုင်၊ယင်းမာပင်မြို့နယ်အတွင်းကျေးရွာနှစ်ရွာတွင်မေလ ၂၄ရက်ညပိုင်းကတိုက်ခတ်သောလေပြင်းကြောင့်သစ်ပင်နှင့်နေအိမ်အမိုးအချို့ပျက်စီးခဲ့ရကြောင်း ယင်းမာပင်မြို့နယ်ဒေသခံများပြောပြချက်အရသိရသည်။

"ယင်းမာပင်မြို့နယ်အတွင်း မေလ ၂၁ ရက်အတွင်း တိုက်ခတ်ခဲ့တဲ့လေပြင်းကြောင့် ချင်းတွင်းတံတား အနောက်ဘက် အောင်ဇေယျအိမ်ရာစီမံကိန်းကနေအိမ်အချို့ အိမ်အမိုးတွေလန်ထွက်ကုန်တယ်။ မေလ ၂၄ ရက်ည ၈ နာရီအချိန်လောက်မှာ ယင်းမာပင်မြို့နယ်အတွင်း ရွာသာကျေးရွာနဲ့ ဂုဏ်တောကျေးရွာမှာ လေပြင်းတိုက်ခတ်မှုကြောင့် အိမ်အမိုးတွေလန်ထွက်သွားသလို သစ်ပင်ကြီးတွေ အချို့လည်းလဲပြိုသွားတယ်"ဟု ဂုဏ်တောကျေးရွာဒေသခံတောင်သူတစ်ဦးက ပြောသည်။

ယင်းမာပင်မြို့နယ် ရွာသာကျေးရွာနှင့် ဂုဏ်တောကျေးရွာများတွင် လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်လဲပြိုခြင်း၊ နေအိမ်အမိုးများပျက်စီးခြင်းမှာ ယခုနှစ်တွင် ပထမဆုံးအကြိမ် ကြုံတွေ့ခဲ့ရခြင်း ဖြစ်ကြောင်း အဆိုပါ ဒေသခံများ ပြောကြားချက်အရ သိရှိရသည်။ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အချို့ပြုပြင်ခဲ့ရပြီး လျှပ်စစ်ဓာတ်အားလိုင်းများပြတ်တောက်ခဲ့သဖြင့် သက်ဆိုင်ရာမှ အချိန်မီပြုပြင်ဆောင်ရွက်ခဲ့ရသည်။

"ရွာသာနဲ့ ဂုဏ်တောကျေးရွာနှစ်ရွာတည်းလေပြင်းတိုက်ခတ်တာကို ကြုံတွေ့ခဲ့ရတာပါ။ အနီးပတ်ဝန်းကျင်ရွာတွေမှာ လေပြင်းကြောင့် ပျက်တာစီးတာမရှိခဲ့ဘူး။ သစ်ပင်ကြီးတွေလဲပြိုခဲ့သလို နေအိမ်တွေမှာအမိုးတွေလန်ပျက်စီးခဲ့ရတယ်။ ဒီနှစ်လေပြင်းတိုက်ခတ်တာကို မေလ ၂၁ ရက်မှာ တစ်ကြိမ်ကြုံတွေ့ခဲ့ရပေမယ့် လေပြင်းကြောင့် သစ်ပင်လဲတာနေအိမ်ပျက်စီးတာမရှိခဲ့ဘူး။ မေလ ၂၄ ရက်ည ၈ နာရီအချိန်လောက်မှာ လေပြင်းတိုက်ခတ်တာကြောင့် သစ်ပင်တွေလဲအိမ်အမိုးတွေပျက်စီးခဲ့တာ ပထမဆုံးအကြိမ်ဖြစ်ခဲ့တာပါ။ သက်တမ်းသုံးလေးနှစ်ရှိပြီဖြစ်တဲ့ ကွမ်းခြံခုနစ်ခြံလောက်လည်း ပျက်စီးတာကြုံတွေ့ခဲ့ရတယ်။ လေပြင်းကြောင့် သစ်ကိုင်းရိုက်ခတ်မိပြီး ဦးခေါင်း ဒဏ်ရာရရှိသူ တစ်ဦးသာရှိပြီး ပြင်းပြင်းထန်ထန် ဒဏ်ရာရသူမရှိပါဘူး။ အနီးပတ်ဝန်းကျင်ရွာတွေမှာ လေပြင်းကြောင့် ပျက်စီးဆုံးရှုံးတာမရှိဘဲ မိုးသည်းသည်းရွာသွန်းခဲ့တယ်"ဟု ရွာသာကျေးရွာဒေသခံဦးခင်မောင်ဝင်းကပြောသည်။

မုံရွာခရိုင်အတွင်း ယင်းမာပင်မြို့နယ်နှင့် မုံရွာမြို့နယ်တွင် ပြီးခဲ့သည့်နှစ် ၂၀၁၀ ပြည့်နှစ်မေလက လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များလဲပြိုခြင်း၊ နေအိမ်အချို့ပျက်စီးခြင်းနှင့် ကြုံတွေ့ခဲ့ရပြီး ယခုနှစ်မေလအတွင်းမုံရွာမြို့နယ်၊ ယင်းမာပင်မြို့နယ်၊ ဘုတလင်မြို့နယ်အတွင်းသက်တမ်းရင့်အပင်ကြီးများ လဲပြိုခြင်း၊ နေအိမ်အချို့ပျက်စီးခြင်းများကြုံတွေ့ခဲ့ရသည်။




7DAY NEWS JOURNAL
Vol.10, No.11 • JUNE 2, 2011

# နေပြည်တော်တွင် ဝက်ဈေးကွက် ပျက်နေဆဲ

**ထူးသန့်**
**နေပြည်တော်၊ မေ- ၂၅**

ဧပြီလဆန်းပိုင်းမှစ၍ ဖြစ်ပွားခဲ့သော ဝက်နားရွက်ပြာရောဂါကြောင့် နေပြည်တော်တွင် ဝက်ဈေးကွက်ပျက်နေဆဲဖြစ်ကြောင်း ဒေသခံများကပြောသည်။

ကျေးလက်ဒေသများအထိ ပါ ပျံ့နှံ့ရောက်ရှိသွားသော အဆိုပါရောဂါကြောင့်ဝက်များ နာမကျန်းဖြစ်ခြင်း၊ သေဆုံးခြင်းများဖြစ်ပွားခဲ့ရာသက်ဆိုင်ရာကလည်း အလှူမင်္ဂလာပွဲများတွင် ဝက်သားဖြင့် ဧည့်ခံခြင်းကို တားမြစ်ခဲ့ပြီးနောက် ဝက်ဈေးကွက် ပျက်သွားခဲ့ခြင်းဖြစ်ကြောင်း နေပြည်တော် လယ်ဝေးမြို့နယ်အရှေ့ခြမ်းဒေသမှ ဒေသခံတစ်ဦးက ပြောကြားသည်။

"ဝက်ကလေးတွေကတော့ အကုန်လုံးနီးပါးသေတယ်။ ဝက်အကောင်ကြီးအချို့တော့ကျန်တယ်။ ဒါလည်းနေမကောင်းဖြစ်ခဲ့တာပဲ။ အခုဝယ်တဲ့ ပွဲစားတွေလည်း သိပ်မလာတော့ဘူး။ လာတော့လည်း ဈေးနှိမ်တယ်။ တစ်ဝက်ဈေးတောင်မပေးဘူး။ ဝက်ပေါက်ဆိုရင်တစ်သောင်းလောက်တောင် မပေးချင်ဘူး"ဟူ၍အဆိုပါဒေသခံက ပြောသည်။

ယခင်က ဝက်ကောင်ရေ ဆယ်ဂဏန်းနီးပါးဖြင့် အပိုဝင်ငွေရှာဖွေခဲ့သော ဒေသခံတစ်ဦးကလည်း"ဦးလေး ၉ ကောင်မွေးခဲ့တာ။ နှစ်ကောင်ပဲရောင်းရတယ်။ အဲဒါလည်း အနာဈေးနဲ့ပဲ။ အများကြီးရှုံးတာပေါ့။ နောက်ထပ်လည်း မဝယ်ရဲသေးဘူး။ ကိုယ့်ပတ်ဝန်းကျင်မှာဝက်မရှိတော့လို့မသိရပေမယ့် တောဘက်တွေမှာဖြစ်နေတုန်းပဲ။ နောက် ၂ လ ၃ လ နေရင်တော့ပြန်ပြီး စမ်းမွေးရမှာပေါ့" ဟု ၎င်း၏အခြေအနေကို ပြောကြားသည်။

ဝယ်ရောင်းပွဲစားတစ်ဦးကလည်း "ဝက်က မရှိတော့ဘူးဗျ။ ဝယ်လို့မရတော့သလို ရောင်းလို့လည်း ရမှာမဟုတ်ဘူး။ ရောဂါကင်းစင်သွားရင်တော့ ဈေးပြန်ကောင်းလာမှာသေချာတယ်"ဟု ဆိုသည်။






## တောင်ကိုရီးယား စိုက်ပျိုးရေးပညာရှင်များ ပြင်ဦးလွင်မြို့နယ်တွင် လာရောက်လုပ်ကိုင်

**စိုင်းသာအောင်**
**ပြင်ဦးလွင်၊ မေ- ၂၅**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် အရှေ့တောင်ဘက်ကျေးရွာများတွင် ကိုရီးယားနိုင်ငံမှ စိုက်ပျိုးရေးပညာရှင်များက မြေငှား၍ သီးနှံစိုက်ပျိုးကာ မျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းဒေသခံတောင်သူများထံမှသိရသည်။

ပြင်ဦးလွင်မြို့နယ် သိမ်အင်းရွာမှ ကိုမြင့်က "ကိုရီးယားပညာရှင်နှစ်ဦးက ကျွန်တော်တို့ရွာအနီးမှာ မြေ ၁၆ ဧကကို ငါးနှစ်စာချုပ်နဲ့ မြေငှားပြီး ငရုတ်၊ သခွား၊ ခရမ်းချဉ်၊ ဖရဲစိုက်ပျိုးပြီး အစေ့ထုတ်လုပ်ငန်းလုပ်ပါတယ်။ သစ်တောမြေက ဧက ၂၀ စုစုပေါင်း ၃၆ ဧကငှားပြီး မျိုးစေ့ထုတ်လုပ်ငန်းလာလုပ်တာပါ။ ကျွန်တော်တို့ရွာအနီးကမြေ ၁၆ ဧကကို ငါးနှစ်စာချုပ်အတွက် ကျပ်သိန်း ၆၀ ပေးပါတယ်။ အဲဒီကိုရီးယားစိုက်ကွင်းကြောင့်ဒေသခံရွာသူရွာသား ၃၀၀ ခန့် အလုပ်ရပါတယ်။ အမျိုးသားက တစ်ရက် ၃,၀၀၀ ကျပ်၊ အမျိုးသမီးက ၂,၀၀၀ ကျပ် ရပါတယ်။ တောင်ကိုရီးယားနိုင်ငံကလို့ သိရပါတယ်။ ငရုတ်၊ သခွား၊ ခရမ်းချဉ်၊ ဖရဲတို့ကို စိုက် ပျိုးပြီး မျိုးစေ့တွေကို တောင်ကိုရီးယားပို့တာပါ။ ကျွန်တော်တို့ ဒေသခံရွာသားတွေ စိုက်ပျိုးရေးပညာပါရပါတယ်"ဟုသူ၏အမြင်ကို ပြောသည်။

## ပုဂံအမြန်ရထား လမ်းချော်ပြန်

**ဌေးဌေးမောင်** **နွားထိုးကြီး၊ မေ- ၂၅**

မန္တလေးမှ ပုဂံဘက်သို့ ထွက်ခွာလာသော အစုန်ရထားဒီဒီ ၉၆၄ သည် နွားထိုးကြီးမြို့နယ် ဒေါင်းဦးဘူတာနှင့် ငှက်ပျောအိုင်ဘူတာကြား၊ မိုင်တိုင် ၃၉၉/၈-၇ ကြား၌ မေ ၆ ရက်နံနက် နှစ်နာရီခွဲခန့်က ရထားလမ်းချော်ကျမှုဖြစ်ပွားသည်။ စက်ခေါင်းနှင့်တွဲ ၂ တွဲလမ်း ချော်ကျသော်လည်း ခရီးသည်နှင့် ဝန်ထမ်းများ ထိခိုက်မှုမရှိဟုဆို၏။ ပုဂံအမြန်မှာ တွဲ ၈ တွဲပါလာသည်။ ယခုမိုးဦးရာသီတွင် ကုန်းအတက်၌ ပထမဦးဆုံးလမ်းချော်ကျမှုလည်း ဖြစ်သည်ဆို၏။

ရထားလမ်းချော်၍ ခရီးသည်များကို ပုဂံလော်ကယ်နှင့်မြို့သာ R.V.E ရထားတို့ဖြင့်ပြောင်းပေးခဲ့ရသည်ဆိုသည်။ နိုင်ငံခြားသား ခရီးသွားများပါဝင်သဖြင့်သက်ဆိုင်ရာက လိုက်လံရှာဖွေကာ ခရီးစဉ်စီစဉ်ပေးရသည်ဆိုသည်။ အဆိုပါရထားလမ်းချော်မှုကြောင့် ကျန်ရထားများနှစ်ရက်ကြာရပ်နားလိုက်ရသည်။

## နေပြည်တော်တွင် ဘိန်းဖြူဟုယူဆရသော အဖြူရောင်မှုန့်များ ဖမ်းဆီးရမိ

**ထူးသန့်**
**နေပြည်တော်၊ မေ- ၂၅**

နေပြည်တော် ပျဉ်းမနားမြို့ရှိ ရွှေချီရပ်ကွက်နှင့် မင်္ဂလာရှမ်းကန်၊ အရှေ့ဘက်ခြမ်း ကန်ပေါင်ပေါ်မှ မေလ ၂၀ ရက်က ဘိန်းဖြူဟု ယူဆရသော အဖြူရောင်အမှုန့်များဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။ မန္တလေးတောင်ပိုင်း၊ မူးယစ်(အထူး)တပ်ဖွဲ့မှ ရဲအုပ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ သက်သေများသည် အဆိုပါနေ့ရက် ညနေ ၆ နာရီခန့် ကစံတော်မီ လက်ဖက်ရည်ဆိုင်အနီးတွင် သတင်းအရစောင့်ဆိုင်းဖမ်းဆီးရာမှ သတင်းအချက်ပါလူပုဂ္ဂိုလ်တစ်ဦးနှင့် ဘိန်းဖြူဟုယူဆရသော အဖြူရောင်အမှုန့် ဝ.၀၂ ဂရမ်ကို ဖမ်းဆီးရမိသည်။ ၎င်း၏ထွက်ချက်အရ ရွှေချီရပ်ကွက် မောင်ခင်လမ်းရှိ အိမ်တစ်အိမ်မှ ဘိန်းဖြူဟုယူဆရသောအဖြူရောင်အမှုန့် ဝ၁ ဂရမ်နှင့် ၃ မီလီဂရမ်အား ထပ်မံဖမ်းဆီးရမိခဲ့သည်။

အထက်ပါဖြစ်ရပ်မှ ထွက်ပြေးတိမ်းရှောင်သွားသူနှစ်ဦးနှင့် လက်ရဖမ်းဆီးမိသူ နှစ်ဦးတို့အား နေပြည်တော် ပျဉ်းမနား ရဲစခန်းမှ မူး/စိတ်(ပ)၄/၂၀၁၀၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတတ်သော ဆေးဝါးများဥပဒေ ပုဒ်မ ၁၅/၁၆/၂၁(က)အရ စစ်ဆေးလျက်ရှိကြောင်းသိရသည်။

7 DAY NEWS JOURNAL
Vol.10, No.11 • JUNE 2, 2011

# သတ်မှတ်ထားသောကျောင်းဝင်ကြေးထက်ပိုကောက်ပါကတိုင်ကြားနိုင်

စိုင်းသာအောင်

**မန္တလေး၊ မေ-၂၆**

မန္တလေးတိုင်းဒေသကြီး ပညာရေးဌာနမှ ၂၀၁၁ ကျောင်းဖွင့်ချိန် ကျောင်းအပ်နှံရေးအတွက် မန္တလေးမြို့ပေါ်ရှိ အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများသို့ မေ ၂၅ ရက်မှ ၃၁ ရက်အထိ ကျောင်းအပ်နှံရေး စီမံချက်ဖြင့် ကျောင်းသား၊ ကျောင်းသူများကို လက်ခံလျက်ရှိနေပြီဖြစ်သည်။



**မန္တလေးမြို့ရှိ အထကကျောင်းတစ်ကျောင်းတွင် ကျောင်းအပ်နှံသောနေ့တွင်တွေ့ရသော ကျောင်းသားနှင့်မိဘများ** ဓာတ်ပုံ-စိုင်းသာအောင်

ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားချက်ထုတ်ပြန်ထားကြောင်း၊ အဆိုပါ ကြေညာချက်တွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ မည်သည့်ငွေကြေးမှ ကောက်ခံခြင်း မပြုရ။ ပဉ္စမတန်းမှ ဒသမတန်းအထိ ဌာနမှ သတ်မှတ်ထားသော မိဘဆရာအသင်းဝင်ကြေး ၅၀၀ ကျပ်၊ ရန်ပုံငွေ ၅၀၀ ကျပ်၊ စုစုပေါင်း ၁,၀၀၀ ကျပ်သာ ကောက်ခံရမည်။ ပဉ္စမတန်းမှ ဒသမတန်းအထိ နိုင်ငံတော်သို့ ပေးသွင်းရမည့် ကျောင်းလခများအား စာသင်နှစ်တစ်နှစ်စာအတွက် ဇူလိုင်မှသာ ကောက်ခံရမည်။ ကျောင်းပြောင်းလက်မှတ်နှင့် ကျောင်းအပ်နှံခြင်းအတွက် မည်သည့်ငွေကြေးမှ ကောက်ခံခြင်းမပြုရပါ။ ကျေနပ်မှု မရှိပါက ညွှန်ကြားရေးမှူးချုပ်အမှတ်(၂) အခြေခံပညာဦးစီးဌာန ဖုန်း-၀၂ ၃၉၂၈၇။ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၂ ၃၉၂၈၉ တို့သို့ တိုင်ကြားနိုင်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

# ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ ဆရာဖြစ်သင်တန်းဖွင့်လှစ်

စိုင်းသာအောင်၊ မင်းဒင်

**မန္တလေး၊ မေ-၂၈**

ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အချက်အလက်များအား လူထုပိုမိုကျယ်ပြန့်စွာ သိရှိနားလည်စေရန် ရည်ရွယ်ချက်ဖြင့် ပြန်လည်ဖြန့်ဝေသင်ကြားပေးနိုင်မည့်ဆရာဖြစ်သင်တန်းအား သင်တန်းကာလလေးရက်သတ်မှတ်ကာ ရွှေဖြူပလာဇာ၊ ပထမထပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်များအသင်း၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါသင်တန်းအား Eco Duv နှင့် စိမ်းရောင်စိုအဖွဲ့က ပူးပေါင်းကာကျင်းပခဲ့ခြင်းဖြစ်သည်။ သင်တန်းသားများအား ရွေးချယ်ရာတွင် အများနှင့် ဆက်ဆံလုပ်ကိုင်နေသည့် လုပ်ငန်းသဘာဝရှိသူ အသက် ၄၅ နှစ်အောက်အမျိုးသား၊ အမျိုးသမီးများအား ရွေးချယ်ခဲ့ကြောင်း စိမ်းရောင်စိုအဖွဲ့၏ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ယခုကဲ့သို့သင်တန်းများကိုယခင်က အစိုးရဝန်ထမ်းများ၊ အင်န်ဂျီအိုဝန်ထမ်းများ၊ စာနယ်ဇင်းသမားများအားပို့ချခဲ့သော်လည်း ယခုကဲ့သို့လူထုအခြေပြုဆရာဖြစ်သင်တန်းအား ပထမဆုံးအကြိမ်အဖြစ် မန္တလေးမြို့တွင် ကျင်းပနိုင်ခဲ့ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

နောင်ပြုလုပ်မည့် သင်တန်းများအားကျေးလက်တောရွာများတွင် ကျင်းပမည်ဖြစ်ပြီး စာပေအချက်အလက်သင်ကြားမှုအပြင် လက်တွေ့ကွင်းဆင်းမှုများပါဝင်သည့်သင်တန်းအဖြစ် ထိရောက်ကောင်းမွန်အောင် လုပ်ဆောင်သွားရန်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။သင်တန်းတွင် ကာလအပိုင်းအခြားအလိုက် လွန်ခဲ့သည့် နှစ် သုံးဆယ်၊ နှစ်နှစ်ဆယ်၊ဆယ်နှစ် စသည်တို့တွင် ဖြစ်တည်ခဲ့သည့် အချက်အလက်များ ယခုဖြစ်ပေါ်နေမှုများ နောင်ဖြစ်ပေါ်နိုင်သည်များအား နှိုင်းယှဉ်လေ့လာမှုများပြုလုပ်ကာ မည်သည့်အချက်များကြောင့် ရာသီဥတုပြောင်းလဲခြင်းများ ဖြစ်ပေါ်နေရခြင်းနှင့် ရာသီဥတုပြောင်းလဲမှုများက လူသားတို့ အပေါ် အကျိုးသက်ရောက်ခြင်းများအား လေ့လာခဲ့ကြကြောင်း သိရသည်။

# ကွန်ကရစ်လျှပ်စစ်ဓာတ်အားတိုင်များ လေပြင်းဒဏ်ခံနိုင်မှုရှိရန်လိုဟုဆို

မျိုးမင်းဦး

**မုံရွာ၊ မေ-၂၅**

မုံရွာမြို့ပေါ်ရပ်ကွက်များအတွင်း လမ်းဘေးဝဲယာဓာတ်အားပေးတိုင်များအား ယခင်သစ်လုံးတိုင်များ၊ သံဓာတ်တိုင်များအားကွန်ကရစ်ဓာတ်အားတိုင်များအဖြစ်ပြောင်းလဲစိုက်ထူလျက်ရှိရာ အဆိုပါကွန်ကရစ်လျှပ်စစ်ဓာတ်အားတိုင်များသည် လေပြင်းဒဏ်ကြံ့ကြံ့ခံနိုင်ရန်လိုအပ်ကြောင်း မုံရွာဒေသခံများ ပြောကြားချက်အရ သိရှိရသည်။

"ဒီနှစ် မေလ ၂၁ ရက်နဲ့ ၂၄ ရက်တွေမှာ မုံရွာအနီး တစ်ဝိုက် လေပြင်းတိုက်ခတ်မှုတွေကြောင့် ကွန်ကရစ်လျှပ်စစ်ဓာတ်တိုင်တွေ လဲပြိုတာတွေကြုံတွေ့ခဲ့ရတယ်။ လေပြင်းတိုက်ခတ်တဲ့အခါမှာကွန်ကရစ်ဓာတ်တိုင်တွေ သုံးလေးပိုင်းအထိ ကျိုးပြတ်တာတွေ ရှိတယ်။ ကွန်ကရစ်တိုင်တွေမှာ သံပင်တွေထည့်ထားပေမယ့် ကြံ့ခိုင်မှုဒဏ်ခံနိုင်ရည်နည်းပါးတာတွေရှိတယ်"ဟု မေလ ၂၄ ရက်ညပိုင်းလေပြင်းတိုက်ခတ်မှုကြောင့် ကွန်ကရစ်ဓာတ်တိုင်အချို့လဲပြိုမှုကို မျက်မြင်ကြုံတွေ့ခဲ့ရသော ဂုဏ်တောကျေးရွာဒေသခံတစ်ဦးကပြောသည်။

ယခုနှစ်အတွင်း မုံရွာမြို့ပေါ် လျှပ်စစ်ဓာတ်အားသွယ်တန်းထားသော ဓာတ်တိုင်များအား ကွန်ကရစ်တိုင်များအဖြစ် ပြောင်းလဲစိုက်ထူခဲ့ကြောင်းသိရှိရသည်။ ကွန်ကရစ်ဓာတ်တိုင်အများစုသည် လေပြင်းတိုက်ခတ်မှု ဒဏ်အားခိုင်နိုင်မှု စွမ်းအားနည်းပါးပြီးလေပြင်းကြောင့်ကျိုးပြတ်သွားသော ကွန်ကရစ်ဓာတ်တိုင်များကြောင့် လျှပ်စစ်ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်ခဲ့ရကြောင်း သိရှိရသည်။



**မုံရွာခရိုင် ယင်းမာပင်မြို့နယ်တွင် မေလ ၂၄ရက်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်သဖြင့် ထက်ပိုင်းကျိုးကျနေသော ကွန်ကရစ်တိုင်တစ်တိုင်ကို တွေ့ရစဉ်။**
ဓာတ်ပုံ-မျိုးမင်းဦး

# မန္တလေးမြို့တွင် ယာဉ်နံပါတ်တူ အမျိုးအစားတူ ပါဂျဲရိုးယာဉ်နှစ်စီးကို ဖမ်းဆီးအရေးယူ

စိုင်းသာအောင်

**မန္တလေး၊ မေ-၂၆**

မန္တလေးမြို့တွင် အဆင့်မြင့်ကားများဖြစ်သော ပါဂျဲရိုးကားများကို မူရင်းတစ်စီးအပြင် နောက်ထပ်လိုင်စင်မဲ့ကားတစ်စီးအား စာရွက်စာတမ်းအတုပွားပြီး စီးနင်းမှုများရှိသဖြင့်မန္တလေးယာဉ်ထိန်းတပ်ဖွဲ့မှ ဖမ်းဆီး အရေးယူလျက်ရှိကြောင်း မန္တလေးယာဉ်ထိန်းတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက 7 Day News သို့ပြောသည်။

မန္တလေး ချမ်းအေးသာစံမြို့နယ် ၇၈ လမ်း၊ ၃၁×၃၂ လမ်းကြား ဖန်တက်စီဝေါလ်အနီးတွင် ယာဉ်အမှတ် ၅၈/×××မစ်ဆူဘီရှိပါဂျဲရိုးယာဉ်နှစ်စီးအား ယာဉ်နံပါတ်တူ၊ အမျိုးအစားတူ တပ်ဆင်ထားကြောင်း တွေ့ရှိရသဖြင့် တရားမဝင်မှတ်ပုံတင်ထားခြင်းမရှိသော ယာဉ်အားဖော်ထုတ်အရေးယူနိုင်ရန်အတွက် မေ ၁၁ ရက်ည ၉ နာရီခန့်က ယာဉ်ထိန်းရုံးသို့ ခေါ်ဆောင်လာပြီး အဆိုပါ မော်တော်ယာဉ်နှစ်စီးပိုင်ရှင်များထံမှ သက်သေခံစာရွက်စာတမ်းများ တောင်းခံ၍ မန္တလေးတိုင်းဒေသကြီးကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားရေးဦးစီးဌာနသို့ စိစစ်ပြန်ကြားပေးရန်ပို့အပ်စိစစ်ခဲ့သည်။ မော်တော်ယာဉ်တစ်စီးမှာ တရားမဝင် လိုင်စင်မဲ့ယာဉ်ဖြစ်ပြီး ယာဉ်မှတ်ပုံတင်စာအုပ်နှင့် ယာဉ်လိုင်စင်သက်သေခံ အဝိုင်းမှာ အတုဖြစ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် နံပါတ်တုတပ်ဆင်ထားသည့်လိုင်စင်မဲ့ ယာဉ်ပိုင်ရှင်ဦး ××× အားမှတ်(၈)ရဲစခန်းတွင် အမှုဖွင့် အရေးယူခဲ့ရာ (ပ)၂၃၉/ ၂၀၁၁ သွင်းကုန်ထုတ်ကုန်ပုဒ်မ-၅(၁)အရလည်းကောင်း၊(ပ)၂၄၀/ ၂၀၁၁ ဖြစ်မှု ပုဒ်မ-၄၂၀/၄၆၈ အရလည်းကောင်း အရေးယူပြီး နောက်ကွယ်မှ ယာဉ်လိုင်စင်အတုပြုလုပ်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မန္တလေး ယာဉ်ထိန်းတပ်ဖွဲ့၊ နယ်မြေ(၁)နယ်မြေမှူး ဒုရဲမှူးပြည့်စုံက 7 Day News သို့ ပြောသည်။

# ရွေးကောက်ပွဲ ကတိအတိုင်း ရေချိုရရှိရေး ဆောင်ရွက်ဟုဆို

**ထူးသန့်**

**နေပြည်တော်၊ မေ-၂၁**

နေပြည်တော် ပျဉ်းမနားမြို့ရှိ ရပ်ကွက်အချို့တွင် ရေပေးဝေရေးကော်မတီက ရေချိုရရှိရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ရန်အောင် ၁ အုပ်စု၊ ငွေတောင်ရပ်ကွက်နေပြည်သူတစ်ဦးကပြောသည်။

ထိုကဲ့သို့ ရေချိုပေးဝေနိုင်ရန်အတွက် အဝီစိတွင်း တစ်တွင်းတူးလျက်ရှိပြီး ရေမီတာ တစ်ယူနစ်လျှင် သုံးရာကျပ်နှုန်းဖြင့် သုံးစွဲခွင့်ရရှိသွားမည်ဟုဆိုသည်။

လောလောဆယ်တွင် ရေမီတာတပ်ဆင်အသုံးပြုလိုသူများအား စာရင်းပြုစုလျက်ရှိပြီး မြေအောက်ရေပိုက်သွယ်တန်းရေးအတွက်တစ်အိမ်ထောင်လျှင်ကျပ်သုံးသောင်းနှုန်းဖြင့် ကောက်ခံလျက်ရှိကြောင်းလည်း ၎င်းက ဆက်လက်ပြောသည်။

"ရွေးကောက်ပွဲအကြိုတုန်းကရေရရှိရေးဆောင်ရွက်ပေးမယ်လို့ ကိုယ်စားလှယ်တွေက ပြောခဲ့တာရှိပါတယ်။ အခုအဲဒီအတိုင်းပါပဲ။ ရေပေးဝေရေးကော်မတီဖွဲ့ပြီး လုပ်ပေးနေပါတယ်။ တစ်နေ့ကို နှစ်ကြိမ်ရေပေးမယ်လို့လည်း ပြောပါတယ်။ အခုတော့ မြေအောက်ရေပိုက်အတွက်သုံးသောင်းပေးရမယ်။ တစ်ခါအိမ်ထဲကို ရေပိုက်သွယ်ရင်လည်းနှစ်သောင်းလောက်တော့ထပ်ကုန်ဦးမှာပါ"ဟု၎င်းက ဆက်လက်ပြောကြားသည်။

နေပြည်တော် ပျဉ်းမနားမြို့တွင် ဂျပန်နိုင်ငံကူဘိုတာကုမ္ပဏီက ၁၉၈၉ ခုနှစ်တွင် အဝီစိတွင်း ၁၂ တွင်းတူးဖော်လှူဒါန်းခဲ့သည်။ ယခုအခါ နေပြည်တော်စည်ပင်သာယာရေးကော်မတီက နေ့စဉ်ရေဂါလန်နှစ်သိန်းကျော် ပေးဝေလျက်ရှိပြီး ရေဂါလန် ၁၅၀ မှ ၂၀၀ အထိရှိသည့် ရေမီတာတစ်ယူနစ်လျှင် နှစ်ရာကျပ်နှုန်းဖြင့် ကောက်ခံလျက်ရှိသည်။

ထိုကဲ့သို့ ပေးဝေလျက်ရှိသော်လည်း ဆင်ခြေဖုံးရပ်ကွက်များတွင်မူ စည်ပင်ရေမရရှိသဖြင့် ကိုယ်ပိုင်အဝီစိတွင်းများ၊ အုတ်တွင်းများ၊ ဘုန်းတော်ကြီးကျောင်းရှိ ရေတွင်းများ၊ သယ်ယူရောင်းချသူများထံမှ အဆင်ပြေသလို သုံးစွဲနေရကြောင်းလည်း မြို့ခံများက ပြောသည်။

7 DAY NEWS JOURNAL
Vol.10, No.11 · JUNE 2, 2011

## မိုးဦးစော၍ တွင်းတောင်တွင်းပိုး အထွက်ကောင်းဖွယ်ရှိ


**မျိုးမင်းဦး**

**မုံရွာ၊ မေ- ၂၅**

မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ တွင်းတောင်ဒေသထွက် အစားအစာတစ်မျိုးဖြစ်သောတွင်းပိုးအား ယခင်နှစ်များအတွင်းဖမ်းဆီးရရှိမှု နည်းပါးခဲ့သော်လည်း ယခုနှစ်မိုးရာသီတွင် မိုးဦးစောပြီးမိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် တွင်းမိုးအထွက်နှုန်း ပိုမိုများပြားလာနိုင်ကြောင်း တွင်းတောင်ဒေသခံများက ပြောသည်။

"ပြီးခဲ့တဲ့နှစ်တုန်းက မိုးရာသီမိုးမကောင်းလို့တွင်းပိုးဖမ်းဆီးရရှိတာ နည်းတယ်။ ဒီနှစ်မိုးကောင်းရင်တော့ တွင်းပိုးဖမ်းသူတွေပိုရနိုင်တယ်။ မိုးဦးစောမယ်၊ မိုးကောင်းမယ်ဆိုရင်တွင်းတောင်မှာ တွင်းပိုးလှိုင်လှိုင်ရနိုင်တယ်။ တွင်းပိုးတွေအထွက်ကောင်းရင်တွင်းပိုးဈေးပြန်အေးလာနိုင်တယ်။ လောလောဆယ် အရင်နှစ်တုန်းက အထွက်နှုန်းလျော့တာအပေါ်မူတည်ပြီး တွင်းပိုးတစ်ပြည် ကျပ်တစ်သောင်းခွဲဈေးနဲ့ ရောင်းနေတုန်းပါ"ဟု တွင်းတောင်ဒေသခံ တွင်းပိုးရောင်းချသူတစ်ဦးက ပြောသည်။

တွင်းတောင်သည်ဘုတလင်မြို့၏ အနောက်တောင်ဘက် ၇ မိုင် ၂ ဖာလုံခန့်ကွာဝေးပြီး မိုးဦးကျချိန်တွင် အင်းဆက်ပိုးလေးများမှ တွင်းတောင်ကန်အတွင်း ဥဥချကြောင်းသိရသည်။ ဥပြီးနောက် ရက်တွင် အကောင်ပေါက်ပြီး ၁၇ ရက်အကြာ ကုန်းစပ်သို့ပြန် လည်တက်လေ့ရှိရာတွင်းပိုးများ ကုန်းစပ်တက်ချိန်တွင် ဖမ်းဆီးလေ့ရှိသည်။ တွင်းတောင်အတွင်း လေမတိုက်သည့်ဒေသတွင် တွင်းပိုးများ စုဝေးနေတတ်ပြီးလေကြောင်းကြည့်၍ တွင်းပိုးဖမ်းဆီးကြသည်။ တွင်းတောင်ဒေသတွင် တွင်းပိုးဖမ်းဆီးသူ ၂၀၀ ခန့်ရှိပြီး တွင်းပိုး ဖမ်းဆီးသည့် မီးအုပ်ဆောင်းအရေအတွက်ပေါ်မူတည်ကာ တွင်းပိုးဖမ်းဆီးခွင့် အခွန်အခများ ပေးဆောင်ရကြောင်း သိရသည်။ တွင်းပိုးအား မြန်မာ့ရိုးရာလက်ဖက်နှင့်အတူတွဲဖက်စားသုံးလေ့ရှိပြီး တွင်းပိုးတစ်ပြည်လျှင် ကျပ် ၅,၀၀၀ မှ ကျပ် ၂၀,၀၀၀ အထိဈေးကောင်းရရှိခဲ့သဖြင့်ဈေးကွက်အနေအထားအရစားသုံးသူလျော့နည်းလာခြင်းဖြစ်ကြောင်း သိရသည်။



ဓာတ်ပုံ - မျိုးမင်းဦး

## နေပြည်တော်-ပုသိမ် တိုက်ရိုက်ခရီးစဉ် ပြေးဆွဲမည်

**ထူးသန့်**

**နေပြည်တော်၊ မေ- ၂၁**

နေပြည်တော်မြို့တော်နှင့် ဧရာဝတီတိုင်းဒေသကြီး၏ မြို့တော်ပုသိမ်မြို့ကို တိုက်ရိုက်ဆက်သွယ်ပြေးဆွဲမည့် ခရီးစဉ်အား နေပြည်တော်အခြေပြု'ထက်ဦး'ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းက လာမည့် ဇွန် နှစ်ရက်မှ စတင်ပြေးဆွဲသွားမည်ဖြစ်ကြောင်း ယင်းယာဉ်လိုင်းမှ တာဝန်ရှိသူက ပြောသည်။

အဆိုပါ ခရီးစဉ်အတွက် ထိုင်ခုံလက်မှတ်တစ်စောင်လျှင် ၉၀၀၀ ကျပ်နှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး နေပြည်တော်မှ နေ့စဉ်ည ကိုးနာရီခွဲတွင် ထွက်ခွာမည်ဖြစ်ကာ ပုသိမ်မြို့မှ နေ့စဉ် နံနက်ဆယ့်တစ်နာရီတွင် ထွက်ခွာပေးမည် ဖြစ်သည်။ ရန်ကုန်ဒဂုံဧရာအဝေးပြေး ယာဉ်ရပ်နားစခန်းတွင် ခေတ္တရပ်နားပေးမည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောသည်။

နေပြည်တော်တွင် ယာဉ်လိုင်းပေါင်း ၅၀ နီးပါးမှ အခြားတိုင်းဒေသကြီးများနှင့် ပြည်နယ်များသို့ ခရီးသည်များ နေ့စဉ်ပို့ဆောင်ပေးလျက်ရှိပြီး နေပြည်တော်-ရန်ကုန်ခရီးစဉ်တွင် ယာဉ်လိုင်းပေါင်း ၂၃ လိုင်းဖြင့် အများဆုံးပြေးဆွဲလျက်ရှိကာ နေပြည်တော်-မန္တလေးခရီးစဉ်တွင် ယာဉ်လိုင်းပေါင်း ၁၃ လိုင်းဖြင့် ဒုတိယအများဆုံးဝင်ရောက်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

## သက်ကြီးရွယ်အို စောင့်ရှောက်ရေး နည်းလမ်းသစ်များ စမ်းသပ်ကျင့်သုံးမည်

**ထူးသန့်**

**နေပြည်တော်၊ မေ- ၂၃**

သက်ကြီးရွယ်အို စောင့်ရှောက်ရေးနည်းလမ်းသစ်များကိုယခုကတည်းက စမ်းသပ်ကျင့်သုံးသွားမည်ဖြစ်ကြောင်းလူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

သက်ကြီးရွယ်အို ဦးရေငါးသန်းကျော်ရှိနေသောမြန်မာနိုင်ငံတွင် အိုမင်းမစွမ်းသည့် အရေအတွက်ငါးသိန်းခန့်ရှိနေပြီး လက်ရှိဘိုးဘွားရိပ်သာပေါင်း ၆၅ ခုမှ ၂၂၈၉ ဦးကိုသာလျှင် လက်ခံစောင့်ရှောက်ထားနိုင်သေးသည်။ လောလောဆယ်တွင် အိမ်တိုင်ရာရောက်သက်ကြီးရွယ်အိုစောင့်ရှောက်ရေးစီမံကိန်းကို အာဆီယံနှင့် ကိုရီးယားနိုင်ငံတို့၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိသည်။

"ကမ္ဘာမှာ လူတွေအသက်ပိုရှည်လာတော့ အိုမင်းမစွမ်းတွေကို စောင့်ရှောက်ဖို့အရေးပါလာတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်းလာမည့်နှစ်တွေမှာ ကြုံရတော့မှာပါ။ ဒီကလူနေမှုစနစ်အရဘိုး၊ဘွားတွေက ရိပ်သာကို မသွားချင်ကြဘူး။ ဖွံ့ဖြိုးပြီးနိုင်ငံတွေလို ပိုက်ဆံမသုံးနိုင်တော့လည်းပုဂ္ဂလိကစောင့်ရှောက်ရေးစနစ်တွေ မထွန်းကားဘူး။ ဒါကြောင့် နည်းလမ်းသစ်တွေရှာပြီး စမ်းသပ်သွားရပါမယ်"ဟုအထက်ပါတာဝန်ရှိသူက ရှင်းလင်းပြောသည်။ အခြားနည်းလမ်းတစ်ခုအဖြစ်သက်ကြီးရွယ်အိုချင်း ကူညီစောင့်ရှောက်ရေး အဖွဲ့များကိုလည်း ရပ်ကွက်နှင့်ကျေးရွာတိုင်း၌ဖွဲ့စည်းနိုင်ရန် ကြိုးပမ်းလျက်ရှိပြီး လောလောဆယ် Help Age International က ဧရာဝတီနှင့် မန္တလေးတိုင်းဒေသကြီးများရှိ ကျေးရွာ ၄၀ တွင် အဆိုပါ အဖွဲ့များဖွဲ့စည်းနိုင်ခဲ့သည်ဟု တာဝန်ရှိသူတစ်ဦးကဆိုသည်။

အာဆီယံ-ကိုရီးယား အိမ်တိုင်ရာရောက် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းသုံးသပ်ခြင်းနှင့် အတွေ့အကြုံဖလှယ်ခြင်း သက်ကြီးရွယ်အိုဆိုင်ရာ အမျိုးသားအဆင့် မူဝါဒများ၊ ဒေသခွဲအဆင့် အလုပ်ရုံဆွေးနွေးပွဲများကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကာ နေပြည်တော်ရှိ အမရာဟိုတယ်တွင် မေလ ၂၃ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့သည်။

## အရက်ကြောင့် စိတ်ရောဂါဖြစ်ပွားသူများလာ

**စိုင်းသာအောင်**

မန္တလေး၊ မေ- ၂၀

မန္တလေးတိုင်းဒေသကြီး ထုံးဘို-မြစ်ငယ်ဒွေးလမ်းရှိကျန်းမာရေးဝန်ကြီးဌာန စိတ်ကျန်းမာရေး ဆေးရုံ(မန္တလေး)တွင် အရက် သောက်သုံးမှု လွန်ကဲသောကြောင့်စိတ်ရောဂါဖြစ်ကာ လာရောက်တက်ရောက်ကုသသူကအများ ဆုံးဖြစ်ကြောင်း အဆိုပါစိတ်ကျန်းမာရေးဆေးရုံမှ ဆရာဝန်တစ်ဦးက ပြောသည်။

ထိုဆေးရုံသို့ ၂၀၁၀ ပြည့်နှစ်က အတွင်းလူနာအမှတ် ၁၂၀၀ ခန့်တက်ရောက်ပြီး ပြင်ပလူနာအဖြစ် လူနာ ၅၀၀၀ ကျော် တက်ရောက်ကုသခဲ့သည်။ လူနာအများစုမှာစိတ်ကျရောဂါ၊ စိတ်ကြွရောဂါ၊ စိတ်ကစဉ့်ကလျား ရောဂါများကိုအများဆုံးကုသပေးရပြီး အရက်ကြောင့်(အရက်သောက်သုံးမှုလွန်ကဲမှု)ကြောင့် အသက်၁၈ နှစ်မှ အသက်၇၀ ကျော် အမျိုးသားစိတ်ဝေဒနာသည်များက အများဆုံးဖြစ်ကြောင်း အဆိုပါဆေးရုံ၏ ဆေး ရုံအုပ်ကြီးက အတည်ပြုပြောကြားသည်။ အတွင်းလူနာအဖြစ် ၂၀၁၀ ပြည့်နှစ်တွင် လာရောက်ကုသသူ ၁၂၀၀ ခန့်၌ အရက်ကြောင့်ဖြစ်သော စိတ်ရောဂါသည် (စိတ္တဇဝေဒနာရှင်) အမျိုးသားက ၇၀၀ ခန့်ပါဝင်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ဆေးရုံတက်ရောက်ကုသသူ ၅ ဦးတွင် ၃ ဦးမှာ အမျိုးသားဖြစ်ပြီး အမျိုးသမီးများထက် အမျိုးသားများက စိတ်ရောဂါဖြစ်ပွားသည်။ အမျိုးသားအများစုမှာလည်း အ ရက်အလွန်အကျွံသောက်သုံးမှုကြောင့် ဖြစ်ပြီးအရက်ကြောင့် ဦး နှောက်ဆဲများ ပျက်စီးကာ စိတ် မမှန်စိတ်ဖောက်ပြန်မှုများဖြစ်၍ ဆေးရုံသို့ ရောက်ရှိလာခြင်းဖြစ်သည်။

အဆိုပါဆေးရုံမှ ဆရာဝန် တစ်ဦးက "အရက်ဟာအပျော်သောက်ရာမှပုံမှန်သောက်။ ပုံမှန်သောက်ရာမှ အလွန်အကျွံသောက် ဖြစ်လာတယ်။ အရက်ဟာစွဲရင် ဖြတ်ဖို့ခက်တယ်။ အချို့က ပညာမတတ်လို့ ကျိုးကြောင်းဆင်ခြင်မှု အားနည်းလို့သောက်တယ်။ အချို့ကပညာတတ်တယ်။ ဥစ္စာရှိတယ်။ ဒါပေမဲ့ အရက်ကိုကြိုက်လို့သောက်တယ်။ ဆင်းရဲလို့၊ စိတ်ညစ်လို့၊ ဘဝအမောတွေကို ဖြေချင်လို့၊ ပျော်လို့စသည်ဖြင့် အရက်ကို ပုံစံအမျိုးမျိုးဖြင့် သောက်သုံး ကြတယ်။ အရက် ဟာ အလွန်အကျွံ သောက်ဖြစ်ပြီဆိုရင်တော့ အရက်သမားအမှားတစ်ထောင်မကတော့ပါဘူး"ဟု ပြောသည်။

"၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှာ မြန်မာပြည်အနှံ့အပြားတောရော၊ မြို့ရော လူငယ်၊ လူကြီးအရက်သောက်သူတွေများတာဟာ တိုင်းပြည်ရဲ့ လုပ်အား၊ ဉာဏ်အားတိုးတက်မှုကို ထိခိုက်စေပါတယ်။ အသက်ငယ်တဲ့သူတွေ အရက် သောက်ရင် ခန္ဓာကိုယ်ဖွံ့ဖြိုးမှု ထိခိုက်စေပါတယ်။ ယနေ့အရက်တွေဟာ အရက်ဆီ(ဓာတုဆေးဝါး) တွေနဲ့ ရောစပ်ပြီး ရေနဲ့ရောပြီး အရက်အဖြစ်ဖန်တီးထားတော့ အရက်သောက်သူတွေရဲ့ကျန်းမာ ရေးကို မြန်မြန်ထိခိုက်စေပြီး ဘဝအညွန့်တုံးစေပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါစိတ်ရောဂါကုဆေးရုံမှ သူနာပြုဆရာမတစ်ဦးက "ယခုဆိုင်ကယ်တွေကပေါတယ်။ လူငယ်တွေ အရက်သောက်ပြီး ဆိုင်ကယ်စီးကြတယ်။ ဆိုင်ကယ် ဦးထုပ်က မဆောင်းကြဘူး။ ဦးထုပ်မဆောင်းတဲ့အတွက် ဦးခေါင်းဒဏ်ရာရပြီး သေဆုံးကြတယ်။ မသေတဲ့လူက ဦးနှောက်ဒဏ်ရာရပြီး ဆေးရုံရောက်လာတယ်။ ဦးနှောက်ပိုင်းဆိုင်ရာ ထိခိုက်မှုတွေရှိလာတယ်" ဟု သူ၏ အတွေ့အကြုံကိုပြောသည်။

သူမက ဆက်လက်၍ "စိတ်မကောင်းစရာ အကောင်းဆုံးကတော့ အသက်ငယ်ငယ်နဲ့အရက်အလွန်အကျွံသောက်ပြီးစိတ်ရောဂါရကာဆေးရုံရောက်လာတဲ့ လူငယ်တွေပါ။ အသက်က ၁၈ နှစ်၊ ၁၉ နှစ်ပဲ ရှိတယ်။ အရက်သောက်သုံးမှုကြောင့် အသည်း အက်ရုံသာမကတော့ဘူး။ ဦး နှောက်ပါပျက်နေကြပြီ။ အရက်သောက်သုံးမှုလွန်ကဲခြင်းဟာစိတ်ဝေဒနာရောဂါရဖို့စိတ္တဇဝေဒနာရှင်ဖြစ်ဖို့ ၇၅ ရာခိုင်နှုန်းသေချာနေပြီ။ လူငယ်တွေရော၊ လူကြီးတွေရော၊အရက်ကို ရှောင်ကြဉ်ကြဖို့၊ မရှောင်ကြဉ်နိုင်တောင် အလွန်အကျွံမသောက်ကြဖို့ အကြံပြုပြောလိုပါတယ်" ဟု ပြောသည်။ စိတ်ကျန်းမာရေးဆေးရုံ(မန္တလေး)သည် မန္တလေးမြို့ အရှေ့တောင်ဘက် ၁၇ မိုင်ခန့်ကွာ၊ မြစ်ငယ်-ထုံးဘိုဒွေးလမ်းတွင်ရှိပြီး၊ စိတ်ဝေဒနာရှင်များအတွက် အစား၊ ဆေးဝါးပစ္စည်းနှင့် စားသောက်ဖွယ်ရာများလည်း လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။






7 DAY NEWS JOURNAL
Vol.10, No.11 • JUNE 2, 2011



# လယ်ယာကဏ္ဍတွင် လုပ်သားနှင့် ကျွဲ၊ နွားရှားပါးမှု စတင်ကြုံတွေ့

သန်းဌေး

**ရန်ကုန်၊ မေ-၂၂**



လယ်ယာလုပ်ငန်းခွင်တွင် အရေးပါသော ကျွဲ၊ နွားများနှင့် လယ်ယာလုပ်သားရှားပါးမှု စတင်ကြုံတွေ့လာရပြီဖြစ်ကြောင်း တောင်သူလယ်သမားများက ပြောသည်။

"ကျွန်တော့်လယ်ဆို နွားနဲ့ထွန်ရင် နွားရှစ်ကောင်လူလေးယောက် လိုတယ်။ အခုစက်နဲ့ဆို လူနှစ်ယောက် စက်နှစ်လုံးနဲ့ဆိုပြီးပြီ" ဟု ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကြက်ဖမွေးဇောင်းရွာမှ လယ်ကေ ၈၀ ပိုင်သော လယ်သမားကြီး ဦးစိုးအောင်က ပြောသည်။ ကျွဲ၊ နွား မပါဘဲ စက်ကိရိယာဖြင့် လယ်လုပ်သည်မှာ ဆယ်နှစ်ခန့်ပင်ရှိကြောင်း ဦးစိုးအောင်ကပြောသည်။

"အရင်ကဆိုလယ်တစ်ကေကို ဆန်တစ်ခွဲ(၈ပြည်)နဲ့ ငွေ ၃,၀၀၀ ပဲ ပေးနေကျ။ အခုတော့ ဆန် တစ်ခွဲနဲ့ ငွေ ၇,၀၀၀ ကျပ်ပေးရတယ်" ဟု ၎င်းက လယ်ထွန်ခဈေးတက်လာပုံကို ပြောသည်။

ယမန်နှစ်က လယ်တစ်ကေအတွက် အလုပ်သမားနှင့် ကုန်ကျစရိတ်မှာ စုစုပေါင်း တစ်သိန်းရှိရာမှ ယခုအခါ ၁၈၀,၀၀၀ ကျပ်ကုန်ကျလာကြောင်း ဦးစိုးအောင်ကပြောသည်။

"ပဲခူးချိန်ဆို အညာဘက်က လိုသလောက် လူမှာရတယ်။ ၂၀ ဆို ၂၀၊ ၃၀ ဆို ၃၀ ပေါ့" ဟု ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ပုလဲစံပြကျေးရွာမှ ဒေါ်မြရွှေက ပြောသည်။ ၎င်းတို့ရွာတွင်လည်း လယ်ယာလုပ်သား ရှားပါးလာသည်မှာ ဟုတ်မှန်ကြောင်း ပြောသည်။

မူလက နွားပိုင်ရှင်များမှာလည်း စပါးပေါ်ချိန်တွင် ငွေတိုးချေးသူထံမှ တစ်လလျှင် ၁၀ ကျပ်တိုးဖြင့် ယူထားသော ငွေကြေး ပြန်လည်ပေးဆပ်ရန် ခိုင်းနွားရောင်းရခြင်းများလည်းဖြစ်ပေါ်နေကြောင်း ပဲခူးတိုင်းဒေသကြီးမှ လယ်သမားတစ်ဦးကပြောသည်။

"မိရိုးဖလာနဲ့ပဲ လယ်စိုက်ချင်သူတွေကလည်း ရှိသေးတော့ လွယ်ပါ့မလား" ဟု ကြက်ဖမွေးဇောင်းရွာသား ဦးကျော်ဇင်လတ်က ပြောသည်။

စက်ကိရိယာများကို အသုံးပြုနိုင်ရန် ငွေကြေးအရင်းအနှီးလိုအပ်ချက်က နိုင်ငံတော်နှင့် အကျိုးတူလုပ်မည့် ကုမ္ပဏီများက ငွေကြေး၊ စက်ကိရိယာနှင့် နည်းပညာပါပေးပါက ဖြစ်နိုင်ကြောင်း ဦးစိုးအောင်က သူ၏အမြင်ကိုပြောသည်။ ၎င်းကိုယ်တိုင် စက်ဖြင့်စတင်အသုံးပြုစဉ်က စက်ပြင်သမားအတွက် ကုန်ကျစရိတ်နှင့် စက်ပျက်ဆီး၍ ကိရိယာဖိုး ဝယ်ထည့်ရသော ငွေကြေးများ အသုံးပြုခဲ့ရသည်။ ယခုအခါ စက်ပျက်ပါက ကိုယ်တိုင်ပြင်တတ်လာပြီဖြစ်ကြောင်း ပြောသည်။

"ဝိုင်းပံ့ပိုးကူညီကြရင်တော့ စက်မှုလယ်ယာဖြစ်ဖို့အခွင့်အရေးကောင်းပါပဲ" ဟု ၎င်းက ပြောကြားသည်။

# အမျိုးသမီးများ ပြည်ပသို့ အလုပ်သွားလုပ်ခြင်းကို ခွင့်မပြုထားဟုဆို

အောင်သူရ

**ရန်ကုန်၊ မေ-၂၅**

ပြည်ပနိုင်ငံများသို့ အမျိုးသမီးများ သွားရောက်အလုပ်လုပ်ကိုင်ခြင်းအား ခွင့်ပြုထားခြင်းမရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ထွန်းဦးက ပြောသည်။

"အလုပ်သမား ညွှန်ကြားမှုဦးစီးဌာနနဲ့ စာအမှတ်-၆၃၀၉/၃/၂၇/အလည(လုပ်သုံး)၂၀၀၈ ဇူလိုင် ၉ ရက် ရက်စွဲပြည်ပသို့ အမျိုးသမီးများ သွားရောက်အလုပ်လုပ်ကိုင်ခြင်း ခွင့်ပြုခြင်းမရှိပါဘူး။ ခရိုင်နဲ့မြို့နယ်များမှ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနများကိုလည်း ညွှန်ကြားထားပြီးသားဖြစ်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူဦးဉာဏ်ထွန်းဦးက မေ ၁၇ ရက်တွင် သတင်းထောက်များနှင့် တွေ့ဆုံစဉ်ပြောကြားသည်။

သို့သော် မြန်မာနိုင်ငံမှ အရွယ်စုံအမျိုးသမီးများသည် မလေးရှား၊ ဂျော်ဒန်အပါအဝင် အရှေ့အလယ်ပိုင်းနိုင်ငံများသို့ လစဉ်သွားရောက်နေမှုများရှိနေကြောင်း ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီအသိုင်းအဝိုင်းမှ သတင်းရရှိသည်။ ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများသို့ ယခုနှစ်လိုင်စင်ထုတ်ပေးရာတွင် အမျိုးသမီးများ ပို့ဆောင်ခြင်း မရပြုရဟု ထပ်မံဖော်ပြပါရှိခဲ့သည်။

ယခုနှစ်ပိုင်းအတွင်း ပြည်ပသို့ အထူးသဖြင့် မလေးရှားသို့ အလုပ်သွားရောက်လုပ်ကိုင်သူများပြီး အချို့သော အသက် ၄၀ ကျော် အမျိုးသမီးများသည် ပတ်စ်ပို့စာအုပ်တွင် အသက်လိမ်လည်၍ သွားရောက်သူများရှိကြောင်း သတင်းရရှိသည်။

သွားရောက်သူ အများစုမှာ မလေးရှားနိုင်ငံရှိ စက်ရုံ၊ အလုပ်ရုံနှင့် စားသောက်ဆိုင်များ၌ ဝင်ရောက်လုပ်ကိုင်ပြီး စင်ကာပူနိုင်ငံတွင် အိမ်ဖော်လုပ်ငန်းနှင့် အရှေ့အလယ်ပိုင်းသို့ သူနာပြု၊ ဟိုတယ်နှင့် စားသောက်ဆိုင် ဝန်ထမ်းနှင့် အရောင်းဝန်ထမ်းများအဖြစ် သွားရောက်ကြခြင်းဖြစ်ကြောင်း သိရသည်။

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

**JOB VACANCY (URGENT)**
**Lavender Blossom Co.,Ltd.**
Office Stafff M/F (1) post, Any Graduate, Age 30-35,
**PH: 09-8601603**

--------------------------

မော်ဒယ်သရုပ်ဆောင် ကျား၊ မ အလိုရှိသည်။ ပုပ္ပားတောင်ကလပ်တွင် ဗီစီဒီရိုက်မည်ဖြစ်ပါ၍ ပါဝင်လိုပါက နံနက် ၉ နာရီမှ နေ့လယ် ၁၂ နာရီအတွင်းကိုယ်တိုင် လာရောက်လျှောက်ထားနိုင်သည်။ မင်းဂွတ်၊ အမှတ်-၅၊ ၁၁၈ လမ်း၊ (မင်္ဂလာဈေးအနီး)ရန်ကုန်မြို့။

--------------------------

အနိုပ်ကျွမ်းကျင်သော အမျိုးသားဝန်ထမ်း (၅)ဦးအလိုရှိသည်။ ရန်ကုန်တွင်ဖြစ်သည်။ (နေထိုင် စားသောက်မှုငြိမ်း)
ဖုန်း-၀၉-၄၉၃၀၄၁၈၁

--------------------------

Excel ဖြင့် ဆောင်ရွက်နိုင်သော စာရင်းကိုင်အမျိုးသား(၁)ဦးအလိုရှိသည်။ နယ်တွင်တာဝန်ထမ်းဆောင်ရန်။ (နေထိုင်စားသောက်မှုငြိမ်း) ဖုန်း-၀၉-၄၉၃၀၉၅၆၄

--------------------------

ဂျပန်ဆရာ၊ ဆရာမ (၁)ဦးအမြန်အလိုရှိသည်။ N2, B.A (Japanese), Diploma in Japanese, Shinpo. **PH: 01-526030**

--------------------------

ရွှေပိတောက်သွားနှင့်ခံတွင်းအထူးကုဆေးခန်းမှ ဝန်ထမ်းအလိုရှိပါသည်။ လိုအပ်သောစာရွက်၊ စာတမ်း အပြည့်အစုံနှင့်အတူ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။ ရေကြောင်းသိပ္ပံရှေ့။
ဖုန်း-၀၉ ၇၃၀ ၂၀၆၄၆၊
၀၉ ၅၀၄၇၃၆၄

--------------------------

ကုမ္ပဏီစာရင်းကိုင် F (1), အထွေထွေရုံးဝန်ထမ်း M(1), ကိုရီးယားညှော် လမ်းညွှန် (Permament) M/F (1)(ကိုရီးယားညှော်လမ်းညွှန် On Call Guides များလည်း လျှောက်ထားနိုင်ပါသည်)၊ အင်္ဂလိပ်စကားပြန် M/F (1) အသေးစိတ်စုံစမ်းရန်ဖုန်း-**01-548310, 548317 (Ext-2242)**

--------------------------

မေ အလှပြုပြင်ရေး
ခေါင်းလျှော်ကျွမ်းကျင် မ (၂)ဦး၊ ခြေသည်း/လက်သည်း ပုံဖော်ကျွမ်းကျင် မ (၁)ဦး။ နေထိုင်စားသောက်ရေး တာဝန်ယူသည်။
ဖုန်း- ၀၉-၅၀၉၅၈၆၉

--------------------------

ရွှေပုပ္ပားအထူးကုဆေးခန်း
ကင်ဆာအထူးကု ဆရာဝန်ကြီးတစ်ဦး အလိုရှိသည်။
W1, ရန်ကင်းပန်းခြံအိမ်ရာ၊ ရန်ကင်းစင်တာဘေး၊ ဆရာစံလမ်းမကြီး၊ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၃၃၂၃၆

--------------------------

ဝန်ထမ်းအလိုရှိသည်
လက်ကမ်းကြော်ငြာဝေရန်ကျား၊မ (၅)ဦး၊ ရန်ကုန်မြို့နှင့် အနီးတွင် နေထိုင်သူ TLCC ကွန်ပျူတာစင်တာ(သိမ်ဖြူကားမောင်းကွင်းရှေ့)
ဖုန်း- ၀၉-၅၁၉၆၀၆၇

--------------------------

**Job Vacancy**
OJT PHP Webdeveloper F (4), Flash Developer M/F (3), Office Staff F (4), No.72, Ground Floor, Sattwin Street, Ahlone T/s, Ygn.

--------------------------

N27 Body Fitness မှ ကျွမ်းကျင်သည့် ကာယနည်းပြဆရာမတစ်ဦး၊ အဆီချဝန်ထမ်းမတစ်ဦး အမြန်အလိုရှိသည်။
ဖုန်း- ၀၉-၅၀၉၆၄၂၈

--------------------------

N27 Body Fitness မှဝန်ထမ်း(၂)ဦးအလိုရှိသည်။ အတွေ့အကြုံရှိသူကို ဦးစားပေးမည်။
အမှတ်- ၃၂၀၊ ၂၅ လမ်းထိပ်၊ အနော်ရထာလမ်းမ၊ ပန်းဘဲတန်းမြို့နယ်။ ဖုန်း- ၀၉-၅၀၉၆၄၂၈

--------------------------

အမြန်အလိုရှိသည်
ပုံနှိပ်စက် (4 Unit)စက်ကိုင် ကျား (၂)ဦး၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃)နှစ်ရှိရမည်။ ပုံနှိပ်စက်အထွေထွေ လုပ်သား ကျား (၁၀)ဦး၊ အခြေခံပညာ ၈ တန်းအောင်ရမည်။
ဖုန်း- ၀၉-၇၃၀၃၂၉၇၃

--------------------------

အမြန်အလိုရှိသည်
Marketing မ(၁၀)ဦး၊အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူဖြစ်ရမည်။ ရန်ကုန်မြို့တွင်း ကျွမ်းကျင်စွာသွားလာနိုင်ရမည်။
ဖုန်း- ၂၀၀၅၇၅

--------------------------

**Publishing and Media Service**
Office Staff အမျိုးသမီး (၁)ဦး၊ Marketing အမျိုးသမီး (၁)ဦး။ ပုံနှိပ်မီဒီယာနားလည်ပြီး လူမှုဆက်ဆံရေးကောင်းမွန်ရမည်။
ဖုန်း- ၃၈၇၅၇၆

--------------------------

**Vacancy at Travel agent**
Sales & Marketing Executive F (1) Post, Age between 22 to 30, At least 5 years marketing experience in tourism field. Must be good in English, Social Dealing and Online marketing.
**PH: 09-5134169**

--------------------------

ဝန်ထမ်းအလိုရှိသည်
အရောင်းဝန်ထမ်း မ (၂)ဦး၊ အရောင်းတာဝန်ခံ မ (၂)ဦး၊ အထွေထွေ လုပ်သား ကျား (၄)ဦး။ စိတ်ဝင်စားပါက ကိုယ်ရေးရာဇဝင်နှင့် အထောက်အထား အားလုံးကို ယူဆောင်၍ (၂)ပတ်အတွင်းလူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။
**အမှတ်(၆၃)၊ မြေညီ၊ ၁၂ လမ်း၊ လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။**

--------------------------

**Sweety Home Industry Co.,Ltd**
Assistant Marketing ကျား(၂)ဦး ဘွဲ့ရပြီး ကွန်ပျူတာ အသုံးပြုနိုင်ရမည်။ Marketing အတွေ့အကြုံရှိသူ ဦးစားပေးမည်။
ဖုန်း- ၀၉-၇၃၀၁၃၂၃၀

--------------------------

ဝန်ထမ်းအလိုရှိသည်
Site Engineer ကျား(၁)ဦး၊ ယာဉ်မောင်း ကျား (၁)ဦး၊ လုံခြုံရေးဝန်ထမ်း ကျား (၅)ဦး။ အသေးစိတ်ဆက်သွယ်စုံစမ်းရန်
ဖုန်း-၂၀၁၃၂၆၊ ၂၉၃၃၈၄

--------------------------

အထွေထွေဝန်ထမ်းကျား(၅)ဦးအခြေခံပညာအထက်တန်းအဆင့် နေစရာပေးမည်။
ဖုန်း- ၀၉-၇၃၀၂၇၇၃၃

--------------------------

Sales Executive (2) posts
Must be university graduate, Male/Female (Age under 30 years), Must be fluent in English (Both Written and Spoken), Good in Spoken Chinese (Mandarin), Must be able to operate Computer (Word, Excel, Power Poing, E-mail), Pleasant Personality, Self motivated and aggressive in working, Able to do team work under pressure.
**PH: 385586, 387472**

--------------------------

**MMG Technologies Co.,Ltd** မှ အောက်ဖော်ပြပါအရည်အချင်းပြည့်မီသော ဝန်ထမ်းများအလိုရှိသည်။ Senior Marketing Executive ကျား/မ(၂)ဦး၊ Senior Sales Executive ကျား/မ (၂)ဦး၊ Marketing Executive ကျား/မ (၄)ဦး၊ Receptionist မ (၁)ဦး၊ Sotre Keeper ကျား/မ (၁)ဦး၊ Driver ကျား(၂)ဦး။ ဖုန်း- ၅၁၄၈၈၈

--------------------------

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။


Knorr
ခဏနာဆန်ပြုတ်

# Education

7DAY NEWS JOURNAL

Vol.10, No.11 · JUNE 2, 2011

## ကျူရှင် ဥပဒေပြဌာန်းမည်

နေလင်းထွန်း

ရန်ကုန်၊ မေ – ၂၅

ပုဂ္ဂလိက ပညာရေးကဏ္ဍ၊ ပုဂ္ဂလိက ပညာရေးဝန်ဆောင်မှုတွင် ကိုယ်ပိုင်ကျောင်းများ၊ ဘာသာရပ်ဆိုင်ရာ ကိုယ်ပိုင်သင်တန်းဖြစ်သည့် ကျူရှင်များအတွက် သက်ဆိုင်ရာ ဥပဒေပြဌာန်းပြီး ဥပဒေနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း မေ ၂၄ရက်နေ့တွင် နေပြည်တော်၌ကျင်းပခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းကပြောသည်။

သို့သော် မိမိတို့နိုင်ငံ၏ ဘာသာ၊ ရိုးရာယဉ်ကျေးမှုကိုထိခိုက်စေသော ပညာရေးဝန်ဆောင်မှုမျိုးမဖြစ်စေရန် ကြီးကြပ်သွားရမည်ဖြစ်ကြောင်း၊ ပညာရည်ထူးချွန်သူများ ပညာဆက်လက်သင်ယူနိုင်ရန် ပြည်ပ ပညာသင်ဆု၊ ပြည်တွင်းပညာသင်ဆုနှင့် ထူးချွန်ပြီး ဆင်းရဲနွမ်းပါးသူများအား ထောက်ပံ့ကြေးများ ထောက်ပံ့အစီအမံများ စီစဉ်သွားရမည်ဖြစ်ကြောင်း ဒေါက်တာစိုင်းမောက်ခမ်းက နေပြည်တော်ရှိပညာရေးဝန်ကြီးဌာန၌ မေ ၂၄ ရက်တွင် ပြောကြားခဲ့ခြင်းဖြစ်သည်။


ပညာသင် ထောက်ပံ့ကြေး အစီအစဉ်ကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှ စတင်အကောင်အထည်ဖော်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ဆဲဖြစ်ကြောင်း ပညာရေးဝန်ဆောင်မှု လုပ်ငန်းတွင် ပုဂ္ဂလိကအခန်းကဏ္ဍက ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေနှင့် နည်းဥပဒေများကိုလည်း ပြည်ထောင်စုလွှတ်တော်သို့ အဆိုပြုတင်သွင်းနိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးကပြောကြားခဲ့ကြောင်း မေ ၂၅ရက်ထုတ်နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြပါရှိသည်။

## ကျောင်းသားမိဘတွေ ကျောင်းဖွင့်ချိန်မှာတော့ သက်ပြင်းချနိုင်ပြီ

နေလင်းထွန်း

အခြေခံပညာကျောင်းများ၏ ၂၀၁၁-၁၂ ပညာသင်နှစ်ကျောင်းဝင်ခွင့်နှင့် ကျောင်းအပ်နှံရေးတို့တွင် ကျောင်းသားမိဘများ အနေဖြင့် ယခင်နှစ်များထက် ထူးခြားပြောင်းလဲမှုနှင့်ကြုံခဲ့ရသည်။ ကာလအတော်ကြာ ဖြစ်တည်နေသည့် နာမည်ကြီးထင်ရှားသော ကျောင်းတွင် ဝင်ခွင့်ရရှိရန် ငွေကျပ်သိန်းချီအသုံးပြုနေရခြင်း၊ ကျောင်းအပ်နှံရာတွင် ကုန်ကျစရိတ်များပြားနေခြင်းတို့ကြောင့် ကျောင်းသားမိဘများ၏ ညည်းညူပြောဆိုသံများ မြင်တွေ့ရမှု နည်းပါးသွားသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရမှ နာမည်ကြီး ထင်ရှားသော ကျောင်း ၁၉ ကျောင်းအား ခေါ်ယူတွေ့ဆုံ သတိပေးခြင်းဖြင့် ကျောင်းသားများထံမှ ငွေကြေးကောက်ခံမှုများကို ပိုမိုစိစစ်တင်းကျပ်ဆောင်ရွက်လာခြင်းကိုပြသခဲ့သည်။ အလှူငွေများကောက်ခံမှုမပြုလုပ်ရန် ခေါ်ယူညွှန်ကြားခဲ့ကြောင်း အထက(၁)ဒဂုံမှကျောင်းအုပ်ကြီး ဒေါက်တာအောင်ကိုကိုကဆိုသည်။



ကျောင်းအပ်အပြီးနေအိမ်သို့ပြန်လာသော ကလေးငယ်နှင့်အုပ်ထိန်းသူတစ်ဦးတို့ကို မေလကုန်ပိုင်းက တွေ့ရစဉ်။ ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

"အလှူငွေမကောက်ရဘူး။ မည်သည့်ပစ္စည်းမျှ မယူမနေရ မရောင်းချရဘူးလို့ညွှန်ကြားထားတယ်။ စေတနာသန့်သန့်ပေါ့။ တခြားရည်ရွယ်ချက် မပါဘဲနဲ့ ကိုယ့်သားသမီးတက်နေတဲ့ကျောင်း ပညာသင်နေတဲ့ကျောင်းအတွက် မိဘက စေတနာရှိလို့လှူရင်တော့ လက်ခံလို့ပြောထားတယ်။ ရည်ရွယ်ချက်နဲ့တော့အလှူမခံဖို့ပြောထားတယ်"ဟု ၎င်းကပြောသည်။

ယခုအခါမူလတန်းအဆင့် ကျောင်းအပ်နှံမည့် ကျောင်းသားငယ်များ ငွေကြေးတစ်စုံတစ်ရာ ပေးသွင်းရန်မလိုကြောင်းနှင့် အလယ်တန်းနှင့် အထက်တန်းအဆင့်ကျောင်းသားများသည် ပျမ်းမျှကျပ်တစ်ထောင်ကျော်၊ နှစ်ထောင်ဝန်းကျင်ကုန်ကျကြောင်း ကျောင်းသားမိဘအချို့က ပြောသည်။

"မနှစ်က ၇ တန်းကျောင်းသားနဲ့ ၁၀ တန်းကျောင်းသူကို ကျောင်းအပ်တာ ၁၆,၀၀၀ (ကျပ်) ကျတယ်။ ဗလာစာအုပ် တစ်ဒါဇင်နဲ့ဘောလ်ပင်ရတယ်။ ဒီနှစ်သားကိုရှစ်တန်းအပ်တာ ၁,၈၀၀(ကျပ်) ပဲကျတယ်။ ဒါပေမဲ့ ဘာမှမရဘူး" ဟု အလုံမြို့နယ်ရှိနာမည်ကြီး အထက်တန်းကျောင်းတစ်ကျောင်းတွင် တက်ရောက်နေသော ကျောင်းသား မိခင်တစ်ဦးကပြောသည်။

ရန်ပုံငွေ (PTA+ASL) လက်ခံဖြတ်ပိုင်းဖြင့် မိဘဆရာအသင်း ရန်ပုံငွေအတွက် ကျပ် ၅၀၀၊ အားကစား၊ စာရေးကိရိယာ စာကြည့်တိုက်ရန်ပုံငွေအတွက် ကျပ် ၅၀၀ နှင့် ရှစ်တန်းကျောင်းသားဖြစ်သည့်အတွက် ကျောင်းလခ ၈၀၀ ကျပ်ကိုပေးသွင်းခဲ့ရကြောင်း အဆိုပါမိခင်ကဆိုသည်။

စာ(၂၂)သို့

ပညာရေးသတင်းတိုများ

### Nexus နွေရာသီအင်္ဂလိပ်ဘာသာ သင်တန်းဆင်း

ရန်ကုန်၊ မေ – ၂၈

Nexusအင်္ဂလိပ်ဘာသာစကားသင်တန်းကျောင်း၏ နွေရာသီအင်္ဂလိပ်ဘာသာသင်တန်းဆင်းပွဲအား ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပခဲ့သည်။ သင်တန်းဆင်းပွဲတွင် ကလေးလူငယ် ၄၁ဦးအား နွေရာသီသုံးလသင်တန်းပြီးဆုံးမှု လက်မှတ်ပေးအပ်ခဲ့သည်။

အသက် ၆နှစ်မှ ၁၅နှစ်အရွယ် ကျောင်းသားများအတွက် စနေနှင့် တနင်္ဂနွေသင်တန်းများကို ဇွန် ၁၁ ရက်တွင် စတင်ဖွင့်လှစ်သင်ကြားမည်ဟုသိရသည်။ သင်တန်းချိန်မှာ နံနက် ၉ နာရီမှ နေ့လယ် ၁၂ နာရီထိဖြစ်ပြီး သင်တန်းကြေးမှာ ခြောက်လတာအတွက်ကျပ်သုံးသိန်းကျသင့်ကြောင်း သိရသည်။

### မြန်မာ့စီးပွားရေးအစီအစဉ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန်၊ မေ – ၂၃

ကျောင်းသားလူငယ်များအတွက် မြန်မာ့စီးပွားရေးအစီအစဉ်ပြိုင်ပွဲ ၂၀၁၁ Myanmar Business Plan Competition 2011 အားဩဂုတ်လတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဇူလိုင် ၂၀ရက်တွင် စီးပွားရေးအစီအစဉ်များကိုတင်သွင်းယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း PS စီးပွားရေးသင်တန်းကျောင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ပထမဆုကို ဆုကြေး ကျပ်ဆယ်သိန်းပေးမည်ဖြစ်ပြီး ပြိုင်ပွဲအတွက် လက်ရှိပညာသင်ယူနေသော ကျောင်းသားများအား ဦးစားပေးမည်ဖြစ်ကြောင်း နောက်ဆုံးပြိုင်ပွဲအတွက် အဖွဲ့ဆယ်ဖွဲ့ကို ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း ပြိုင်ပွဲစီစဉ်ဆောင်ရွက်သူတစ်ဦးဖြစ်သည့် ကျောင်းတည်ထောင်ထားသူဦးမျိုးမင်းကဆိုသည်။

### MAJA ၏ ဂျပန်ဘာသာသင်တန်း ဇွန်လဆန်းဖွင့်မည်

ရန်ကုန်၊ မေ – ၂၂

မြန်မာနိုင်ငံဂျပန်ပြန်ပညာသင်ဟောင်းအသင်းMAJAမှဂျပန်ဘာသာသင်တန်းများကို ဇွန်လဆန်းတွင် စတင်သင်ကြားသွားမည်ဖြစ်သည်။ ယင်းသင်တန်းများကို ဂျပန်ပြန်ပညာသင်ဟောင်းများနှင့် ဂျပန်လူမျိုးဆရာမတို့မှ တွဲဖက်သင်ကြားမည်ဖြစ်သည်။ ဝင်ခွင့်လျှောက်လွှာများကို MAJA ရုံးခန်း၊ အခန်း-၇၀၇၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့တွင် လျှောက်ထားနိုင်ပြီး ဖုန်း-၀၁ ၅၃၃ ၄၃၄၈သို့ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရသည်။

### ဩစတြေးလျတက္ကသိုလ် ပညာရေးဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန်၊ မေ – ၂၃

ဩစတြေးလျနိုင်ငံ Macquarie University တက်ရောက်ပညာသင်နိုင်မည့် ပညာရေးဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်အား ဇွန် ၅ ရက်၊ ကုန်သည်ကြီးများဟိုတယ်၌ မွန်းလွဲ ၁နာရီမှ ၃နာရီထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း AT&S Co., Ltd မှ သိရှိရသည်။



7DAY NEWS JOURNAL
Vol.10, No.11 · JUNE 2, 2011

# Kaplan Higher Education Academy မှ Global Diploma အဖြစ်ပြောင်းလဲသင်ကြားမည်

သီဟ

ရန်ကုန်၊မေ-၂၇

Kaplan Higher Education Academy သည်ယခင်သင်ကြားလျက်ရှိသည့် ဒီပလိုမာများနေရာတွင် ကမ္ဘာလုံးဆိုင်ရာ ဒီပလိုမာ Global Diploma ဖြင့်အစားထိုးသင်ကြားသွားမည်ဖြစ်ပြီး ကမ္ဘာတစ်ဝန်းလုံးရှိ Kaplan ကျောင်းများနှင့်ချိတ်ဆက်လေ့လာနိုင်ရန် စီစဉ်သွားမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ ဒီပလိုမာအား Diploma in Commerce အမည်ဖြင့် ချီးမြှင့်မည်ဖြစ်ပြီး ကျောင်းသားများအနေဖြင့် မိမိတို့စိတ်ဝင်စားသည့် ဘာသာရပ်များအား အထူးပြုလေ့လာနိုင်ကြောင်း သိရသည်။

အထူးပြုလေ့လာနိုင်သည့် ဘာသာရပ်များမှာ စီးပွားရေးနှင့် စီမံခန့်ခွဲမှု ဘာသာရပ်၊ ထောက်ပံ့ပို့ဆောင်ရေး စီမံခန့်ခွဲမှု (Logistic Management) ဘာသာရပ်၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း စီမံခန့်ခွဲမှု ဘာသာရပ်၊ ဘဏ္ဍာရေး အထူးပြုဘာသာရပ်၊ ဈေးကွက်စီးပွားရေးစီမံခန့်ခွဲမှုဘာသာရပ်များဖြစ်ကြောင်း သိရသည်။

အဆိုပါ Global ဒီပလိုမာ သင်ယူပြီးပါက National University of Ireland, Dublin, University of Bedfordshire (UK) အစရှိသည့် နိုင်ငံတကာ တက္ကသိုလ်များတွင် ပညာသင်ကြားနိုင်ကြောင်း သိရသည်။

သို့သော် Global ဒီပလိုမာ အဖြစ်ပြောင်းလဲမှုတွင် Diploma in Banking, Securities and Investment Management, Diploma in Information Technology တို့မပါဝင်ကြောင်း သိရသည်။

အဆိုပါဒီပလိုမာနှင့် ပတ်သက်၍ အသေးစိတ်သိလိုပါက Crown Education သို့ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

## စာ-၂၁၊ ကျောင်းသားမိဘတွေ ကျောင်းဖွင့်ချိန်မှာတော့ သက်ပြင်းချနိုင်ပြီ မှ

ကျောင်းသားမိဘများအနေဖြင့် ငွေကျပ် သိန်းချီ၍ အကုန်ကျခံနေခြင်းမှာ မိမိတို့ရင်သွေးနာမည်ကြီးကျောင်းတွင် ဝင်ခွင့်ရရှိရန် မြို့နယ်ကျော်၍ ကျောင်းအပ်နှံနေကြခြင်းသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။ ကျောင်းသားများဝင်ခွင့်ရရန် ကြိုးပမ်းမှုအရေအတွက်နှင့် ကျောင်း၏ လက်ခံနိုင်မှုပမာဏမညီမျှမှုသည် လာဘ်ပေးလာဘ်ယူ အခြေအနေဖြစ်ပေါ်စေရန်အကြောင်းရင်းတစ်ရပ်ဖြစ်လို့နေသည်။

"ကျွန်မသားကျောင်းအပ်တာ ငါးတန်းကို သုံးထောင်(ကျပ်)ကျတယ်။ မနှစ်ကနဲ့အတူတူပါပဲ။ ကျောင်းတက်ပြီဆိုမှစားပွဲခင်းလိုတာတို့ ဘာလိုတာတို့အတွက်ဆိုပြီး ငွေကောက်တာရှိတယ်။ အထွေထွေအသုံးစရိတ်အတွက်ပေါ့။ ကျောင်းစအပ်တုန်းကတော့ နယ်ကျော်ပြီး အပ်တာကလေးက အသက်ပြည့်ဖို့နှစ်လ လိုနေတယ်ဆိုပြီး အပ်လို့မရဘူးလို့ပြောတယ်။ အဲဒါဘေးက တစ်ယောက်က ကျောင်းအုပ်ကြီးဆီသွားလိုက်လို့ ပြောတာနဲ့သွားတွေ့လိုက်တယ်။ တစ်သိန်းလောက်လို့ပြောပေမယ့် ရ၊ မရမသေချာတော့ စာအိတ်နဲ့ ငါးသောင်းထည့်ပြီး ပေးလိုက်တယ်။ ဝင်ခွင့်ရလိုက်ပါတယ်" ဟု ကြည့်မြင်တိုင်မြို့နယ်မှ ဒဂုံမြို့နယ်ရှိကျောင်းတစ်ကျောင်းသို့ နယ်ကျော်အပ်နှံသော ကျောင်းသားမိဘတစ်ဦးက လွန်ခဲ့သည့် ငါးနှစ်ကျော်က သူ၏အတွေ့အကြုံကို ပြောသည်။

"ဒီနှစ်ထောင့်ငါးရာပဲပေးရတယ်။ မနှစ်ကတော့ သုံးထောင်ကျော်တယ်။ ကျောင်းစအပ်တုန်းကတော့ နှစ်သောင်းပေးရတယ်။ ဒီနှစ်အိမ်က ကလေးတစ်ယောက်ကို ကျောင်းစအပ်တာဘယ်လောက်မှ ပေးရဘူး။ တော်တော်တော့ ဟုတ်နေပြီ။ နောက်တော့ ဘယ်လိုကမှန်းမသိသေးဘူး" ဟု ပဥ္စမတန်းတက်ရောက်မည့် ကျောင်းသူတစ်ဦး၏ မိခင်ကဆိုသည်။

ယင်းကဲ့သို့အခြေအနေတွင် ကျောင်းများ၏ အထွေထွေအသုံးစရိတ်နှင့်လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ရန်ပုံငွေများအား အလှူခံငွေများကို အဓိကအားပြုနေရသော ကျောင်းများအနေဖြင့် အခက်အခဲကြုံတွေ့ရနိုင်ကြောင်း ပညာရေးနယ်ပယ်မှ ဝန်ထမ်းများက ပြောသည်။

"ဒီနှစ် ဘာအလှူငွေမှ ကောက်လို့မရတော့ဘူး။ မနှစ်ကကျောင်းမှ အလှူခံဖလားရှိတယ်။ ဒီနှစ်မရှိတော့ဘူး။ စစ်ဆေးရေးကလည်း ရှောင်တခင်ဝင်စစ်တာပဲ။ ကျောင်းရဲ့အသုံးစရိတ်က အလှူခံရတဲ့ရန်ပုံငွေကိုပဲ သုံးနေတော့ ဒီအတိုင်းဆို မလွယ်ဘူး။ နောက်မှကြည့်လုပ်ရမှာပေါ့"ဟု ပဲခူးမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းတစ်ခုမှ ပညာရေးဝန်ထမ်းတစ်ဦးကဆိုသည်။

"ကျောင်းတွေရဲ့ အနေအထားအရလည်း မိဘတွေရဲ့ ပံ့ပိုးမှုရလို့ရှိရင် ပိုကောင်းတဲ့အနေအထားမှာရှိပါတယ်။ မြို့ပေါ်ကအားပေးမှုရှိတဲ့ကျောင်းနဲ့ အားပေးမှုမရှိတဲ့ကျောင်းတော့အနေအထားနည်းနည်းတော့ကွာသွားမှာပါ" ဟုဒေါက်တာအောင်ကိုကိုက သုံးသပ်သည်။

NAY LIN AUNG
LCCI Level I, II, III
ဦးနေလင်းအောင်
B.Com, C.P.A, FLCCI(LCCI-UK)




TRADEMARK CAUTION

LifeStraw

TRADEMARK CAUTION

Deutsche Telekom AG, a company incorporated in Germany at Friedrich-Ebert-Allee 140, 53113 Bonn, Germany is the Owner and Sole Proprietor of the following Trademark:-

TRADEMARK CAUTION

Deutsche Telekom AG, a company incorporated in Germany at Friedrich-Ebert-Allee 140, 53113 Bonn, Germany is the Owner and Sole Proprietor of the following Trademark:-

·T···Systems·

U Myint Lwin, Advocate
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
Ph : 371990 2 June 2011



မန္တလေးမြို့တွင် ကျပ်ခြောက်သိန်းခွဲဖြင့် ကြိုးဖုန်းများ စတင်ချထားပေးခြင်းကြောင့် ကြိုးဖုန်းအသုံးပြုခွင့်ရရန် လျှောက်လွှာတင်နေသူများအားတွေ့ရစဉ်(ပုံကြီး)၊ မန္တလေးမြို့ရှိ မြန်မာ့ဆက်သွယ်ရေးရုံးတွင် ဂျီအက်စ်အမ်ဖုန်းလျှောက်ထားမှုနှင့်ပတ်သက်၍ ကြေညာချက်ကပ်ထားစဉ် ဓာတ်ပုံ - စိုင်းသာအောင်

# တန်ဖိုးနည်း ဂျီအက်စ်အမ်ဖုန်းများ ချပေးမည်

**ယုဇနကိုကို**

**ရန်ကုန်၊မေ - ၂၈**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ထပ်မံချထားပေးမည့် ဂျီအက်စ်အမ်မိုဘိုင်းဖုန်းလိုင်း သန်းသုံးဆယ်တွင် ကျပ်သုံးသိန်းဝန်းကျင် တန်ဖိုးနည်းနည်းဖြင့် ဖုန်းများကိုပါချထားပေးသွားမည်ဖြစ်ကြောင်း အဆိုပါလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

နိုင်ငံအတွင်းရှိ လူတန်းစားအားလုံးနီးပါး မိုဘိုင်းဖုန်းများ အသုံးပြုနိုင်ရန်အတွက် အစိုးရသစ်မှ အရေအတွက် များစွာချထားပေးမည့် အပြင် ဈေးနှုန်းများကိုလည်း ယခုလက်ရှိအနည်းဆုံးပမာဏဖြစ်နေသည့် ကျပ်ငါးသိန်းတန်စီဒီအမ်အေဖုန်းများအောက်နည်းသည့် နှုန်းထားများဖြင့်ချထားပေးရန် စီမံကိန်းများချထားရခြင်းဖြစ်ကြောင်းသိရသည်။

ကျပ်သုံးသိန်းဝန်းကျင်ခန့် ဈေးနှုန်းများဖြင့် ဝယ်ယူသုံးစွဲနိုင်တော့မည့် အဆိုပါဂျီအက်စ်အမ်မိုဘိုင်းဖုန်းလိုင်းများအားမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ငါးနှစ်စီမံကိန်းဖြင့်ချထားပေးသွားမည်ဟု ယင်းလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ယခုလက်ရှိတွင်လည်း အဆိုပါတန်ဖိုးနည်းမိုဘိုင်းဖုန်းလိုင်းများအတွက် မိုဘိုင်းအခြေစိုက်စခန်းသစ်များကိုလည်းရှာဖွေနေပြီဖြစ်သည်ဟု အထက်ပါ တာဝန်ရှိသူကဆက်လက်ဆိုသည်။

ယခုလက်ရှိအချိန်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် ဂျီအက်စ်အမ်ဖုန်းလိုင်းအင်အား ငါးသိန်းကျော်၊ စီဒီအမ်အေ ၈ဝဝ မဂ္ဂါဟတ်ဇ်များအား နှစ်သိန်းကျော်နှင့် စီဒီအမ်အေ ၄၅ဝ မဂ္ဂါဟတ်ဇ်များအားလိုင်းအရေအတွက် တစ်သိန်းငါးသောင်းကျော်ခန့်အထိ အသုံးပြုနေကြကြောင်း သိရသည်။

# Play Station နက်ဝေါ့ခ်တိုက်ခိုက်ခံရမှုကြောင့် ဆိုနီကုမ္ပဏီ ကန်ဒေါ်လာ ၁၇၁ သန်း နစ်နာ



**ဘေဂျင်း၊ မေ - ၂၄**

ဆိုနီကုမ္ပဏီ၏ Play Station ဂိမ်းနက်ဝေါ့ခ်ကို ဟက်ကာများ ဝင်ရောက်ဖျက်ဆီးခဲ့မှုကြောင့် ကုမ္ပဏီသည် စုစုပေါင်းဆုံးရှုံးမှုတန်ဖိုး ကန်ဒေါ်လာ ၁၇၁ သန်း(ယန်းငွေ ၁၄ဘီလီယံ)ခန့်ထိခိုက်ခဲ့ရကြောင်း သိရသည်။ ပြီးခဲ့သည့် မေ ၂၃ရက်တွင်ဆိုနီကထုတ်ပြန်သည့်သတင်းအရ၎င်းတို့သည် Play Station နက်ဝေါ့ခ်ပျက်စီးမှုကြောင့် ပြီးခဲ့သည့် ငလျင်နှင့် ဆူနာမီတွင် ဆုံးရှုံးခဲ့ရမှုများအပါအဝင် စုစုပေါင်းကန်ဒေါ်လာ ၃ ဒသမ ၂ ဘီလီယံ အထိရှိခဲ့ကြောင်းဆိုသည်။ ပြီးခဲ့သည့် ဧပြီ ၂ဝ မှ မေ ၁၅ ရက်အထိ ဆိုနီ၏ Play Station နက်ဝေါ့ခ်ကို ရပ်တန့်စေခဲ့သော ဆိုက်ဘာတိုက်ခိုက်မှုတွင် ဂိမ်းကစားသူများ၏ ပုဂ္ဂိုလ်ရေးအချက်အလက် များခိုးယူခံခဲ့ရသည်။ ဆိုနီ၏ ယခုနက်ဝေါ့ခ်တိုက်ခိုက်ခံရမှု ကုန်ကျစရိတ် ကန်ဒေါ်လာ၁၇၁သန်းတွင်ဝင်ငွေဆုံးရှုံးမှု၊ ဂိမ်းကစားသူများအတွက် လျော်ကြေးပေးရမှု၊ လုံခြုံရေးနှင့်တရားရေးဆိုင်ရာ ကုန်ကျစရိတ်များ၊ ကုမ္ပဏီက အခမဲ့ပေးအပ်ခဲ့သော ဂိမ်းများ၏ ကုန်ကျစရိတ်များ စသည်တို့ပါဝင်သည်။ *—Ref: Xinhua*

# ကွန်ပျူတာဈေးကွက်တွင် Tablet များ ထိုးဖောက်လာ

**ယုဇနကိုကို**

**ရန်ကုန်၊မေ - ၂၄**

ပြည်တွင်းကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းဈေးကွက်တွင် သင်ပုန်းကွန်ပျူတာ (Tablet) ပစ္စည်းများကနုတ်ဘွတ်ခ်များ၏ ဈေးကွက်ကိုတဖြည်းဖြည်းချင်းထိုးဖောက်လာနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

Tablet နည်းပညာပစ္စည်းများ၏ ရောင်းအားများ တက်လာရခြင်းမှာ လက်ပ်တော့၊ နုတ်ဘွတ်ခ် အစရှိသောကွန်ပျူတာပစ္စည်းများထက်သယ်ဆောင်ရ ပိုမိုလွယ်ကူခြင်း၊ အဆင့်မြင့်နည်းပညာများ၊ ဆော့ဖ်ဝဲများ၊ အထူးပြုလုပ်ချက်များစွာပါရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း ရန်ကုန်မြို့တွင်းဖွင့်လှစ်ရောင်းချနေကြသည့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းဆိုင်များမှ စုံစမ်းသိရှိရသည်။



**ပြည်တွင်းဈေးကွက်သို့ မကြာမီက ရောက်ရှိလာသော အက်ပဲလ်အမှတ်တံဆိပ် iPad များ။** ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

နိုင်ငံတကာတွင် သုံးစွဲနေကြသည့် Tablet အသုံးပြုမှုပမာဏထက် အဆများစွာနည်းပါးနေသေးသော်လည်း ပြည်တွင်းအဆင့်မြင့်နည်းပညာသုံးစွဲမှုကဏ္ဍတွင်မူ ယခုတိုးတက်လာသောအခြေအနေမှာ သိသိသာသာများပြားလာခြင်းဖြစ်ကြောင်းလည်းသိရှိရသည်။

Apple မှထုတ်လုပ်သည့် iPad အမှတ်တံဆိပ်သည်ယင်းတွင်ပါဝင်သည့် နည်းပညာထောက်ပံ့မှုများကောင်းမွန်များပြားခြင်း၊ နိုင်ငံတကာတွင်ပါ အရောင်းရဆုံးဖြစ်နေခြင်း၊ အခြားသောဆော့ဖ်ဝဲများအဆင်သင့်ရှိနေခြင်းနှင့် အွန်လိုင်းပေါ်တွင် ဝယ်ယူနိုင်သည့် Apple Store ဟူ၍ရှိနေခြင်း စသည့်အချက်များကြောင့် ပြည်တွင်း Tablet ဈေးကွက်တွင်လည်း ထိပ်ဆုံးမှရပ်တည်နေရခြင်းဖြစ်ကြောင်း ဈေးကွက်ကျွမ်းကျင်သူလုပ်ငန်းရှင်များထံမှသိရသည်။

"အခုလက်ရှိ တပ်ဘလတ်တွေက တော်တော်လေးတက်လာတယ်။ ဘယ်မှာသိသာလည်းဆိုတော့ တပ်မတော်ခန်းမမှာလုပ်ခဲ့တဲ့ အိုင်စီတီပြပွဲမှာအရမ်းရောင်းခဲ့ကြရတယ်။ အမှတ်တံဆိပ်အမျိုးမျိုးထဲကမှ Apple တံဆိပ်ကတော့ထိပ်ဆုံးကရောင်းခဲ့ရတယ်။ နည်းပညာမြင့်ပစ္စည်းတွေကို သုံးလာနိုင်တယ်ဆိုတဲ့ အချက်ကတော့ ဒီနိုင်ငံရဲ့နည်းပညာတိုးတက်မှုအခြေအနေကို တိုက်ရိုက်ဖော်ပြနေတာပါပဲ"ဟု KMD ကွန်ပျူတာကုမ္ပဏီလီမိတက်မှ မန်နေဂျာကိုစိုးငွေရက ပြောသည်။

သင်ပုန်းကွန်ပျူတာပစ္စည်းများအနေဖြင့် ယခုကဲ့သို့ဈေးကွက်ဝယ်လိုအားတက်လာသည်ဆိုသော်လည်း ရာခိုင်နှုန်းအားဖြင့်မူ နုတ်ဘွတ်ခ်ဝယ်လိုအား၏ နှစ်ရာခိုင်နှုန်းခန့်သာရှိသေးကြောင်းလည်း သိရသည်။

လက်ရှိပြည်တွင်းဈေးကွက်တွင် ရောင်းချနေကြသည့် Tablet ပစ္စည်းများမှာ Apple iPad၊ Samsung Galaxy Tablet၊ Apad၊ Super Pad အစရှိသည်တို့ဖြစ်ကြသည်။

နိုင်ငံတကာတွင် ကျောင်းသားများနှင့် ဆယ်ကျော်သက် လူငယ် အများအပြားသုံးစွဲနေကြသော်လည်း ပြည်တွင်း၏ဝယ်လိုအားအများစုမှာ ငွေကြေးတတ်နိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ကြီးများသာဖြစ်နေကြောင်း အထက်ပါကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းဈေးကွက်မှသိရှိရသည်။







## ဂူးဂဲလ်မြေပုံလမ်း ၂၈နတ်တွင် ကြော်ငြာနိုင်



ယုဇနကိုကို

**ရန်ကုန်၊ မေ – ၂၄**

ဂူးဂဲလ် (Google) ၏ဝန်ဆောင်မှုများထဲမှ တစ်ခုဖြစ်သည့် မြေပုံလမ်းညွှန် (Google Map) စနစ်တွင် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ၏ ကြော်ငြာများကိုလည်း ထည့်သွင်းနိုင်တော့မည်ဟု သိရသည်။

ရန်ကုန်မြို့တွင်းဖွင့်လှစ်ထား သည့်မိုဘိုင်းဖုန်းဝန်ဆောင်မှုဆိုင်တစ်ခုမှကြားခံ ဝန်ဆောင်မှုပေးမည့် အဆိုပါ ဂူးဂဲလ်မြေပုံစနစ်တွင် လုပ်ငန်းကြော်ငြာများထည့်သွင်းနိုင်မည့်ဝန်ဆောင်မှုသည် အဆိုပါအင်တာနက်စာမျက်နှာ၏ လမ်းညွှန်မြေပုံစာမျက်နှာတွင်ပါရှိလာမည်ဖြစ်ကြောင်းသိရသည်။

ကြော်ငြာအရေအတွက် တစ်ခုလျှင်ကျပ်တစ်သောင်းပေးသွင်းရမည်ဖြစ်ပြီး တယ်လီဖုန်းပိုင်ဆိုင်မှုအထောက်အထားတစ်ခုကိုပါပူးတွဲလျှောက်ထားရမည်ဖြစ်ကြောင်းလည်း အဆိုပါမိုဘိုင်းဖုန်းဝန်ဆောင်မှုကုမ္ပဏီမှသိရသည်။

မြန်မာဘာသာဖြင့်ပါ ထည့်သွင်းကြော်ငြာနိုင်မည်ဖြစ်သည့် အဆိုပါဝန်ဆောင်မှုသည် ကွန်ပျူတာများအပြင် မိုဘိုင်းဖုန်းများတွင်ပါအသုံးပြုနိုင်မည့်စနစ်တစ်ခုဖြစ်ကြောင်းကိုလည်း အထက်ပါကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးကဆိုသည်။

Google Map ၏စာမျက်နှာများပေါ်တွင် ကြော်ငြာလုပ်ငန်းများထည့်သွင်းနိုင်တော့မည့် အဆိုပါဝန်ဆောင်မှုသည် ကြော်ငြာစတင်ထည့်သွင်းသည့်အချိန်မှ (၄၈)နာရီအတွင်း အဆိုပါ အင်တာနက်စာမျက်နှာများပေါ်သို့ ရောက်ရှိသွားမည်ဖြစ်ကြောင်း သိရသည်။

## တိုယိုတာက ကားပိုင်ရှင်များအတွက် လူမှုကွန်ရက်ဝန်ဆောင်မှုဖန်တီး



**တိုယိုတာစီးတီး၊ မေ – ၂၄**

ဂျပန်ကားကုမ္ပဏီတိုယိုတာသည် အမေရိကန် နည်းပညာကုမ္ပဏီတစ်ခုနှင့်ပူးပေါင်းကာ တိုယိုတာကားပိုင်ရှင်များအတွက် လူမှုကွန်ရက် ဝက်ဘ်ဆိုက်မှတစ်ဆင့် သတိပေးမှုပြုလုပ်နိုင်သော အွန်လိုင်းဝန်ဆောင်မှုတစ်ခုကိုဖန်တီးနေကြောင်း သိရသည်။ တိုယိုတာနှင့်ပူးပေါင်းလုပ်ဆောင်သည့်အမေရိကန်ကုမ္ပဏီမှာ Salesforce.com ဖြစ်ပြီး ၎င်းတို့၏ဝန်ဆောင်မှုအမည်ကို Toyota Friend Service ဟု ခေါ်ဆိုထားသည်။ အဆိုပါဝန်ဆောင်မှုသည် ကားဒရိုင်ဘာများနှင့် ၎င်းတို့၏ ကားများကို အွန်လိုင်းမှ ဆက်သွယ်ပေးနိုင်ပြီး အွန်လိုင်းတွင် ကား၏ ပြုပြင်ထိန်းသိမ်းမှု အချက်အလက်များ၊ ယာဉ်လမ်းကြောင်းများကို ဖော်ပြပေးနိုင်မည် ဖြစ်သည်။ တိုယိုတာဥက္ကဋ္ဌ အကီယိုတိုယိုဒါကလည်း ယခုဝန်ဆောင်မှုနှင့်ပတ်သက်၍ "လူမှုကွန်ရက်ဝန်ဆောင်မှုတွေဟာ လူတို့ရဲ့ အပြန်အလှန် ဆက်ဆံရေးကို အသွင်ပြောင်းလဲပစ်နေပါတယ်။ ကားလုပ်ငန်းလောကမှာလည်း ဒီအပြောင်းအလဲမှာဝင်ပါဖို့လိုအပ်နေတာပါ"ဟုပြောသည်။ ၎င်းက ယခုအွန်လိုင်းဝန်ဆောင်မှုသည်ဝက်ဘ်ဆိုက်ပေါ်မှမက်ဆေ့ချ်များကို စမတ်ဖုန်းများ၊ အခြား မိုဘိုင်းပစ္စည်းများထံသို့ တိုက်ရိုက်ပေးပို့နိုင် ပြီး လာမည့်နှစ်တွင် ဂျပန်နိုင်ငံ၌ စတင်သွားမည်ဟုဆိုသည်။

*—Ref: UPI*






# ဗောရောဗုဒူ = ဝိဟာရဗုဒ္ဓ = ဗုဒ္ဓဝိဟာရ ကမ္ဘာ့အံ့ချီးဖွယ်ရာ ဘုရားကျောင်းတော်ကြီး

ဒေါက်တာအရှင်ဉာဏိဿရ (သီတဂူဆရာတော်)

**နိဒါန်း**

မိုက်ကယ်ဟောမင်နှင့် အလက်ဇန္ဒားကရင်းတို့ရေးသားသော 100 Wonders of the World (ကမ္ဘာ့အံ့ချီးဖွယ်တစ်ရာ) ဟူသောစာအုပ်၌ ဗောရောဗုဒူ စေတီတော်ကြီးအကြောင်းကို ရေးသားဖော်ပြထားသည်။ ထို့ပြင် ဘင်န္ဒိုက်မက်စီနှင့် ပက်ထရစ်မီလာရွှန်တို့၏ Wonders of the World (ကမ္ဘာ့အံ့ချီးဖွယ်ရာများ) စာအုပ်၌လည်း ဗောရောဗုဒူ စေတီတော်ကြီးအကြောင်းကို ရေးသားဖော်ပြထားသည်။ လီယွန် နယ်ဂရေးဆင်း၏ (Wonders of the World) စာအုပ်၌လည်း မြန်မာတို့၏ မြတ်ဘုရားရွှေတိဂုံ (Great Golden Mount Stupa)နှင့် ပုဂံ (Cultural Center of Myanmar) တို့နှင့် အတူ ဗောရောဗုဒူစေတီတော်ကြီးအကြောင်းကို ရေးသားဖော်ပြထားလေသည်။

အမည်စာလုံးပေါင်း အသံထွက်တို့မှာ လူတို့၏နှုတ်နှင့်လည်းကောင်း၊ နားနှင့်လည်းကောင်း၊ ရင်းနှီးကျွမ်းဝင်ခြင်း မရှိသည့်အတွက် နှုတ်သံထွက်ခြင်း၊ ရွတ်ဖတ်ခြင်းတို့ အမျိုးမျိုးဖြစ်နေကြသော်လည်း လွန်ခဲ့သော နှစ်ပေါင်း ၁၂၀၀ ခန့်က ဂျာဗားကျွန်းသားတို့၏ ခံယူချက်၊ ဖွဲ့လုံ့လ၊ ကျွမ်းကျင်မှု၊ အနုပညာ၊ ဘာသာရေး၊ စိတ်ဓာတ်၊ သတ္တိတို့ကို ဖော်ပြနေသည့် ဗုဒ္ဓဝိဟာရ(သို့) ဝရဗုဒ္ဓ 'မြတ်သောဗုဒ္ဓကျောင်းတော်ကြီး' ဟူသည့် ဤစေတီတော်မြတ်ကြီးမှာ ကမ္ဘာ့အနုပညာရှင်၊ သမိုင်းပညာရှင်တို့ လောကဝယ် အမျိုးစုံသော အံ့ချီးဖွယ်၊ ထူးဆန်းအံ့သြဖွယ်လက်ရာတို့ဖြင့် ခြယ်မှုန်းတည်ဆောက်ထားသည့် ကမ္ဘာ့အံ့ချီးဖွယ် တစ်ပါးဖြစ်နေသည်ဆိုသည့်အချက်ကိုမူ ပညာရှိတို့သည် ဘက်စုံထောင့်စုံမှ ဝန်ခံလျက်ရှိကြသည်။ ဤကမ္ဘာ့အံ့ချီးဖွယ်စေတီတော်ကြီးသည် ဂျာဗားကျွန်းက ရှေးလူဟောင်းတို့၏ကြီးကျယ်သော နှလုံးသား၏ သွင်ပြင်လက္ခဏာကိုဖော်ပြနေပေသည်။ ဗောရောဗုဒူသည်ရှေးခေတ်ဂျာဗားကျွန်းသားတို့၏ Symbol of Great Civilization (သို့မဟုတ်) The Symbol of Mysteries of Buddhist Culture ကို ကျယ်ကျယ်ပြန့်ပြန့် ခိုင်ခိုင်မာမာ ဖော်ပြနေပေသည်။ ဘီစီ ၂-ရာစုခန့်က Antiparosအန်တီပဲရော့အမည်ရှိသည့် ဂရိသမိုင်းဆရာတစ်ယောက်သည် ရှေးခေတ်ကမ္ဘာ၏ အံ့ချီးဖွယ်အဆောက်အအုံခုနစ်ပါး ဆိုသည့်စာရင်းကို ရေးသားခဲ့ဖူးသည်။ ထိုဂရိသမိုင်းဆရာက တကယ်တည်ဆောက်၍ ပေါ်ပေါက်ခဲ့ပြီးသော အဆောက်အအုံများကို ဖော်ပြရုံမျှမက တည်ဆောက်ရန် ရည်ရွယ်စိတ်ကူးထားသော အဆောက်အအုံများကိုပါ ဖော်ပြထားသည်။

Alexander the Great ဘုရင့် နန်းတော်ကြီး၊ Egypt ပိရမစ်များ၊ ဘေဘီလုံနိုင်ငံက တွဲလွဲကျဥယျာဉ်ကြီးများ၊ အေသင်မြို့က နတ်ကျောင်းများ၊ ရောမမြို့က ဓားခုတ်လုံ့ထိုးပြိုင်ပွဲများ၊ ကျား၊ ခြင်္သေ့တို့နှင့် လူသားတို့ ယှဉ်ပြိုင်တိုက်ခိုက်သည့် Colosseum ၊ ဂရိလူမျိုးတို့၏ မိုးနတ်ရုပ်ထု၊ Taj ကဲ့သို့သော ကျောက်ဖြူကျောက်နီတို့ဖြင့် ပြုလုပ်ထားသည့်သင်္ချိုင်းအဆောက်အအုံများဖြစ်လေသည်။ ကာလဒေသအားလျော်စွာ သမိုင်းဆရာတို့၏ အမျိုးမျိုးသော ရှုထောင့်အားလျော်စွာ ကမ္ဘာ့အံ့ချီးဖွယ်တို့မှာ အမျိုးမျိုးသတ်မှတ်ခြင်းကို ခံယူကြရလေသည်။ မည်သို့ပင်ဖြစ်စေ လက်တွေ့ကျသော ရှေးဟောင်းအဆောက်အအုံကြီးတို့က ဖော်ပြနေသောအချက်မှာ ရှေးခေတ်လူသားတို့၏ အံ့ချီးဖွယ်ကောင်းသော နှလုံးသား၏ လက္ခဏာပင်ဖြစ်သည်။ ဤသို့ဆိုလျှင် Great Wonders of the World ဟုဆိုရသည့် Monuments များက The Great Wonders of the Acient Manikind Heart ကို ဖော်ပြနေသည်ဟု ဆိုရမည်ဖြစ်သည်။ နှစ်တွေကကြာညောင်းခေတ်တွေကပြောင်း စိတ်သစ်စနစ်သစ်တွေက အဟောင်းတွေကို ဖုံးလွှမ်းခဲ့ကြ၍လည်းကောင်း၊ ပြာတွေ၊ သဲတွေ၊ ရွှံ့ညွန်တွေ၊ မြက်တွေ၊ ခြုံတွေ၊ သစ်ပင်တွေက ရှေးဟောင်း၏ တန်ဖိုးကို မသိကြသဖြင့် တန်ဖိုးမဖြတ်နိုင်သော လူသားတို့၏ အမွေဆိုင် The World Heritage of the History of Great Civilization ကြီးတစ်ခုလုံး ပျက်ပြားဆုံးရှုံးခဲ့ရသည့်ဖြစ်ရပ်များရှိလေသည်။

ဤဗောရောဗုဒူစေတီတော်မြတ်ကြီးသည်လည်း နှစ်ပေါင်းတစ်ထောင်ကျော်တစ်ထောင့်နှစ်ရာနီးပါးမျှ ပတ်ဝန်းကျင်မီးတောင်များမှ လွင့်လာသော ရွှံ့ညွန်များ၊ ပြာများနှင့်ခြုံနွယ်များ၏ ဖုံးအုပ်ခြင်းကို သည်းခံတော်မူနေခဲ့ရသဖြင့်တတ်သိနားလည်သောပညာရှိတို့၏အလေးအမြတ်ပြုခြင်းကို မခံရဘဲ အသိအမှတ်ပြုခြင်းကို မခံယူရဘဲ၊မျက်နှာလွှဲမျက်ကွယ်ပြုခံနေခဲ့ရသည်မှာ လောက၏ ဓမ္မတာတစ်ရပ်ဟုဆိုရပေမည်။ ဗောရောဗုဒူစေတီတော်မြတ်ကြီးကို ဂျာဗားကျွန်း၏ အလယ်ပိုင်း၌ သိင်္ဂုတ္တရကုန်းတော်ကဲ့သို့ကုန်းမို့မို့လေးပေါ်တွင် ၁ ဒသမ ၆ တန်လေးသည့် မီးသင့်ကျောက်တုံးပေါင်း ၁,၃၀၀,၂၃၂ တို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။ နံရံလေးဖက်မှာ မုခ်ပေါက်နှင့် စောင်းတန်းလေးခု အသီးသီးတည်ဆောက်ထားသည်။ စကြ်ပတ်လမ်းလေးခု၊ ပစ္စယံခုနစ်ဆင့်တို့ဖြင့် တည်ဆောက်ထားသည်။ ပတ်လမ်းလေးခု၏ နံရံအသီးသီးတို့၌ ထေရဝါဒဗုဒ္ဓဝင်၊ မဟာယာနဗုဒ္ဓဝင် ကျောက်ချပ်ရုပ်ကြွပေါင်း ၁၄၆၀ တို့ဖြင့် တန်ဆာဆင်ထားခဲ့လေသည်။ နံရံလေးဘက်ရှိ ကျောက်ချပ်ရုပ်ကြွတို့ကို ဆက်၍ဆက်၍ ဆန့်လိုက်လျှင် သုံးမိုင်ခန့်ရှည်လျားသည်။ စေတီရံပေါင်း ၇၂ ဆူ၊ ပလ္လင်တံကဲနှင့် မုခ်လိုဏ်ခေါင်း ၄၂၂ ခု၊ မုဒြာ ၇ မျိုးနှင့် ဆင်းတုတော်ပေါင်း ၅၀၄ ဆူတို့ဖြင့် ခမ်းနားဝင့်ထည် ကြည်နူးသပ္ပာယ် အံ့ဖွယ်ဘနန်း ထူးဆန်းလှစွာ တည်ဆောက်ထားသည်ကို ဖူးရသည့်အခါ ကြည်နူးခြင်း၊ အံ့သြခြင်း၊ ဝမ်းသာခြင်း၊ ချီးမွမ်းခြင်းပေါင်းများစွာတို့ဖြင့် ဂျာဗား Civilization ကြီး၏ အတိတ်အရိပ်များကို ဝရဗုဒ္ဓစေတီတော်မြတ်ကြီး၏ အရိပ်အောက်မှပြန်လည်တွေးတော ဆင်ခြင်မိလေသည်။



ဗောရောဗုဒူစေတီတော်ကြီးကို ဖူးတွေ့ရစဉ်။

**နောက်ခံသမိုင်း**

အင်ဒိုနီးရှားကျွန်းဆွယ်ကို ကျွန်းကြီးငါးကျွန်း၊ ကျွန်းငယ်သုံးထောင်ကျော်တို့ဖြင့် ဖွဲ့စည်း၍ မြောက်ဘက်တွင် တရုတ်ပင်လယ်၊ အရှေ့နှင့် အရှေ့မြောက်တွင် ပစိဖိတ်သမုဒ္ဒရာ၊ တောင်နှင့် အနောက်ဘက်တွင် အိန္ဒိယသမုဒ္ဒရာက ဝန်းရံလျက်ရှိသည်။ ဆူမားတြားကျွန်း၊ ဂျာဗားကျွန်း၊ ဘော်နီယိုကျွန်း၊ နယူးဂီနီကျွန်း၊ ဆူလဝေဆီကျွန်းကြီးများသည် ထင်ရှားသော ကျွန်းကြီးများဖြစ်ကြသည်။

အင်ဒိုနီးရှား၏ အဓိပ္ပာယ်ကို သာသနာ့ရဆေက ဗုဒ္ဓသာသနိကပထဝီဝင်ကျမ်းပြု တောင်ပေါက်ဆရာတော်ကြီးက ဣန္ဒောနိသျ (အိန္ဒောနိရှ)ဟုဖွင့်ဆိုသည်။ သက္ကတဘာသာမှ ဆင်းသက် ပြောင်းလဲလာသည်ဟုဆိုပါသည်။ ရှေးခေတ် အိန္ဒိယတောင်ပိုင်းသားတို့ တရုတ်ပြည်ဘက်သို့ ပင်လယ်ရေကြောင်းခရီးဖြင့် ကုန်ကူးသွားလာကြရာတွင် အိန္ဒိယနှင့် ချိုင်းနားအသွားအပြန် ပင်လယ်ခရီးသွားကုန်သည်တို့ မှီခိုရာ ကျွန်းစုကို အင်ဒိုနိသျ အိန္ဒိယတို့၏ မှီခိုရာဟုဆိုရာက အင်ဒိုနီးရှားဖြစ်လာသည်ဟု ကြံဆတော်မူသည်။ ဣန္ဒဟူသည် ညိုမှောင်သောဟု အဓိပ္ပာယ်ယူ၍ နိသျကိုကျွန်းဟု အဓိပ္ပာယ်ယူဆသောဘာသာဗေဒအယူအဆဖြင့်ကြံစည်လျှင်လည်း ညိုမှောင်သော ကျွန်းဟုလည်းကောင်း၊ညိုမှောင်သောလူတို့နေရာဟုလည်းကောင်းရနိုင်ပါသေးသည်။ ပါဠိစာလုံး ဣန္ဒောနိသျ=အင်ဒိုနီးရှား။ ထိုနိုင်ငံကြီးနှစ်ခုအကြားကျွန်းဆွယ်ကျွန်းစုများကိုလည်း ဣန္ဒောစိန=အင်ဒိုချိုန မှ အင်ဒိုချိုင်းနားဖြစ်လာသည်ဟု ဆရာတော်ကြီး၏ ဗုဒ္ဓသာသနိက ပထဝီဝင်ကျမ်း၌ဖွင့်ဆိုထားသည်။ ချိုင်းနားသည် စိဏဟုသော သက္ကတပုဒ်မှဆင်းသက်လာသော စကားဖြစ်သည်။ စိဏဟူသည် ရွှံ့မြေစေးဟု အဓိပ္ပာယ်ရသည်။ တရုတ်ပြည်လုပ် အိုးခွက်ပန်းကန်တို့ ကမ္ဘာကျော်ဖြစ်ကြောင်း အားလုံးသိကြပါသည်။ သက္ကတဘာသာ၌ စိဏကို ကျိုနဟု အသံထွက်၍ဖတ်ကြသည်။ အနောက်တိုင်းသားတို့က ကျိုနကိုချိုင်းနားဟုဖတ်လိုက်ကြခြင်းပင်ဖြစ်သည်။ အချို့သမိုင်းဆရာတို့က အင်ဒိုနီးရှား၏သမိုင်းကို ရေးကြရာ၌ လွန်လေပြီးသော နှစ် ၂ သန်းခန့်ကပင် ဤကျွန်းစုများပေါ်၌လူသားတို့ရောက်ရှိနေထိုင်ကြပြီဟု ဆိုကြသည်။ အချို့သမိုင်းပညာရှင် သိပ္ပံပညာရှင်အချို့ကလည်း သမိုင်းမတင်မီ ခေတ်နှစ် ၅ သိန်းခန့်ကပင် ကျွန်းစုများ၌ ရှေးခေတ်လူများ နေထိုင်သွားခဲ့ကြသည်ဟု ပြောဆို ရေးသားကြလေသည်။ အချို့ သမိုင်းဆရာများကမူ မီးတောင်တွေ တဝုန်းဝုန်းပေါက်ကွဲနေသော ဤကျွန်းပေါ်၌ လူသားတို့ ဤမျှစောစောနေကြသည်ဆိုသည့်အချက်ကိုမူ လက်မခံနိုင်ကြပေ။ မီးတောင်များ တဖြည်းဖြည်းငြိမ်းသွားသောအခါမှသာ လူသားတို့နေထိုင်ကြသည်။ ဘီစီနှစ် ၂၀၀ ထက် လူသားတို့အခြေချမှု မစောနိုင်ဟုယူဆကြသည်။

အိန္ဒိယပြည်၏ထင်ရှားသည့် ရှေးဟောင်းကျမ်းတစ်ဆူ (သို့) ဇာတ်တော်ကြီးတစ်ခုဖြစ်သည့် ရာမယနဇာတ်၌ သိရီဝိဇယ၊ ဝိဇယ၊ ဇယစသည်ဖြင့် အောင်မြင်ကျော်ကြားသည့် အထိမ်းအမှတ်ကိုယူ၍ အမည်ပြုထားသော မင်း၊ မင်းသား၊ မူးမတ်တို့ မြောက်မြားစွာရှိကြသည်။ ထိုရာမယနအိန္ဒိယ ရှေးဟောင်း ဇာတ်တော်ကြီးရှိ အောင်မြင်သောမင်းတို့၏ အမည်ကိုယူ၍ဇာတ်အမည်ဖြင့်ပေါ်ပေါက်ကြသည့်မင်းသားများ၊ မူးမတ်များ၊ မြို့စားနယ်စား ကုန်သည်တို့သည် အချင်းချင်း စစ်ဖြစ်၍ ပြေးလွှားပုန်းအောင်းရန် အလို့ငှာလည်းကောင်း၊ အင်ဒို၊ အိန္ဒိယနှင့် ချိုင်းနားတို့အကြား သင်္ဘောဖြင့် ရေကြောင်းကုန်သွယ်ရာ၌ ရေဘေး၊ လေဘေး၊ အစာပြတ်ရေပြတ်သည့်ဘေးတို့ကြုံသည့်အခါ ဤကျွန်းများ၌ မှီခိုကြရသည်။ ထို့ကြောင့်ပင် တောင်ပေါက်ဆရာတော်ကြီးက အင်ဒိုနိသျဟု ဆိုလိုဟန်ရှိသည်။ အိန္ဒိယသားတို့ ဤကျွန်းများပေါ်သို့ မရောက်မီက လူရိုင်းများ၊ မုဆိုးတံငါများရှိခဲ့ဖူးကြောင်း၊ နေခဲ့ဖူးကြောင်း အထောက်အထားများလည်း တွေ့ရသည်။ အိန္ဒိယမှ နယ်သစ်ရှာ၊ စားကျက်သစ်ဖွင့်ရာ ရောက်ရှိလာကြသော မင်းစိုးရာဇာကုန်သည် လယ်လုပ်တို့သည် မိမိတို့ရရာရောက်ရာကျွန်းစုတို့၌ အခြေစိုက်၍ နေထိုင်ကြသည်။ သိရီဝိဇယဟူသော မင်းမျိုးမင်းနွယ်တစ်ယောက်တည်ထောင်ခဲ့သော မြို့ဟောင်းသည် သိရီဝိဇယအမည်ဖြင့်ပင် ဆုမတ္တရားကျွန်း၏ အရှေ့ဘက်စွန်း၌ရှိသည်။ သုမိတ္တဟူသော ကုန်သည် သူဌေးတစ်ယောက်ရောက်ရှိ အခြေစိုက်ပြီး စီးပွားရေး၊ပင်လယ်ရေကြောင်းကုန်သည် လုပ်ငန်းကို တည်ထောင်ဖန်ဆင်းသော သုမိတ္တရ=စုမိတ္တရကုန်သည်ကြီး၏အမည်သည် စုမတ္တရား=ဆူမားတြားဟူ၍ ကျွန်းကြီးတစ်ခုလုံးပေါ်၌ လွှမ်းမိုးခဲ့လေသည်။

အင်ဒိုနီးရှားကျွန်းစုပေါ်သို့ ရောက်လာကြကုန်သော အိန္ဒိယန်းတို့သည် အများအားဖြင့် အိန္ဒိယအရှေ့တောင်ပိုင်း ပလ္လဝါဆိပ်ကမ်းမှ သင်္ဘောရွက်လွှင့်လာကြသူများဖြစ်ကြသည်။ အိန္ဒိယမှ ယူလာသော ဂျုံနှင့် မုယောစပါးကို ကျွန်းများပေါ်၌ စိုက်ပျိုးကြရာ မီးတောင်ပေါက်တို့မှ ပြန့်ကျဲနေသော ပြာများ၊ ရွှံ့ညွန်များဖုံးလွှမ်းသည့် ကျွန်းမြေ၌ အီကွေတာရပ်ဝန်း၏ သဘာဝအလျောက်ခြောက်သွေ့သည်ဟူ၍မရှိ၊ တစ်နှစ်ပတ်လုံး စွတ်စွတ်စိုစိုရွာနေသောမိုး၏ အထောက်အကူကြောင့် ဂျုံနှင့် မုယောစပါးတို့ အကြီးအကျယ်ဖြစ်ထွန်းခဲ့ရာ ထိုကျွန်းကို ဂျုံကျွန်း၊ ယဝကျွန်းဟုခေါ်ခဲ့လေသည်။ ယဝဒီပဟု ရှေးဟောင်းစာများ၌ တွေ့ရသည်ဟု John Miksic ၏ Golden tale of the Buddha ဟူသောစာအုပ်၌ဖော်ပြထားသည်။ မြေ၊ ရေ၊ လေ အနေအထားကြောင့် ယ=yaကိုဂျ အသံထွက်၍ဖတ်ခဲ့ကြလေသည်။ ဝကိုလည်း ဗဟု အသံထွက်ဖတ်ခဲ့ကြရာ ယဝကျွန်းသည် ဂျာဗားကျွန်း ဖြစ်ခဲ့ရလေသည်။

ဂျုံစိုက်ပျိုး အောင်မြင်သော ဇယမျိုးနွယ်တို့က စိုက်ပျိုးရေးလုပ်ငန်းဖြင့် စီးပွားဖြစ်အောင်မြင်ခဲ့ကြရာမြို့သစ်ရွာသစ်တည်ထောင်ဖန်ဆင်းခဲ့ကြရာ၌ ယဝ-ဂျယကရတ = ဂျော့ဂျကာတာ ဟူသော မြို့ကို လည်းကောင်း၊ အိန္ဒိယန်းတို့က ကျွန်းပေါ်နေ ဘာဘာရီးယန်းလူမျိုးတို့ကိုတိုက်ခိုက်အောင်မြင်သောကြောင့် (ဥရောပသားတို့က Red Indian တို့ကို အောင်မြင်သကဲ့သို့) ဂျယကတ = ဂျော့ဂျကာတာအောင်မြို့ကို တည်ထောင်ခဲ့ကြသည်။ ဤသို့လျှင် Civilize ဖြစ်သော အိန္ဒိယန်းတို့က ဤသုမိတ္တရ (ဆုမာတြာ)၊ ယဝ(ဂျာဗား)ကျွန်းများပေါ်သို့ ရှေးဦးစွာ ရောက်ရှိလာကြသောကြောင့် မဟာဘာရတ၊ ရာမာယန စသည့်ရှေးဟောင်း အိန္ဒိယစာပေများကို ဖြန့်ချိခဲ့ကြရာ ယနေ့အစ္စလာမ်ဘာသာဝင်တို့ခေတ်သို့ ရောက်သည့်တိုင်အောင်ပင်ဇာတ်ရုံများ၌ ရာမာယနဇာတ်တော်များကို ကပြလျက်ပင် ရှိနေသေးသည်။ ဂျာဗားကျွန်း ဂျော့ဂျကာတာမြို့ အနီးတစ်ဝိုက်ရှိ ရှီဝ၊ ဗိဿနိုး၊ မဟာဗြဟ္မာဟူသော ဟိန္ဒူဘုရားကျောင်းများက ဟိန္ဒူဘာသာ၏ လွှမ်းမိုးသက်ရောက်ခဲ့ပုံကိုပြသလျက်ရှိသည်။ ၉-ရာစုနှစ်ကတည်းက ဆောက်ခဲ့သော ဂျော့ဂျကာတာမြို့အနီး Pranbanan ဟူသော ရှီဝကျောင်းတော်ကြီး၏ ကျောက်ဆစ်လက်ရာများမှာ အိန္ဒိယပြည် ဩရိဿပြည်နယ် ဘင်္ဂလားပင်လယ်အော်၏ ကမ်းခြေ၌ရှိသော ဟိန္ဒူ ကျောင်းတော်ကြီးများ၏ လက်ရာများနှင့်မခြားခမ်းနားလှပေသည်။ ယနေ့မူကား ဟိန္ဒူဘာသာဝင်နှင့် ဟိန္ဒူကျောင်းတို့၏စုဝေးရာသည် ဘာလီကျွန်းပင်ဖြစ်သည်။ ဂျာဗားကျွန်းပေါ်ရှိ မင်ဒွတ်မြို့အနီး ၃ မီတာမြင့်သည့် ခြေတော်တွဲလွဲချ၍ တစ်ဆစ်ချိုးထိုင်တော်မူဟန် လက်တော်မှာ တရားဟောတော်မူသည့်ပုံမျိုးဖြင့် မီးသင့်ကျောက် အမာသားကို ထုထားသော မြတ်စွာဘုရား၏ ကျောက်ဆစ်ဆင်းထုတော်ကြီးမှာလည်း အထူးပင်လက်ရာမြောက်လှ၏။ ဂျာဗားကျွန်းသားတို့၏ ပြောင်မြောက်သည့်လက်ရာတစ်ခုဖြစ်သည်။ နောက်ခံ တံကဲ၌ ဆင်ရုပ်များ၊ မြင်းရုပ်များ၊ မက္ကန်းရုပ်များနှင့် ခြယ်မှုန်းထားသည်။ အေဒီ ၄ ရာစု၊ ၅ ရာစုနှစ်များဆီက အိန္ဒိယပြည်တောင်ပိုင်း အဂျန်တာ၊ အယ်လိုရာလိုဏ်ဂူရှိအာသနမုဒြာနှင့် ဓမ္မစက္ကမုဒြာတို့၏ လက်ရာမွန်များနှင့်မခြားဖြစ်သည်။

**ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ ခရစ်ယန်ဘာသာနှင့် အစ္စလာမ်ဘာသာများ ရောက်ရှိလာပုံ**

ခရစ်မပေါ်မီနှစ် ၁၀၀ ခန့်က အိန္ဒိယတောင်ပိုင်းသားပလ္လဝါလူမျိုးတို့ ကူးသန်းရောင်းဝယ်ရင်း စတင်ရောက်ရှိကြရာမှ ဗြဟ္မနဘာသာဝင်တို့ ရောက်ရှိလာကြသည်။ အေဒီ ၄ ရာစု၊ ၅ ရာစုနှစ်များမှသာစ၍ ဗုဒ္ဓဘာသာဝင်များ အခြေချနေကြလေသည်။

ခရစ်နှစ် ၁၅၀၀ ခန့်က အာရေးဗီးယားနိုင်ငံများမှ ပါရှန်းကုန်သည်များ စတင်ဝင်ရောက်သည်မှစ၍ အစ္စလာမ်ဘာသာသို့ ရောက်ရှိလာသည်။

(ဆက်လက်ဖော်ပြပါမည်)

7 DAY NEWS JOURNAL
Vol.10, No.11 • JUNE 2, 2011

# လူတွေရဲ့အနက်လမ်းတွေရဲ့အဓိပ္ပာယ်

မောင်သာချို





(တစ်)

ဟိုတုန်းကတော့ နာမည်ကျော် အနုပညာရှင်ကိုကျော်ဟိန်းပေါ့။ အခုတော့ဖြင့် ရဟန်းဘောင်သို့ဝင်ရောက်သွားခဲ့လေသူဦးဇင်းကြီးဦးကိတ္တိသာရ။ ထိုအနုပညာရှင်ကိုကျော်ဟိန်း၏ ရွှေရောင်တောက်ပခဲ့ရာ နေ့ရက်များတုန်းက သီချင်းခွေတစ်ခွေစ၊ နှစ်ခွေစကိုလည်း သီဆိုခဲ့ဖူးရာ လူငယ်စကားဖြင့်ပြောရသော် ထိုအခွေများက “ပေါက်”ပါသည်။ ကိုကျော်ဟိန်း၏ သီချင်းတွေထဲမှာ လူထု၏ ရင်ထဲသို့ “စူး”သော သီချင်းများအနက် “အဓိပ္ပာယ်ရှိသော” သီချင်းလည်း ပါဝင်ပါသည်။ တေးရေး “မောင်သစ်မင်း”၏ လက်ရာ။ ကော်ပီသီချင်းတစ်ပုဒ်။

**အချိန်ရေစီးကြောင်း တသွင်သွင်စီးနေ၊ ငါတို့အားလုံး အမှတ်တမဲ့လွန်မြောက်ခဲ့၊ အိပ်မက်နိုးထ တို့ဘဝအရွယ်ရောက်ခဲ့၊ ဆင်ခြင်စဉ်းစား သတိရလာခဲ့ကြ၊ သည်ကမ္ဘာလောက တို့အတွက် မိတ်ဆွေ ဘဝအဓိပ္ပာယ် ရှိရမယ်ဟော့၊ မိတ်ဆွေ လူ့ဘဝကို အကျိုးရှိဖို့ မိတ်ဆွေ တစ်ခုခုကို ဆုံးဖြတ်ပါလေ။ တာဝန်တစ်ခုခု ယူရန်ဆုံးဖြတ်ကြ၊ ကိုယ်လွတ်ရုန်းတဲ့ စိတ်ဓာတ်ဖယ်ရှားပစ်၊ လူတွေကြားက လောကလိုအပ်ချက် ရှာဖွေဖြည့်စွက် လောကလူသားအတွက် သည် ကမ္ဘာလောက တို့အတွက်၊ မိတ်ဆွေ၊ ဘဝအဓိပ္ပာယ် ရှိရမယ်ဟော့။**

သီချင်းစာသားတွေက ရင်ထဲကို စူးပါသည်။ အချိန်က တသွင်သွင်စီးဆင်းနေလေသတဲ့။ လူတွေက အမှုမဲ့၊ အမှတ်မဲ့ ကုန်ဆုံးလွန်မြောက်သွားကြလေသတဲ့။ တချို့တလေကမူ လက်ဖက်ရည်ဆိုင်ထိုင်နေကြရင်း ဘီယာဥယျာဉ်မှာ မျောနေကြရင်း၊ စကားတင်းစကားဖျင်းဝိုင်းဖွဲ့နေကြရင်းကနေ ဖျတ်ခနဲ ဆိုသလိုနိုးထ၊ ဆတ်ခနဲ ဆိုသလို ဘဝကို သတိပြုမိက အဓိပ္ပာယ်ရှိသော အလုပ်တွေကို လုပ်ဖို့ဆုံးဖြတ်မိကြလေသတဲ့။ တာဝန်မမဲ့နဲ့၊ ကိုယ်လွတ်မရုန်းနဲ့၊ လိုအပ်ရာမှာ လိုက်လံဖြည့်စွက်၊ အဲဒါမှ လူဖြစ်ရခြင်းရဲ့ အဓိပ္ပာယ်တဲ့။ သီချင်းစာသားတွေက ငေးငိုင်တွေဝေနေသော စိတ်ဓာတ်ထဲကို ဒလဟောစီးဝင်၍ လာသည်။ အဓိပ္ပာယ် အဓိပ္ပာယ်။ ဘဝဆိုတဲ့ အဓိပ္ပာယ်။ လူဖြစ်ရခြင်းရဲ့ အဓိပ္ပာယ်။ ဘဝကို အဓိပ္ပာယ်ရှိအောင် နေထိုင်လို့ ရလေသတဲ့။

ဘဝကို အရသာရှိရှိ အဓိပ္ပာယ်ပြည့်ပြည့်ဖြင့် နေထိုင်ဖြတ်သန်းသွားကြသည့် လူတွေကို မကြာခဏဆိုသလို ကျွန်တော်တွေ့ဖူးပါသည်။ လွန်ခဲ့သည့်လေးငါးခြောက်ရက် မေလအလယ် မိုးခဏတိတ်သော ရက်တစ်ရက်မှာတော့ ထိုအဓိပ္ပာယ်ရှိသော အလုပ်တွေကိုလုပ်ကာ ဘဝကို အဓိပ္ပာယ်ရှိရှိ ဖြတ်သန်းနေသော ပရဟိတလူစုလူဝေးတစ်ခုနှင့် ကျွန်တော်ထိတွေ့ခွင့်ရလိုက်ပါသည်။

“မေတ္တာရိပ်”ပရဟိတ အကျိုးပြုအဖွဲ့တဲ့။ ‘အော် အနယ်နယ် အရပ်ရပ်က လူငယ်တွေ လူရွယ်တွေ’

(နှစ်)

အခြေခံတာက ကမာရွတ်လှည်းတန်းပဲဖြစ်ပါသည်။ သို့သော် သူတို့ သူတို့တွေသည် ကမာရွတ်လှည်းတန်းသားတွေတော့မဟုတ်ကြ။ အနယ်နယ် အရပ်ရပ်က ရောက်လာကြကာ ကမာရွတ်လှည်းတန်းတစ်ဝိုက်က အဆောင်ကလေးတွေမှာ ငှားရမ်းနေထိုင်ရင်း ပရဟိတစိတ်ကို အခြေခံလျက် ဆက်စပ်သွားမိကြခြင်းဖြစ်ပါသည်။ တစ်ယောက်က တောင်ကြီးကတဲ့။ တစ်ယောက်က ဓနုဖြူကတဲ့။ တစ်ယောက်က မအူပင်ကတဲ့။ တစ်ယောက်က ကျောက်ပန်းတောင်းကတဲ့။ တစ်ယောက်မုံရွာကတဲ့။ လူငယ်တွေ လူရွယ်တွေ။ ကမာရွတ်လှည်းတန်းတစ်ဝိုက်က ကျောတစ်စင်းစာ ခုတင်ကလေးတစ်လုံး၊ လူတစ်ထိုင်စာ စားပွဲကုလားထိုင်ကလေးတစ်စုံ ထည့်သွင်းထားသည့်အခန်းကျဉ်းကလေးထဲမှာ နေထိုင်ရင်းက ကုမ္ပဏီမှာ အမှုထမ်းရင်း၊ သင်တန်းတစ်ခုပြီးတစ်ခုတက်ရင်း၊ အစိုးရအမှုကို ထမ်းရင်းကနေ ပရဟိတစိတ်ရှိသူတွေချင်း ဆက်စပ်သွားမိကြကာ ရွှေတိဂုံစေတီတော်ပေါ်သို့ရောက်သွားကြခြင်းဖြစ်ပါသည်။

သည်မှာတွင်ရှင်အရဟံတန်ဆောင်း၌ နှစ်ပတ်ကို တစ်ကြိမ်ဆုံကြဖို့ သဘောတူလိုက်ကြပြီး ဘုရားရောင်တော်ဖွင့် အလုပ်ကိုပုံမှန်လုပ်ဖြစ်ခဲ့ကြရင်းကနေ ပရဟိတလုပ်ငန်းဘက်ကို ဦးတည်သွားကြခြင်းဖြစ်ပါသည်။

“ဘုရားဆင်းတုက ကြေးဆင်းတုပေါ့၊ ရောင်တော်ဖွင့်ဖို့အတွက် ပွတ်ရတိုက်ရတယ်လေ အခြောက်ခံရတာလည်းပါတယ်။ အခြောက်ခံတဲ့အချိန်မှာ စောင့်ရင်းနဲ့ တန်ဆောင်းထဲမှာ စကားပြောဖြစ်ကြတဲ့အခါ မိဘမဲ့ ပရဟိတကျောင်းတစ်ကျောင်းကျောင်းမှာ ထမင်းသွားကျွေးချင်တဲ့ စိတ်ပေါ်လာတာနဲ့ တိုင်ပင်ကြရင်း မေတ္တာရိပ်ကို စဖြစ်တာပါပဲ”

သည်လူငယ်တွေက ပထမဦးဆုံးအကြိမ်အဖြစ် ဒလ၊ ကွမ်းခြံကုန်းကားလမ်းပေါ်တွင် ဘုရားကြီးကျေးရွာ မင်္ဂလာပရဟိတကျောင်းကိုရွေးချယ်လိုက်ပါသည်။ ထို့နောက် ကမာရွတ်လှည်းတန်းတစ်ဝိုက်က အဆောင်နေ လူငယ်လူရွယ်များကို အခြေခံကာ မိမိတို့၏ ရုံး၊ ကျောင်း၊ ကုမ္ပဏီလုပ်ငန်းခွင်များထဲက နီးစပ်ရာ နီးစပ်ရာတို့ကိုလက်တို့ကာ ရသမျှအသပြာငွေကြေးတို့နှင့် သည်ဘုရားကြီးကျေးရွာမင်္ဂလာပရဟိတကျောင်းသို့ ရောက်သွားကြခြင်းဖြစ်ပါသည်။ ဆွမ်းကပ်၊ ထမင်းကျွေး၊ ငွေလှူ၊ လက်ဆောင်ပစ္စည်းဝေငှ။

“ကျွန်တော်တို့အားလုံး မျက်ရည်ကျရပါတယ်ဆရာ။ ချို့တဲ့နွမ်းပါး၊ အမိမဲ့၊ အဖမဲ့၊ ဝေးလံခေါင်ဖျား တိုင်းရင်းသား ကလေးငယ်တွေရှိရာကအစ လိုက်လှူဖို့ ဆုံးဖြတ်မိကြတာပါ”

ပရဟိတကျောင်းများသို့သွားရန်၊ ကျေးလက်ကျောင်းများသို့သာ အဓိကထားသွားရောက်ရန်၊ ချို့တဲ့နွမ်းပါး (သို့မဟုတ်) မိဘမဲ့ ကလေး ၅၀ နှင့် အထက်ကျောင်းများသို့ ဦးစားပေးသွားရောက်ရန် စသည် စသည်ဖြင့် မူကလေးတစ်ခု ယာယီချထားပြီး လိုက်၍ လှူဒါန်းနေခဲ့ရာ အခုတော့ ငါးကြိမ်မြောက်ခဲ့ပြီ။ ဒလကွမ်းခြံကုန်း ကားလမ်းပေါ်က ဘုရားကြီးကျေးရွာ မင်္ဂလာပရဟိတကျောင်းမှာ နှစ်ကြိမ်၊ အေးချမ်းသာလူငယ်ဖွံ့ဖြိုးရေးဂေဟာမှာ နှစ်ကြိမ်၊ ကျောက်တန်းကျေးရွာ ဝေဠုဝန်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှာ တစ်ကြိမ်၊ အခု လောကချမ်းသာပရဟိတကျောင်းတဲ့။ ကျွန်တော်က သူတို့နှင့်အတူ ထိုလောကချမ်းသာ ပရဟိတကျောင်းသို့ ပါသွားခဲ့ခြင်းပင် ဖြစ်ပါသည်။

(သုံး)

ကျောင်းက လှည်းကူးမြို့နယ်ထဲက ကျောင်း။ ညောင်နှစ်ပင် သီးစုံစိုက်ပျိုးရေး အထူးဇုန် (၂) ထဲမှာ ရှိပါသည်။ ရန်ကုန်-မန္တလေးလမ်းဟောင်းကနေ အတွင်းဘက်သို့တော်တော်ကလေးဝင်သွားရပါသည်။ ကားလမ်းကနေ ညောင်ကန်အေး လောကချမ်းသာ ပရဟိတကျောင်းသို့ အရောက် ဆိုင်ကယ်ကယ်ရီဖြင့် လူတစ်ယောက် ၁၅၀၀ ကျပ်။ အမျိုးသားညီလာခံကျင်းပရာ ခန်းမတွေဘာတွေကို ကျော်သွားရသဖြင့် နည်းနည်းကလေးလှမ်းပါသည်။

“သည်ကျောင်းကို တွေ့ဖို့တော်တော်ကလေး ရှာရပါတယ်ဆရာ။ သူက သွားခလုတ်၊ လာခလုတ်မဟုတ်ဘူးလေ။ ကျွန်တော်တို့ လှူရမယ့်နေရာကို အသေအချာ ကွင်းဆင်းလေ့လာပါတယ်ဆရာ”

သည်မေတ္တာရိပ်လူငယ်တွေကခြောက်လမှ တစ်ကြိမ်အလှူကြီးပေးခြင်းဖြစ်ပါသည်။ သည်ကြားထဲမှာတော့ ရသမျှ ငွေစု။ အခြေခံက တစ်လကို တစ်ထောင်စီထည့်ဝင်ရန် နီးစပ်ရာကိုလက်တို့ခြင်းသာ။

ထိုနေ့ကတော့ မှန်လုံဘတ်စ်ကားကြီး နှစ်စီးပေါ်မှာ အလှူရှင်တွေ အပြည့်ပါလာပါသည်။ လစဉ်တစ်ထောင်ထည့်သူတွေသာမကတော့ဘဲ အချိန်ကိုက် လှူဒါန်းမည့်သူတွေပါ အပြည့်။ ဗလာစာအုပ်၊ ခဲတံ၊ ပေတံ၊ ဘောလ်ပင်၊ ကျောင်းဝတ်စုံအဖြူ၊ အစိမ်း၊ မုန့်ပဲသရေစာအစုံ။ မနက်ခင်းစာက မုန့်ဟင်းခါး။ နေ့ခင်းစာက ထမင်း။

“ကလေးတွေ ပညာရေး ပဒေသာပင်အတွက်က ရှစ်သိန်း၊ သံဃာတော်ပရဟိတကိစ္စဆောင်ရွက်ဖို့က ကျပ်ငါးသိန်း၊ ကျန်တဲ့ အစားအသောက်ပစ္စည်း ပစ္စယအလှူက ကျပ်ကိုးသိန်းဆိုတော့ အခု စုစုပေါင်းအလှူက ကျပ်နှစ်ဆယ့်နှစ်သိန်းဖိုးလောက် ရှိမယ်ဆရာ”

အော်. . ကျက်သရေရှိတဲ့ ယောကျ်ားတွေ၊ မိန်းမတွေ။ အလှူရှင်တွေ၊ တချို့ မေတ္တာရိပ် တီရှပ်ကလေးတွေနဲ့။

သူတို့အဖွဲ့က ကြားဖြတ်အရေးပေါ် လူမှုရေးကိစ္စကလေးတွေကိုလည်း လိုအပ်လျှင် ဆောင်ရွက်ပေးတတ်ကြသည်။ ဆိုကြပါစို့။ သောက်သုံးရေလိုအပ်သောကိစ္စ၊ ခြင်ဆေးပက်ဖျန်းပေးရန် ကိစ္စ၊ ကြမ်းပိုး နှိမ်နင်းရေးကိစ္စ၊ ဝဲယားနာတိုက်ဖျက်ရေးကိစ္စတို့ကို ဆရာဝန်မိတ်ဆွေများနှင့် လက်တွဲလျက် လိုက်ပါဆောင်ရွက်သည်။ အဓိကကတော့ ခြောက်လကို တစ်ခါ လစ်ဟာနေသော ကွက်လပ်များရှိရာသို့ အင်နှင့်အားနှင့် အရောက်သွားနိုင်ရေး . . .

၂၂-၅-၂၀၁၁ ရက် ညနေ ကျွန်တော့်ဟောပြောပွဲပြီး၍ ရေစက်ချ အမျှဝေ သာဓုခေါ်ဆိုအပြီးတွင်ကား ညနေငါးနာရီထိုးပါပြီ။ ရွာနီးချုပ်စပ်က မူလတန်းကလေးငယ်တို့၏ ပညာသင်ကြားရာ ညောင်ကန်အေးပရဟိတကျောင်းကလေးက ရန်ကုန်ပြန်ပရဟိတသမားတို့ကို ကျေးဇူးတင်သော မျက်လုံးကလေးများဖြင့် ငေးမောနှုတ်ဆက်နေခဲ့ပါပြီ။

ကိုယ့်အရပ်လည်း မဟုတ်။ ကိုယ့်မြို့ကိုယ့်ရွာလည်း မဟုတ်။ ကိုယ့်သွေးကိုယ့်သားလည်းမဟုတ်ပါဘဲနှင့် ‘မည်သည့် နေရာမှာ မေတ္တာလိုအပ်ပါလိမ့်မလဲ’ဟု ရှာဖွေစူးစမ်းထောက်လှမ်းကာ အရောက်လာပြီး မေတ္တာပေးကြသည့် မေတ္တာရိပ် ပရဟိတသမားတို့ကဖြင့် ကောင်းသောလမ်းကနေ ပြန်ကြပါပြီ။ သူတို့တွေ၊ သူတို့ချွေးနည်းစာ ငွေကြေးအသပြာတို့ကိုစုကြဆောင်းကြပါလိမ့်ဦးမည်။ ပြီးလျှင်အမိမြန်မာပြည်ရဲ့ တစ်ထောင့်တစ်နေရာရာဆီသို့ပေါ့။ အော်. . ဘဝရဲ့အနက်အဓိပ္ပာယ်။ ။

အချိန်က တသွင်သွင်စီးဆင်းနေလေသတဲ့။ လူတွေက အမှုမဲ့၊ အမှတ်မဲ့ ကုန်ဆုံးလွန်မြောက်သွားကြလေသတဲ့။ တချို့တလေကမူ လက်ဖက်ရည်ဆိုင်ထိုင်နေကြရင်း ဘီယာဥယျာဉ်မှာမျောနေကြရင်း၊ စကားတင်းစကားဖျင်းဝိုင်းဖွဲ့နေကြရင်းကနေ ဖျတ်ခနဲ ဆိုသလိုနိုးထ၊ ဆတ်ခနဲဆိုသလို ဘဝကိုသတိပြုမိက အဓိပ္ပာယ်ရှိသော အလုပ်တွေကို လုပ်ဖို့ဆုံးဖြတ်မိကြလေသတဲ့။ တာဝန်မမဲ့နဲ့၊ ကိုယ်လွတ်မရုန်းနဲ့၊ လိုအပ်ရာမှာ လိုက်လံဖြည့်စွက်၊ အဲဒါမှ လူဖြစ်ရခြင်းရဲ့ အဓိပ္ပာယ်တဲ့။ သီချင်းစာသားတွေက ငေးငိုင်တွေဝေနေသော စိတ်ဓာတ်ထဲကို ဒလဟောစီးဝင်၍လာသည်။ အဓိပ္ပာယ် အဓိပ္ပာယ်။ ဘဝဆိုတဲ့အဓိပ္ပာယ်။ လူဖြစ်ရခြင်းရဲ့အဓိပ္ပာယ်။ ဘဝကို အဓိပ္ပာယ်ရှိအောင် နေထိုင်လို့ ရလေသတဲ့။ ။

7DAY NEWS JOURNAL

Current Affairs

Vol.10, No.11 • JUNE 2, 2011

# “ပြည်တွင်းစားသုံးမှုက တစ်လကို တန်ချိန်နှစ်သောင်းခြောက်ထောင်ရှိတယ်”

## ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဌ ဦးသိန်းဟန်နှင့် တွေ့ဆုံခြင်း

**သိမ့်သိမ့်စိုး**

**အလှည့်ကျစနစ်နဲ့ စားအုန်းဆီတင်သွင်းခွင့်ပြုနေတယ်လို့ သိရပါတယ်။ အဲဒီစနစ်ကိုရှင်းပြပေးစေလိုပါတယ်။**

အခုပြေမှာခါးပြတ်သွားတယ်။ ဆီကမရှိဘူး။ ဈေးတွေတက်သွားတယ်။ နိုင်ငံတော်ကအမြန်သွင်းပါဆိုတော့ လက်ထဲမှာပိုက်ဆံရှိတဲ့လူတွေချက်ချင်းသွင်းတယ်။ သင်္ဘောစီစဉ်တယ်။ ဒီကိုပြန်ဝင်တော့ဆီဈေးကျတယ်။ အခုလတ်တလောကဦးပိုင်ကပိုင်ပြီးတော့၊ Diamond Dragon ကုံ့ကော်တောမျိုးအောင်နဲ့ဖက်စပ်ကန်က တန်ငါးထောင်ဆံ့တယ်။ ထူးနဲ့ဆက်စပ်တဲ့ ဦးပိုင်က ကန်က လေးထောင်ဆံ့တယ်။ အဲဒီတော့ ကန်ကိုးထောင်ထည့်လို့ရတယ်။ သင်္ဘောကတစ်စီးတစ်စီးကို တန်သုံးထောင်ပြုံ့ဝင်လာတယ်။ ဒီမှာထည့်နိုင်တာကကိုးထောင်ဆိုတော့ ဒီဆီကိုမထုတ်ရင်နောက်သင်္ဘောတွေကပင်လယ်ထဲမှာမျောနေရတော့ မလိုအပ်ဘဲကုန်ကျစရိတ်တွေ တက်လာတဲ့အတွက် စနစ်တကျနဲ့ ရှေ့လူကသွင်းပြီး နောက်သင်္ဘောဝင်လို့ရအောင်လုပ်တယ်။ ရည်ရွယ်ချက်ကမလိုအပ်ဘဲသင်္ဘောတွေရေလယ်မှာစောင့်နေရတာကုန်ကျစရိတ်နဲ့ သင်္ဘောတွေဂျမ်းဖြစ်တာ။ နောက်တစ်ခုက ကန်ရဲ့အခက်အခဲကြောင့်၊ နောက်တစ်ခုကဈေးနှုန်းတည်ငြိမ်ဖို့လုပ်တယ်။

**တစ်ပတ်ကိုသင်္ဘောဘယ်နှစင်းတင်သွင်းရမယ်ဆိုတဲ့သတ်မှတ်ချက်ရှိပါသလား။**

တစ်ပတ်ကိုသင်္ဘောနှစ်စင်းတန်ခြောက်ထောင်နဲ့ တစ်လကိုရှစ်စီးသွင်းဖို့ လုပ်ထားတယ်။ အဲဒီတော့ နှစ်လတစ်ကြိမ် သင်္ဘောတင်သွင်းရမယ်။ လိုအပ်ရင် သုံးစီးသွင်းမယ်။ လိုအပ်ချက်ပေါ်မူတည်ပြီးအပြောင်းအလဲရှိနိုင်တယ်။ သင်္ဘောတစ်စီးကိုတန် သုံးထောင်တင်ရမယ်။ တစ်စီးကို ၂၆၀၀ အနည်းဆုံးတင်နိုင်တော့ ဒီသင်္ဘောမှာ ၂၆၀၀ တင်ရင် နောက်သင်္ဘောမှာတခြားလူနဲ့တွဲပြီးလေးရာထပ်တင်ရမယ်။ ရန်ကုန်ဆိပ်ကမ်းရဲ့ရေစူးကိုသတ်မှတ်ပြီးတော့ တန် ၄၂၀၀ ထိသွင်းနိုင်တယ်။

**စားအုန်းဆီအရည်အသွေးကို မြန်မာနိုင်ငံမှာ ပြန်စစ်ဆေးပါသလား။ ဒါမှမဟုတ် လုပ်ငန်းရှင်တွေ ကိုယ်ကြိုက်တဲ့ဆီကိုတင်သွင်းနိုင်ပါသလား။**

စားအုန်းဆီကိုမလေးရှားနဲ့ အင်ဒိုနီးရှားကအဓိကတင်သွင်းတယ်။ သူတို့ရဲ့ နိုင်ငံတကာတင်သွင်းတဲ့ အရောင်းအဝယ်လုပ်နေတဲ့နိုင်ငံတွေရဲ့ စံချိန်စံညွှန်းဆိုတာရှိတယ်။ PORAM(Palm Oil Refiners Association of Malaysia) အရတင်သွင်းရတယ်။ မလေးရှား၊ အင်ဒိုနီးရှားဆိပ်ကမ်းမှာသင်္ဘောထဲထည့်မယ်ဆိုရင် တတိယလူဖြစ်တဲ့ ရောင်းသူရောဝယ်သူရော မဟုတ်တဲ့လူကနေ စစ်ဆေးရတယ်။ အဲဒီကစစ်တဲ့အပြင် ကျန်းမာရေးဝန်ကြီးဌာနကနေ ဒီဆီကိုစားသုံးရန်သင့်ပါတယ်ဆိုတဲ့ထောက်ခံချက်ရမှသင်္ဘောပေါ်တင်သွင်းရတယ်။ ဒါကဟိုဘက်နိုင်ငံကအပိုင်း။ မြန်မာနိုင်ငံရောက်လာတဲ့အခါ ဒီဆီကိုတတိယလူဖြစ်တဲ့ MITS (Myanmar Instruction Testing Service) ကနေ ဒီဆီကိုနမူနာယူချိတ်ပိတ်ပြီး ကျန်းမာရေးဝန်ကြီးဌာန FDA မှာစစ်ဆေးတယ်။ စစ်ပြီးတော့မှ လူထုစားသုံးရန်သင့်တယ်ဆိုတဲ့ Certificate ထွက်လာမှ လူထုကို ဖြန့်ဖြူးလို့ရတယ်။

**အရင်ကဆီထုတ်ယူဖို့ ချလန်ရှိပေမယ့် ဆီထုတ်မပေးတာတွေ ရှိခဲ့ဖူးတော့ အဲဒီကိစ္စတွေမဖြစ်အောင် ဘယ်လိုဆောင်ရွက်ဖို့စီစဉ်ထားပါသလဲ။**

ဆီထုတ်ယူဖို့ ချလန်ရှိပြီးဆီထုတ်မပေးဘူးဆိုတာကအရင်တုန်းကဖြစ်ခဲ့တာ ။ အခုမဖြစ်တော့ဘူး။ ဘာလို့လဲဆိုတော့ တစ်အချက်ကနဂိုရှိတဲ့ကိုယ်စားလှယ် ၃၃၆၁ ခုကိုဒီတစ်ပတ် ချလန်ထုတ်ပေးလိုက်ရင် ဆီထုတ်တဲ့နေရာမှာဒီတစ်ပတ်တည်းအပြီး ထုတ်ရမယ်။ မထုတ်ရင် နောက်တစ်ပတ်ခွင့်မပြုဘူး။ နှစ်အချက်ကအခုသွင်းတာကကုမ္ပဏီ ၁၆ ခု၊ ကုမ္ပဏီတစ်ခုကကန်ထဲထည့်ပြီးနောက် ကုမ္ပဏီကသင်္ဘောရောက်နေပြီး ကန်ထဲထည့်တော့မယ်ဆိုရင် အရင်ကုမ္ပဏီကဆီကို မြန်မြန်ထုတ်မှနောက် တစ်ကြိမ်သွင်းလို့ရမှာဖြစ်တဲ့အတွက် မြန်မြန်ထုတ်ပေးရမယ်။ ကုမ္ပဏီပိုင်ရှင်ကလည်းငွေလိုမယ့်အတွက် မြန်မြန်ထုတ်ရမယ်။ နောက်ပြီးကန်ပိုင်ရှင်ကလည်းတစ်ပိဿာငါးကျပ်နဲ့ ၁၅ ရက်ပဲသတ်မှတ်ထားတယ်။ အရင်တုန်းကတစ်လသတ်မှတ်ထားတာ။ ရှေ့လူထုတ်သွားမှ နောက်ထပ်ထည့်တဲ့ဆီပေါ်မှာတစ်ပိဿာငါးကျပ်ရမယ်ဆိုတော့ကန်ပိုင်ရှင်တွေကလည်း မြန်မြန်ထုတ်ဖို့ပြောမယ်။ ဆီအသင်းကလည်း မြန်မြန်ထုတ်ခိုင်းမယ်။ အဲဒီသုံးချက်ကြောင့် ဈေးကွက်ထဲကို မြန်မြန်ရောက်ခြင်းအားဖြင့် စားသုံးသူတွေဈေးနှုန်းတည်ငြိမ်မယ်။ ကန်ထဲမှာလှောင်ထားရင် ဆီဈေးကလှောင်သလိုဖြစ်သွားမယ်။ ဒီတော့ အရင်တုန်းကလိုချလန်ပေးပြီးဆီထုတ်မရတာတွေမဖြစ်တော့ဘူး။ ခုဟာက ကုမ္ပဏီတွေဆီဖြစ်တဲ့အတွက် သီးခြားစနစ်နဲ့ ဆီမြန်မြန်ထုတ်ကိုထုတ်ပေးရမယ်။

**ဆီအမှန်တကယ်ထုတ်ရောင်းခြင်းရှိမရှိကိုဘယ်လိုစစ်ဆေးသွားမှာလဲ။**

ကန်မှာနေ့စဉ်ဆီထုတ်ရောင်းပေးလားမပေးလားဆိုတာ လက်ကျန်ရှိတယ်။ ကန်ပိုင်ရှင်ကလည်းမထုတ်ရင်အော်ပြီ။ နောက်သင်္ဘောဆီထည့်တော့မယ်။ အဲဒီဆီတွေမြန်မြန်ထုတ်ပေးပါ။ ကုမ္ပဏီတွေကလည်းထုတ်ကိုရောင်းရမယ်။ ခွဲတမ်းကိုယ်စားလှယ်တွေကလည်း သူတို့ယူပြီးရင် ရောင်းကိုရောင်းရမယ်။ မရောင်းရင် ဒီတန်သုံးထောင်မရောင်းရင် နောက်တစ်ပတ်တန်သုံးထောင်သွင်းဖို့ ပိုက်ဆံမရှိဘူး။ နောက်ပြီးတော့ နေပြည်တော်ကုန်ဈေးနှုန်းထိန်းသိမ်းရေး၊ ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးအဖွဲ့နဲ့ ဆီအသင်းက အမြဲတမ်း ကွင်းဆင်းစစ်ဆေးမယ်။ အရင်တုန်းကလည်းအဲဒီလိုပဲစစ်ခဲ့တယ်။ အဲဒီတော့ သူတို့ရောင်းကို ရောင်းရမယ်။ မရောင်းလို့မရဘူး။

**ဆီတင်သွင်းသူတွေအနေနဲ့ အသင်းကိုရာခိုင်နှုန်းဘယ်လောက်ပေးပြီး အပြင်ကိုရာခိုင်နှုန်းဘယ်လောက်ရောင်းချဖို့သတ်မှတ်ထားပါသလဲ။**

အရင်တုန်းကသတ်မှတ်ထားတဲ့ပုံစံနဲ့မကွာဘူး။ အရင်တင်သွင်းလာတဲ့ကုမ္ပဏီကလေးဆယ်ရာခိုင်နှုန်းသူ့ဘာသာ သူဈေးကွက်ထဲမှာလွတ်လွတ်လပ်လပ်ရောင်းတယ်။ ခြောက်ဆယ်ရာခိုင်နှုန်းကဆီအသင်းကိုပေးတာမဟုတ်ဘူး။ ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးအဖွဲ့ကိုပေးတာ။ အဲဒီအဖွဲ့ကနေမှတစ်ဆင့်ရန်ကုန်တိုင်းဆီကုန်သည်အသင်းနဲ့နေပြည်တော်ကုန်ဈေးနှုန်းတည်ငြိမ်ရေး မန္တလေးကုန်ဈေးနှုန်း တည်ငြိမ်ရေးကဘယ်လောက်ဖြန့်ဆိုပြီးပေးတယ်။ ပြီးတော့တပ်ရင်းတပ်ဖွဲ့တွေ၊ဝန်ထမ်းတွေကို ဘယ်လောက်ဖြန့်ဆိုပြီး ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးအဖွဲ့ကနေ အဲဒီခြောက်ဆယ်ရာခိုင်နှုန်းကိုခွဲပေးတာ။

**ဆီကိုယ်စားလှယ်တွေကို ဘယ်လိုသတ်မှတ်ချက်နဲ့ ဖြန့်ဖြူးပေးနေပါသလဲ။**

တစ်ပတ်သုံးလုံးပဲပေးတယ်။ သင်္ကြန်တုန်းကဆီတင်သွင်းသူမရှိတော့ ခါးပြတ်သွားတယ်။ ပြေမှာတစ်ကြိမ်ပဲဖြန့်တယ်။ ကျန်တာမဖြန့်ဖြစ်တော့ ဆီကပြတ်သွားတယ်။ အခုသင်္ဘောတွေပြုံ့ဝင်တဲ့အခါ အဲဒီဆီကိုမြန်မြန်ဈေးကွက်ထဲကိုနှစ်လစာဖြန့်လိုက်တော့ ဈေးကျသွားတယ်။ ကန်ထဲကလည်းဆီမြန်မြန်ရှင်းတော့ နောက်သင်္ဘောတွေ ဝင်လို့ရတယ်။ ပြေ၊ မေ နှစ်လစာအတွက်ပေါင်းဖြန့်လိုက်တာ။ ပုံစံကတော့ အရင်အတိုင်းပဲ။ တစ်ပတ်ကိုသုံးလုံးနဲ့ ပုံမှန်ဖြန့်သွားမှာ။

**ဆီလောကထဲသို့ တခြားလုပ်ငန်းရှင်အချို့ ဝင်ရောက်လုပ်ကိုင်လာတာကို ဘယ်လိုမြင်ပါသလဲ။**

နိုင်ငံတော်ရဲ့မူဝါဒက အားလုံးလွတ်လွတ်လပ်လပ်လုပ်လို့ရတယ်။ အကုန်ဖွင့်ပေးထားတော့ လူတိုင်းလုပ်နိုင်တယ်။ ပဲလုပ်တဲ့သူကလည်း ဆီလာလုပ်လို့ရတယ်။ လုပ်ခွင့်ရှိတယ်။ ဟိုတုန်းကအမြတ်အများကြီးမို့ လူတွေက စိတ်ဝင်စားပြီး လာလုပ်တာ။ အခုသူ့ဘာသာသူထိုက်သင့်တဲ့ အမြတ်ဆိုတော့ သူ့လိုင်းနဲ့သူ ပြန်ကွဲသွားမှာ။ အရင်ကတော့ ဒီလိုင်းက အမြတ်များတယ်လို့ယူဆပြီးဒီထဲကိုဝင်လုပ်ချင်ကြတယ်။ အခုဈေးလည်း ကျသွားပြီဖြစ်တဲ့အတွက် သူတို့နဂိုလုပ်နေတဲ့ အမြတ်အစွန်းနဲ့သိပ်မကွာဘူးဆိုရင် သူ့လိုင်းသူပြန်ဝင်သွားမှာ။ ဈေးကွက်ကိုမထိခိုက်နိုင်ပါဘူး။

**ပြည်တွင်းဆီထွက်သီးနှံများကို ပြည်ပတင်ပို့ခြင်းမရှိရင် ပြည်တွင်းဆီလိုအပ်ချက်ကိုဘယ်လောက်ထိလျှော့ချနိုင်မယ်လို့ ထင်ပါသလား။**

ပြည်တွင်းကဆီထွက်သီးနှံပို့တယ်ဆိုတာနှမ်းနက်၊ နှမ်းဖြူကိုပဲပို့တာ။ ဒါတွေက သရေစာမုန့်လုပ်တဲ့ဟာတွေ၊ ဆီမကြိတ်ဘူး။ ဘာလို့လဲဆိုတော့ ဆီကြိတ်နှမ်းကတစ်တန်ကိုတစ်ထောင်လောက်ဝန်းကျင်ပဲ ရှိတယ်။ ဒီနှမ်းတွေကကမ္ဘာ့ဈေးကွက်မှာဒေါ်လာနှစ်ထောင်ကျော်ရှိတယ်။ ဒါကြောင့် ဆီကြိတ်ရင် မလိုအပ်ဘဲတစ်ထောင်ကျော်နစ်နာတာပေါ့။ နှစ်ထောင်နဲ့ရောင်းလိုက်ခြင်းအားဖြင့် နိုင်ငံတော်ကလည်း နိုင်ငံခြားငွေရမယ်။ ဈေးပိုကောင်းတဲ့အတွက်ရောင်းပြီးတော့ ဆီကြိတ်နှမ်းကို နိုင်ငံခြားတင်ပို့ခွင့်မပြုဘူး။ ပြည်တွင်းဆီလိုအပ်ချက်ကိုအများကြီးတော့ သွားပြီးမထိခိုက်နိုင်ဘူး။ အထိုက်အလျောက်ပဲထိခိုက်မယ်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ဆီတင်သွင်းတဲ့အခါ ဘယ်နိုင်ငံတွေက တင်သွင်းပါသလဲ။ ဆီဝယ်ယူဖို့ သတ်မှတ်ထားတဲ့နိုင်ငံများရှိပါသလား။**

ဆီသွင်းတာက နိုင်ငံသတ်မှတ်မထားဘူး။ စားအုန်းဆီအဓိကထွက်တာကအင်ဒိုနီးရှား၊ မလေးရှားဆိုတော့ ဒီနိုင်ငံနဲ့အနီးစပ်ဆုံးဖြစ်ပြီး စားသုံးဆီထဲမှာဈေးကလည်းပေါတယ်။ နီးတဲ့အတွက် အဲဒီနိုင်ငံတွေကပဲ တင်သွင်းတယ်။ စင်ကာပူကဝယ်တယ်ဆိုတာလည်းသူတို့က ဒီနှစ်နိုင်ငံက ဆီပဲပေးတာ။

**ပြည်တွင်းရဲ့လက်ရှိစားအုန်းဆီသုံးစွဲမှုကတစ်လကို အကြမ်းဖျင်းဘယ်လောက်ရှိပါသလဲ။**

ပြည်တွင်းစားသုံးမှုကတစ်လကိုတန်ချိန် ၂၆၀၀၀ ရှိတယ်။ တစ်နှစ်ကို သုံးသိန်းလောက်ဈေးကွက်ထဲကိုသွင်းရတယ်။

**ပြည်ပမှဆီတင်သွင်းသူများလာခြင်းကြောင့်ပြည်တွင်းစားအုန်းဆီထုတ်လုပ်ငန်းရှင်အချို့၏လုပ်ငန်းအပေါ် ထိခိုက်နိုင်ပါသလား။**

ပြည်တွင်းစားအုန်းဆီထုတ်လုပ်တာကတနင်္သာရီတိုင်း ဒေသကြီး တောင်ပိုင်းမှာ။ စားအုန်းဆီရဲ့သဘာဝက အီကွေတာရဲ့ အပေါင်းအနုတ် သုညဒီဂရီမှာဖြစ်ထွန်းတယ်။ အဲဒီအပေါ် ရောက်ရင် ဖြစ်ထွန်းမှုအားနည်းတယ်။ ဒါပေမဲ့ တနင်္သာရီမှာစိုက်တာများတယ်။ နှစ်ရှည်ပင်ဖြစ်တဲ့အတွက် လတ်တလောထုတ်နိုင်တဲ့ဆီအုန်းက ပြည်တွင်းစားသုံးမှု ဖူလုံအောင်မဖြည့်ဆည်းပေးနိုင်သေးဘူး။ နှစ်ရှည်ပင်ဖြစ်တဲ့အတွက်နည်းနည်းစောင့်ရမယ်။ ဒါ့ကြောင့် သိပ်ထိခိုက်မှုမရှိနိုင်ဘူး။

**ပြည်တွင်းရှိပဲဆီ၊ နှမ်းဆီဈေးကွက်မထိခိုက်အောင် ဘယ်လိုစီစဉ်ထားပါသလဲ။**

စားအုန်းဆီတင်သွင်းတယ်ဆိုတာ ပြည်တွင်းမှာဖူလုံရက်နဲ့သွင်းရင် အလကားပဲ။ ပြည်တွင်းဆီလုပ်ငန်းလည်းထိခိုက်တာပေါ့။ လူတစ်ယောက်စားသုံးမှုတစ်နှစ်ကိုခြောက်ပိဿာရှိတယ်။ လူဦးရေသန်းခြောက်ဆယ်ဖြစ်တဲ့အတွက် တစ်နှစ်ကိုခြောက်သိန်း စားမယ်။ အဲဒီအပြင်စက်မှုလုပ်ငန်းသုံးယမ်ယမ်ခေါက်ဆွဲ၊ မာမီးခေါက်ဆွဲ၊ ဟိုတယ်၊ စားသောက်ဆိုင်၊ အီကြာကွေး၊ ဗူးသီးကြော်၊ လက်ဖက်ရည်ဆိုင်စတာတွေကလည်း ခန့်မှန်းခြေသုံးသိန်းလောက်လိုအပ်တယ်။ စုစုပေါင်းတစ်ပြည်လုံးက တစ်နှစ်ကိုကိုးသိန်းလိုအပ်တယ်။ ပဲဆီနှမ်းဆီနဲ့အခြားဆီထုတ်လုပ်မှုက ကိုးသိန်းငါးသောင်းရှိတယ်။ ဆီကသူ့လိုင်းနဲ့သူသွားတာ။ ကမ္ဘာမှာ ဒီကထုတ်တဲ့ ပဲဆီ၊ နှမ်းဆီက အဆင့်မြင့်တယ်။ ဒီဆီကိုစားတဲ့သူက တစ်ပိုင်း။ နောက်တစ်ပိုင်းကဝင်ငွေနည်းတဲ့သူကစားအုန်းဆီကိုစားတယ်။ ပဲဆီနှမ်းဆီကလတ်တလော မဖူလုံတဲ့အတွက် မထိခိုက်ဘူး။

စားအုန်းဆီများများတင်သွင်းရင် ဆီစက်တွေရပ်သွားမယ်။ ဆီလုပ်ငန်းရှင်တွေနစ်နာမယ်။ ဆီစက်အလုပ်သမားတွေ အလုပ်လက်မဲ့ဖြစ်မယ်။ ဒါတွေကိုလူကြီးတွေကကြည့်တယ်။ ဒါကြောင့်ပဲနှမ်းပေါ်တဲ့အချိန်ကျရင် ရာသီစာတွေအကျိုးစီးပွားကြည့်ခြင်းအားဖြင့် ဆီလျှော့သွင်းမယ်။ ပဲနှမ်းကုန်သွားတဲ့လတွေမှာစားအုန်းဆီ တင်သွင်းမယ်။ ဘယ်လတွေမှာ လျှော့သွင်းမယ်ဆိုတဲ့ သတ်မှတ်ချက်တော့ လောလောဆယ်မရှိသေးဘူး။ ရာသီဥတုပေါ် မူတည်ပြီးအထွက်လည်းကွာနိုင်တော့အတတ်နိုင်ဆုံးတဖြည်းဖြည်းလျှော့သွင်းသွားမယ်။

**ကျေးဇူးတင်ပါတယ်။**

# ထိုင်းလုပ်ငန်းရှင်များ ရှမ်းပြည်နယ်တွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စား

ပြည့်သိမ်း

**ရန်ကုန်၊ မေ-၂၈**

ရှမ်းပြည်နယ်၌ စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ လုပ်ကိုင်ရန် ထိုင်းလုပ်ငန်းရှင်အဖွဲ့တစ်ဖွဲ့က ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီသို့ လာရောက်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

ထိုင်းစီးပွားရေးလုပ်ငန်းရှင်အဖွဲ့သည် ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်းများတွင် အဓိကရင်းနှီးမြှုပ်နှံရန် ပါတီသို့ စုံစမ်းမေးမြန်းခဲ့ကြောင်း ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီမှ အထွေထွေအတွင်းရေးမှူးဦးစိုင်းလှကျော်က ဆိုသည်။

"သူတို့က စီးပွားရေးလုပ်ချင်တယ်ဆိုရင် ပါတီအနေနဲ့က ပြည်ထောင်စုအစိုးရကို တင်ပြပေးမယ်။ ကိုယ်ဒေသဖွံ့ဖြိုးရေးလာရောက်ရင်းနှီးမြှုပ်နှံမှာဆိုတော့ ကူညီပေးရမှာပေါ့"ဟု အထက်ပါပုဂ္ဂိုလ်က ရှင်းပြသည်။

ရှမ်းပြည်နယ်သည် ခနောက်စိမ်းသတ္တုအဓိကထွက်သည့် ဒေသဖြစ်ပြီး လက်ရှိအစိုးရသစ်လက်ထက်တွင် ပြည်ပရင်းနှီးမြှုပ်နှံသူများ လာရောက်ရင်းနှီးမြှုပ်နှံမှုမရှိသေးကြောင်းလည်း သိရသည်။

ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှု ဒုတိယအများဆုံးပြုလုပ်ထားသော နိုင်ငံဖြစ်သည်။ ထိုင်းနိုင်ငံသည်ပြည်တွင်း၌ လုပ်ငန်းပေါင်း ၆၁ ခုနှင့် ရင်းနှီးမြှုပ်နှံထားပြီး တန်ဖိုးပမာဏ ကန်ဒေါ်လာသန်းပေါင်း ၉၅၆၈ ဒသမ ၀၉၃ သန်းရှိသည်။

တရုတ်နိုင်ငံသည်လုပ်ငန်းပေါင်း ၃၂ ခုနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏတန်ဖိုးကန်ဒေါ်လာသန်းပေါင်း ၉၆၀၃ ဒသမ ၁၆၈ သန်းဖြင့်မြန်မာနိုင်ငံ၌ အများဆုံးရင်းနှီးမြှုပ်နှံသည့် နိုင်ငံဖြစ်ကြောင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကော်မတီ FDI ၏ ၂၀၁၁ ခုနှစ် ဇန်နဝါရီလစာရင်းဇယားများအရ သိရသည်။

# နိုင်ငံရေးပါတီများမှထုတ်ဝေမည့်စာစောင်များ ရွေးကောက်ပွဲကော်မရှင်သို့ ပေးပို့ရမည်

ဥက္ကာကိုကို၊ ကျော်သီဟ

**ရန်ကုန်၊ မေ-၂၁**

နိုင်ငံရေးပါတီများမှ လက်ရှိထုတ်ဝေဖြန့်ချိနေသော စာစောင်၊ သတင်းလွှာများကိုပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ လေ့လာဖတ်ရှုနိုင်ရန်အတွက် ထုတ်ဝေသည့်နေ့မှ တစ်ပတ်အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးသို့ ပေးပို့ကြရန် နိုင်ငံရေးပါတီများသို့ တရားဝင် စာပို့ထားပြီး ပါတီများကလည်း ၎င်းတို့ထုတ်ဝေသည့် စာစောင်များအား စတင်ပေးပို့နေကြပြီဖြစ်ကြောင်း သိရသည်။ "သက်ဆိုင်ရာ နိုင်ငံရေးပါတီတွေဆီက စာစောင်တောင်းတာက ဖွဲ့စည်းပုံအခြေခံ ဥပဒေမှာပါတဲ့ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့်ဥပဒေအရ ကော်မရှင်က ကြီးကြပ်ရမယ်။ အဲဒါကြောင့် စာစောင်တွေကို မှတ်တမ်းအဖြစ်နဲ့ စာစောင်ပဲတောင်းတာပါ" ဟု ရန်ကုန်တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

စာစောင်၊ သတင်းလွှာများအားပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ နေပြည်တော်သို့ ပေးပို့ရန်စာများကိုစာအမှတ် ၁/နငရ-မပတ/ကမရ ဖြင့် မေလ ၂ ရက်ရက်စွဲတပ်ကာ ပါတီများသို့လိပ်မူပေးပို့ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ပါတီက အရင်ထုတ်ခဲ့တဲ့ အဟောင်းတွေကိုပါ အကုန်ပို့လိုက်ပါပြီ" ဟု မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီမှ အထွေထွေအတွင်းရေးမှူး ဦးတင်မောင်အေးက ဆိုသည်။ ပါတီများ အနေဖြင့်ပြည်ထောင်စုကော်မရှင်မှ နိုင်ငံရေးပါတီများ၏ စည်းမျဉ်းစည်းကမ်းများ၊ ထုတ်ပြန်ချက်များ၊ စည်းကမ်းမညီညွတ်၍ ထုတ်ပယ်လိုက်သော ပါတီဝင်စာရင်းများ၊ ကော်မရှင်အစည်းဝေးဆုံးဖြတ်ချက်နှင့် မှတ်တမ်းများကိုလည်း နိုင်ငံရေးပါတီများဆီမှ တရားဝင်ပြန်လည်တောင်းခံမှုပြုကြောင်း သိရသည်။

# မြန်မာနှင့်အာဆီယံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများပူးပေါင်းဆောင်ရွက်

အေးမြကျော်

**ရန်ကုန်-မေ၂၇**

မြန်မာနိုင်ငံအနေနှင့် အာဆီယံဒေသတွင်းနိုင်ငံများနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများလုပ်ကိုင်ရာတွင်လုပ်ငန်းအဖွဲ့ရှစ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းထွန်းက ပြောကြားသည်။

အာဆီယံဒေသတွင်းဆောင်ရွက်လျက်ရှိသောသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများမှာ ဒေသတွင်း နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ဆိုင်ရာလုပ်ငန်းများ၊ရေကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးလုပ်ငန်းများ၊ ပင်လယ်ရေသယံဇာတများထိန်းသိမ်းရေးလုပ်ငန်းများ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာလုပ်ငန်းများ၊ အာဆီယံမြို့တော်များ သာယာလှပရေးလုပ်ငန်းများစသည်တို့ပါဝင်လုပ်ဆောင်နေကြောင်းဝန်ကြီးကမေလ ၂၃ ရက်တွင်ပြောကြားသည်။ မြန်မာနိုင်ငံသည် အာဆီယံဒေသတွင်းနိုင်ငံများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးများ ပူးပေါင်းဆောင်ရွက်နေရုံသာမက (United Nation Framework Convention on Climate Change-UNFCCC ) ကဲ့သို့ အဖွဲ့အစည်းများနှင့်ပူးပေါင်းကာ ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းများတွင် လက်တွဲဆောင်ရွက်လျက်ရှိကြောင်း ဝန်ကြီးကပြည်တွင်းအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

ထို့အပြင် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ လုပ်ငန်းများအနေဖြင့် ရာသီဥတုပြောင်းလဲရေးဆိုင်ရာ စီမံကိန်းဖြစ်သော ကနဦးအစီရင်ခံစာပြုစုရေးစီမံကိန်းကိုလည်းဆောင်ရွက်လျက်ရှိကြောင်းပြောကြားခဲ့သည်။ မြန်မာနိုင်ငံအနေနှင့်အခြားသော နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သောယူအန်ဒီပီ၊ယူအန်အီးပီ၊ WCS စသည့်အဖွဲ့အစည်းများနှင့်လည်းပူးပေါင်းကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့်ဇီဝမျိုးစုံမျိုးကွဲနှင့် သားငှက်တိရိစ္ဆာန်ထိန်းသိမ်းရေးများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ဟုသိရသည်။



7 DAY NEWS JOURNAL
Vol.10, No.11 • JUNE 2, 2011





# “ဒီအခြေအနေက မပြောင်းရင် တောင်သူတွေ လယ်မြေကို ကျော်ခိုင်းရတော့မယ်”

## ဝေါမြို့နယ်မှ တောင်သူနှင့် ဆန်စက်ပိုင်ရှင်ဦးကျော်တင့်အား တွေ့ဆုံခြင်း

အားမာန်

**အစိုးရသစ်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ပထမဆုံးအကြိမ်အဖြစ် မေလ တတိယပတ်တွင် ကျင်းပခဲ့သည်။ ကျေးလက်နေ ပြည်သူများ၏ ဘဝမြင့်တင်ရေးအတွက် ရည်ရွယ်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံရှိ ကျေးလက်ဒေသများတွင် တောင်သူလယ်သမားအများဆုံးဖြစ်ပြီး တစ်နိုင်ငံလုံးတွင် ဦးရေအများဆုံးဖြစ်သော စပါးစိုက်တောင်သူများနှင့် လယ်ယာလုပ်သားများ၏ လက်ရှိအခြေအနေကို ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်မှ လယ်ကေခုနစ်ဆယ်ကျော် ပိုင်ဆိုင်သော ဆန်စက်ပိုင်ရှင်တစ်ဦးဖြစ်သူ ဦးကျော်တင့်နှင့် တွေ့ဆုံမေးမြန်းထားသည်မှ ကောက်နုတ်ပါသည်။**

**လက်ရှိ တောင်သူတွေ ကြုံတွေ့နေရတဲ့ အဓိကပြဿနာက ဘာတွေလဲ။**

တောင်သူတွေက ဒီနှစ် ဘာကြုံရသလဲဆိုတော့ ပြီးခဲ့တဲ့ ၂၀၁၀-၁၁ မိုးစပါးအနေအထားက စဖြစ်တာပဲ။ မိုးစပါးပြဿနာ ဘာမှမရှိလှဘူး။ မိုးစပါးသိမ်းတော့ ဘယ်အချိန်လဲဆိုတော့ အောက်တိုဘာ၊ နိုဝင်ဘာပေါ့။ အောက်ဘက်က တောင်သူတွေက မိုးစပါးကို ရိတ်လည်းရိတ်သိမ်းတယ်။ ဆောင်းသီးနှံကိုလည်း တစ်ပြိုင်တည်းစိုက်တယ်။ စပါးရိတ်တယ်၊ ခြွေလှေ့တာလည်းလုပ်တယ်။ နီးစပ်ရာတလင်းမှာ ပုံပြီးတော့ စပါးကို ပုံထားလိုက်တယ်။ ပဲစိုက်ဖို့ဆိုတာက အချိန်တိုတိုနဲ့ ငွေပေါ်မယ့် လုပ်ငန်းဆိုတော့ တောင်သူတွေရဲ့ ကယ်တင်ရှင်လို့ ပဲ တောင်သူတွေက သဘောထားထားတယ်။ ထွန်ယက်စိုက်ပျိုးတဲ့ နေရာကစပြီးတော့ ရိတ်သိမ်းလို့ ငွေပေါ်တဲ့အထိက သုံးလပဲကြာတယ်။ ဒီတော့ ပဲကို အားချင်းလုပ်တာ။ အဲဒီမှာ မထင်မှတ်ဘဲ ရာသီဥတုက ဖောက်ပြန်လာတယ်။ ဂီရိမုန်တိုင်းမိုးပေါ့၊ ရွာချလိုက်တော့ ဘာဖြစ်သွားသလဲဆိုတော့ စပါးရိတ်ပြီးလို့ ပုံထားတဲ့ စပါးတွေက အရောင်ပျက်တယ်။ တချို့ပျက်စီးသွားတယ်။ ဒါစပါးနဲ့ပတ်သက်ပြီး ဆုံးရှုံးတာပေါ့။ ဘယ်သူ့ပယောဂမှမပါဘဲနဲ့ ရာသီဥတုနဲ့ဆိုင်လို့ ဖြစ်သွားတာ။ အဲဒီမှာ စပါးပျက်ထားလို့ ဂီရိယထပ်ထားပြီးတော့ စိုက်တဲ့ ပဲကလည်း တစ်နေ့နဲ့ တစ်ညရွာတဲ့မိုးကြောင့် ပျက်စီးသွားတယ်။ တောင်သူက ဒီဟာ အားမလျှော့ဘူး။ ပျက်ပင်ပျက်သွားသော်လည်း မရှိရှိတာနဲ့ ကြံဖန်ပြီးတော့ ရှိတာရောင်းချပြီးတော့ မျိုးဝယ်ပြီး ပဲပြန်စိုက်တဲ့ သူတွေရှိတယ်။ လုပ်ငန်းရှင်တွေဆီက နီးစပ်မှုရရှိတဲ့ အရင်းအနှီးနဲ့ပေါ့။ ဒုတိယအကြိမ် ပဲပြန်စိုက်တယ်။

ဒုတိယအကြိမ်စိုက်တဲ့ပဲရိတ်သိမ်းခါနီးလည်းကျရော မတ်လ ပထမပတ်၊ ဒုတိယပတ်မှာ မိုးတွေက အုံ့လာတော့ မခူးရဲဘူး။ ခါတိုင်းလို မိုးအုံ့ရုံနဲ့ မပြီးသွားဘူး။ မိုးတိမ်တောင်ကနေ မိုးအဖြစ် ရွာချတယ်။ မတ်လ ပထမပတ်ကနေ ဒုတိယပတ်အထိက မိုးတွေအုံ့နေတယ်။ ရန်ကုန်မှာဆိုရင် အနွေးထည်တောင် ဝတ်ရတယ်လေ။ တအားအေးတာ။ အဲဒါဆိုတော့ ၅ ရက် ၁၈ ရက်နေ့အထိ ရိတ် သိမ်းခါနီး ပဲကို စိမ်ပြေနပြေ ရေဖျန်းနေသလို ဖြစ်ကုန်တယ်။ ခြွေလှေ့တဲ့အခါကျတော့ ပဲခြမ်းတွေ၊ အရည်အသွေးမမီတဲ့ ပဲတွေ၊ အဲဒီတော့ ဒီမိုး မရွာခင်တုန်းက ပဲတီရွှေဝါပေါ့၊ ပဲတီစိမ်းပေါ့။ သူဆိုရင် တစ်တင်းကို ဘယ်လောက်ဖြစ်သွားလဲ ဆိုတော့ ၄၀,၀၀၀ လောက်ကနေစတာ ၄၂,၀၀၀ ပေါ့။ အဲလောက်ကနေ အရည်အသွေးကျကျသွားတာနောက် ပြည်ပဈေးကလည်း ကျလာတော့ ပဲဈေးက တဖြည်းဖြည်းနဲ့ ၂၅,၀၀၀-၃၀,၀၀၀ ဖြစ်သွားတာပေါ့။ အဲဒီမှာ အရှုံး ပေါ်တာပဲ။ အဲဒီတော့ ရာသီဥတုက ဖျက်လိုက်တော့ မိုးစပါးပျက်တယ်။ နောက် ပဲလည်း ပျက်တယ်။ နွေစပါးကျတော့လည်း ဝတ်မှုံကူးချိန်မှာ မိုးရွာလို့ အထွက်ငါးဆယ်ရာခိုင်နှုန်းလောက်လျော့သွားတယ်။ ဘယ်ဘက်က လှည့်လှည့် ရှုံးတော့ တောင်သူက ဒီအချိန်မှာ ဘယ်လိုမှ လုပ်ငန်းထဲမှာ စိတ်မပါကြဘူး။

**လာမယ့် မိုးစပါးစိုက်မယ့် တောင်သူတွေရဲ့ အနေအထားကရော အားလျှော့သွားလား။**

တော်တော်အားလျော့သွားတယ်။ သားပြောသလိုပေါ့။ သူ့ဘဝမှာ မျှော်လင့်ချက်မသမ်းတော့ဘူးဆိုတဲ့စကား အခုပြန်ပြောချင်တယ်။ အရင်တုန်းကဆိုရင် မျှော်လင့်ချက်တွေက ရှိနေတာကိုး။ စပါးက တစ်ကေ ခြောက်ဆယ်လောက်ထွက်မယ်။ စပါးက ခြောက်ထောင်လောက်ရမယ်။ ဥပမာ-စပါးဈေးက သုံးသိန်း၊ လေးသိန်းလောက်ဆို သူ့ဟာနဲ့သူ မျှော်လင့်ချက်လေးနဲ့ပေါ့။ စပါးဈေးက ၄၀၀,၀၀၀-၄၅၀,၀၀၀ လောက်ရှိရာကနေ အခုဟာက ၃၀၀,၀၀၀ လောက်ကို ဝယ်သမားမရှိဘူး။ အဲဒီတော့ လုပ်ရတာအားမရှိဘူးပေါ့။

**ဦးက ပြီးခဲ့တဲ့ မိုးစပါးနဲ့ ပဲမှာ ဘယ်လောက် ဆုံးရှုံးသေးလဲ။**

မိုးစပါးမှာ ဦးက မဆုံးရှုံးဘူး။ ရိတ်သိမ်းခြွေလှေ့စက်ကိုငှားသုံးလိုက်တာ။ ပထမ သုံးသင့် မသုံးသင့် တော့စဉ်းစားနေတာပေါ့။ ဦး စပါးသိမ်းပြီး သုံးရက်လောက်နေရော မိုးရွာလာတယ်။ ဦးတစ်ယောက်တည်းအနေနဲ့တော့ လွတ်သွားတယ်။ ဒီဟာကတော့ စက်မှုလယ်ယာသွားရမယ် ဆိုတဲ့ အနေအထားကတော့ ဦးက ထောက်ခံပေးတယ်။ လုပ်နိုင်ရင်ပေါ့နော်။ အဲဒီမှာ စပါးသိမ်းလို့ပြီးပေမယ့် အင်နဲ့အားနဲ့ ပဲကိုပြန်စိုက်ပြန်တော့ မိုးက တစ်ခါ ရွာချပြန်တယ်။ ပထမ တစ်ခါပျက်စီးသွားတယ်။ ဒုတိယအကြိမ်ပြန်ကြိုးစားတယ်။ မတ်လမိုးနဲ့ ပဲတော့ အားလုံးကုန်သွားတယ်။ ရင်းထားသလောက် ရှုံးသွားတယ်။ နွေစပါးကျတော့ ဦးက ကေ ၇၀ လောက်စိုက်တယ်။

**နွေစပါးမှာရော ဆုံးရှုံးသေးလား။**

၅၀ နှုန်းထက်မပိုနိုင်ဘူး။ အရင်တုန်းကတော့ ၁၀၀ အထက်မှာ ထွက်တယ်။ နှစ်စဉ်ပေါ့။ ဒီနှစ် နွေစပါးရှုံးတယ်။

အချက်ပို(D)သို့



7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.11 · JUNE 2, 2011

## စာ-၄၉၊ ရော့ခ်နဲ့ဟစ်ဟော့ပ်ရောသမမွှေတဲ့ပွဲ မှ

ခဏကြာတော့ ဟစ်ဟော့ပ်လောကမှာ နာမည်အသင့်အတင့်ရလာတဲ့ Bobby Soxer တက်လာတယ်။ အားလုံး လက်ဝါးရိုက်ရင်း ကြိုဆိုလိုက်တယ်။ သူကတော့ တကယ်ကို ဆိုနိုင်သူပါ။ ရက်ပ်တွေရွတ်တာများ ပါးစပ်ကစက်သေနတ်ပစ်နေသလား မှတ်ရတယ်။ သူထပ်ပြီး ဖိတ်လိုက်လို့တက်လာတဲ့သူကတော့ လွှမ်းပိုင်ပါ။ လွှမ်းပိုင်ကတော့ လွန်ခဲ့တဲ့နှစ်တွေထဲက နာမည်တစ်စ တစ်စကြီးလာသူပါ။ ရက်ပ်ပါတွေထဲမှာ အရည်အချင်းရှိတဲ့သူ တစ်ယောက်ပါ။ လွှမ်းပိုင်ကိုတော့အောက်က ဆံပင်ရှည်ရှည်ရော့ခ်ကာလေးတွေလည်း စိတ်ဝင်စားနေကြပုံပါပဲ။ အားပေးကြတာတွေ့ရတယ်။ ဒါကတော့ ဂီတရဲ့ထူးဆန်းတဲ့သဘာဝပါပဲ။ ကိုယ်ကြိုက်တဲ့ ဂီတမဟုတ်ပေမယ့်ကောင်းတာတွေ့ရင်တော့ကောင်းတယ်လို့လက်ခံပေးကြတာပါပဲ။

သိပ်မကြာခင်မှာပဲ Rock Band တွေစတက်ပါတယ်။ ရော့ခ်ဂီတဟာ ကြီးကျယ်သလောက်အလွန်အလုပ်ရှုပ်တဲ့ဂီတအမျိုးအစားဖြစ်တာ တွေ့ရပါတယ်။ ဒရမ်သံချိန်ရတာနဲ့၊ ဂစ်တာကြိုး ညှိရတာနဲ့။ Effect တွေ ကာလာချိန်ရတာနဲ့။ ဒါပေမဲ့ ဒါကိုပဲ ကျေနပ်နေတာလေ။ ပွဲစဉ်တစ်လျှောက်လုံး အီလက်ထရွန်နစ်ဂီတနဲ့ကခုန်နေရတဲ့ပရိသတ်တွေ စိုင်းသာငွေ့ရဲ့ ဒရမ်သံစစ်စစ် တစ်ချက်ကြားရင်ပဲက ခုန်နေကြလေရဲ့။ "အာရ်-အို-စီ-ကေ-ရော့ခ်"လို့ အော်ပြီးထကြွလာတဲ့ ရော့ခ်ကာလေးတွေလည်း မနည်းမနော။ ပထမဆုံးတက်လာတဲ့ရော့ခ်ကာက"သူငယ်ချင်း" သီချင်းနဲ့ လူသိများလာတဲ့ ဉာဏ်လင်းအောင် ဖြစ်ပါတယ်။ သူ့အခွေမှာ အိုင်စီတီးဝိုင်းနဲ့ တီးခဲ့ပေမယ့်ဒီပွဲမှာတော့တီးဝိုင်းမတူပါဘူး။ ဉာဏ်လင်းအောင် သုံးပုဒ်ဆိုသွားတဲ့အထဲမှာ ပထမဆုံး တစ်ပုဒ်သာ ကောင်းကောင်းဆိုနိုင်ပြီး သူ့ရဲ့နာမည်ကြီး"သူငယ်ချင်း"သီချင်းအပါအဝင် ကျန်နှစ်ပုဒ်မှာကီးတွေ ချော်နေတာ တွေ့ရပါတယ်။ အတွေ့အကြုံနည်းသေးတဲ့ အဆိုရှင်တွေ ဖြစ်လေ့ရှိတဲ့ (Stage Fright)စင်ကြောက်စိတ်ဖြစ်တာလည်း ပါနိုင်ပါတယ်။ ဒါပေမဲ့ ဒါတွေက ပရိသတ်ပိုက်ဆံပေးထားရတဲ့ ဒီလိုပွဲတွေမှာ မဖြစ်သင့်ပါဘူး။ ဒါပေမဲ့ ပရိသတ်အများစုက နားလည်ပေးကြတာတွေ့ရပါတယ်။ သူ့သီချင်းတွေကိုလိုက်လည်းဆိုပေးပါတယ်။

နောက် တက်လာတာက မကြာခင်ကမှ တစ်ကိုယ်တော်ခွေထွက်ထားတဲ့ Idiots အဖွဲ့။ Idiots တွေကတော့ ဟိုးအရင်အခွေမထွက်ခင် Underground လောကမှာထဲက စင်အတွေ့အကြုံများလို့လားမသိ။ Vocal ရေမွန်(တွတ်ပီ)ဆို Stageကို ကိုယ့်အိမ်ကိုယ့်ယာလို မှတ်နေပုံပေါက်တယ်။ ဒီပွဲမှာဆိုတဲ့ Idiots ရဲ့ သီချင်းအတော်များများက ခပ်ကြမ်းကြမ်းတွေများလို့လား မသိ။ အောက်က ပရိသတ်ရဲ့ အားပေးပုံ ပြောင်းလဲလာတာ တွေ့ရတယ်။ Idiots လိုလူသိခဲ့တဲ့သီချင်း "ပြောဖို့ စကားလုံးတွေ နာကျင်မှာစိုးလို့ တစ်ယောက်တည်းငါသိမ်းထားတာ. ." လို့ဆိုတဲ့အချိန် အောက်က ပရိသတ်ကစက်ဝိုင်းပုံလှည့်လည်လှည့်နေကြလေရဲ့။

နောက်ထပ်တက်လာတဲ့ ရော့ခ်ကာက "ငါ့ဂီတ၊ ငါ့ဇီဇ" နဲ့ နာမည်ကြီးလာတဲ့ ဖော်ကာ(wanted)ပါ။ ဒီပွဲမှာ သူ့ရဲ့နာမည်ကြီး ငါ့ဂီတ၊ ငါ့ဇီဇ သီချင်းကို မဆိုခဲ့ပေမယ့် သူအရမ်းကြိုက်လို့ ပွဲတိုင်းဆိုပုံရတဲ့အရက်သမားသီချင်းကိုတော့ အားရပါးရကြီးကို သီဆိုသွားပါတယ်။ မိန်းကလေးပရိသတ်အများစုပါဝင်တဲ့ဟစ်ဟော့ပ်ပရိသတ်တွေကတော့ မျက်လုံးလေးတွေအကြောင်သားနဲ့ ဘာမှပြန်မတုံ့ပြန်ရှာပါဘူး။ ဒါမျိုးတွေကတော့မရှိသင့်တော့ပါဘူး။ ကိုယ်ရဲ့အားနည်းချက်နဲ့ ရိုင်းပြမှုဖော်ပြရာ ရောက်ပါတယ်။

Rock Band တွေထဲမှာ နောက်ဆုံးတက်လာတာကတော့ Reasonပါ။ သူတို့ကတော့ ပေါက်သီချင်း 'တောင်းပန်တယ်' အပါအဝင် သီချင်းအေးအေးတွေ နဲ့ပဲ ဖျော်ဖြေသွားတာတွေ့ရပါတယ်။ Reason ရဲ့ နောက်မှာတော့ စန္ဒီမြင့်လွင်က ပြိုင်ကား လှလှလေးနဲ့ လာမချုပ်နဲ့၊ ဘာနဲ့ မချုပ်နဲ့၊ ညာနဲ့ မချုပ်နဲ့လို့ ဆိုသွားပါသေးတယ်။

G-Family အဖွဲ့ရဲ့ အလှည့်မှာတော့ စက်ကိုင်တဲ့စက်ဆရာ ခမျာ အဖွဲ့ဝင်ကိုးယောက်ပါတဲ့ G-Family ကို လူစုံအောင် မိုက်ကရိုဖုန်းမပေးနိုင်ရှာပါဘူး။

ဂျော်ကျက်အလှည့်မှာတော့ တက်လာတည်းက ညစ်ညစ်ညမ်းညမ်း အသုံးအနှုန်းတွေကြောင့် မိန်းကလေးပရိသတ်က သိပ်အားပေးရဲပုံ မရပါဘူး။ ကျိတ်ပြီး အားပေးတာလည်း ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ဂျော်ကျက်ရဲ့ စကားအပြောအဆိုမတတ်မှုကြောင့်ခပ်ထွေထွေဖြစ်နေတဲ့ မိန်းကလေးတစ်ယောက်ရဲ့လက်ခလယ်ထောင်ပြီး ဆဲလိုက်တာကိုတော့ မြင်ဖြစ်အောင် မြင်လိုက်တယ်။

နောက်ဆုံး ပွဲပိတ်တာကတော့ ရဲလေးနဲ့ပါ။ ဒါပေမဲ့ စိတ်မကောင်းစရာက ရဲလေးရဲ့ နှစ်ပုဒ်မြောက်လောက်မှာ ပရိသတ်တစ်ဝက်လောက်ပြန်နေပါပြီ။ ဒီပွဲလေးက ဟစ်ဟော့ပ်နဲ့ရော့ခ်ပေါင်းလုပ်တဲ့ပွဲဆိုပေမယ့် ကြီးကြီးကျယ်ကျယ် ပြဿနာဖြစ်တာတွေ၊ စင်အပေါ်အောက် ပဋိပက္ခတွေ၊ လုံခြုံရေးနဲ့ပရိသတ်မကျေလည်တာတွေ မတွေ့ရဘဲ အောင်အောင်မြင်မြင်ပြီးဆုံးခဲ့တဲ့ ပွဲလေးပါ။

ဒီလို မတူညီတဲ့ ဂီတအမျိုးအစားတွေပေါင်းလုပ်တဲ့အတွက် ပွဲစီစဉ်သူတွေ အဆင်ပြေစေသလို ဂီတသမားတွေ အတွက်လည်း သူ့ပရိသတ်၊ ကိုယ့်ပရိသတ် အားလုံးကို ချပြဖို့အခွင့်အရေးရသွားတာ အမှန်ပါပဲ။ ပရိသတ်အတွက်လည်း ကိုယ်ကြိုက်တဲ့ ဂီတကိုနားထောင်ကြည့်ရှုခွင့်ရသလိုကိုယ်နဲ့ မရင်းနှီးသေးတဲ့ ဂီတပွဲတွေကိုလည်း လေ့လာခွင့်ရမှာ ဖြစ်တဲ့အတွက် ဒီလိုပွဲမျိုးလေးတွေလည်း ရှိသင့်တယ်လို့ ပရိသတ် တစ်ယောက်အနေနဲ့ မြင်မိလိုက်ပါတော့တယ်။ ။

TRADEMARK CAUTION

mistral

U Myint Lwin, Advocate
LL.B, DBL

2 June 2011

TRADEMARK CAUTION

KHIND

U Myint Lwin, Advocate
LL.B, DBL

2 June 2011


7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.11 • JUNE 2, 2011



CHICKEN SOUP

# သင့်ဘဝကို ပြောင်းလဲချင်သလား

အိန်ဂျယ်လင်း



လွန်ခဲ့တဲ့ နှစ်တစ်ရာကျော်က ခေတ်သစ်စိတ်ပညာရဲ့ ဖခင်ကြီးတစ်ဦးဖြစ်တဲ့ ဝီလျံဂျိမ်းစ်က အခုလိုပြောခဲ့တယ်။ 'ကျုပ်တို့မျိုးဆက်ရဲ့ ရှာဖွေတွေ့ရှိမှုတွေထဲမှာ အဖိုးထိုက်တန်ဆုံးတစ်ခုက လူတွေဟာ သူတို့ရဲ့ သဘောထားအမြင်တွေကိုပြောင်းလိုက်ရုံနဲ့ သူတို့ရဲ့ ဘဝတွေကိုပါ ပြောင်းလဲပစ်လိုက်နိုင်တယ်ဆိုတဲ့အချက်ပဲ' နေ့စဉ်နေ့တိုင်း ကျွန်တော်တို့ နိုးထလာတဲ့အခါကျွန်တော်တို့ဟာ မနက်စာကိုဘာစားရကောင်းမလဲရွေးရတယ်။ ပြီးတော့ ဒီနေ့အပြင်ထွက်ရင် ဘာဝတ်ရပါ့မလဲ တွေးတယ်။ ဒါပေမဲ့ အရေးကြီးတာက ငါတို့ဟာ ဘယ်လိုသဘောထားမျိုးနဲ့ ဒီတစ်နေ့တာကိုဖြတ်သန်းမလဲဆိုတဲ့အချက်ပဲလေ။ ဒါကို လူတွေက အလွယ်တကူပဲ မေ့လျော့နေတတ်ကြတယ်။

ဒီလိုမျိုးအပြုသဘောဆောင်တဲ့သဘောထားကိုယ့်မှာထားလိုက်တာနဲ့ အံ့ဩစရာတွေကို သတိထားကြည့်ရင် အများကြီးမြင်လာလိမ့်မယ်။ ပထမဦးဆုံး ကိုယ့်ရဲ့ အပြုသဘောထားကို လူတွေဘယ်လောက်အများကြီးက ထိတွေ့ခံစားရတယ်ဆိုတာကို သိရင် အံ့ဩသွားနိုင်တယ်။ ပုံစံအမျိုးမျိုးနဲ့ဆိုတော့ ကိုယ်တိုင်တောင်သတိမပြုမိနိုင်တာတွေ အများကြီးရှိတယ်။

ဒီအကြောင်းရေးထားတဲ့ကျွန်တော့်စာအုပ်ထဲမှာ ဥပမာကလေးတစ်ခုပေးထားတာရှိတယ်။ ကျွန်တော့်စာအုပ်နာမည်က 'စိတ်နေစိတ်ထားရဲ့ တန်ခိုး' တဲ့။ အဲဒီဇာတ်လမ်းက စူပါမားကက်တစ်ခုမှာ ဈေးဝယ်သွားတဲ့ဇာတ်လမ်းပါ။ လိုချင်တာက သတင်းစာ၊ ဂျာနယ်တချို့နဲ့ စားစရာအတိုအထွာကလေးတွေပေါ့။ လိုချင်တာလေးတွေ ယူပြီးလို့ ငွေရှင်းဖို့ ကောင်တာကိုသွားတော့ ကောင်တာကကောင်မကလေးက "ငါးထောင်ကျပါတယ်ရှင်" လို့ပြောတယ်။ ကျွန်တော်ကလည်း ဟ . . ဘယ့်နှယ့်၊ ဒါကလေးတွေဝယ်တာ ငါးထောင်တောင်ကျရသလားဆိုပြီး စိတ်ထဲမှာ တစ်မျိုးဖြစ်သွားတယ်။ ဒါပေမဲ့ အထွေအထူး မေးစမ်းမနေတော့ဘဲပိုက်ဆံထုတ်ရှင်းလိုက်ပြီး ဘောက်ချာကိုတောင်းလိုက်တယ်။ ကောင်တာကကောင်မလေးက "ကျွန်မအတွက်လည်း ဘောက်ဆူးမရပါလားရှင်"လို့ကျွန်တော့်ကို လှမ်းနောက်လိုက်တယ်။ ကျွန်တော်က သူပြောပုံကို သဘောကျပြီးရယ်လိုက်မိတယ်။ ကျွန်တော်ဝယ်ထားတဲ့သတင်းစာ ဂျာနယ်တွေကိုကြည့်ပြီး သူကအခုလိုပြောတယ်။ 'ကျွန်မတော့ ဒီသတင်းစာ၊ ဂျာနယ်တွေရဲ့ မျက်နှာဖုံးက မကောင်းသတင်းတွေကို အတော်ကလေးစိတ်ကုန်နေပြီရှင့်။ သူတို့မှာလည်းတစ်နေ့ရှိဒါတွေပဲ။ အပြောင်းအလဲကလေး၊ မျှော်လင့်ချက်ရှိတာကလေးများဘယ်တော့ ရေးကြပါ့မလဲ မသိဘူးနော်" လို့ ကျွန်တော့်ကို လှမ်းပြောတယ်။ "တစ်နေ့နေ့မှာ တစ်ယောက်ယောက်က သတင်းကောင်းတွေ ချည်းပါတဲ့ သတင်းစာတစ်စောင်တလေလောက် ထုတ်လာရင်ကောင်းမှာပဲနော်။ လူတွေအခက်အခဲတွေကို ဘယ်လိုကျော်လွှားတယ်။ တစ်ယောက်ကောင်းကျိုးကို ကျန်တစ်ယောက်က ဘယ်လိုဆောင်ရွက်ပေးတယ်ဆိုတာမျိုး စိတ်အားတက်ကြွစရာ သတင်းစာ၊ ဂျာနယ်မျိုးဆိုရင်တော့ ကျွန်မနေ့တိုင်းဝယ်ဖတ်မှာပဲ' လို့ ကျွန်တော့်ကို ပြောပါတယ်။ ပြီးတော့ သူက ရယ်နေတယ်။ ကျွန်တော်လည်း သူပြောတာကိုရော၊ ပြောပုံဆိုပုံကိုရောတော်တော်သဘောကျသွားတယ်။

နောက်တစ်နေ့မှာ ကျွန်တော်အစည်းအဝေးတစ်ခုပြီးတော့ အဲဒီစတိုးဆိုင်ကြီးကိုပဲ ရေဘူးတစ်ဘူးဝယ်ချင်လို့ရောက်သွားတယ်။ ဒီတစ်ခါတော့ ငွေရှင်းကောင်တာမှာထိုင်နေတာ ဟိုကောင်မလေးမဟုတ်တော့ဘူး။ ကျွန်တော်ကကျွန်တော်ပိုက်ဆံရှင်းရမယ့်အလှည့်ရောက်တော့ ကောင်းသောနေ့လယ်ခင်းပါလို့ နှုတ်ဆက်ပြီး ကျသင့်ငွေကိုထုတ်ပေးတယ်။ သူ့မျက်နှာက မပြုံးမရယ် ခပ်တည်တည်ပဲ။ ကျွန်တော် နှုတ်ဆက်တာကိုလည်း ဘာမှပြန်မပြောဘူး။ ကျွန်တော့်ကို ပြန်အမ်းစရာရှိတာပြန်အမ်းပြီး နောက်တစ်ယောက်လို့ မျက်နှာထားတည်တည်နဲ့ ဆက်ခေါ်လိုက်တာနဲ့ ကျွန်တော်လည်း အမ်းငွေကိုယူပြီး ခပ်သွက်သွက်ပြန်ထွက်လိုက်ရတယ်။

ကျွန်တော်မနေ့ကကောင်မလေးနဲ့ ဒီနေ့ ကောင်မလေးနှစ်ယောက်အကြောင်းကိုအပြန်လမ်းမှာ နှိုင်းယှဉ်စဉ်းစားနေမိတယ်။ သူတို့က အသက်ချင်းလည်း မတိမ်းမယိမ်း၊ အလုပ်ချင်းကလည်း အတူတူပါပဲ။ ဒါပေမဲ့ တစ်ယောက်က ကျွန်တော့်ကိုစိတ်ချမ်းမြေ့စေပြီး နောက်တစ်ယောက်ကတော့ ကျွန်တော်သူ့ရှေ့ကိုရောက်သွားလို့ သူစိတ်အနှောင့်အယှက်ဖြစ်ရတယ်ဆိုတဲ့ပုံစံမျိုး ကျွန်တော့်ကို ခံစားရစေတယ်။

ဒီတော့ ကျွန်တော်တို့လုပ်တဲ့ရွေးချယ်မှုတွေ၊ ကျွန်တော်တို့ထုတ်ဖော်ပြသတဲ့ စိတ်နေစိတ်ထားတွေအားဖြင့် ကျွန်တော်တို့ဟာ အခြား တစ်ပါးသောသူတွေအပေါ်မှာတစ်စုံတစ်ရာလွှမ်းမိုးနေတာဖြစ်တယ်။ ကျွန်တော်တို့ရဲ့ သဘောထားက အပြုသဘောဆောင်သလား၊ မဆောင်ဘူးလားဆိုတာက ကျွန်တော်တို့ထိတွေ့ဆက်ဆံနေရတဲ့မိသားစုဝင်တွေ၊ လုပ်ဖော်ကိုင်ဖက်တွေ၊ သူငယ်ချင်းမိတ်ဆွေတွေသာမက ကျွန်တော်တို့ တစ်ရံတစ်ခါကမျှ တွေ့ထိသိဖူးခြင်းမရှိတဲ့ သူစိမ်းတွေအပေါ် မှာပါ သက်ရောက်နေတာလည်းဖြစ်တယ်။

ဒါကြောင့် နံနက်မိုးလင်းအိပ်ရာထလို့ သွားတိုက်မျက်နှာသစ်တဲ့အခါ မှန်ကိုကြည့်ပြီး 'ကဲ . . ဒီနေ့ငါဘာတွေကိုပြုပြင်ပြောင်းလဲရရင်ကောင်းမလဲ။ ငါဘယ်လိုလူစားမျိုးအဖြစ်တစ်နေ့တာရှင်သန်နေထိုင် လုပ်ကိုင်သွားမလဲဆိုတာတွေကိုစဉ်းစားသင့်လှပါတယ်။ ဒီလိုနေ့စဉ်နေ့တိုင်းမေးခွန်းထုတ်ပြီး ဖြေဆိုသွားခဲ့မယ်ဆိုရင် သင်ဘယ်လိုဖြေခဲ့သလဲဆိုတာတွေက သင့်ရဲ့ဘဝတစ်သက်တာမှာ ရေရှည်ပျော်ရွှင်ချမ်းမြေ့မှုနဲ့ အောင်မြင်မှုကိုအဆုံးအဖြတ်ပေးနေတာလည်းဖြစ်ပါတယ်။ ။

*Ref: The Dash... Making a Difference with Your Life*

# သေခြင်းဆိုးသော သေခြင်းမျိုး

အာဝါသ

***"အသက်အရွယ်မရွေး၊ အဆင့်အတန်းမရွေး လူသားအားလုံးနဲ့ သက်ဆိုင်နေတဲ့အတွက်သေခြင်းတရားဟာလောကမှာစိတ်ဝင်စားစရာအကောင်းဆုံးဖြစ်ပါတယ်။ တချို့က သေခြင်းတရား အကြောင်းပြောတာ မင်္ဂလာမရှိဘူးလို့ ယူဆကြတယ်။ တက်တက်စင်မှားတဲ့ အယူအဆပါပဲ"***

***"ဘာလို့လဲဆိုတော့ သေခြင်းတရားကိုအမှတ်ထင်ထင် သတိရနေမှသာ မသေခင်အခိုက် အတန့်ကာလလေးကိုလုပ်သင့်လုပ်ထိုက်တဲ့အလုပ်၊ အလုပ်သင့်အလုပ်ထိုက်ဆုံးအလုပ်တွေနဲ့ တန်ဖိုးရှိရှိအသုံးချသွားနိုင်မှာဖြစ်လို့ပါပဲ"***

**အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)**

လောကသို့ လူအဖြစ် မွေးဖွားရောက်ရှိလာခြင်းတွင် လူတစ်ဦးနှင့် တစ်ဦး ကွာခြားချက်ဟူ၍ ထွေထွေထူးထူးရှိလှသည် မဟုတ်သော်လည်း သေဆုံးရခြင်းတွင် ကွဲပြားခြားနားချက်ကိုယ်စီရှိနေမြဲဖြစ်ပါသည်။ သက်တမ်းစေ့ကာလရှည်ကြာနေရပြီးမှ သေသူများရှိကြသလို အရွယ်မတိုင်မီ အသေစောသူတို့လည်း ရှိပြန်သည်။ သက်သောင့်သက်သာ သေဆုံးသွားသူတို့ရှိကြသလို မချိမဆန့်သေကြရသူများလည်းရှိပြန်သည်။ မြင့်မြတ်တင့်တယ်စွာသေ ဂုဏ်လှသူတို့ရှိခဲ့မှာဖြစ်သလို နိမ့်ကျဂုဏ်ငယ် မဖွယ်ရာသော သေခြင်းမျိုးဖြင့် ချုပ်ငြိမ်းတိမ်းပါး ကွယ်ပျောက်သွားသူတို့လည်း ရှိမြဲ၊ ရှိဆဲ၊ ရှိလည်းရှိနေကြဦးမည်သာ ဖြစ်ပါသည်။

သတ္တဝါမှန်သမျှ မုချသေရမည့် သေမျိုးချည်းဟုဆိုပင် ဆိုသော်ငြား အစဉ်အလာဓမ္မတာ၊ အနာရောဂါတစ်စုံတစ်ရာကြောင့် သေဆုံးရမှုမျိုးသည် အကြောင်းညီညွတ်စွာသေသင့်၍ သေရခြင်း ဖြစ်ပြီး ဓမ္မတာအတိုင်း မဟုတ်သည့် ဘေးရန်၊ အန္တရာယ်နှင့်သူတစ်ပါး ပရောဂမကင်းသော သေရခြင်းမျိုးသည် မသေသင့်သောသေခြင်းဖြစ်သည်ဟု ဆိုရပါမည်။

လူတစ်ယောက် မည်သို့သောအကြောင်းကြောင့်ဖြင့် သေဆုံးရသည် ဖြစ်စေကာမူ သေချိန်၊ သေပုံ၊ သေဂုဏ်တို့တစ်ဦးနှင့် အခြားတစ်ဦးမတူကွဲပြားနေရခြင်းမှာ လူတစ်ဦးချင်းစီ၏ ပစ္စုပ္ပန်အပြုအမူနှင့် ပစ္စုပ္ပန်ကံအပြင် အတိတ်အပြုအမူနှင့် အတိတ်ကံချင်းပါ ခြားနားနေ၍ဖြစ်ပါသည်။

ဗုဒ္ဓဝါဒနှင့်ဗုဒ္ဓ၏အဆုံးအမများအလိုအရ "လူသည်မိမိပြုဆောင်သော အပြုအမူနှင့် မိမိရွေးချယ်သောကုသိုလ်၊ အကုသိုလ်တို့အတွက် မိမိတွင် တာဝန်ရှိရခြင်းဖြစ်သည်"ဟု ဆို၏။

အတိတ်ဘဝ၊ အတိတ်အပြုအမူနှင့်အတိတ်မှကုသိုလ်၊ အကုသိုလ်ဟူသည် တွေးဆမြင်ယောင်ကြည့်၍ ရနိုင်သည်မဟုတ်သည့်အလျောက် ဆုံးဖြတ်စစ်ဆေးရန်လည်း ခက်ခဲမည်ဖြစ်ပြီး ပစ္စုပ္ပန်လက်ငင်းဘဝ၏ပြုမှုလုပ်ဆောင်မှုအကောင်း၊ အဆိုးတို့ကိုမူ အလွယ်တကူ ထင်ရှားသိမြင်နိုင်သည့်အလျောက် အကဲဖြတ်ဆန်းစစ်ရန်လည်း ရှင်းလင်းလွယ်ကူလှသည်ဟု ဆိုရပေမည်။ ကောင်းသော အပြုအမူ၊ ကောင်းသော အကျင့်အကြံရှိသူသည် ကောင်းကျိုးကို ပြန်ခံစားရတတ်သည့် အားလျော်စွာသေဆုံးရခြင်း၌ပင် ထိုသူချန်ထားရစ်သော မှတ်တမ်းကောင်းများကြောင့် ကျန်ရစ်သူတို့၏ အမှတ်ပြုခြင်းကိုလည်း ခံကြရ၏။ သေသူ၏ ခမ်းနားကြီးကျယ်မှုအတိုင်း ဂုဏ်ပေါ် အလေးအမြတ်ပြုခြင်း၊ နှမြောတသခြင်း၊ ယူကျုံးမရဖြစ်ခြင်းနှင့် ဝမ်းနည်းပူဆွေးခြင်းတို့သည် ရှင်စဉ်ကမြတ်ခဲ့သဖြင့် သေဂုဏ်လည်း လှရသော ပြယုဂ်များ ဖြစ်သည်ဟုဆိုနိုင်ပေလိမ့်မည်။

ကမ္ဘာတွင် မှတ်တမ်းကောင်းချန်ထားခဲ့သူတို့၏ မြင့်မြတ်ကောင်းမွန်သော စွမ်းဆောင်ခဲ့မှုများသည် ထိုသူမရှိတော့သော်လည်း ခေတ်အဆက်ဆက် အတုယူအားကျဖွယ်ရာများအဖြစ် တည်တံ့နေမည်ဖြစ်သကဲ့သို့ ဘယ်သောအခါမျှ မေ့ပျောက်သွားကြလိမ့်မည်လည်း မဟုတ်ပေ။

ယခုအခါအမေရိကန်နိုင်ငံတွင်သာမက ကမ္ဘာအရပ်ရပ်၌အေဗရာဟင်လင်ကွန်း အထိမ်းအမှတ်အဆောက်အအုံများ တည်ရှိနေရခြင်းမှာ လွန်ခဲ့သော နှစ်ပေါင်း ၁၅၀ က လူမည်းကျွန်သုံးသန်းခွဲအား ကျွန်ဘဝမှ လွတ်မြောက်စေကာ လူဖြူသခင်လုပ်အုပ်စိုးသော စနစ်ဆိုးကြီးကားလည်း ချုပ်ငြိမ်းစေလျက် လူအချင်းချင်းခွဲခြားနှိမ့်ချမှုကင်းသည့် လူ့ခေတ်အစစ်ဖြစ်လာစေရန် စွမ်းဆောင်ဖန်တီးပေးနိုင်ခဲ့မှုများ၏ ထင်ဟပ်ချက်ဖြစ်သည်ဟု ဆိုရပေမည်။ မြန်မာ့သမိုင်းတွင်လည်း ဗိုလ်ချုပ်ဆန်း၏ ကိုယ်ကျိုးစွန့် အနစ်နာခံမှု၊ သတ္တိရှိမှု၊ ရိုးသားမှု၊ ခေါင်းဆောင်ပီသမှုတို့ကြောင့် လူ သေသော်လည်း နာမည်မသေ၊ ပြည်သူတစ်ရပ်လုံးက တိုင်းပြည်ဖခင်အဖြစ် ချစ်ခင်၊ မြတ်နိုး၊ ရိုသေ၊ လေးစားမကုန်နိုင်။ ဦးဥတ္တမ၊ ဦးသန့်စသော မြန်မာပုဂ္ဂိုလ်ကျော်တို့မှာလည်း ယနေ့အထိ ဂုဏ်သတင်းကြီးဆဲ။။

ကမ္ဘာနှင့်ချီသော စွမ်းဆောင်မှုလောက် ကြီးကျယ်ခြင်းမဟုတ်သည့်တိုင် အများကောင်းကျိုးဖြစ်မှုကို ရှေးရှုဖော်ဆောင်သောကိစ္စရပ်တိုင်းသည်တန်ဖိုးမမဲ့သည်သာမက ထိုသူ၏ စေတနာအတိုင်းရောင်ပြန်ဟပ်နေမြဲဖြစ်ပါသည်။ လွန်ခဲ့သောတစ်ပတ်က ဖတ်ခဲ့ရသော ဆရာလူထုစိန်ဝင်း၏ ဆောင်းပါးတစ်ပုဒ်ကိုပမာဆောင်၍ ဖော်ပြလိုသည်မှာ . . . ဆရာလူထုစိန်ဝင်းသည် နေအိမ်မှပြင်ပသို့ ထွက်ခွာခြင်းမပြုနိုင်ဘဲ မကျန်းမမာ လျက်ကမဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်ပေါင်းများစွာတွင် စာပေများ ပုံမှန်ရေးသားနေသူဖြစ်သည်ကို စာဖတ်သူအများစုသိကြမည်ထင်ပါသည်။ ဖောက်ပြန်လာသော နေပူမိုးရွာ ရာသီဥတုဒဏ်ကြောင့် ကျန်းမာရေးပိုမိုယိုယွင်းကာ ပြီးခဲ့သည့် တစ်လလုံး သူ့စာပင်မရေးနိုင်ဖြစ်ရသည်ဆို၏။ ထိုအခါ



မဂ္ဂဇင်း၊ ဂျာနယ်များတွင် ပုံမှန်အတိုင်း သူ့စာများ မတွေ့ရသဖြင့် သူ့ကိုချစ်ခင်လေးစားသော၊ သူ့စာများကိုစောင့်ဖတ်နေသော၊ သူသူတို့ထင်သလို တစ်ခုခုဖြစ်သွားမည်ကို စိုးရိမ်ကြသော အနယ်နယ်မှ စာဖတ်ပရိသတ်နှင့် မိတ်ဆွေများက လူကိုယ်တိုင်ရော ဖုန်း၊ စာတို့နှင့်ပါ သတင်းဝိုင်းမေးကြတော့ရာ ထိုအကြောင်းပြန်ရေးသော မစိုးရိမ်ကြဖို့နှင့် ကျေးဇူးစကားဆောင်းပါးလေး ဖြစ်ပါသည်။

ဆရာလူထုစိန်ဝင်းကြုံရသလိုအဖြစ်မျိုး ယခင်ကလည်း အခြားသူများအတော်များများ ကြုံခဲ့ဖူးမည်ထင်ပါသည်။ ကျွန်တော် စဉ်းစားမိသည်မှာ ယခုပင် ဤမျှလောက် စိတ်ပူကြသေးလျှင် စိုး ရိမ်သလိုဖြစ်များဖြစ်သွားခဲ့လျှင် သူတို့စိတ်မသက်မသာ ယခုထက်ပိုဖြစ်ကြရမည့်အရေးပဲဖြစ်ပါသည်။ မည်သည့်အတွက် ဤသို့ဖြစ်ရသည်ကို လေ့လာသုံး သပ်ပါလျှင် အဖြေကို လွယ်လွယ်ကူကူပင် သိမြင်နိုင်ပါလိမ့်မည်။

ချစ်ခင်နှစ်သက်ခြင်းနှင့် ကြည်ညိုလေးစားခြင်းတို့တွင် အကျိုးလိုလားခြင်းနှင့် နှမြောတသခြင်းတို့ ယှဉ်တွဲချိတ်ဆက်ရှိနေတတ်သည့် သာဓကဟုဆိုရပါမည်။ တစ်ဆက်တည်းတွေးကြည့်မိသည်မှာ အကယ်၍ ကျွန်နေရာတွင် မုန်းသူတစ်ယောက်ဖြစ်နေ ခဲ့မည်ဆိုလျှင် မည်သို့ခံစားရမည်ကိုဖြစ်ပါသည်။ မှတ်သားခဲ့ဖူးသော တွေးခေါ် ရှင်ကြီး ဆိုကရေးတီး ပြောခဲ့သည့် စကားတစ်ခွန်းကို အမှတ်မထင်သတိရမိပါသည်။ ***စာ(၃၂) သို့***

7 DAY NEWS JOURNAL
Vol.10, No.11 · JUNE 2, 2011

ကျွန်တော်သည် ကျောင်းစစ်ဆေးရေးအဖွဲ့ဝင်ဖြစ်ပြီး အပေါင်းအသင်းများမှာ အလယ်တန်း၊ အထက်တန်းကျောင်းအုပ်ကြီးများ ဖြစ်ကြသည်။ သူတို့နှင့် ပညာရေးအကြောင်း ဆွေးနွေးမိလျှင် စာမေးပွဲစနစ် ပပျောက်အောင်လုပ်ရင်း စာမေးပွဲတွေ များနေသည့် ပညာရေးစနစ် အကြောင်းပြောမိကြသည်။

ကျွန်တော်တို့ ကျောင်းသားဘဝကမူ တစ်နှစ်လျှင် စာမေးပွဲ သုံးခုသာရှိ၏။ ပထမအစမ်း၊ ဒုတိယအစမ်းနှင့် အတန်းတင်စာမေးပွဲတို့ဖြစ်ကြ၏။ တစ်ခုတော့ရှိသည်။ ပထမအစမ်းမှာ မေးပြီးသောစာ ဒုတိယအစမ်းမှာလည်း မေးသည်။ အတန်းတင်မှာလည်း မေးသည်။ အကျဉ်း၊ အရှုံးဆိုတာလည်း အတန်းတိုင်းရှိနေသဖြင့် စာတစ်အုပ်လုံးကို ညက်ညက်ကြေအောင် ကျက်ကြရသည်။

ယခုတော့ အခန်းဆုံးစစ်ဆေးခြင်း Chapter End Test လပတ်စစ်ဆေးခြင်း Monthly Test အပြင်ပထမနှစ်ဝက်စစ်ဆေးခြင်း၊ ဒုတိယနှစ်ဝက်စစ်ဆေးခြင်းဆိုတာတွေရှိသေးသည်။ ဒါတင်မက အဋ္ဌမတန်းနှင့် ဒသမတန်းတို့တွင် နှစ်ပတ်တစ်ကြိမ်စစ်ဆေးခြင်းဆိုတာ ရှိသေး၏။ များလိုက်တာ။ တစ်ခုတော့ရှိ၏။ ကလေးတွေစာမေးပွဲဝန်ထုပ်မပိအောင် မေးပြီးသား စာနောက်တစ်ခါ မမေးတော့။

"သည်လို စာမေးပွဲတွေအများကြီးဖြစ်နေရခြင်းရဲ့ အဓိကရည်ရွယ်ချက်က ဘာလဲဗျ"

ကျွန်တော်မေးတော့ သူတို့ ရုတ်တရက်မဖြေနိုင်။ ကျွန်တော်ကပဲ"ရည်ရွယ်ချက်က ကလေးစာတတ်ဖို့ မဟုတ်ဘူးလား"ဟု မေးမှသူတို့က "ဟုတ်တယ်၊ ဟုတ်တယ်"ဟု ဝိုင်း၍ထောက်ခံကြသည်။လစဉ်စာမေးပွဲများစစ်ဆေးခြင်းမှာ ဘာသာရပ်များ ပုံမှန်ကျက်မှတ်လေ့လာ၍ စာကြေညက်ရန် ဖြစ်သည်။ သို့သော် ယခုနောက်ပိုင်း အတန်းမကျရန် ပုံစံဖြစ်ကုန်သည်။ ကျောင်းသားဗဟိုပြုသင်ကြားနည်းစနစ်ကိုပီပြင်စွာကျင့်သုံးရမည့်အချိန်ဖြစ်သော်လည်း ဆရာဗဟိုပြုသင်ကြားရေးသားဖြစ်နေ၏။ကျွန်တော်က လက်ရှိပညာရေးစနစ်ကို ဝေဖန်နေခြင်းမဟုတ်။ ရည်ရွယ်ချက်ကောင်းသည်။ သို့သော်ဆရာ၊ဆရာမအများစုကသည်စနစ်၏ အဓိကရည်ရွယ်ချက်ကို သဘောမပေါက်။ ဆရာ၊ ကျောင်းသားအချိုးမမျှတတာလည်း ပါတော့ သင်ခန်းစာ လည်း အချိန်မီပြီး၊ စာမေးပွဲတွေလည်း ပုံမှန်ပြီးအောင် "ဖြတ်လမ်းကလိုက်တော့ သည်။ ပြီးပလား မေးလျှင် ပြီးပါ ပြီပဲ" ရလဒ်က ဆရာဦးအောင်သင်းပြောသလို"အရှေ့၊ အနောက် သိချင်ရင် ငါ့အိမ်လိုက်ခဲ့"ဆိုတာတွေ အများကြီး။ ကိုယ့်အိမ်မှာပဲအရှေ့၊အနောက်၊တောင်၊ မြောက်သိတော့၏။ အခြားနေရာမှာ မသိ။ ဒါသည် ပညာရေးစံလွဲခြင်းတစ်မျိုးဟု ကျွန်တော်ယူဆမိ၏။ ကျွန်တော်တို့ ဝန်းကျင်မှာ တစ်လုံး၊ နှစ်လုံး၊ သုံးလုံးကစားနေကြသူတွေ ရှောင်မလွတ်အောင် ပေါ်နေကြ၏။ မြတ်စွာဘုရားက ၃၈ ဖြာမင်္ဂလာတရားတော်တွင် စင်ကြယ်သော အသက်မွေးမှုတွေ ဟောထားသော်မှ ဝီရိယမစွဲ၊ လုံ့လမကဲဘဲ မဟုတ်သောနည်းတွေ သုံးနေခြင်းမှာ ငွေလိုချင်၍ ဖြစ်သည်။ အမှန်တော့ပိုက်ဆံငွေကြေးဆိုသည်မှာ ကြားခံပစ္စည်းသာဖြစ်သည်။ ကုန်ပစ္စည်းချင်းဖလှယ်ရာမှာကြာတော့ အဆင်မပြေမှုများ ရှိလာ၍ တန်ဖိုးတစ်ခုသတ်မှတ်ကာ အများကလက်ခံသုံးစွဲနိုင်မည့် အရာတစ်ခုကို တီထွင်ရာမှ ငွေကြေးပေါ်လာသည်ဟု ကျွန်တော် မှတ်သားဖူးသည်။ သို့သော် ယခုခေတ်တွင် ကုန်ပစ္စည်းချင်းဖလှယ်ရာ၌ ကြားခံပစ္စည်းအဖြစ် သုံးသော ငွေကြေးက ထိပ်ဆုံးသို့တက်လာသည်။ "ငွေရှိမှ လူရာဝင်၊ ငွေမြင်မှ လူခစား"ဆိုတာတွေဖြစ်လာသည်။ ငွေကြေးစံလွဲလာကြသည်။

"တစ်ဝမ်းဝင် တစ်မိမွေးသော်မှ ပေးနိုင်မှ ချစ်ကြည်"ဆိုသော အချုပ်တန်းဆရာဖေစကားလို မွေးချင်းချင်းပင် ငွေရှိမှအမျိုးတော်သည့်ကိန်းဆိုက်လာသည်။ တကယ်တမ်း လူသားတစ်ဦးမှာရှိ ရမည့်မေတ္တာ၊ သစ္စာ၊ မုဒိတာတရားတွေကျ ခြောက်ခန်းလာသည်။ လူ၊ လူချင်း တန်ဖိုးထားမှုတွေ ယုတ်လျော့လာ၏။

ကလိယုဂ်ဆုတ်ကပ်ကာလဟု ပြောကြသည့် ယနေ့လိုခေတ်မျိုးမှာ ကိုယ်ကျင့်တရားကောင်းရုံဖြင့် လူရာဝင်ဖို့မလွယ်။ ငွေကြေးခနမှ မရှိလျှင်ငွေကို Money is Second God လုပ်နေကြသည့် လူမှုဆက်ဆံရေးကြား ဝင်မတိုးနိုင်။ သည်တော့ကြာရှည် မျက်နှာအငယ်မခံနိုင်သည့် ပုဂ္ဂိုလ်က ရွှေလိုအဖိုးတန်သည့် ကိုယ်ကျင့်သိက္ခာကို မြေမှာချနင်းပြီး "ငွေရဖို့ဆိုတာပဲ လုပ်ရလုပ်ရ"ဖြစ်သွားတော့၏။ "လူကောင်း"က "လူပျက်"ဖြစ်သွားရသူတွေလည်းများလှပေပြီ။

ယနေ့ကမ္ဘာတွင် အဆက်မပြတ်ဖြစ်နေသည့် ရေကြီး၊ မီးလောင်၊ မုန်တိုင်းတိုက်၊ ငလျင်လှုပ်ဟူသော သဘာဝဘေး အန္တရာယ်များဖြစ်ပေါ်လာရခြင်း၏ ဇစ်မြစ်ကို ပြန်တူးဆွကြည့်လျှင် လူသား၏ အတ္တရှေ့တန်းတင်၊ ကိုယ်ကျိုးရှာမှုဟူသော အရင်းခံအကြောင်းကို တွေ့နိုင်သည်။

တစ်နည်းအားဖြင့် ငွေရှာခြင်းဟူသော အကြောင်းတရားကြောင့်ဟု ဆိုနိုင်ပေသည်။ ကိုယ်ကျိုး ဆန္ဒ၊ ကိုယ့်အတ္တအတွက် သဘာဝဝန်းကျင်မှ သယံဇာတများကို အလွန်အကျွံထုတ်ယူသုံးစွဲခဲ့၊ သုံးစွဲနေသည် မဟုတ်ပါလော။ ခုတော့ ကိုယ့်ရှူးကိုယ်ပတ်ဖြစ်နေလေပြီ။

တကယ်တော့"ဖြစ်ပျက်မစဲ၊ သံသရာဝဲ"တွင် လည်နေရသည့် သက်ရှိလောကမှ အသိဉာဏ်အရှိဆုံးဆိုသော လူသားဘဝမှာလူအချင်းချင်းတန်ဖိုးထားမှု၊ ကိုယ်ချင်းစာတရားထားမှုတို့သည်သာ ဘဝအဓိပ္ပာယ်၊ ဘဝတန်ဖိုးအစစ်များဖြစ်ကြပါသည်။ ထိုတန်ဖိုးအစစ်များ ပျောက်သည်နှင့် လူမျိုးဆက်လည်း ပျောက်မည်က အသေအချာ။ မယဉ်ကျေးရိုင်းစိုင်းသော အခြေအနေမှ ယဉ်ကျေးသိမ်မွေ့လာကာ လူ-လူချင်းတန်ဖိုးထားလေးစားပြီး ဝိုင်းဝန်းလက်တွဲကာ သာယာချမ်းမြေ့သော ကမ္ဘာကြီးဖြစ်လာအောင် ကမ္ဘာသူ၊ ကမ္ဘာသားတို့ ဝိုင်းဝန်းတည်ဆောက်ခဲ့ကြ၏။ "ကမ္ဘာမှာ စစ်ပွဲတွေမရှိတော့ဘူး။ စစ်အေးကာလကိုရောက်သွားပြီ" ဟု ကျွန်တော်တို့ဝင့်ကြွားခဲ့ဖူးသည်။ သို့သော်လည်း တတ်သော သံသရာသဘောအရ သမိုင်းတစ်ပတ်ပြန်ကျော့သလားမသိ။ ကမ္ဘာကြီးမှာ သေနတ်သံ ပြန်၍ညံလာခဲ့၏။ ဘာကြောင့်ဖြစ်ဖြစ်၊ ဖြစ်လာသည့် သည်စစ်ပွဲတွေမှာကိုယ်ကျိုးစီးပွား ရှေ့တန်းတင်မှုက ထင်ထင်ရှားရှားပေါ်နေသည်။ အဓိကက ကိုယ့်တိုင်းပြည်ချမ်းသာရေး၊ပိုက်ဆံငွေကြေးကြွယ်ဝဖို့ပင်။

နိုင်ငံတစ်နိုင်ငံ တည်ဆောက်ရာတွင် ပညာရေးမှာအဓိကကဏ္ဍမှပါဝင်သည်။ ပညာရေး အပေါ်လွဲနေသည့် စံကိုပြင်နိုင်မှ လမ်းမှန်ရောက်မည်။ အလကား အဟောသိကံဖြစ်နေမှုကို တားနိုင်မည်။ ငွေကြေးအပေါ် တပ်မက်မှုဟူသော စံအလွဲကိုပြင်နိုင်မှ လူကိုလူလို မြင်လာမည်။ လူလူချင်း တန်ဖိုးထားတတ်လာမည်။ ကိုယ်ကျင့်တရား၊ကိုယ့်ကျင့်သိက္ခာကို ရှေ့တန်းတင်လာမည်။ ဤနည်းဖြင့် "မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ"ဆိုသော ဗြဟ္မစိုရ်တရားလေးပါးထွန်းကားလာပေမည်။ ဤတရားလေးပါးထွန်းကားလာခြင်းဖြင့် ရခဲလှသည့် လူ့ဘဝသည် လူတိုင်းအတွက်တန်ဖိုးရှိ လာပေလိမ့်မည်။ အဘယ်မျှဆင်းရဲပါစေ။ လူသားချင်းစာနာဖေးမမှုကြောင့် ဘဝကနေပျော်နေပေလိမ့်မည်။

ခေတ်ဆိုသည်မှာ လူတို့၏ ဖန်တီးမှုကြောင့် ဖြစ်ပေါ်လာရခြင်းပါ။ သည်အသိလေး လူတိုင်းကိုယ်စီရင်ထဲ စွဲကာကောင်းသောခေတ်ကိုတည်ဆောက်ကြပါစို့။ စံအလွဲတွေကို ရဲရဲကြီး ပယ်ဖျောက်ပစ်ကြပါစို့ဟု ကျွန်တော်တိုက်တွန်းချင်ပါသည်။ ။




JOKE

## ဘယ်အချိန်လဲ

စမစ်သည် ဆေးရုံတစ်ရုံတွင် အလုပ်လုပ်နေရင်း ၂၄/၇ ဟုခေါ်သည့်ပိတ်ရက်မရှိ ၂၄နာရီလူနာများအတွက် စုံစမ်းမှုများကို ဖုန်းဖြင့် ပြောကြားပေးရသည်။ တစ်နေ့တွင် ပြင်ပမှ ဖုန်းခေါ် ဆိုမှုတစ်ခုဝင်လာသည်။

"ဖုန်းနဲ့ဖြေကြားတဲ့စနစ်က တစ်နေ့ ဘယ်နှနာရီဖွင့်ပါသလဲခင်ဗျာ"

"ပိတ်ရက်မရှိ၊ ၂၄နာရီဖွင့်ပါတယ်ခင်ဗျာ" ဟု စမစ်က ပြန်ဖြေရာ တစ်ဖက်က ဖုန်းခေါ် ဆိုသူက

"အရှေ့တိုင်းအချိန်လား၊ အနောက်တိုင်းအချိန်လား"ဟု ထပ်မေးပါ၏။

စမစ်ကလည်း စကားမြန်မြန်ဖြတ်လိုသဖြင့်

"အနောက်တိုင်းအချိန်ပါ" ဟုပြန်ပြောလိုက်ရ၏။

## ပြန်စစ်နေတာ

ကျောင်းသားတစ်ဦးသည် အမှားနှင့်အမှန် (True/False) ဖြေဆိုရသော အတန်းတင်စာမေးပွဲမေးခွန်းအား ဖြေဆိုရန် အခန်းထဲဝင်ရောက်လာပြီးနောက် အိတ်ထဲမှအကြွေစေ့ကိုထုတ်၍ ခေါင်းပန်းလှန်ကာ အဖြေလွှာကိုဖြည့်ရာ နာရီဝက်အတွင်း ဖြေလို့ပြီးသွားသည်။

အခြားကျောင်းသားများ အသည်းအသန်ဖြေဆိုနေချိန်တွင် ၎င်းကျောင်းသားမှာ အေးအေးလူလူပင်ရှိနေခဲ့ပြီး စာမေးပွဲအချိန်ပြည့်ရန် မိနစ်အနည်းငယ်အလိုတွင် အိတ်ထဲက အကြွေစေ့ကို ထပ်ထုတ်၍ ခေါင်းပန်းလှန်ရင်း ချွေးပြန်နေပါသည်။ ထိုအချိန်မှ ကျောင်းသားကို သတိပြုမိသော အတန်းစောင့်ဆရာမက ၎င်းကျောင်းသားနားရောက်လာပြီး ဘာဖြစ်နေတာလဲဟု စိုးရိမ်တကြီးမေးမြန်းရာ ကျောင်းသားက . .

"ကျွန်တော် စာမေးပွဲဖြေတာ နာရီဝက်ပဲကြာတယ်။ ဒါပေမဲ့ ကျွန်တော့် အဖြေတွေမှန်၊ မမှန်ကို ပြန်စစ်သင့်တယ်လို့ထင်တယ်လေ" ဟုဆိုကာ ချွေးဒီးဒီးနှင့် ခေါင်းပန်း လှန်နေပါတော့သည်။

## စာ(၃၁) သေခြင်းဆိုးသော သေခြင်းမျိုး မှ

"အရသာအရှိဆုံး အပြုံးဆိုတာကိုယ်မုန်းတီးတဲ့ သူဒုက္ခ ရောက်သွားတဲ့အခါပြုံးရတဲ့ အပြုံးမျိုးဖြစ်တယ်"ဟူ၏။ မှန်၊ မမှန် ကျွန်တော်တို့ဆက်၍ ဆန်းစစ်ကြပါဦးမည်။

မိသားတစ်စု၌ဖြစ်စေ၊နိုင်ငံတစ်ခု၌ဖြစ်စေ၊ ကမ္ဘာပေါ်၌ပင် ဖြစ်စေ လူတစ်ယောက်သေဆုံးခြင်းအပေါ် လူအများဝမ်းသာပျော်ရွှင်နေကြသော အဖြစ်မျိုးသည် လူတိုင်း၏ဘဝတစ်သက်တာတွင် ရှားရှားပါးပါးမြင်တွေ့ရနိုင်သည့် အံ့သြဖွယ်သံဝေဂဖြစ်ရပ်ဟု ဆိုရပါလိမ့်မည်။

အကြောင်းမှာ လူသည် သနားကြင်နာစာနာတတ်သော နှလုံးသားရှိသည့် သတ္တဝါဖြစ်ရကား မည်သူတစ်ဦးတစ်ယောက်ကိုမျှ အကြောင်းမဲ့ သေစေလိုသော ဝေဒနာ၊ ရည်ရွယ်ချက်လည်း ရှိလိမ့်မည်မဟုတ်သောကြောင့် ဖြစ်ပါသည်။ ဤအတွက် ထင်ရှားသော အဖြစ်အပျက်တစ်ခုဖြင့်သက်သေပြလိုပါသေးသည်။

စာဖတ်သူများ မေ့ကြဦးမည်မထင်ပါ။ ၂၀၁၀ ခုနှစ်၊ အောက်တိုဘာ ၁၃ ရက်သည် သေသူကို ရှင်အောင် လုပ်ပေးနိုင်ခဲ့သောနေ့ဟု ကမ္ဘည်းတင်ရလောက်အောင် ကမ္ဘာ့သမိုင်းဝင်နေ့တစ်နေ့ ဖြစ်ခဲ့ပါ၏။ ဩဂုတ်၅ရက်ကတည်းကမြေအောက် ၂၀၄၇ ပေအနက်၌ ၆၉ ရက်ကြာ ပိတ်မိနေခဲ့သော ချီလီနိုင်ငံမှ မိုင်းလုပ်သား ၃၃ ဦး အား တစ်ယောက်မကျန်ကယ်ထုတ်နိုင်ခဲ့၍ ဖြစ်ပါသည်။

အဆိုပါ မိုင်းလုပ်သားများ မြေအောက်ပိတ်မိနေစဉ်က ကမ္ဘာတစ်ဝန်းမှ ပြည်သူများရော နိုင်ငံခေါင်းဆောင်ကြီးများပါ သနား ကရုဏာသက်ကာ စိုးရိမ်တကြီး စိတ်ဝင်စားလျက်ရှိကြပြီး အောင်မြင်စွာကယ်ထုတ်လိုက်နိုင်သည့် ထိုနေ့ကျမှသာ စိတ်သက်သာရာရကာ ပီတိမျက်ရည်များပင်လည်ခဲ့ကြတော့သည်။ ထိုနေ့က ချီလီသမ္မတပီနေရာထံဝမ်းမြောက်ဝမ်းသာပေးပို့လာသော ကမ္ဘာတစ်ဝန်းမှ ဂုဏ်ပြုဆုတောင်းလွှာပေါင်း သန်းနှင့်ချီရှိခဲ့သည်ဆို၏။

ဘာသာမတူ၊ လူမျိုးချင်းပါ ကွဲပြားနေသည့်အပြင် မမြင်ဖူး မတွေ့ဖူးကြသူများပင် ဖြစ်နေစေကာမူ တစ်ဦးနှင့်တစ်ဦးချစ်၍ အကျိုးလိုလားတတ်ခြင်းမျှသာ မဟုတ်တော့ဘဲ လူအချင်းချင်းသနား၍ မသေစေလိုခြင်း သဘောမှာ ထင်ရှားပေါ်လွင်လှသည် မဟုတ်ပါလော။

၂၀၁၁ ခုနှစ်၊ မေ ၁ ရက်။

လောကတွင်ဆန့်ကျင်ဘက်အသွင်ဆောင်နေသောဖြစ်ပျက်ဖွဲ့တည်မှုပေါင်းများစွာ အနက်မှတစ်ခုဟု ဆုရပေမည်။ ထို နေ့တွင် တစ်ကမ္ဘာလုံးမှလူအများအံ့အားသင့်ခေါင်းထောင်စရာ သတင်းတစ်ပုဒ်ပေါ် ထွက်ခဲ့ပါ၏။ သည်တစ်ခါ ကြားရသည်မှာ နာရေးသတင်း။

"အိုစမာဘင်လာဒင် သေပြီ" ဟူ၏။ သတင်းနှင့်အတူ ဝမ်းသာပျော်ရွှင်နေသူများ၊ ခုန်ပေါက်မြူးတူးကြသူများ၊ အောင်ပွဲခံအော်ဟစ်နေသူများ၊ ဘယ်လိုမှကြည့်မကောင်းတာအမှန်။ ကျွန်တော်သည် လူတစ်ယောက်သေဆုံးခြင်းအပေါ် ပျော်ရကောင်းလားဟူ၍ ရုတ်တရက်ဒေါ်ပွမိသေးသော်လည်း ချက်ချင်းပင် "ဆော့ကရတ္တိ" ပြောသည့်အရသာအရှိဆုံးအပြုံးအဓိပ္ပာယ်ဖွင့်ဆိုချက်ကိုသတိရကာ ပြန်ဆင်ခြင်နိုင်ခဲ့ပါသည်။ သေဂုဏ်မဲ့သည့် သေခြင်းမျိုးပါတကားဟု။ လူတိုင်း သေခြင်းတရားကို အမှတ်သတိပြုနေသင့်ပါ၏။ ။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။ **အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လှထွဋ်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ဒဲနစ်အောင်အောင်၊ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းငွေ၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ သတင်းထောက်လုမြင့်၊ ဆန်းညွှန့်(ရေနံချောင်း)၊ မျိုးဇော်၊ မောင်ကံ၊ ကျော်ထွန်း။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရိန်းရိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်-** အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ငွေ။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသီရိပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၀၊ ၂၄၃ ၅၄၂၊ ၃၈၄၅၅၉၊ ၀၉ ၅၁၇၃၂၅၅
Fax : 243 542, E-mail : 7daynews@mail4u.com.mm, orbit@myanmar.com.mm ၊

# Business

7 DAY NEWS JOURNAL

Vol.10, No.11 • JUNE 2, 2011


## တရုတ်မှ ဓာတ်မြေသြဇာအဝင်နည်း၍ ဈေးတက်

**ပြည်သိမ်း**

**ရန်ကုန်၊ မေ – ၂၆**

တရုတ်နိုင်ငံမှ တင်သွင်းသော ဓာတ်မြေသြဇာများ အဝင်နည်းလာသဖြင့် ဈေးကွက်အတွင်း၌ ဈေးနှုန်းများမြင့်တက်လာကြောင်း ဓာတ်မြေသြဇာတင်သွင်းသူများက ဆိုသည်။

ဓာတ်မြေသြဇာတင်သွင်းသူများသည် ဈေးကွက်လိုအပ်ချက်ကို သိရှိသည့်အတွက် လယ်ယာထွက်ကုန်စိုက်ပျိုးရာသီတွင်အသုံးများသည့် ဓာတ်မြေသြဇာများကို တင်သွင်းမှုလျှော့ချပြီး ဈေးနှုန်းမြှင့်တင်လေ့ရှိကြောင်း မူဆယ် ၁၀၅ မိုင်မှ လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

တရုတ်နိုင်ငံမှ ဓာတ်မြေသြဇာရောင်းချသူများက လက်ရှိကာလတွင်မြန်မာနိုင်ငံ၌ မိုးစပါးစိုက်ပျိုးသည့် ရာသီဖြစ်သည့်အတွက် ဈေးနှုန်းများမြှင့်ပြီး ရောင်းချကြသည်။ ထို့ကြောင့် ပြည်တွင်းသို့ တင်သွင်းသူများကလည်း ဈေးကွက်အခြေအနေကို ကြည့်ပြီး တင်သွင်းနေရကြောင်း အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

"လောလောဆယ် အဝင်နည်းတယ်။ ဈေးတက်တာက ဟိုဘက်ကအမြင့်ဈေးနဲ့ဝယ်နေရလို့ပါ" ဟု ဘုရင့်နောင်ဈေးမှ ဓာတ်မြေသြဇာပွဲရုံပိုင်ရှင် တစ်ဦးက ဆိုသည်။

လက်ရှိဈေးကွက်အတွင်း၌ ရောင်းချနေသော ဓာတ်မြေသြဇာများသည် တစ်အိတ်လျှင် ကျပ် ၂,၀၀၀ ကျော်ဈေးတက်သည်။ ထိုသို့ ဈေးတက်လာရခြင်းမှာ လယ်ယာထွက်ကုန်သီးနှံမှာ စိုက်ပျိုးချိန်တွင်သာဖြစ်ကြောင်း အထက်ပါ ပုဂ္ဂိုလ်က ရှင်းပြသည်။


"ကားအဝင်ကလည်း နည်းသွားတယ်။ ဓာတ်မြေသြဇာဈေးကလည်း တစ်တန်ကို ယွမ်နှစ်သောင်းခွဲဝန်းကျင်ထိ ဈေးတက်လာတယ်"ဟု မူဆယ် ၁၀၅ မိုင်မှ လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

မိုးစပါး၊ နွေစပါး၊ ဆောင်းပဲမျိုးစုံတို့၌ တောင်သူများ အရှုံးပေါ်ခဲ့ချိန်တွင် ထိုသို့ မြေသြဇာဈေးမြင့်တက်မှုမှာ လယ်ယာစိုက်ပျိုးရေးအတွက် အဟန့်အတားများဖြစ်စေသည်။

"ဒီနှစ်မှာလယ်သမားတွေမြေသြဇာသိပ်သုံးနိုင်မယ်မထင်ဘူး။ ပဲဈေး၊ ဆန်ဈေးကလည်း ကျနေတော့ ငွေကြေးခက်ခဲမှာပဲ။ ရောင်းသူတွေ ကံကောင်းနေတာက ရာဘာသမားတွေဝယ်နေလို့ပါ။ ဒီနှစ်ရာဘာဈေးကတော့ ကောင်းတယ်"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

လက်ရှိဈေးကွက်အတွင်း ရောင်းချနေသော တရုတ်ဓာတ်မြေသြဇာများသည် ယူရီးယားအမျိုးအစား တစ်အိတ်လျှင် ၂၂,၅၀၀ ကျပ်၊ တီဆူပါအမျိုးအစား ၂၈,၅၀၀ ကျပ်ဈေးရှိကြောင်း ပြည်တွင်းထုတ်ယူတီးယားဓာတ်မြေသြဇာမှာ ၁၈,၀၀၀ ကျပ်ရှိကြောင်း ဈေးကွက်တွင်းမှ စုံစမ်းသိရသည်။

## ရန်ကုန်တွင် မြေကွက် အရောင်းအဝယ် ကောင်းနေ



**မြန်မာနိုင်ငံတွင် မြေဈေးအကြီးဆုံးဖြစ်သည့် ရန်ကုန်မြို့တစ်နေရာကို တွေ့ရစဉ်။** ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

**ပြည်သိမ်း၊ အောင်သူရ**

**ရန်ကုန်၊ မေ – ၂၆**

အိမ်ခြံမြေဈေးကွက်တွင် ဝယ်ရောင်းလုပ်ကိုင်သူများဝင်ရောက်ရင်းနှီးမြှုပ်နှံမှုများကြောင့်အရောင်းအဝယ်ကောင်းနေကြောင်း အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း လုပ်ကိုင်သူများကပြောသည်။

ရင်းနှီးမြှုပ်နှံသူများသည် အစိုးရသစ်လက်ထက်တွင် ရွှေနှင့် ကားထက် အိမ်ခြံမြေကိုသာ ရွေးချယ်ရင်းနှီးမြှုပ်နှံကြဆဲဖြစ်သည်။

လက်ရှိအိမ်ခြံမြေဈေးနှုန်း မြင့်တက်မှုမှာလည်း ဝယ်ယူထားသူများအတွက် အရှုံးမရှိဘဲ အချိန်ကာလ စောင့်နိုင်မှုပေါ်မူတည်၍ အကျိုးအမြတ်အနည်းအများသာကွာနိုင်ကြောင်းယူနတီ အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီမှ မန်နေဂျာဦးဇော်ဇော်ကဆိုသည်။

"ဒီရက်ပိုင်းမှာ အတော်ကို အလုပ်ရှုပ်တယ်။ ရောင်းသူချင်း ဝယ်သူချင်းတွေကို လိုက်ပြနေရတာနဲ့ နားရတယ်လို့မရှိဘူး"ဟု ကျောက်တံတားမြို့နယ်မှ အိမ်ခြံမြေအကျိုးဆောင်တစ်ဦးကလည်း ရှင်းပြသည်။

လက်ရှိအိမ်ခြံမြေဈေးကွက်တွင် တန်ဖိုးကျပ်သိန်း၊ သောင်းဂဏန်းရှိသည့် အိမ်ခြံမြေများထက် ကျပ်သိန်း ၄၀၀၀ မှ ကျပ်သိန်း ၂၀၀ ကြား အိမ်မြေများ အရောင်းအဝယ် ပိုဖြစ်နေသည်ဟု ဆိုသည်။ ရင်းနှီးမြှုပ်နှံသူများကလည်း မြို့တွင်းတန်ဖိုးကြီးနေရာများထက်မြို့တွင်းနှင့် ထိစပ်နေသည့် စီးပွားရေးအကွက်အကွင်းကောင်းသောမြို့နယ်များနှင့်မြို့သစ်များတွင် ပိုမိုရင်းနှီးမြှုပ်နှံလာကြသည်။

ရင်းနှီးမြှုပ်နှံမှုကြောင့် အရောင်းအဝယ်ကောင်းနေသည်မှာ အိမ်မြေများသာဖြစ်ပြီး တိုက်ခန်းများကွန်ဒိုများမှာအရောင်း အဝယ် အေးလျက်ရှိသည်။ ယင်းတို့သည် ရင်းနှီးမြှုပ်နှံရာတွင် ခိုင်မာမှု အင်အားနည်းသည့်အတွက် နေထိုင်လိုသူများသာ အရောင်းအဝယ်အငှားရှိကြောင်း အိမ်ခြံမြေအကျိုးဆောင်များက ဆိုသည်။

## ပြည်တွင်းငွေလဲနှုန်း

| | | |
|---|---|---|
| ၁ ဒေါ်လာ(အမေရိကန်) | ၈၁၆ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၁၄ | ကျပ် |
| ၁ ဒေါ်လာ(စင်ကာပူ) | ၆၆၇ | ကျပ် |
| ၁ ဘတ်(ထိုင်း) | ၂၇ | ကျပ် |
| ၁ ယွမ်(တရုတ်) | ၁၂၃ | ကျပ် |
| ၁ ယူနစ်(ပို့ကုန်ရငွေ) | ၉၀၀ | ကျပ် |

၂၀၁၁ မေ ၂၇ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၀၅၇ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၆၉၈ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၀. ၇၇ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၄၉၂ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၅. ၁၇ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၃၅၇ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၈၂. ၂၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၂၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၂၉ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၈,၅၅၅. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၅၆၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၁. ၀၂၃၉ | ဒေါ်လာ | (ကနေဒါ) |
| ၁ဒေါ်လာ | ၁. ၂၂၁၄ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ဒေါ်လာ | ၀. ၉၃၄ | ဒေါ်လာ | (သြစတြေးလျ) |
| ၁ဒေါ်လာ | ၂၈. ၂၀၂၅ | ရူဘယ် | (ရုရှား) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၅၃၇. ၃၀၀ |
| ရေနံစိမ်း | စည် | ၁၁၅. ၀၃၀ |
| ငွေ | ၁ အောင်စ | ၃၇. ၈၆၃ |
| ကြေးနီ | ပေါင် | ၄၁၈. ၆၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄. ၅၁၈ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၁ မေ ၂၈ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

## ကြက်သွန်နီဈေး စတင်တက်



**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မေ – ၂၇**

ကြက်သွန်နီဈေးနှုန်းများမှာ ယခုရက်ပိုင်းတွင် ပိဿာ ၃၀ ဝင်တစ်အိတ်လျှင် ၁,၅၀၀ ကျပ်ထိမြင့်တက်လာခဲ့ကြောင်း ကြက်သွန်နီလုပ်ငန်းရှင်များက ပြောသည်။ စာ(၃၄)သို့




7 DAY NEWS JOURNAL
Vol.10, No.11 · JUNE 2, 2011

# ဒေါ်လာဖြင့် ဝယ်လိုသူရှိသော်လည်း ပဲအရောင်းအဝယ်အေး

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မေ – ၂၇**

ပဲအရောင်းအဝယ်ဈေးကွက်တွင် ဆိပ်ကမ်းအရောက် (FOB) များ ရှိသော်လည်းအရောင်းအဝယ် အေးနေကြောင်းဘုရင့်နောင်ကုန်စည်အရောင်းအဝယ်ဈေးကွက်မှ ကုန်သည်များက ပြောသည်။

“ပဲက ဒီရက်ပိုင်းမှာ မတ်ပဲ RC ဆိုတစ်တန်ကို ၅၇၅၀၀၀ ကျပ်မှာပဲ ဖြစ်နေခဲ့တာ။ ဒီနေ့ မေ ၂၈ ရက် ညနေမှ ၅၈၀၀၀၀ ကျပ် တက်တယ်။ ဈေးတက်ပေမယ့် အရောင်းအဝယ်နည်းတယ်။ ဒီနှစ်က တောင်သူတွေ ရှုံးသလို၊ ကုန်သည်တွေလည်း ရှုံးတော့ ငွေကြပ်နေကြလို့ အရောင်းအဝယ်နည်းတယ်” ဟု ပဲကုန်သည်တစ်ဦးက ပြောသည်။

ယခုနှစ်တွင် ပဲဈေးနှုန်းများမှာ ဆက်တိုက်ကျဆင်းနေသလို နယ်တောင်သူများထံမှလည်း ပဲဝင်ရောက်မှုနည်းနေကြောင်း ပဲကုန်သည်များက ပြောသည်။

ပဲစိုက်တောင်သူများမှာ ယခုနှစ်တွင် မိုးရွာသွန်းမှုကြောင့် ပထမအကြိမ်ပဲလွန်းဖြူများပျက်စီးမှုများခဲ့ပြီးနောက်မိုးကြောင့် မတ်ပဲနှင့် ပဲတီစိမ်းများ ပျက်စီး၍ အထွက်ကျဆင်းခဲ့ရာ တောင်သူများ များစွာဆုံးရှုံးရသော နှစ်ဖြစ်ခဲ့ကြောင်း ပဲစိုက်တောင်သူတစ်ဦးက ပြောသည်။

ထိုအတူ မိုးမိသော ပဲများကြောင့် ဈေးနှုန်းကျဆင်းလာခဲ့၍ ယခင်လှောင်ထားသော ပဲကုန်သည်များမှာလည်း တစ်တန်လျှင် ကျပ်သိန်း ၂၀၀ ထိ ဆုံးရှုံးမှုများရှိခဲ့ကြောင်း သိရသည်။

ပဲဈေးနှုန်းများမှာ ပေါ်စအချိန်မှ သကြၤန်မတိုင်မီထိ မတ်ပဲ RC မှ တစ်တန်လျှင် ၇၀၀၀၀၀ ကျပ်ဝန်းကျင်ရှိနေပြီး ဆက်တိုက်နီးပါး ကျဆင်းလာခဲ့ရာ ပဲစိုက်တောင်သူနှင့် ကုန်သည်များ ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

မေ ၂၉ ရက် ပဲပေါက်ဈေးမှာ မတ်ပဲ RC မှာ တစ်တန် ၅၈၀၀၀၀ ကျပ်၊ SQRC မှာ တစ်တန် ၆၉၅၀၀၀ ကျပ်၊ ပဲစင်းငုံမှာ တစ်တန် ၄၇၅၀၀၀ ကျပ်ရှိပြီး ပဲတီစိမ်းမှာ တစ်တန် ၉၀၀၀၀၀ ကျပ်ဈေးဖြင့် ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ပြုလုပ်နေကြောင်း သိရသည်။

“ပဲတီစိမ်းက အရင်တစ်ပတ်က တရုတ်က ရုတ်တရက်အဝယ်လိုက်လာလို့ သုံးရက်လောက်ဈေးတက်သွားပြီး အခုနောက်ပိုင်းပြန်ကျလာတယ်။ အရောင်းအဝယ်လည်း အေးသွားတယ်” ဟု ပဲကုန်သည်တစ်ဦးကပြောသည်။

## စာ(၃၃) - ကြက်သွန်နီဈေး စတင်တက် မှ

ဆိပ်ဖြူကြက်သွန်နီမှာ ပြီးခဲ့သည့် ရက်ပိုင်းအတွင်း ပိဿာ ၃၀ ဝင်တစ်အိတ်လျှင် ၁၃,၅၀၀ ကျပ်မှ ယခုတစ်ပတ်တွင် ၁၅,၀၀၀ ကျပ်ထိ ဈေးနှုန်းများ မြင့်တက်လာခဲ့ကြောင်း ဘုရင့်နောင်ကြက်သွန်နီဈေးကွက်မှ သတင်းရရှိသည်။

ယခုကဲ့သို့ ကြက်သွန်နီဈေး မြင့်တက်ရခြင်းမှာ ပြီးခဲ့သည့် ရက်ပိုင်းအတွင်း နယ်ဒေသများတွင် ကြက်သွန်နီလှောင်လက်များ လာခြင်းကြောင့် နယ်ဈေးထက်တက်လာခြင်းကြောင့် ဖြစ်သည်ဟု ကြက်သွန်နီပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

ထို့အပြင် ရန်ကုန်ဈေးကွက်သို့ကြက်သွန်ဝင်ရောက်မှုမှာ တစ်ရက်လျှင် ကားအစီး ၂၀ ခန့်သာဝင်ပြီး ယခင်ကထက် ကား ၁၀ စီးဝန်းကျင်နည်းသွားခြင်းမှာလည်း ဈေးကောင်းလာခြင်းအကြောင်းရင်းတစ်ခုဖြစ်ကြောင်းကြက်သွန်နီလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ရန်ကုန်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ပြီးခဲ့သည်တစ်ပတ်အတွင်း၌ ကားအစီးရေ ၃၀ ဝန်းကျင် ဝင်ရောက်နေရာမှ ယခုရက်ပိုင်းတွင် ၂၀ စီးဝန်းကျင်သာ ဝင်ရောက်နေကြောင်း သိရသည်။

ကြက်သွန်နီဈေးနှုန်းမှာ တစ်ပိဿာလျှင် ၄၇၅ ကျပ်မှ ၅၅၀ ကျပ်ထိ မေ ၂၈ ရက်နေ့တွင် မြင့်တက်လာသည်။

# ကမ္ဘာ့ရွှေဈေးတက်ရိပ်ပြ၍ ရွှေအရောင်းအဝယ် ပြန်အေး

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မေ – ၂၆**

ကမ္ဘာ့ရွှေဈေးကွက် တက်ရိပ်ပြလာ၍ ပြည်တွင်းရွှေဈေးကွက်တွင် ဈေးကွက်စောင့်ကြည့်သူများကာ အရောင်းအဝယ်အေးနေကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များက ပြောသည်။

“ကမ္ဘာ့ဈေးက အခုစတက်လာပြီဆိုတော့ ပြန်ရောင်းမယ်သူတွေက ဆက်တက်ဦးမလားစောင့်နေကြတယ်။ ဝယ်တဲ့သူတွေကလည်း ဈေးတက်လာလို့ အဝယ်နည်းသွားတော့ ဒီတစ်ပတ်က အရောင်းအဝယ်အေးသွားတယ်” ဟု ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် ၁,၄၈၀ ဒေါ်လာဝန်းကျင်မှ ၁,၅၂၇ ဒေါ်လာထိ မြင့်တက်လာခဲ့သည်။ ထို့ကြောင့် ပြည်တွင်းရွှေဈေးနှုန်းမှာလည်း အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၆၃,၅၀၀ ကျပ်မှ ၆၆၈,၀၀၀ ကျပ်ထိ ဈေးနှုန်းများ ပြန်လည်မြင့်တက်လာခဲ့ကြောင်း သိရသည်။

“ရွှေဈေးက ဒေါ်လာဈေးကျလို့ ဈေးအတက်နည်းနေပေမယ့် ဈေးဆက်တက်မယ်လို့ ခန့်မှန်းထားတယ်။ ဒေါ်လာဈေးမြင့်လာရင်တော့ ဒီရက်ပိုင်းမှာ ၆၇၀၀၀၀ ကျပ်ကျော်ထိ ဖြစ်လာနိုင်တယ်” ဟု ရွှေလုပ်ငန်းရှင်တစ်ဦးက ခန့်မှန်းပြောသည်။

လက်ရှိ ဈေးတက်လာခြင်းကြောင့် အထည်ဈေးကွက်ရောင်းအား များစွာရောင်းအားကျဆင်းခြင်းမရှိသော်လည်း တစ်ဆယ်သား အပိုင်းဈေးကွက်တွင်ရောင်းအားကျဆင်းနေကြောင်း ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

“ရွှေဈေး အတက်အကျပြောင်းလဲမှုက အခုနောက်ပိုင်းငြိမ်တော့ ရွှေကုန်သည်တွေတခြားစီးပွားရေးဈေးကွက်ကို လှည့်တဲ့သူတွေလည်းရှိလို့ အရောင်းအဝယ်အေးသွားတာလည်းပါတယ်” ရွှေအရောင်းအဝယ်ပြုလုပ်သူတစ်ဦးက ပြောသည်။







7DAY NEWS JOURNAL
Vol.10, No.11 • JUNE 2, 2011

7DAY BOOK REVIEW

# အက်ဆေးလှည်းတန်း



လူ့ဘဝတွင် လူတိုင်းလူတိုင်း၌ နေရာဒေသတစ်ခုစီ(သို့မဟုတ်) တစ်ခုထက်ပို၍လည်း အမှတ်ရစရာဝန်းကျင်လေးများ ရှိကြပါလိမ့်မည်။ ထိုထိုဝန်းကျင်လေးများသည် ကာလတစ်ခု ရွေ့လျောလာသောအခါ ပြန်လည်အောက်မေ့စရာ၊ အမှတ်ရဖွယ်ရာ၊ လွမ်းဆွတ်တမ်းတစရာဖြစ်လာပါသည်။ ကမာရွတ်လှည်းတန်းဝန်းကျင်သည် ရန်ကုန်မြို့တွင် နေထိုင်သူများသာမကနယ်မှ အကြောင်းကြောင်းကြောင့် ခေတ္တခဏလာရောက်သူများအတွက် ပတ်သက်ရလေ့ရှိသော ဝန်းကျင်တစ်ခုဖြစ်ပါသည်။

တက္ကသိုလ်ပညာနှင့် ထိတွေ့သင်ကြားရသူများ၊ အလုပ်အကိုင်အကြောင်းပြု၍ အဆောင်ငှားရမ်းနေထိုင်သူများဖြင့် လှည်းတန်းဝန်းကျင်သည် လူအတော်များများအတွက် တစ်မျိုးမဟုတ်တစ်မျိုး ပတ်သက်ရလေ့ရှိခဲ့သည်။

ယခု အက်ဆေးလှည်းတန်း စာအုပ်လေးထွက်ရှိလာသောအခါ လှည်းတန်းနှင့်ပတ်သက်ဖူးသူတစ်ယောက်အနေဖြင့် အချိန်ပေးဖတ်ရှုခဲ့သည်။ အစိမ်းရောင်မျက်နှာဖုံးနှင့် လှည်းတန်းအက်ဆေးစာအုပ်လေးက အတိတ်ကိုပြန်လည်ခေါ်ယူသွားပါသည်။ စာအုပ်တွင် စုစုပေါင်းအက်ဆေး ၂၃ ပုဒ်ပါဝင်ပြီး ပါဝင်ရေးသားသူများမှာလည်း ကမာရွတ်လှည်းတန်းနှင့် တစ်နည်းတစ်ဖုံပတ်သက်ခဲ့သူများသာဖြစ်ပါသည်။ ဖိုးကျော့၏ 'လှည်းတန်းကကျားများ'တွင် ကိုလိုနီခေတ်က လှည်းတန်းဝန်းကျင်မြင်ကွင်း၊ လှည်းတန်းဆိုသော ဝေါဟာရတွင်လာပုံအကြောင်းနှင့် လှည်းတန်းဝန်းကျင်သို့ ကျားဝင်ရောက်ခဲ့ပုံ၊ ရွှေတိဂုံစေတီတော်ပေါ်သို့ တက်ရောက်သည့် ကျားကို လှည်းတန်းအရပ်မှ ခြံလုပ်သားများမြင်တွေ့ပုံတို့ကို ရှေးဟောင်းနှောင်းဖြစ်ရေးသားထားသည်။ ဒေါက်တာခင်မောင်ဝင်း၊ တက္ကသိုလ်ရွှေရိုဝင်းတို့၏ အက်ဆေးများတွင် ဖခင်ကြီး ဦးခင်မောင်လတ်၊ မိခင်ကြီးဒေါ်ခင်မျိုးချစ်တို့နှင့် ဆက်စပ်သော လှည်းတန်းဝန်းကျင်ကို လွမ်းမောဖွယ်ရေးသားထားပြီး ကိုစိုင်း(Guitar Library) က သူ၏ဂီတသမားဘဝတစ်လျှောက် လှည်းတန်း၏ အရေးပါခဲ့ပုံများ၊ လှည်းတန်းနှင့် ထိတွေ့ခဲ့သော အနုပညာရှင်အချို့၏ ဘဝမှန်ကူကွက်များ၊ တက္ကသိုလ် အဆောင်ညများကို အသေးစိတ်ခြယ်မှုန်းကာ 'အတိတ်နဲ့ အရိပ်တွေကြားက လှည်းတန်းနဲ့ ကျွန်တော်' အက်ဆေးအား ရိုးရိုးလေးနှင့် တနုံ့နုံ့ခံစားရလေအောင် အားထုတ်ရေးဖွဲ့ထားသည်။ ဆက်လက်၍ ကိုရိုးကွန့်၏ 'လှည်းတန်းမှန်းမသိ၊ ကမာရွတ်မှန်းမသိ'၌ ဘဝအမောများနှင့် ရှင်သန်နေရသော ဘဝ၊ ခံစားမှုကို ဖော့ချကာ ဦးတည်ချက်၊ ရည်ရွယ်ချက် ပြီးမြောက်အောင် ဆောင်ရွက်ရသော ဘဝကို သူထိတွေ့ဖူးသော လှည်းတန်းနှင့် တွဲဖက်၍ ရေးသွားသည်။

စကားလုံး အသုံးအနှုန်းလေးများကို ဂရုတစိုက်စီတွဲဖွဲ့သီထားသော အက်ဆေးများမှာ သွင်မောင်မောင်၏ 'ရပ်ကွက်လေးရဲ့ ဘဝစာမျက်နှာ'နှင့် လွင်မောင်မောင်၏'အလွမ်းမှန်ကူကွက်များ' ဖြစ်ပါသည်။ ထို့အတူ တစ်မျိုးလေးဖတ်၍ ကောင်းအောင် မာလာဆောင်သူတစ်ဦးရေးသားထားသည်မှာ 'တည်မြဲနေတဲ့ ပြောင်းလဲခြင်း' အက်ဆေးဖြစ်သည်။ တေးရေးသော်ဒီဝေ (ပန်းချီဝေချစ်ကို) ၏ 'လှည်းတန်းရဲ့ ရော့ခ် ဒိုင်ယာရီ' နှင့် မျိုးမြင့်အုန်း၏ 'ရေဒီယိုလှည်းတန်း' တို့တွင် ကမာရွတ်လှည်းတန်းဝန်းကျင် ဂီတပုံရိပ်လွှာနှင့် လမ်းသရဲခေတ်ဟု ခေါ်ဆိုကြသောအချိန်က လှည်းတန်းတစ်ဝိုက် ကျက်စားသော လမ်းသရဲများအကြောင်းထိနှံ့စပ်စွာဖတ်ရှုရမည်ဖြစ်ပါသည်။

အင်းလျားရေပြင်၊ ရန်ကုန်တက္ကသိုလ်၊ သစ်ပုတ်ပင်၊ အဆောင်ညများ၊ လှည်းတန်းဈေး၊ လှည်းတန်း လက်ဖက်ရည်ဆိုင်များ၊ စာသင်ဆောင်၊ စာသင်ခန်းများ စသည့် ကမာရွတ်လှည်းတန်းဝန်းကျင်နှင့် တစ်မျိုးမဟုတ်တစ်မျိုးပတ်သက်ဖူးသူတိုင်း အက်ဆေးလှည်းတန်း စာအုပ်သည် မမုန်းဘဲ လမ်းခွဲခဲ့ရသော ချစ်ဦးသူ၏ မျက်နှာကို ရုတ်တရက်ပြန်လည်မြင်လိုက်ရသလိုခံစားဖတ်ရှုရမည်ဖြစ်ပါသည်။

Words art product မှ တန်ဖိုး ၁,၈၀၀ ကျပ် ဖြင့် ဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### အပူကို မြင်နိုင်သလား

လူ့ခန္ဓာကိုယ်မှ အပူလှိုင်းရောင်ခြည်ထုတ်လွှတ်သည်ကို သိရှိသူနည်းပါးပေလိမ့်မည်။ အဆိုပါရောင်ခြည်များ၏စွမ်းအားကို အနီအောက်ရောင်ခြည်ဟုလည်းခေါ်တွင်ပြီး ယင်းမှာအရာဝတ္ထုများ၏အပူ(သို့မဟုတ်) အအေးအနေအထားပေါ်မူတည်ပြီး သိရှိနိုင်သည်။ အထူးပြုလုပ်ထားသည့်ကင်မရာများနှင့်ကိရိယာများသည် အနီအောက်ရောင်ခြည်ကိုဖမ်းယူကာ ရုပ်ပုံများအဖြစ် ပြောင်းလဲပစ်နိုင်သည်။

ထို့ကြောင့်ပိန်းပိတ်အောင်မှောင်နေသော်လည်း လူနှင့်အရာဝတ္ထုများကို သတိပြုမိတာမြင်တွေ့နိုင်ခြင်းဖြစ်ပြီး အချို့သောသူခိုးဖမ်းအချက်ပေးကိရိယာများက အဆိုပါနည်းလမ်းဖြင့်လုပ်ဆောင်ခြင်းဖြစ်သည်။ ယင်းကဒြပ်ရှိအရာဝတ္ထုများ၏ အပူ၊ အအေးအလိုက် သူ့အပိုင်းနှင့်သူ အပူလှိုင်း၏ရုပ်ပုံကို ဖမ်းယူရိုက်ကူးထားနိုင်သည်။ အဆောက်အဦ(သို့မဟုတ်)လူ့ခန္ဓာကိုယ်အစိတ်အပိုင်းများမှ အပူအအေးကို ခြေရာခံဖမ်းယူနိုင်သဖြင့် မြေလျှောင်အကြီးအကျယ်လှုပ်ခတ်ပြီး အပျက်အစီးပုံအတွင်း ရှာဖွေကယ်ဆယ်ရေး လုပ်ဆောင်ရာတွင် အဆိုပါအပူလှိုင်းပုံရိပ်ဖမ်းအထူးကိရိယာများက များစွာအသုံးဝင်လှသည်။

*—Source: Wisdom Monthly Digest*

# တစ်ပတ်တာကံကြမ္မာ

ဇွန် ၁ ရက် မှ ၇ ရက် အထိ



## ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

အခွင့်အရေးနှစ်မျိုး တစ်ပြိုင်တည်းကြုံမည်။ အလုပ်နှစ်မျိုးအောင်မြင်မည်။ ကြုံတွေ့နေသည့် ပြဿနာသုံးခုကို အပြီးသတ်ဖြေရှင်းနိုင်မည်။ ရုတ်တရက်ပေါ် ပေါက်လာသော အခွင့်အရေးကို အသုံးချ၍ တိုးတက်မှုရမည်။ မိမိစိတ်ကူးရည်ရွယ်ချက်များကို ပိုင်ပိုင်နိုင်နိုင် အသုံးချ၍ တိုးတက်မှုရရှိမည်။ ခရီးကိစ္စအဆင်ပြေမည်။ သူတစ်ပါးကြောင့် မိမိတွင် ငွေကုန်၊ စိတ်ပန်းဖြစ်မည်။



## TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

အလုံးစုံကောင်းသည်။ မိမိလိုလားချက်များ အောင်မြင်မည်။ အခက်အခဲများ ကျော်လွှားနိုင်မည်။ စိတ်ချမ်းမြေ့မှုများရမည်။ ငွေကြေးကိစ္စ၊ အလုပ်ကိစ္စများအောင်မြင်မည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ အခက်အခဲများကျော်လွှားနိုင်မည်။ ခါးတွင် မတော်တဆကိစ္စများ ဖြစ်တတ်သည်။ ခါးနာ၊ ခါးကိုက်တတ်သည်။ ဤရက်တွင် စားသုံးနေကျမဟုတ်သော အစားအသောက်များ ရှောင်ရမည်။



## GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

အဘက်ဘက်မှ အဆင်ပြေမည်။ လုပ်သမျှ အောင်မြင်မည်။ အခက်အခဲများ ကျော်လွှားနိုင်မည်။ ရည်ရွယ်ထားသည်များ ပြည့်ဝမည်။ စိတ်ကူးသစ်၊ အကြံသစ်များ အကောင်အထည်ဖော်၍ အောင်မြင်မည်။ ခါတိုင်းထက်ပို၍ ငွေဝင်မည်။ ပျိုရွယ်သူများဖို့ မိမိလိုလားချက်၊ ရည်ရွယ်ချက်များ ပြည့်ဝမည်။ အလွန်စန်းပွင့်မည်။ လုပ်ငန်းသစ်၊ စီးပွားသစ်များ ချဲ့ထွင်နိုင်မည်။



## CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

အပြောင်းအလဲကောင်းများ ရှိမည်။ လူမျိုးကွဲအကျိုးပေးမည်။ ငွေကြေးကံကောင်းမည်။ ပစ္စည်းအပျောက်အရှုရှိတတ်သည်။ မောင်နှမသားချင်းကိစ္စများ၊ ဆွေမျိုးကိစ္စများအတွက် စိတ်အနှောင့်အယှက်များ ရှိသည်။ နိုင်ငံခြားခရီးကံပေါ်သည်။ ဤခရီးသည် အထူးအကျိုးပေးမည့် အနေအထားရှိ၏။ ထူးခြားသည့် ဘဝအပြောင်းအလဲများကို ဖြစ်စေသည်။



## LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

ရွေးရန် အခွင့်အလမ်းနှစ်မျိုး၊ နှစ်ခွတစ်ပြိုင်တည်း ကြုံတတ်သည်။ အလုပ်အကြံအစည်တစ်ခု မပြီးမီနောက်တစ်မျိုးဆောင်ရွက်နေရမည်။ အလုပ်ပိုများလုပ်ရန် ကြုံမည်။ အိမ်တွင်းရေး၊ လူမှုရေးကိစ္စ ပြဿနာငယ်အချို့ ဖြေရှင်းရမည်။ ခြံ၊ ကား၊ အခန်းနှင့်ပတ်သက်၍ ငွေဝင်မည်။ နေရာအပြောင်းအလဲကိစ္စအဆင်ပြေမည်။ အရာရာ သတိနှင့်ဆောင်ရွက်ပါ။ အခက်အခဲများရှိမည်။



## VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

အထူးကောင်းသည်။ ဆောင်ရွက်သမျှ အောင်မြင်သည်။ ငွေကြေးကောင်းမည်။ အလုပ်အကြံအောင်မြင်မည်။ သူတစ်ပါးနှင့်မတူသော ရှုထောင့်မှ တွေးခေါ်၍ သေသေသပ်သပ် ပိုင်ပိုင်နိုင်နိုင်နှင့် လုပ်ငန်းများ ဆောင်ရွက်အဆင်ပြေမည်။ အကြွေးဟောင်းများ ဖြေရှင်း၍ အဆင်ပြေမည်။ ထူးခြားသည် တက်လမ်းများ ရရှိမည်။ အထူးသဖြင့် ယာဉ်၊ စက်နှင့်ပတ်သက်သော ထိခိုက်မှုများ အထူးသတိရှိရမည်။



## LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

အထူးကောင်းသော ကာလဖြစ်သည်။ ရည်မှန်းချက်အောင်မြင်မည်။ အောင်မြင်မှုအသစ်ရမည်။ ခက်ခဲသော ပြဿနာများ ဖြေရှင်းနိုင်မည်။ မိမိအပေါ်တွင် အန္တရာယ်ပေးသူများ တစ်စစ ကင်းဝေးသွားမည်။ မနာလိုသူများ ပပျောက်သွားမည်။ ဆောင်ရွက်သည့်ကိစ္စ အလုံးစုံထူးထူးခြားခြား အဆင်ပြေမည်။ ကိုယ်တိုင်တွင်ဖြစ်စေ၊ မိသားစုတွင်ဖြစ်စေ ဥစ္စာခနတိုးပွားခြင်းများ ရှိမည်။



## SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

ဆောင်ရွက်သော ကိစ္စမှန်သမျှ အောင်မြင်မည်။ ထူးခြားသောဆုံးဖြတ်ချက်များ ချမှတ်ရမည်။ ခက်ခဲသော ပြဿနာများ ချမှတ်ရမည်။ ကြွေးမြီဟောင်းများ ဖြေရှင်းနိုင်မည်။ အလှူ မင်္ဂလာကိစ္စများ ပါဝင်ပတ်သက်ရမည်။ မိမိစိတ်ကူးထားသည်များကို လက်တွေ့ဆောင်ရွက်တိုးတက်မှုရပေမည်။ မိသားစုနှင့်ပတ်သက်သောကောင်းသတင်းများ ကြုံတွေ့ကြားသိရမည်။



## SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ရန်ကို ထိပ်တိုက်ရင်ဆိုင်ခြင်း မပြုပါနှင့်။ ဉာဏ်ပရိယာယ်သုံး၍ ရှောင်ရှားပြီးမှ ရင်ဆိုင်ဖြေရှင်းပါ။ ဖြစ်လာသည့်ပြဿနာများကို တစ်ကြိမ်မက စဉ်းစားပြီးမှ ဆုံးဖြတ်ပါ။ အလောတကြီးလုပ်ရန် လုံးဝမသင့်တော်ပါ။ တစ်ပါးသူက ဤကိစ္စ၊ ဤနေရာတွင် ဆုံးဖြတ်မှ အဆင်ပြေမည်။ နောက်ကျသွားလျှင် ဆုံးရှုံးမည်ဟု တိုက်တွန်းမှုမျိုး မည်သို့ပြုစေ အေးအေးဆေးဆေး လုပ်ပါ။



## CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

ထူးခြားသော ငွေဝင်ခြင်းများ ကြုံမည်။ ကာလအတန်ကြာ ပိတ်နေသော လမ်းကြောင်းများ ပြန်ပွင့်မည်။ ဘဝအတွက် တိုးတက်မှုများဖြစ်ထွန်းစေသော ကံကောင်းခြင်းများ ကြုံမည်။ ကာလအတန်ကြာ မြှုပ်နေသည့် မိမိပိုင်မိသားစုပိုင် ကုန်ပစ္စည်းများ အမြတ်အစွန်းကောင်းစွာရရှိ ရောင်းထွက်မည်။ ကိုင်တွယ်ထားသည့် အရောင်းထိုင်းပစ္စည်းများ အရောင်းအဝယ်သွက်လက်မည်။ အရာရာအဆင်ပြေမည်။



## AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

အပြောင်းအလဲသစ်ရှိမည်။ အခက်အခဲများ ဖြေရှင်းနိုင်မည်။ မမျှော်လင့်ဘဲ လုပ်လိုက်သည်များမှ အောင်မြင်မှုများ ရရှိမည်။ စီမံကိန်းဆွဲပြီး ကျကျနန ဆောင်ရွက်ထားသည်များအားလုံး တလွဲတချော်ဖြစ်မည်။ မိမိအားကိုး၊ အားထားပြုသည့်သူများလည်း အညံ့နှင့်ကြုံရတတ်သည်။ မထင်မှတ်သော ကိစ္စများ တစ်မျိုးပြီးတစ်မျိုးပေါ်မည်။ ရေရှည်လုပ်သော လုပ်ငန်းထက်ပို၍ အဆင်ပြေမည်။



## PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

သတိရှိရမည်။ ရန်အပြိုင်အနှောင့်အယှက်များ ရှိမည်။ အပျောက်အရှုများမည်။ ငွေကြေးအကုန်အကျများမည်။ စိတ်ပင်ပန်းမည်။ ခရီးကိစ္စအဆင်ပြေမည်။ လုပ်ငန်းတွင်း အပြောင်းအလဲများရှိမည်။ အတူတွဲ၍ လုပ်နေသူများနှင့် စကားများရမည်။ အလုပ်အကြံအစည်များ ဆောင်ရွက်ဆဲ အဖျက်အနှောင့်အယှက်များဝင်၍ ကျန်းမာရေးအတွက် စိတ်ပူရမည်။

7DAY NEWS JOURNAL
Vol.10, No.11 · JUNE 2, 2011



# စားနပ်ရိက္ခာဆိုင်ရာ ပထဝီဝင်နိုင်ငံရေးသစ်

**ကြည်နေဝင်းမင်း**

ကုန်ခဲ့သောနှစ်က ဖြစ်ပေါ်ခဲ့သည့်အတိုင်း ဂျုံဈေးနှုန်းများ ၇၅ ရာခိုင်နှုန်းမြင့်တက်သွားပါက အမေရိကန်နိုင်ငံတွင် ပေါင်မုန့်တစ်လုံး ၂ ဒေါ်လာမှ ၂ ဒသမ ၁၀ ဒေါ်လာဟူ၍သာ အပြောင်း အလဲရှိနိုင်ပါသည်။ သို့သော် နယူးဒေလီမြို့တွင် သင်နေထိုင်ပါက ဂျုံဈေးနှုန်း အဆမတန်မြင့်တက်မှုမှာ သိသာသွားပြီး ချာပါတီဈေးနှုန်းများနှစ်ဆဖြစ်သွားနိုင်ပါသည်။ အလားတူ ကမ္ဘာ့ဆန်ဈေးနှုန်း နှစ်ဆမြင့်တက်သွားပါက ဂျကာတာဆင်ခြေဖုံးဈေးများတွင်လည်း ဆန်ဈေးနှစ်ဆတက်သွားပါလိမ့်မည်။

၂၀၁၁ ခုနှစ်သည် စားနပ်ရိက္ခာစီးပွားရေးပညာသစ်ဖြစ်ပါသည်။ ဈေးနှုန်းများက ဆက်တိုက်မြင့်တက်နေသည်။ သို့သော် သက်ရောက်မှုခံစားရပုံချင်းမတူ၊ ဝင်ငွေ၏ ဆယ်ပုံတစ်ပုံကိုသာ အစားအစာအတွက် အသုံးပြုရသည့် အမေရိကန်များအတွက် အစားအစာဈေးနှုန်းများ တစ်ဟုန်ထိုးမြင့်တက်မှုမှာစိတ်အနှောင့်အယှက်ဖြစ်စရာတစ်ခုဖြစ်သော်လည်းကပ်ဘေးမမည်ပါ။ သို့သော် ကမ္ဘာပေါ်ရှိ အဆင်းရဲဆုံးလူသားသန်းပေါင်း ၂,၀၀၀ အတွက်မူ ယင်းသို့ ဈေးနှုန်းများ တစ်ဟုန်ထိုးမြင့်တက်ခြင်းမှာ နေ့စဉ်ထမင်းနှစ်နပ်စားရာကနေ တစ်နပ်သာစားရတော့မည့်အခြေအနေဖြစ်သည်။ သို့ဆိုလျှင် ကမ္ဘာကြီးသည် တော်လှန်ရေးများ၊ ဆူပူထကြွမငြိမ်မသက်မှုများဆီသို့ ဦးတည်သွားနိုင်ပါသည်။

ကုလသမဂ္ဂ၏ စားနပ်ရိက္ခာဈေးနှုန်းညွှန်ကိန်းအရ ၂၀၁၁ ခုနှစ်တွင် အစားအစာဈေးနှုန်းများသည် ယခင်စံချိန်ဟောင်းများကိုကျော်ဖြတ်လာခဲ့ပြီဖြစ်သည်။ မတ်လအထိဆိုလျှင် ရှစ်လဆက်တိုက်ဈေးနှုန်းများ မြင့်တက်လာခဲ့သည်။ ယခုနှစ်တွင်လည်းကောက်ပဲသီးနှံများ အထွက်လျော့မည်ဟုခန့်မှန်းထားကြသလိုဈေးနှုန်းများခုန်ပျံမြင့်တက်လာခြင်းကြောင့် အရှေ့အလယ်ပိုင်းနှင့် အာဖရိကအစိုးရများလည်း အခက်တွေ့နေပြီး အခြားစိုးရိမ်မကင်းဈေးကွက်များတွင်လည်း ထိတ်လန့်စရာများ ဆင့်ကဲဆင့်ကဲကြုံတွေ့နေကြရာ စားနပ်ရိက္ခာသည် ကမ္ဘာ့နိုင်ငံရေးကိုနောက်ကွယ်မှမောင်းနှင်သည့် အင်အားဖြစ်လာသည်။

အကျပ်အတည်းများ ပိုမိုကြုံတွေ့ရဖွယ်ရှိရာ စားနပ်ရိက္ခာဆိုင်ရာပထဝီဝင်နိုင်ငံရေးသစ်မှာ ပို၍လှုပ်ခတ်လာမည့်သဘောရှိသည်။ ခါတိုင်း ထက်တင်းမာမှုများပိုလာနိုင်သည်။ ရှားပါးမှုဆိုသည်မှာ အခြေအနေသစ်ဖြစ်လာသည်။

မကြာသေးမီအချိန် အထိ ရုတ်တရက် ဈေးနှုန်းကြီးမြင့်မှုများနောက်တွင် ဈေးနှုန်းကျဆင်းမှုများ အလျင်အမြန်လိုက်ပါလာပြီး ယင်းကြောင့်ပင် ၂၀ ရာစုတွင် ကမ္ဘာတစ်ဝန်း နိုင်ငံရေးတည်ငြိမ်မှုကိုကူညီပံ့ပိုးပေးခဲ့သည်။ သို့သော် ယခုအခါ အကြောင်းနှင့်အကျိုးဆက်မှာ သိသိသာသာကွာဟလာသည်။

၂၀၀၇-၀၈ ကဲ့သို့စားနပ်ရိက္ခာအကျပ်အတည်းတစ်ဖန်ဖြစ်ပေါ်ခြင်းဟုဆိုနိုင်သော်လည်း ထိုစဉ်ကနောက်ဆက်တွဲဖြစ်ပေါ်သည့် စီးပွားပျက်ကပ်ကြောင့်စားနပ်ရိက္ခာလိုအပ်ချက်ကိုတစ်နည်းတစ်ဖုံ လျော့ပါးသွားစေခဲ့သလို ရာသီဥတုမျက်နှာသာပေးခဲ့၍ လယ်သမားများ စံချိန်တင်သီးနှံထွက်နှုန်းများရရှိခဲ့သည်။ သမိုင်းအရကြည့်လျှင်လည်း စားနပ်ရိက္ခာဈေးနှုန်းများကြီးမြင့်ရခြင်းမှာ မူမမှန်သော ရာသီဥတုနှင့်ဆက်စပ်သည်။ အိန္ဒိယတွင်မုတ်သုံမပီပြင်ခြင်း၊ ဆိုဗီယက်နိုင်ငံတွင် မိုးခေါင်ရေရှားခြင်း၊ အမေရိကန်နိုင်ငံအလယ်ပိုင်းတွင် အပူလှိုင်းကျရောက်ခြင်းစသည်တို့ဖြစ်ပေါ်ခဲ့သော်လည်း မကြာခဏဆိုသလိုဖြစ်ပေါ်ခဲ့ခြင်းမဟုတ်၍ ပြဿနာမရှိခဲ့။

ထို့အပြင် ယခုအခါဈေးနှုန်းကြီးမြင့်မှုများတွင် ဝယ်လိုအားလိုအပ်ချက်ကိုမြှင့်တင်နေသော်လည်း ထုတ်လုပ်မှုကို မတိုးတက်စေနိုင်သည့်အခြင်းအရာများရှိနေသည်။ ၎င်းအခြင်းအရာများသည် လူဦးရေအလျင်အမြန်တိုးပွားလာမှု၊ ကောက်ပဲသီးနှံများအား ခြောက်သွေ့ညှိုးနွမ်းသွားစေသည့် အပူချိန်မြင့်မားလာမှု၊ စိုက်ပျိုးရေးအတွက် တူးဖော်သည့် ရေတွင်းများ ခန်းခြောက်လာမှုစသည်တို့ပါဝင်သည်။ ညစဉ်ညတိုင်းပင်ကမ္ဘာကြီး၏ ညစာထမင်းစားပွဲ၌ နောက်ထပ်တိုးလာသည့်လူပေါင်း ၂၉,၀၀၀ ကိုကျွေးမွေးရန်လိုအပ်သည်။



ပို၍ ထိတ်လန့်စရာကောင်းသည်မှာ ပြတ်လပ်မှုများကိုဖြည့်ဆည်းနိုင်သည့်စွမ်းရည် ကမ္ဘာကြီးတွင် လျော့ကျလာသည်။ ယခင့် ယခင် ဈေးနှုန်းမြင့်တက်ချိန်ကာလများတွင် အမေရိကန်သည် ကမ္ဘာ့အကြီးဆုံးသီးနှံထုတ်လုပ်သည့်နိုင်ငံအနေဖြင့် ကမ္ဘာကြီးအား ဖြစ်နိုင်ခြေကပ်ဘေးမှရှောင်လွှဲနိုင်ရန်ကူညီနိုင်ခဲ့သည်။ ၂၀ ရာစုနှစ်လယ်ပိုင်းများမှ ၁၉၉၅ ခုနှစ်တိုင်အောင် အမေရိကန်သည် ၎င်း၏ ပိုလျှံသီးနှံများအား ဒုက္ခတွေ့နေသည့်နိုင်ငံများသို့ပေးပို့နိုင်ခဲ့သည်။ လိုအပ်ချက်အတွက် ၎င်း၏ လွတ်နေသည့်မြေယာများတွင် ပိုစိုက်နိုင်ခဲ့သည်။ ဥပမာအားဖြင့်၁၉၆၅ခုနှစ်အိန္ဒိယနိုင်ငံတွင်မုတ်သုံရာသီကမောက်ကမဖြစ်ချိန်တွင် သမ္မတလင်ဒန်ဂျွန်ဆင်အစိုးရက အမေရိကန်၏ ဂျုံငါးပုံတစ်ပုံကို အိန္ဒိယနိုင်ငံသို့ပေးပို့ခဲ့ရာ ငတ်မွတ်ခေါင်းပါးမှုကပ်ဘေးကိုရှောင်လွှဲနိုင်ခဲ့သည်။ ယခုအချိန်တွင် ထိုကဲ့သို့ မဖြစ်နိုင်တော့ပါ။ လုံခြုံရေးပိုက်ကွန်များမရှိတော့ပါ။ ၂၁ ရာစုတွင် လယ်သမားများနည်းတူ နိုင်ငံခြားရေးဝန်ကြီးများလည်း စားနပ်ရိက္ခာရှားပါးမှုအတွက် ပြင်ဆင်ရပါလိမ့်မည်။

နှစ်စဉ်ပင်ကမ္ဘာ့လယ်သမားများသည် တိုးလာသော လူဦးရေသန်း ၈၀ ကိုကျွေးမွေးရန်ပြင်ဆင်ကြရသည်။ တိုးလာသော လူဦးရေအားလုံးနီးပါးမှာ ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်သည်။ ကမ္ဘာ့လူဦးရေသည်၁၉၇၀ပြည့်နှစ်မှစတွက်လျှင်နှစ်ဆဖြစ်လာသည်။ ၂၀၅၀ ဝန်းကျင်တွင် သန်း ၉,၀၀၀ ရှိလာမည်ဟုခန့်မှန်းထားကြသည်။ တစ်ဖက်တွင် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင် တိုးပွားလာသည့် လူလတ်တန်းစားများက အသား၊ နို့၊ ကြက်ဥများပိုမိုစားသုံးလာနိုင်ကြသည်။ ပို၍ကောင်းကောင်းစားရန် သူတို့မျှော်လင့်ကြသည်။ မွေးမြူရေးထုတ်ကုန်များ ပိုမိုစားသုံးလာသည်နှင့်အမျှ တိရစ္ဆာန်များအတွက် အစာဖြစ်သည့် သီးနှံများ ပိုမိုထုတ်လုပ်ရမည်ဖြစ်သည်။

တစ်ချိန်တည်းမှာပင်အတိတ်ကာလက ကမ္ဘာ့စားနပ်ရိက္ခာလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ခဲ့သည့် အမေရိကန်နိုင်ငံသည် နှစ်စဉ် ၎င်း၏သီးနှံ အကြမ်းဖျင်း ၂ ဒသမ ၂ ဘီလီယံမက်ထရစ်တန်ကို ကားများအတွက် ဇီဝလောင်စာအဖြစ်ပြောင်းလဲနေပါသည်။ ထို့အတူ ဘရာဇီးနိုင်ငံကလည်း ကြံမှ အီသနောထုတ်ယူပါသည်။ ဥရောပသမဂ္ဂကလည်း ၂၀၂၀ ပြည့်နှစ်တွင် ၎င်း၏ စွမ်းအင်လိုအပ်ချက် ၁၀ ရာခိုင်နှုန်းကို ဇီဝလောင်စာမှရရန်မျှော်မှန်းထားသည်။


အပူချိန်မြင့်မားလာ၍ လယ်သမားများက မြေအောက်ရေထုတ်ယူသုံးစွဲရာတွင် ကမ္ဘာ့မြေအောက်ရေချိန်နိမ့်ကျလာသည်။ ပူပြင်းခြောက်သွေ့သည့် ဆော်ဒီအာရေးဗီးယားနိုင်ငံတွင် မြေအောက်ရေကြောင့် အနှစ် ၂၀ ကျော် ဂျုံထုတ်လုပ်မှုလုံလောက်ခဲ့သော်လည်း ယခုအခါ မြေအောက်ရေချိန် ပြန်လည်ပြည့်ဖြိုးခြင်းမရှိတော့၍ မကြာမီပင် ၎င်းနိုင်ငံသည် သီးနှံအားလုံး နိုင်ငံခြားမှတင်သွင်းရဖွယ်ရှိသည်။ အိန္ဒိယနိုင်ငံတွင် လူပေါင်း ၁၇၅ သန်းအား မြေအောက်ရေအလွန်အကျွံထုတ်၍ ကျွေးမွေးထားသည်။ တရုတ်နိုင်ငံတွင်ခန့်မှန်းခြေလူဦးရေသန်း ၁၃၀ ကို မြေအောက်ရေဖြင့်ကျွေးမွေးထားသည်။


သဘာဝပတ်ဝန်းကျင်ပျက်စီးမှုနှင့်အတူ ကမ္ဘာ့ရာသီဥတုများကမောက်ကမဖြစ်လာခြင်း၊ ယင်း၏ နောက်ဆက်တွဲသီးနှံထုတ်လုပ်မှုလျော့ပါးခြင်း၊ စားနပ်ရိက္ခာဈေးနှုန်းများမြင့်တက်လာခြင်း၊ သီးနှံထုတ်လုပ်သည့်နိုင်ငံများက ပြည်တွင်းဖူလုံမှုဦးစားပေးလာခြင်း၊ ချမ်းသာသောနိုင်ငံများက ဆင်းရဲသည့်နိုင်ငံများတွင် မြေယာငှားရမ်းစိုက်ပျိုးလာခြင်း၊ ရေအရင်းအမြစ်များ အလွန်အကျွံထုတ်ယူသုံးစွဲ၍ ကမ္ဘာ့စိုက်ပျိုးရေးသယံဇာတလျော့ပါးလာခြင်း၊ နိုင်းမြစ်ကဲ့သို့နိုင်ငံအများအပြားက ရေခွဲယူသုံးစွဲမှုတွင် ပဋိပက္ခများဖြစ်ပေါ်နိုင်ခြင်း၊ မိမိတို့မြေယာများတွင် နိုင်ငံခြားတိုင်းပြည်များ လာရောက်ထွန်ယက်စိုက်ပျိုးသည်ကိုဒေသခံများက မနှစ်မြို့နိုင်ခြင်း စသည့်အခြင်းအရာများသည် ၂၁ ရာစု၏ စားနပ်ရိက္ခာ ပထဝီဝင်နိုင်ငံရေးသစ်ကို ထုဆစ်သွားမည်ဟုဆိုရလျှင်. . . . ။

*—Ref: The New Geopolitics of Food, Foreign Policy Magazine-May/June*


Johnson's baby
Johnson Baby
Clear Lotion
Johnson's baby
Johnson & Johnson


LISTERINE
Free
Johnson & Johnson


Panasonic
Panasonic
EVOLTA
AA Alkaline Battery
EVOLTA


Panasonic ideas for life
CAR BATTERY
POWERFUL & LONG LIFE
MF series
Buy Any Maintenance Free 1 pc
Get Free Alkaline (LR6GA) 2 pcs.
Free

# Commodity Watch

7 DAY NEWS JOURNAL
Vol.10, No.11 · JUNE 2, 2011

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.2 (E 5800) Processor | 58,100 |
| Intel P4 Dual Core 2.7 (E 5400) Processor | 53,700 |
| Intel P4 Core 2 Quad 2.5 GHz (Q8300) (775) Processor | 121,400 |
| Intel P4 Core i3 3.1 GHz (1155,2400) Processor | 177,800 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 267,500 |
| **Motherboard** | |
| MSI P41M-P33/P23 (775) Motherboard | 53,700 |
| MSI P43-C51 (775) Motherboard | 69,500 |
| MSI H55M-E32 (1156) Motherboard | 83,600 |
| ASUS P7P55DE-Pro (1156) Motherboard | 176,000 |
| ASUS P7H55-MLX (1156) Motherboard | 79,200 |
| ASUS P5G41C-MLX (775) Motherboard | 55,400 |
| Gigabyte P41-ES3G (775) Motherboard | 66,000 |
| Gigabyte H55M-S2V (1156) Motherboard | 87,100 |
| **Memory** | |
| 1 GB DDR (400) Kingston Memory | 41,400 |
| 1 GB DDR2 (800) Kingston Memory | 19,400 |
| 2 GB DDR3 (1333) Kingston Memory | 22,000 |
| 4 GB DDR3 (1333) Kingston Memory | 40,500 |
| **Harddisk** | |
| 500 GB Seagate SATA | 39,600 |
| 1 TB Seagate SATA | 54,600 |
| 2 TB Seagate SATA | 92,400 |
| **PCI Express Card** | |
| MSI N220GT-MD 1G OC 1GB PCI Express Card | 73,900 |
| MSI 8400GS 512MB PCI Express Card | 38,700 |
| MSI R5450 1GB DDR3 PCI Express Card | 48,400 |
| ASUS EAH 5750 Formula 1GB PCI Express Card | 130,200 |
| ASUS EN 210S1/ 1GB D3 PCI Express Card | 48,400 |
| Gigabyte Geforce 220 TC 1GI 1GB PCI Express Card | 53,700 |
| Gigabyte Geforce 220 TC 1GI 1GB PCI Express Card | 75,700 |
| Gigabyte 8400STC 512I 512MB PCI Express Card | 35,200 |
| **Memory Stick** | |
| Memory Stick Toshiba 16 GB | 32,000 |
| Memory Stick SanDisk 8 GB | 16,000 |
| Memory Stick Toshiba 8 GB | 16,500 |
| Memory Stick pqi 8 GB | 16,000 |
| Memory Stick SanDisk 4 GB | 9,000 |
| Memory Stick Adata 4 GB | 9,900 |
| Memory Stick Apacer 4GB | 7,000 |
| **UPS** | |
| SVC (600 VA) | 29,000 |
| SVC (1.2 KVA) | 56,300 |
| Power Pro (650 VA) | 34,500 |
| Power Pro (1.2 KVA) | 62,000 |
| Allways (650 VA) | 32,000 |
| Allways (1.2 KVA) | 64,000 |
| EAST (650 VA) | 29,900 |
| EAST (1.2 KVA) | 57,200 |
| LNYX (600 VA) | 31,000 |
| **DVD Writer** | |
| Sony DVD Writer (SATA) | 26,400 |
| ASUS DVD Writer (SATA) | 27,300 |
| Liteon DVD Writer (SATA) | 23,800 |
| **အိတ်ဆောင်တီဗီငှကအဘိတန်** | 160,000 |

Technoland ဆိုင်မှ မေလ (၂၈) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i3 2.53Ghz 2GB DDR3, 500GB HDD,15.6″ | 589,000 |
| Intel Atom 1.50 Ghz 2GB DDR3, 500GB HDD,10.1″ | 343,000 |
| **Asus** | |
| Intel Core i5 2.67 Ghz 2GB DDR3, 500GB HDD,14.0″ | 712,000 |
| **Apple** | |
| Intel Core i5 2.3 Ghz 4GB DDR3, 320GB HDD,13.3″ | 1,180,000 |
| **Hp** | |
| Intel Core i3 2.40 Ghz 4GB DDR3,500GB HDD,15.6″ | 651,000 |
| **Sony** | |
| Intel Core i5 2.53 Ghz 4GB DDR3, 500GB HDD,14.0″ | 1,070,000 |
| **Toshiba** | |
| Intel Core i3 2.4 Ghz 2GB DDR3, 320GB HDD,14.0″ | 606,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| TV | | |
|---|---|---|
| **အမျိုးအစား** | **မော်ဒယ်** | **ဈေးနှုန်း(ကျပ်)** |
| SamSung(LCD) | 22-350 | 195,000 |
| LG(LCD) | 22LH15R | 195,000 |
| Sony (LCD) | 22BH300 | 250,000 |
| Toshiba | LZE 21-28 | 120,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 26,000 |
| EVD(sukura) | DVK75 | 30,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 30,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 185,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 280,000 |
| Panasonic | NR.BT222 | 285,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ မေ (၂၉)ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ(ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ(ယိုးဒယား INSee) | တစ်အိတ် | ၅,၁၀၀ |
| ဘိလပ်မြေ(ယိုးဒယား TPI) | တစ်အိတ် | ၅,၀၅၀ |
| ဘိလပ်မြေ(ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၅,၀၀၀ |
| အုတ်(ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၈၀ |
| အုတ်(ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၇၄ |
| အုတ်(၈ ပေါက်အုတ်) | တစ်လုံး | ၈၀ |
| အုတ်(၁၀ ပေါက်အုတ်) | တစ်လုံး | ၁၀၅ |
| သဲ(အကြမ်း) | တစ်ကျင်း | ၆,၀၀၀ |
| သဲ(အနု) | တစ်ကျင်း | ၄,၅၀၀ |
| ကျောက် | တစ်ကျင်း | ၇၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၈၈၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၁,၁၄၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၁၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၃၅၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၂၅ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၃၀ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၆၉၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) အထူ | ၁ ပေနှုန်း | ၄၀၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ မေ(၂၉) ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၁၂,၀၀၀-၁၃,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၆၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၅၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၁,၀၀၀- ၁,၅၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၈၀၀- ၁,၀၀၀ |
| ခရမ်းသီး | ၁ လုံး | ၅၀- ၈၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၃,၅၀၀-၄,၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| ငရုတ်သီး(ပီနံ) | ၁ ပိဿာ | ၅၀၀-၈၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၃,၂၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၈၀၀-၂,၂၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ မေ (၂၈) ရက်က ကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၈၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၂,၄၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၃၀၀ |
| ဆား | တစ်ထုပ် | ၁၅၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၅၅၀-၇၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၂,၀၀၀-၂,၂၀၀ |
| သကြား | တစ်ပိဿာ | ၁,၆၀၀-၁,၇၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၂,၇၀၀ |
| အာလူး | တစ်ပိဿာ | ၆၅၀- ၇၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၈၀၀ |
| နို့စိမ်း | တစ်ဘူး | ၆၅၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀-၁၂၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၀၀၀-၄,၅၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၄,၅၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၁,၈၀၀-၅,၅၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၈၀၀-၂,၃၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၀၀၀-၃,၂၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၃၀၀-၂,၁၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၆၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၃၀၀-၂,၆၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၃,၅၀၀-၂၅,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၅၀၀-၃,၅၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၈၀၀-၄,၀၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၀၀၀-၅,၀၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၀၀၀-၆,၀၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၅၀၀-၉,၀၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၈၀၀-၅,၅၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၄၀၀-၂,၀၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၄၀၀-၄,၀၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၅၀၀-၉,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၆,၅၀၀-၉,၀၀၀ |
| ပုစွန်ပြောင်တုပ် | ၁ ပိဿာ | ၁၀,၀၀၀-၂၅,၀၀၀ |
| ပုစွန်တုပ်ကြီး | ၁ ပိဿာ | ၁၄,၀၀၀-၂၅,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၃,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၂၀၀-၂,၀၀၀ |

မေ(၂၉)ရက်ကကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှကောက်ယူထားသောလက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အက္ခရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆ | လ/အ/သ | ၁၆၀ |
| စူရူကီး ဝက်ဂွန် R+ | - | ၁၈/၂၈ | ၂၃၀ |
| တောင်းအေ့ ပစ်ကပ် | ၂၀၀၀ | - | ၁၆၀-၁၇၀ |
| စူရူကီး R- (2Way) | - | ၂၈ | ၁၆၀ |
| တိုယိုတာ(လီမိတက်) | ၈၈ | လ/သ/အ | ၂၀၀ |
| တိုယိုတာ(ဖင်ကောက်) | ၉၂/၉၃ | ၄က | ၃၅၀ |
| မတ်ခ်တူး(ခါတ်ဆီ)ရွှေငါး | ၂၀၀၄ | ၄ဂ | ၁၀၀၀ |
| နီဆန်းစူပါစလွန်း | ၈၆ | ၅ဂ | ၁၅-၁၆၀ |
| ပါဂျဲရို | ၉၇ | ၄ဂ | ၈၈၀-၉၀၀ ကြား |


မေ (၂၈) ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီ ဆိုင်များမှ ဈေးနှုန်းများ

| | May (21) | May (22) | May (23) | May (24) | May (25) | May (26) | May (27) |
|---|---|---|---|---|---|---|---|
| ဓါတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ |
| Octane ဒီဇယ် | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ |
| Premier ဒီဇယ် | ၄,၄၀၀ | ၄,၄၀၀ | ၄,၄၀၀ | ၄,၄၀၀ | ၄,၄၀၀ | ၄,၄၀၀ | ၄,၄၀၀ |

7DAY NEWS JOURNAL
Vol.10, No.11 • JUNE 2, 2011

# Puzzle&Classified




## Free Classified

## အခမဲ့ ကြော်ငြာကဏ္ဍ

### ခရုအိမ်

**အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့် ကူရှင်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း။ တိုက်-A, G-5, Pearl Condo, ကမ္ဘာအေး ဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်။ PH: 557448 Ext (856), 09-8034582, 09-73037776**

### တိုက်ခန်းရောင်းမည်(ပွဲစားမလို)

၄လွှာ၊မေတ္တာညွန့်လမ်းသန့် ၁၅ ပေ× ပေ၅၀(တိုက်သစ်)၊အခန်းဖွဲ့၊ ပါကေးခင်းပြီး၊မီတာ၊မော်တာ၊ မီးဖို၊ ကြွေပြားကပ်၊ တာမွေမြို့နယ်၊ ကျပ်သိန်း-၂၀၀။ ဖုန်း-၅၃၆၀၁၃

### ကျေးဇူးဆပ်ပါမည်

ကျွန်တော်မောင်ယွပ်ဆင်ဝါးလီ ၁/မကန(နိုင်)၁၁၈၈၈၃၊ MASSACHUSETTS ID CARD CITIZEN BANK VISAANEMOVE VIP CARD BUSINESS CARD ကျပျောက်သွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉ ၈၆၃၅၈၉၉

### စာအုပ်များရောင်းချပေးသည်

အမှတ် ၁၉၈၊ ၃၁လမ်း(အထက်)၊ ရန်ကုန်မြို့။ ဖုန်း -၀၉ ၅၀ ၂၀၀၆၈၊ ၃၇၄၅၄၂စာကြည့်တိုက်အတွက် စာအုပ်များနှင့်အခြားလကျော်စာအုပ်များကိုရောင်းချပေးပါသည်။

### IP Star ရောင်းရန်ရှိသည်

ဖုန်း- ၀၉ ၇၃၀၆၈၃၆၈

### Programming သင်တန်းများ

.NET, Java, $C^{++}$ ဘာသာရပ်များကိုကျွမ်းကျင်သည်အထိသင်ကြားပေးပါသည်။True Hope Computer Center။ ဖုန်း-၀၉-၇၃၀၄၁၇၁၂

### ဒေါ်စန်းစန်းဝင်း(English)

အင်္ဂလိပ်စာအားနည်းသူ၊ ဂုဏ်ထူးထွက်လိုသူများသီးသန့်သင်ကြားပေးသည်။ ဖုန်း-၀၉-၅၁၅၇၉၈၈

### ကိုသူရလင်း(B.A English)

အင်္ဂလိပ်စာအားနည်းသူ၊ ဂုဏ်ထူးထွက်လိုသူများသီးသန့်သင်ကြားပေးသည်။ ဖုန်း-၀၉-၅၁၅၇၉၈၈

### AKS Service

အဲကွန်း၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်ပြုပြင်ဆေးကြောပေးသည်။ အဲကွန်းမျိုးစုံလဲလှယ်တပ်ဆင်ပေးသည်၊ ဈေးကောင်းပေးသည်။ ဖုန်း-၀၁-၅၄၂၀၇၈

### ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ပေ ၁၀၀ ပတ်လည်၊၆၀၀၀စ/ပေ၊ နှစ်ထပ်အာရ်စီ၊အဝီစိရေ၊ ဂျိုးဖြူရေ၊ ပါဝါမီတာ၊ အင်တာနက်၊ အိပ်ခန်း ၅ခန်း၊ ၂၅ပေ ပတ်လည်ဝရန်တာကျယ်နှင့် သိန်း ၁၆,၀၀၀ (ညှိနှိုင်း)။ ဖုန်း-၀၉ ၅၁၁၃၈၆၃

### အောဘီစီ

အလှပြင်သင်တန်းကျောင်း
ခေတ်မီနောက်ဆုံးပေါ် ဆံပင်၊ မိတ်ကပ်၊ လက်သည်း၊ခြေသည်း၊ အလှဆင်ပညာများကို သင်ကြားပေးသည်။ ဖုန်း-၃၇၂၆၆၀

### ပီတိပန်း

နိုင်ငံခြားဘာသာသင်တန်းကျောင်း အီတလီ၊စပိန်၊အင်္ဂလိပ်၊အာရဗီ၊ ပြင်သစ် စသည်တို့ကိုသင်ကြားသည်။ ဖုန်း-၀၉-၇၃၀၃၇၂၅၅

### Datsun 120 Y ဝယ်လိုသည်

ဓာတ်ဆီကား၊ နံပါတ်အနက်
ဖုန်း-၀၉-၅၁၆၁၁၉၆

### အိမ်ခြံရောင်းမည်

တိုက်နှစ်လုံး၊ပျဉ်ထောင်နှစ်လုံး၊ ဂိုဒေါင်နှစ်လုံး၊ဖုန်း၊ရေမီးစုံ၊ပါမီတာနှစ်လုံး၊ရိုးရိုးမီတာငါးလုံး။
ဖုန်း-၆၄၀၄၀၈ (ညှိနှိုင်းဈေး)

### မြေကွက်ရောင်းမည်

ရပ်ကွက်ကြီး ၁၇၊အနီးစခန်း၊ပြင်ဦးလွင်-မန္တလေး လမ်းမကြီးမှေးတင် တစ်ဧကကွက် မီတာ၊ ဖုန်း။ ရပ်ကွက်ကြီး ၁၇၊ အနီးစခန်း၊ပြင်ဦးလွင်ရပ်ကွက်သန့် ပေ၆၀×၁၁၀ ပေနှစ်ကွက်။
ဖုန်း-၀၉-၈၆၃၃၀၁၆

### မြေကွက်ရောင်းမည်

ပဲခူးမြို့၊ ဥဿာမြို့သစ် ချင်စုအထပ်သားစက်ရုံလမ်း(လမ်းမတန်းနောက်ကွက်)၊ ပေ ၈၀× ပေ ၁၀၀ (ကျပ်သိန်း-၅၀)(ညှိနှိုင်း)
ဖုန်း-၀၅၂-၂၁၆၅၁

### ဝယ်လိုသည်

ဂျပန်နိုင်ငံထုတ်၊တစ်တန်ခွဲထရပ်(ဒီဇယ်)၊ ကားကောင်းကောင်းဝယ်လိုသည်။ ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ရန်။ ဖုန်း-၅၀၅၆၆၅

### အိမ်လိုက်သင်သည်

English Speaking အိမ်လိုက်သင်သည်။ နိုင်ငံခြားသွားသင်တန်းသားများစွာလေ့ကျင့်ပေးခဲ့သူ Chief Engineer ကိုယ်တိုင်သင်ပေးသည်။ ဖုန်း-၀၉-၇၃၀၃၈၈၁၀

### အိမ်လိုက်သင်သည်

အလယ်တန်း၊ အထက်တန်း၊ဘာသာစုံနှင့် Guideလိုအပ်သူများအတွက် အိမ်လိုက်သင်သည်။
ဖုန်း-၀၉-၇၃၀၀၀၅၁၂

### တိုက်ခန်းအမြန်ရောင်းမည်

လမ်းမတော်မြို့နယ်၊အနော်ရထာလမ်းမပေါ်၊ငါးလွှာ၊ဖုန်း၊အဲကွန်းပါ။ ကျပ်သိန်း- ၄၁၅
ဖုန်း-၀၉-၇၃၀၆၇၃၁၉

### အိမ်နှင့်ခြံရောင်းမည်

ရွှေပေါက်ကံ၊၁၅ရပ်ကွက်၊(၁၀၃)ကားဂိတ်အနီး၊ ပေ၄၀×ပေ၆၀၊ တစ်ထပ်တိုက်သစ်၊ ဂျိုးဖြူရေ၊ မီးပါ။ သိန်း(၁၂၅)၊ဖုန်း-၀၉-၅၁၆၃၀၉၇

### ဝန်ဆောင်မှု

အင်တာနက်ဝက်ဘ်ဆိုက်များအားကိုယ်တိုင်ဒီဇိုင်းရေးဆွဲဖန်တီးချင်သူများအတွက် ထိရောက်သော Assignmentများ၊ Project များဖြင့် ၇၅ နာရီအတွင်း အမြန်သင်သည်။ ဖုန်း-၀၉-၅၁၅၀၂၈၈

### ကွန်ပျူတာသင်တန်း

ကွန်ပျူတာသင်တန်းများ Computer Basic Course တစ်လပြတ် ၃၀,၀၀၀၊ Photoshop တစ်လပြတ် ၂၀,၀၀၀၊ Photoshop အမြန်နှစ်ပတ်ပြတ် ၃၀,၀၀၀ ကျပ်။
ဖုန်း-၀၉-၅၁၅၀၂၈၈

### အိမ်လိုက်သင်သည်

Grade I မှ Grade XI အထိ ဘာသာစုံ အိမ်လိုက်သင်ပေးသည်။ ဆရာမအိမ်တွင်လည်း ပညာဒါနအစီအစဉ်များရှိသည်။
ဖုန်း-၀၉-၇၃၀၄၇၀၁၅

### အမျိုးသမီးသီးသန့်ဆောင်

တိုက်သစ်၊ ရေ၊ မီး၊ ကျန်းမာရေးအတွက် လေကောင်းလေသန့်ရသည်။ ဖုန်း-၂၉၇၂၃၀

### ဝယ်ယူလိုသည်

အိမ်၊ ခြံ၊ မြေ Data များ ဝယ်ယူလိုသည်။ ဖုန်း-၀၉-၇၃၁၅၃၈၉၁

### ရောင်းမည်

တောင်ဥက္ကလာ၊ ငွေကြာယံ ပေ ၄၀×ပေ၆၀ မြေ (သိန်း ၁,၈၀၀)၊ အင်းဝလမ်း ၄၀×ပေ၆၀ မြေ(သိန်း ၇၀၀)။ ဖုန်း-၀၉-၇၃၀၉၄၈၄၅

### Friends++ (မြေနီကုန်း)

ကွန်ပျူတာကိုအခြေခံမှစ၍ စနစ်တကျသင်ကြားလိုသူများအားအိမ်အရောက် သင်ကြားပေးပါသည်။
ဖုန်း-၀၉-၅၄၀၃၆၄၂

### သင်ကြားပေးသည်

(D.T.T)(M.Sc) တက္ကသိုလ်ဝင်တန်းဓာတုဗေဒ ဂုဏ်ထူးထွက်ရန် စနစ်တကျ သင်ကြားပေးသည်။ အလယ်တန်း အင်္ဂလိပ်၊ သင်္ချာ၊ အခြေခံကောင်းအောင်သင်သည်။
ဖုန်း-၀၉-၇၃၀၈၇၆၆

### တိရစ္ဆာန်ဆေးကုခန်း

အိမ်အရောက် တိရစ္ဆာန်ဆေးကုခန်းခွေး၊ကြောင် အရေပြားရောဂါနှင့် ပြင်းထန်သောကူးစက်ရောဂါများကို ကုသပေးသည်။
ဖုန်း-၀၉ ၇၃၀၃၄၀၈၁

### U Soe Moe (L.C.C.I)

၂၇/၅လွှာ၊ရန်ကုန်-အင်းစိန်လမ်း၊ ကမာရွတ်။ ဖုန်း-၀၉-၅၄၀၁၈၇၁

### ရောင်းမည်

၁၅ပေ×ပေ၅၀၊ တစ်လွှာ၊ 2BR၊ သီရိမင်္ဂလာဈေးသစ်အနီး၊ ဘုရင့်နောင်လမ်းမဘေး။
ပေ၃၀×၂၅ပေ၊ ၃လွှာ၊ 2BR ၊ မြကန်သာအိမ်ရာ၊ သီရိမင်္ဂလာဈေးသစ်အနီး။

ပေ ၂၀×ပေ၆၀၊ PT၊ ကျော်သူလမ်းသန့်၊တောင်ဥက္ကလာ သိန်း ၃၄၀။
ဖုန်း-၆၈၂၉၂၆

### သင်ကြားပေးသည်

Grade 10, 11 အတွက် ဘာသာစုံ(သိပ္ပံတွဲ)ကို Study Guide အဖြစ်လည်းကောင်း English တစ်ဘာသာကိုသင်ကြားရန်လည်းကောင်း အိမ်တိုင်ရာရောက်သင်ကြားပေးသည်။ ဖုန်း- ၀၉-၇၃၀၀၁၈၆၀

### ဝန်ဆောင်မှု

ကိုအောင်ဝေဖြိုး (Interior, Exterior Design Service)
လူကြီးမင်းတို့၏ အဆောက်အအုံပုံစံဒီဇိုင်းများကို 2D ရော 3D ဖြင့်ပါ စိတ်တိုင်းကျရေးဆွဲပေးသည်။
ဖုန်း- ၀၉-၇၃၀၂၄၉၁၅

### ရောင်းမည်

အမှတ်(၃၉)၊ အခန်း(၆၀၅)၊ ယူနိုက်တက်ကွန်ဒို၊ အလံပြဘုရားလမ်း၊ ယောမင်းကြီးရပ်၊ ဒဂုံ။ ပြင်ဆင်ပြီး၊ ရေမီးစုံ၊ ဖုန်းပါ၊ အသင့်နေထိုင်နိုင်။ ရောင်းဈေး- သိန်း ၈၅၀၊ ဖုန်း-၀၉ ၅၁၈၈၂၃၀

### ခြံနှင့် အိမ်ရောင်းမည်


အမှတ်၇/၃(က)၊(၇)ရပ်ကွက်၊ကုန်းပေါ်တောင်ပိုင်း၊ ကလောမြို့ (၂)ထပ်တိုက်၊နယူးဇီလန်ပုံဒီဇိုင်း ၃၃ပေ×၇၈ပေ။ဖုန်း-၀၉-၅၁၀၆၁၅၅

### အိမ်အရောက်သင်သည်

မူလတန်းမှ အလယ်တန်းထိ ဘာသာစုံ Guide ပြသည်။ English 4 Skills, Grammarသီးသန့်သင်ကြားပေးသည်။
ဖုန်း-၀၉ ၅၀၈၀၇၂၀

7 DAY NEWS JOURNAL
Vol.10, No.11 · JUNE 2, 2011

## နိမလဝိသောဓနီ သိမ်တော်ကြီး စုပေါင်းရေစက်သွန်းချ လှူဒါန်း



**အရှင်ကုမာရ(ဖျာပုံ)**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် အုန်းပင်ကျေးရွာ မင်္ဂလာကံဦးကျောင်းတိုက်၌ မေ ၁၅ ရက် နံနက် ၉ နာရီခွဲတွင် ရဟန်းရှင်လူအများစုပေါင်း၍ ကျပ်သန်း ၁၂၀ တန်ဖိုးရှိ နိမလဝိသောဓနီသိမ်တော်ကြီးအား စုပေါင်းရေစက်သွန်းချ လှူဒါန်းခြင်း မင်္ဂလာအခမ်းအနားကို ကျင်းပခဲ့သည်။


အခမ်းအနား မစတင်မီ ရှေးဦးစွာ မင်္ဂလာကံဦးကျောင်း အကျိုးတော်ဆောင်များက ထီးဖြူအုပ်မိုးလက်ဆယ်ဖြာမိုး၍ အဂ္ဂမဟာဂန္ထဝါစက ဘွဲ့တံဆိပ်တော်ရ ဖျာပုံမြို့ ဇီဝကာရာမပရိယတ္တိစာသင်တိုက် မြို့နယ်သံဃနာယက(ရွှေကျင်) အကျိုးတော်ဆောင် ဘန္ဒန္တသာရမတိနှင့် ရန်ကုန်မြို့ လိပ်ပြာကန်တိုက် နန္ဒာအောင်မြေကျောင်းဆရာတော် ဘန္ဒန္တနိမလ အမှူးရှိသော သံဃာတော်မထေရ်မြတ်တို့အား နိမလဝိသောဓနီသိမ်တော်ကြီးဆီသို့ ပင့်ဆောင်ခြင်း ၉ နာရီခွဲ မင်္ဂလာအချိန်သတ်မှတ်၍ ဇီဝကာရာမဆရာတော်၊ နန္ဒာအောင်မြေကျောင်းဆရာတော်တို့မှ ပါတိမောက်ဩဝါဒဓမ္မစေတီကျောက်စာတိုင် နိမလဝိသောဓနီသိမ်တော်ကြီးမော်ကွန်းကမ္ပည်းကျောက်စာတိုင်တို့ကို အောင်သပြေခက်ဖြင့် နံ့သာရည်များ ပတ်ဖျန်းသည်။

ဆက်လက်၍ အခမ်းအနားကို စတင်ရာ မြို့နယ်သံဃနာယကအဖွဲ့ဝင် အုန်းပင်မြောက်ကျောင်းဆရာတော် ဘန္ဒန္တသုဇနမှ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်လျက် နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ခြင်း ဇီဝကာရာမဆရာတော်ထံ၌ ငါးပါးသီလခံယူခြင်း၊ သံဃာတော်များ ပရိတ်တရားချီးမြှင့်ခြင်း၊ ဦးစိုးမြင့်+ဒေါ်ကျင်ဌွေးမိသားစုမှ သာသနာမြေယာလှူဒါန်းကြောင်း စာချုပ်ကို နန္ဒာအောင်မြေကျောင်းဆရာတော်အား ဆက်ကပ်ခြင်း၊ သိမ်ဒါယိကာ ဒါယိကာမများ စုပေါင်း၍ အလှူတော်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်း။ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသူ/သားများ၏ ကိုယ်စားအရှင်ကုမာရမှ ဝမ်းမြောက်ကြောင်း လျှောက်ထားလွှာကို ပြောကြားလျှောက်ထားခြင်း ဇီဝကာရာမဆရာတော်မှ ဩဝါဒကထာမိန့်ဆို၍ လှူဒါန်းမှုအစုစုတို့ကို ရေစက်သွန်းချ အမျှအတန်းပေးဝေပြီး ဗုဒ္ဓသာသနံစီရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုတ်သိမ်းခဲ့ပါသည်။

အလှူတော်မင်္ဂလာနေ့တွင် သံဃာတော်များကို ဦးငွေသန်း+ဒေါ်ခင်မာဌွေး(ဒေါ်ခင်ရွှေ ထမင်းဆိုင်) ဖျာပုံမြို့ မိသားစုတို့မှ ဆွမ်းဆက်ကပ်လှူဒါန်းပြီး အချိုပွဲအလှူရှင်များမှာ အုန်းပင်ကျေးရွာမှ ဦးစိုးဝင်းမောင်+ ဒေါ်မြင့်မြင့်ဝင်းမိသားစု၊ အုန်းပင်ချောင်းဖျားမှ ဦးသန်းမြင့်+ဒေါ်အေးသန်း မိသားစုမှ ကျောက်ကျော၊ အချိုပွဲများကို လှူဒါန်းပါသည်။ ဖိတ်ကြားထားသော ဧည့်ပရိသတ်များနှင့် ကျေးရွာအသီးသီးမှ ဧည့်ပရိသတ်တို့အားရဟန်းရှင်လူစုပေါင်း၍ နံနက်ခင်းတွင် မုန့်ဟင်းခါး အချိန် ၁၇၅ ပိဿာ၊ နေ့လယ်ခင်းတွင် ဒံပေါက်တို့ဖြင့် ဧည့်ခံကျွေးမွေးလှူဒါန်းပါသည်။

ဤသိမ်တော်ဖြစ်ပေါ်လာရေးအတွက် ကံ့ကော်တစ်ထောင်၊ ဆရာတော်နန္ဒာအောင်မြေကျောင်း ဆရာတော်၊ ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်သီတာစိုးမှ ပုံစံ(BQ)ဆွဲ၍ လှူဒါန်းခြင်း၊ အလှူတော်ငွေရရှိရေးအတွက် နိုင်ငံအဝန်းနှိုးဆော်ပေးသော ရန်ကုန်မြို့မှ နေလဂျာနယ် အယ်ဒီတာစာရေးဆရာ နွယ်ဦးလှိုင်၊ မနောမယဂျာနယ်၊ ရောင်ပြန်မဂ္ဂဇင်း ကျေးရွာသံဃာ့နာယကအဖွဲ့၊ ကျေးရွာအုပ်ချုပ်ရေးမှူးဦးကျော်စိန်နှင့် ဌာနဆိုင်ရာများ၊ လက်သမားဆရာဦးထွန်းထွန်း၊ ပန်းရန်ဆရာ ဦးထင်ကျော်၊ ဒါနမျိုးစေ့ စိုက်ပျိုးကြဲချပေးသော ပါရမီရှင်များ၊ ဒေသမရွေး အလှူရေစက်ပေးကြသည့်ဒါနရှင် အားလုံးတို့ပါဝင်လျက် အလျား ၃၂ ပေ× အနံ ၃၀ ပေ× အမြင့် ၁၉ ပေ ကျယ်ဝန်းသော နိမလဝိသောဓနီသိမ်တော်မြတ်ကြီးကို တည်ဆောက်ခဲ့ပါသည်။

## ကိုကိုမောင်ကြီး ရေးသားသည့် "ကျွန်တော်သိသော တစ်ရံရောအခါများ" စာအုပ် ထုတ်ဝေဖြန့်ချိ



မြန်မာ့နိုင်ငံရေးလောကတွင် ဝါရင့်ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သည့် ကိုကိုမောင်(ဦးချစ်လှိုင်)၏ နှစ်ပေါင်းများစွာ ဖြတ်သန်းကျင်လည်ခဲ့သော ဘဝပုံရိပ်များကို မှတ်တမ်းပြုရေးသားထားသည့် "ကျွန်တော်သိသော တစ်ရံရောအခါများ" စာအုပ်ကို ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ဖြန့်ချိရောင်းချလျက်ရှိသည်။ နိုင်ငံသမိုင်း သုတေသီများ၊ အနာဂတ်နိုင်ငံရေးနှင့် လူမှုရေးဆိုင်ရာ မျိုးဆက်သစ်များအတွက် အသုံးဝင်မည့်တွေးတောစရာ အာဟာရ(Food for Thought)စာအုပ်တစ်အုပ်ဖြစ်သည်။ ရှားပါး သမိုင်းဝင်ဓာတ်ပုံများနှင့်အတူ Woodfree စက္ကူစာမျက်နှာ ၉၃၀ ကျော်ပါဝင်ပြီး ကတ်ထူခန့်ချုပ်ဖုံး ချုပ်လုပ်ထားကာ ဒီဇိုင်းမောင်ညီညီ၏ လက်ရာဖြင့် ခံ့ခံ့ညားညား ပြင်ဆင်ထားသည်။ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုဆိုင်ရာ အဖိုးတန်သမိုင်းအချက်အလက်များ၊ မြန်မာ့နိုင်ငံရေးဆိုင်ရာ သိမှတ်ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များ၊ ကိုယ်တွေ့ လွတ်လပ်ရေးတိုက်ပွဲအတွေ့အကြုံများ စသည်ဖြင့် စုံလင်အောင် ပါရှိပြီး လက်မလွှတ်တမ်း ဝယ်ယူဖတ်ရှုရန်နှင့် သမိုင်းမှတ်တမ်းအဖြစ် သိမ်းဆည်းထားရန် အသင့်လျော်ဆုံးစာအုပ်ဖြစ်ကြောင်း သိရသည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ၅,၅၀၀ ကျပ်ဖြင့်စာပေဗိမာန်စာအုပ်ဆိုင်(အမှတ်တ-၅၅၊ သပြေကုန်းဈေး၊ နေပြည်တော်၊ ဖုန်း ၀၆၇ ၄၁၄၆၈၁)၊ စာပေဗိမာန်စာအုပ်ဆိုင်(အမှတ်-၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၂၄၉၀၃၁)၊ စာပေဗိမာန်စာအုပ်ဆိုင် မန္တလေးမြို့၊ ဖုန်း-၀၂ ၆၂၉/၆၂၉၃၁၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ အမှတ်-၂၁၂၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့၊ ဖုန်း -၀၁ ၂၉၄၃၀၆၊ အင်းဝစာပေ၊ အမှတ် ၂၀၁/၃၀၁၊ ပန်းဆိုးလမ်း၊ ရန်ကုန်၊ ဖုန်း-၀၁ ၂၄၃၂၁၆/၇၂၅၁၈ နှင့် နဂါးစာပေ၊ အမှတ်-၂၉/ခ၊ ၈၃ လမ်း၊ ၂၉ လမ်းနှင့် လမ်း ၃၀ ကြား၊ မန္တလေး၊ ဖုန်း-၀၂ ၂၁၅၂၇ တို့တွင် ဝယ်ယူ ရရှိနိုင်ကြောင်း သိရသည်။

## ဟောင်းနွမ်းသည်က ပြဿနာတစ်ခု၊ ရှားပါးသည်ကပြဿနာတစ်ခု

**သုတေသီတစ်ဦး**

ပြည်တွင်းသုံးကျပ်ငွေ ထုတ်ဝေသုံးစွဲခြင်းနှင့်ပတ်သက်၍ ၁၉၉၀ ပြည့်နှစ် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေအခန်း ၆ ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်။

(က) ပုဒ်မ ၄၀(က)ဗဟိုဘဏ်တစ်ဦးတည်းကသာလျှင် ငွေစက္ကူနှင့် ဒင်္ဂါးများ ထုတ်ပိုင်ခွင့်ရှိသည်။ ဗဟိုဘဏ်မှထုတ်သော ငွေစက္ကူများနှင့် ဒင်္ဂါးများသည် နိုင်ငံတော်တစ်ဝန်းလုံးတွင် တရားဝင်ငွေအဖြစ် တည်ရှိစေရမည်။

(ခ) ပုဒ်မ ၄၂ ဗဟိုဘဏ်မှတစ်ပါး မည်သူမဆို အသွင်အပြင်သဏ္ဌာန်အားဖြင့် တရားဝင်သုံးစွဲငွေကဲ့သို့ အသုံးချနိုင်သော ငွေစက္ကူများ၊ ဒင်္ဂါးများ(သို့မဟုတ်) တောင်းဆိုသည့်အခါ အသုံးချနိုင်သော ပေးချေရမည်ဖြစ်သော စာချုပ်စာတမ်းတစ်မျိုးမျိုး(သို့မဟုတ်) အရာဝတ္ထုများကို ထုတ်လုပ်သုံးစွဲလျှင် ဤဥပဒေအရ ပြစ်ဒဏ်ကျခံစေနိုင်သော ပြစ်မှုကို ကျူးလွန်သည်ဟု မှတ်ယူရမည်။ လက်ဝယ်ရှိသူက တောင်းဆိုသည့်အခါ ငွေပေးချေရမည့် ချက်လက်မှတ်များနှင့် ငွေလွှဲလက်မှတ်များကို ဤပုဒ်မအလို့ငှာ ငွေစက္ကူကဲ့သို့ အသုံးချနိုင်သော စာချုပ်စာတမ်းများဟူ၍ မမှတ်ယူရ။

ယနေ့ကာလတွင်မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ဝေထားသော ငွေစက္ကူအမျိုးအစားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) ခြင်္သေ့ (Lion)ပုံစံ(အကြီး) ကျပ် ၁၀၀၀၊ ကျပ် ၅၀၀၊ ကျပ် ၂၀၀၊ ကျပ် ၁၀၀၊ ကျပ် ၅၀၊ ကျပ် ၂၀၊ ကျပ် ၁၀၊ ကျပ် ၅၊ တစ်ကျပ်

(ခ) ကေသရာဇာခြင်္သေ့မင်း (King Lion)ပုံစံ(အသေး) ကျပ် ၁၀၀၀၊ ကျပ် ၅၀၀၊ ကျပ် ၂၀၀

(ဂ) ဆင်ဖြူတော်ပုံစံ (Royal White Elephant) ကျပ် ၅၀၀၀

ယင်းသို့ ထုတ်ဝေထားသော ငွေစက္ကူများအား ယေဘုယျအားဖြင့် ကြည့်ပါက ကျပ် ၅၀၀၀၊ ကျပ် ၁၀၀၀ (အသေး)နှင့် ကျပ် ၅၀၀(အသေး)၊ ကျပ် ၂၀၀(အသေး)များမှာ ဟောင်းနွမ်းစုတ်ပြဲမှု မရှိသေးသော်လည်း ကျပ် ၂၀၀(အကြီး)၊ ကျပ် ၁၀၀ နှင့် ကျပ် ၅၀ တို့မှာ ဟောင်းနွမ်းစုတ်ပြဲမှုများပြားသည်ကို တွေ့ရပါသည်။ အထူးသဖြင့် ကျပ် ၂၀၀ တန်(အကြီး)များ၏ ဟောင်းနွမ်းစုတ်ပြဲမှု အခြေအနေမှာ အဆိုးဆုံးဖြစ်ပါသည်။

ငွေကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ဗဟိုဘဏ်ရှိ ငွေစက္ကူများကို အောက်ပါအတိုင်း အမျိုးအစားခွဲခြား၍ သိုလှောင်သိမ်းဆည်းလေ့ရှိပါသည်။

(က) ငွေစက္ကူအသစ်များ (Fresh Notes)

(ခ) တစ်ပတ်ရစ် ငွေစက္ကူများ (Reissuable Notes)

(ဂ) ဖျက်ဆီးရန်ငွေစက္ကူများ (Cancelled Notes) သို့မဟုတ် ပြန်လည်ထုတ်ဝေရန် မသင့်သော ငွေစက္ကူများ (Unissuable Notes)

ဗဟိုဘဏ်၏ ငွေကြေးဌာနသည် ငွေစက္ကူအသစ်များနှင့် တစ်ပတ်ရစ်ငွေစက္ကူများကို ဘဏ်များသို့ တန်ဖိုးကြီးငယ်အလိုက် လစဉ်အချိုးကျခွဲဝေဖြန့်ဖြူးခြင်း၊ ဘဏ်များ၏ တောင်းဆိုမှုအရ ၎င်းတို့၏ လက်ကျန်လုံလောက်မှုအပေါ် မူတည်၍ ထုတ်ပေးခြင်း၊ ဘဏ်များမှ ပြန်လည်ပေးပို့အပ်နှံလာသော ငွေစက္ကူအသစ်များ၊ တစ်ပတ်ရစ်ငွေစက္ကူများ၊ ဖျက်ဆီးရန် ငွေစက္ကူများကို လက်ခံခြင်း၊ စိစစ်ရွေးချယ်ခြင်း၊ ဖျက်ဆီးရန် ငွေစက္ကူများကို ဖျက်ဆီးခြင်း စသည်တို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ရပါသည်။ ငွေစက္ကူဖျက်ဆီးမှုနှင့် အသစ်ထုတ်ဝေမှုတို့ကို ထုတ်ဝေထားသော ငွေကြေးပမာဏ (Money Supply)၊ ပြည်တွင်းလှည့်လည်သုံးစွဲလျက်ရှိသော ငွေ (Currency In Circulation)၊ နိုင်ငံတော်၏ ရငွေ၊ သုံးငွေ၊ ဘဏ်များရှိ အပ်ငွေ၊ ချေးငွေစသည့် အချက်များအပေါ် မူတည်၍ ချိန်ဆဆောင်ရွက်ရခြင်းဖြစ်ပါသည်။

အထက်တွင် တင်ပြခဲ့သည့်အတိုင်း ကျပ် ၂၀၀ တန်(အကြီး)များ နှင့် ကျပ် ၁၀၀၊ ကျပ် ၅၀ ငွေစက္ကူများ ဟောင်းနွမ်းစုတ်ပြဲမှု ဖြစ်ပေါ်ရခြင်းမှာ အောက်ပါအကြောင်းများကြောင့် ဖြစ်ပါသည်။

(က) ဝန်ထမ်းလစာထုတ်ပေးခြင်းများမှလွဲ၍ ဘဏ်များတွင် ငွေသွင်းခြင်း၊ ငွေထုတ်ခြင်းပြုလုပ်ကြရာ၌ ကျပ် ၅၀၀၀၊ ကျပ် ၁၀၀၀ တို့ကိုသာ အဓိကအသုံးပြုမှုများခြင်း၊ (ကျပ် ၅၀၀ ပင်လျှင် အသုံးပြုမှုများ နည်းပါးပါသည်။)

(ခ) ကျပ် ၂၀၀၊ ကျပ် ၁၀၀၊ ကျပ် ၅၀ တို့မှာ ဘဏ်သို့ ပြန်လည်ဝင်ရောက်မှု နည်းပါးခြင်း၊

(ဂ) ဘဏ်သို့ ပြန်လည်ဝင်ရောက်မှု နည်းပါးသဖြင့် ဗဟိုဘဏ်မှ ဖျက်ဆီးနိုင်မှု မရှိခြင်း၊

(ဃ) သို့ဖြစ်၍ ဗဟိုဘဏ်မှ ကျပ် ၂၀၀၊ ကျပ် ၁၀၀ နှင့် ကျပ် ၅၀ အသစ်များ ဖြန့်ဝေပေးသော်လည်း အဟောင်းပမာဏမှာ လျော့မသွားခြင်း။

သို့ဖြစ်ရာ ပြည်သူများ လှည့်လည်သုံးစွဲနေသော ငွေစက္ကူများအနက် ကျပ် ၂၀၀၊ ကျပ် ၁၀၀ နှင့် ကျပ် ၅၀ တို့တွင်ဟောင်းနွမ်းသည်က ပြဿနာတစ်ခု၊ ရှားပါးသည်က ပြဿနာတစ်ခုဖြစ်နေပါသည်။ ဟောင်းနွမ်းသည်ဆိုသည်မှာ တင်ပြခဲ့သည့်အတိုင်း ကာလကြာမြင့်စွာ လှည့်လည်သုံးစွဲပါက မည်မျှပင် ကောင်းမွန်သော စက္ကူအမျိုးအစားနှင့် ပြုလုပ်ထားစေကာမူ ဟောင်းနွမ်းစုတ်ပြဲလာမည်ပင် ဖြစ်ပါသည်။ ထိုငွေစက္ကူများကိုပင် အသုံးပြု၍ ရောင်းကြ၊ ဝယ်ကြရာတွင် ပေးသူ၊ ယူသူ နှစ်ဦးစလုံးမှ ကျေနပ်စွာ အပေးအယူပြုလုပ်ကြပါက ပြဿနာဟု မဆိုနိုင်ပါ။ ပြဿနာဟုဆိုရခြင်းမှာ အမြင်မတင့်တယ်သော ဖျက်ဆီးရန်အဆင့်သို့ ရောက်ရှိနေပြီဖြစ်သော ငွေစက္ကူများကို ကိုင်တွယ်သုံးစွဲနေရခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဤပြဿနာကို ပြေလည်စေရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဆောင်ရွက်နေသော တန်ဖိုးတူချင်း အဟောင်းအသစ်လဲလှယ်ပေးသည့် ဆောင်ရွက်မှုကို ကြိုဆိုထောက်ခံလိုပါသည်။

ကျပ် ၂၀၀၊ ကျပ် ၁၀၀ နှင့် ကျပ် ၅၀ ငွေစက္ကူအဟောင်းများရှိသူတိုင်း သက်ဆိုင်ရာဘဏ်များတွင် သွားရောက်လဲလှယ်ပြီး သုံးစွဲသင့်ကြပါသည်။ ငွေစက္ကူအသစ်ကို ရရှိသူတိုင်းသည်လည်း သိမ်းဆည်းမထားဘဲ လှည့်လည်သုံးစွဲရာတွင် ထည့်သွင်းသုံးစွဲသင့်ပါသည်။ အဟောင်းများများရှိသူသည် အသစ်များများ လဲလှယ်ရရှိနိုင်ပါသည်။ ၎င်းအသစ်များကို ကိုယ်ကျိုးရှာပြီး အမြတ်တင်ရောင်းချမှုမျိုး မပြုသင့်ပါ။ ခရီးသည်ယာဉ်လိုင်းများ၊ ကုန်တိုက်များ၊ အိမ်ဆိုင်များ၊ ဈေးဆိုင်များ၊ အများပြည်သူသုံးသန့်စင်ခန်းများ၊ စက်သုံးဆီအရောင်းဆိုင်များ၊ တိုးဂိတ်များစသည်ဖြင့် ကျပ် ၅၀၊ ၁၀၀၊ ၂၀၀ ငွေစက္ကူများ ရရှိမှု၊ ပြန်အမ်းရမှုများပြားသည့် နေရာများအနေဖြင့် မိမိတို့ရရှိသော ငွေစက္ကူအသစ်များကို သုံးစွဲဖြန့်ဝေပေးခြင်း၊ မိမိတို့ရရှိသည့် ငွေစက္ကူအဟောင်းများကို စုစည်းပြီးဘဏ်များတွင် သွားရောက်လဲလှယ်ခြင်းတို့ကို ပုံမှန်လုပ်ဆောင်ပေးမည်ဆိုပါကလည်းပတ်မှု ကောင်းမွန်လာပြီး ဟောင်းနွမ်းမှုပြဿနာကို အထိုက်အလျောက်ကုစားနိုင်မည်ဖြစ်ပါသည်။

ဒုတိယပြဿနာမှာ ရှားပါးသည့် ပြဿနာဖြစ်ပါသည်။ အချို့နေရာများတွင် ငွေစက္ကူအဟောင်းဖြစ်စေ၊ အသစ်ဖြစ်စေ မရှိသည့်အတွက် ပြန်အမ်းရန် မရှိဟုဆိုကာ ပစ္စည်းအစားထိုးအမ်းခြင်း၊ ကူပွန်အမ်းခြင်း စသည်တို့ကိုပြုလုပ်သဖြင့် ရှားပါးသည့်ပြဿနာဟု ဆိုရခြင်းဖြစ်ပါသည်။ ဤပြဿနာအတွက် မေးရာနှစ်ခုရှိပါသည်။ တစ်ခုမှာ အမှန်တကယ် ရှားပါးတာလား၊ နောက်တစ်ခုမှာ မရှားပါးဟုဆိုလျှင် ဘာကြောင့်မရှိရသနည်းဟု ဖြစ်ပါသည်။ ဤမေးခွန်းများအတွက် ယေဘုယျအဖြေမှာ အထက်တွင် တင်ပြသကဲ့သို့ ဗဟိုဘဏ်မှ နှစ်စဉ်ထုတ်ဝေဖြန့်ဖြူးခဲ့ပြီး ဘဏ်သို့ပြန်လည်ရောက်ရှိ ဖျက်ဆီးနိုင်မှု နည်းပါးသည့် ကျပ် ၅၀၊ ၁၀၀၊ ၂၀၀ ငွေစက္ကူများသည်ပြင်ပတွင်သာ လှည့်လည်သုံးစွဲနေခြင်းဖြစ်သဖြင့် အသစ်များ ရှားပါးလျှင်တောင်မှ အဟောင်းများရှိနေရမည်ဖြစ်ပါသည်။

မြန်မာပြည်သူလူထုကလည်း သည်းခံသုံးစွဲတတ်သော စိတ်ဓာတ်ရှိနေသဖြင့် ရှားပါးမှုမျိုး မဖြစ်သင့်ဘဲ လှည့်လည်သုံးစွဲမှုမျိုးသာ ဖြစ်သင့်ပါသည်။ မရှိဟုအကြောင်းမပြသင့်ပါ။ ရှားပါးသည်ဟု အကြောင်းပြ၍ ပစ္စည်းအမ်းခြင်း၊ ကူပွန်ပြုလုပ်သုံးစွဲခြင်းတို့ ပြုလုပ်ပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေနှင့် ငြိစွန်းနေသည်ဟု သတိပြုသင့်ပါသည်။ ပစ္စည်းအမ်းရန်၊ ကူပွန်သုံးရန်တို့ကို မစဉ်းစားသင့်ဘဲ မိမိရရှိသည့် ငွေစက္ကူနှင့် မိမိပြန်လည်ပေးလိုက်ရသည့် ငွေစက္ကူတို့ကို ပုံမှန်လည်ပတ်နေစေ ရန် တစ်ဆိုင်ချင်း၊ တစ်ဦးချင်းကစ၍ ဝိုင်းဝန်းထိန်းသိမ်းပြီး ပူးပေါင်းဆောင်ရွက်ကြမှသာ ရှားပါးသည်ဆိုသော ပြဿနာပြေလည်မည်ဖြစ်ပါသည်။

တန်ဖိုးတူချင်း အဟောင်းနှင့်အသစ် လဲလှယ်ပေးနေသည်ကို အခွင့်ကောင်းဟူ၍ အသစ်များ လဲလှယ်ရရှိနိုင်ရန်အတွက် အဟောင်းများကို သာမန်စုစည်းရရှိမှုမျိုး မဟုတ်သော်လည်း လိုက်လံဝယ်ယူစုဆောင်းခြင်း၊ ထိုမှတစ်ဆင့် ရရှိလာသော အသစ်များကို သိုလှောင်၍ အမြတ်တင်ပြီး ပြန်လည်ရောင်းချခြင်း၊ ဝန်ထမ်းများထံမှ လစာထုတ်ချိန်တွင် ငွေစက္ကူအသစ်များ လိုက်လံဝယ်ယူ၍ ပြန်လည်အမြတ်တင်ရောင်းခြင်း စသည်ဖြင့် ငွေစက္ကူရှားပါးအောင် ဖန်တီးပြီး ကိုယ်ကျိုးရှာသူများ ရှိနေပါက ဤပြဿနာပြေလည်မည်မဟုတ်ပါ။ ဘဏ်ဝန်ထမ်းများကလည်း နိုင်ငံတော်၏ မူဝါဒနှင့်အညီ အဖွဲ့အစည်းအတွင်း ကောင်းမွန်သော စီမံခန့်ခွဲမှုစနစ်ကျင့်သုံး၍ လာဘ်ပေးလာဘ်ယူမှုများ၊ အကျင့်ပျက် ကိုယ်ကျိုးရှာမှုများ ကင်းစင်အောင်နေထိုင်ပြီး ပြည်သူလူထုကို အလုပ်အကျွေးပြုသင့်ပါသည်။ အချုပ်အားဖြင့် ဆိုရသော် ကျပ် ၂၀၀၊ ၁၀၀၊ ၅၀ ငွေစက္ကူများ ဟောင်းနွမ်းသည်မှာ မှန်ပါသော်လည်း ရှားပါသည်ဆိုခြင်းမှာ မသမာသူများကြောင့် ဖြစ်ပေါ်ရခြင်းဖြစ်ကြောင်း၊ ယခုအခါ ဗဟိုဘဏ်နှင့် မြန်မာ့စီးပွားရေးဘဏ်တို့မှ တန်ဖိုးတူချင်း အဟောင်းအသစ် လဲလှယ်ပေးနေခြင်း၊ အမှန်တကယ် သုံးစွဲမည့် ဌာန၊ ပုဂ္ဂိုလ်များသို့ တန်ဖိုးမတူသော်လည်း စိစစ်လဲလှယ်ပေးနေခြင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကလည်း လဲလှယ်မှုများ ထိရောက်အောင် ပူးပေါင်းကြပ်မတ်ဆောင်ရွက်ပေးခြင်း၊ မသမာသူများကို အရေးယူခြင်း၊ တားဆီးခြင်းစသည်တို့ကို လုပ်ဆောင်နေပြီဖြစ်သဖြင့် မြန်မာနိုင်ငံ၏ လူဦးရေ အများဆုံးနှင့် စီးပွားရေးအချက်အချာအကျဆုံး ရန်ကုန်မြို့ အပါအဝင် နိုင်ငံတစ်ဝန်းတွင် မဝေးတော့သည့်ကာလ၌ ဟောင်းနွမ်းငွေစက္ကူများ တဖြည်းဖြည်းပပျောက်၍ ငွေစက္ကူလည်ပတ်မှု ပုံမှန်အနေအထားသို့ ရောက်ရှိလာမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

## စာ(၄၁) မြန်မာမြေတွင် စိမ်းလန်းစေမှ

"ရန်ကုန်မှာစိုက်လာတဲ့သစ်ပင်တွေလည်းမနည်းတော့ဘူး။ စိုက်တဲ့သစ်ပင်တိုင်းသာရှင်မယ်ဆိုရင် ရန်ကုန်မြို့ကြီးနေပြောက်ထိုးမှာမဟုတ်တော့ဘူး။ ကျွန်တော်ပြောချင်တာက သစ်ပင်စိုက်ရင် ရေရှည်ရှင်သန်ဖို့ပါစောင့်ကြည့်ဂရုစိုက်နိုင်ရင် အကောင်းဆုံးပါ" ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင် ရွက်နေသောဦးစိုးညွှန့်(တော်ဝင် နှင်းဆီ)ကအကြံပြုပြောကြား သည်။

ယခုနှစ်တွင် နိုင်ငံအနေဖြင့်လည်း နိုင်ငံတစ်ဝန်းတွင် သစ်ပင်ပေါင်းသန်း ၃၀ ကိုစိုက်ပျိုး သွားမည်ဟု ပြောကြားထားပြီး ထိုအပင်များအားလုံးရှင်သန်မည်ဆိုပါကအနာဂတ်တွင်စိမ်းလန်းသောနိုင်ငံတစ်ခုဖြစ်လာမည်မှာ မလွဲကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ဆောင် နေသူများကဆိုကြသည်။ မည်သို့ပင်ဆိုစေလာမည့် ကမ္ဘာ့သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့တွင် မြန်မာနိုင်ငံ၌လည်း သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေးဆောင်ရွက်သူများကြောင့် စိမ်းလန်းနေဦးမည်မှာ အသေအချာပင်။ *(ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ၁၉၇၂ ခုနှစ် ကတည်းကကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင်ပိုမိုအာရုံစိုက်လှုပ်ရှားလာစေရန်ရည်ရွယ်ကာသတ်မှတ်ခဲ့ခြင်းဖြစ်သည်။)*

Environment

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL

Vol.10, No.11 • JUNE 2, 2011



၂၀၁၀ ဇူလိုင်လက လှော်ကားဥယျာဉ် သစ်ပင်စိုက်ပွဲတော်တွင် ပါဝင်စိုက်ပျိုးနေသော ကလေးငယ်တစ်ဦး

ဓာတ်ပုံ - အေးမြကျော်

# မြန်မာပြည်တွင် စိမ်းလန်းစေ

အေးမြကျော်

**သစ်**တောသစ်ပင်များကို အလေးထား စောင့်ရှောက်ကာကွယ်ရန်နှင့် နိုင်ငံတကာသစ်တောများနှစ်အဖြစ် သတ်မှတ်ထားသော ၂၀၁၁ တွင်သစ်တောများ ထိန်းသိမ်းရေးကို ပိုမိုအာရုံစိုက်လာစေရန်ရည်ရွယ်ကာ ယခုနှစ်ကမ္ဘာ့သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အတွက် သတ်မှတ်လိုက်သည့်ဆောင်ပုဒ်မှာသစ်တောများ(သို့မဟုတ်)သင်စောင့်ရှောက်ရမည့် သဘာဝရင်းမြစ်များ (Forests: Nature at Your Service) ဟူ၍ဖြစ်သည်။

ကမ္ဘာနှင့်တစ်ဝန်း လာမည့် ဇွန်လ ၅ရက်တွင် ကျရောက်မည့် ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလှုပ်ရှားမှုများပြုလုပ်သွားရန် ပြင်ဆင်နေကြသလို မြန်မာနိုင်ငံအတွင်းမှ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို စိတ်ပါဝင်စားစွာတက်ကြွဆောင်ရွက်နေသူများက ထိုနေ့တွင်သစ်ပင်များ စုပေါင်းစိုက်ပျိုးသွားကြရန် ပြင်ဆင်လျက်ရှိကြသည်။

နိုင်ငံအသီးသီးတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၌ ပတ်ဝန်းကျင်ရှိအမှိုက်သရိုက်များ ရှင်းလင်းရေး၊ ကျောင်းများတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးကာလှုပ်ရှားမှုများ ဆောင်ရွက်ခြင်း၊ ကြွပ်ကြွပ်အိတ်များအစား သဘာဝနှင့် နီးစပ်သောပြန်လည်အသုံးပြုနိုင်သည့် ချည်အိတ်များသုံးစွဲမှုနှုန်းမြင့်စေရန်ပညာပေးခြင်း၊စုပေါင်းစက်ဘီးစီးကာကားစီးခြင်းဖြင့်ကာဗွန်ထုတ်လွှတ်မှုများခြင်းကို ထောက်ပြသည့်လှုပ်ရှားမှုသဖြင့် အသီးသီးဆောင်ရွက်ကြသော်လည်းမြန်မာနိုင်ငံတွင်မူ လူအများစု အလွယ်တကူပါဝင်ဆောင်ရွက်နိုင်သော သစ်ပင်စိုက်ပျိုးခြင်းကို အလေးပေး ဆောင်ရွက်လေ့ရှိကြသည်ကိုတွေ့ရပြီး ယခုနှစ်ဇွန်လ ၅ ရက်၌ကျရောက်မည့် ကမ္ဘာ့သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့တွင် ရန်ကုန်နှင့် မန္တလေးမြို့များ၌ သစ်ပင်များ စုပေါင်းစိုက်ပျိုးကြမည်ဖြစ်သည်။

သစ်ပင်စိုက်ပျိုးခြင်းနှင့် ပျိုးပင်ဖြန့်ဝေခြင်း၊ မျိုးစေ့ဖြန့်ဝေပေးခြင်းများကို အဓိကဆောင်ရွက်နေသောမြသားလွင်ပြင်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့က ဇွန် ၅ ရက်တွင် သစ်ပင် ၅၀၀ စိုက်ပျိုးသွားရန် စီစဉ်ထားကြောင်း အဖွဲ့မှတာဝန်ရှိသူဦးကြည်ဝင်းက ပြောသည်။

မြသားလွင်ပြင်၏ အစီအစဉ်နှင့်သစ်ပင်စိုက်ပျိုးမည့်နေ့တွင် ပြည်တွင်းသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့များဖြစ်သော စိမ်းလန်းကမ္ဘာ၊ ပြန်ပြည့်မြဲစွမ်းအင်အသင်း၊ စပက်ထရမ်၊ ဂေဟဟိတအဖွဲ့စသည့်အဖွဲ့အစည်းများကလည်း ပါဝင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ဦးကြည်ဝင်းကပြောသည်။ ယင်းနေ့တွင်မြောက်ဥက္ကလာပ(၅)ရပ်ကွက်နှင့်ထောက်ကြန့်မြို့နယ်၊ ပိန္နဲကုန်းတို့တွင် မဟော်ဂနီနှင့်မယ်ဇယ်ပင်ပေါင်း၅၀၀ အားစိုက်ပျိုးသွားမည်ဟုသိရသည်။

လူငယ်များစုပေါင်းကာ သစ်ပင်ပေါင်း ၁၀၀ ကျော်ကို ဒလမြို့နယ်တွင်စိုက်ပျိုးသွားရန် စီစဉ်ထားသူများမှာ Myanmar Youth in Action အဖွဲ့ဖြစ်သည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို စိတ်ပါဝင်စားသောလူငယ်များဖြင့်ဖွဲ့စည်းထားသောထိုအဖွဲ့သည် အဖွဲ့ဝင်များနှင့်ပြင်ပမှစိတ်ပါဝင်စားသူများဖြင့် ဒလမြို့နယ်တွင်ခရေနှင့် ကုက္ကိုပင်ပေါင်း ၁၀၀ ကျော်အားစိုက်ပျိုးကာသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ကိုဆင်နွှဲကြမည်ဖြစ်သည်။

၂၀၁၀ ဇွန်လ ၅ ရက်နေ့ မှာ ပင်ဖွဲ့စည်းခဲ့သော ထိုအဖွဲ့သည် ၎င်းတို့၏ တစ်နှစ်ပြည့် အထိမ်းအမှတ်ကိုလည်း ကျင်းပသွားမည်ဖြစ်သည်။

ရန်ကုန်မြို့ပြီးလျှင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများလုပ်ဆောင်ရာတွင်အတက်ကြွဆုံးမြို့ဟုပြောရမည့် မန္တလေးမြို့တွင်လည်း ယင်းနေ့မှာပင် စိမ်းရောင်စိုအဖွဲ့ကသစ်ပင်များ စိုက်ပျိုးသွားမည်ဖြစ်သည်။

မန္တလေးမြို့မှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို စိတ်ပါဝင်စားသော စာပေပညာရှင်များဖြင့်ဖွဲ့စည်းထားသောထိုအဖွဲ့သည် ယင်းနေ့တွင် မန္တလေး တောင်မြောက်ဘက်ရှိ ရွှေကျင်ကျောင်းတိုက်အတွင်းနှင့် မန္တလေးတောင်ပတ်ဝန်းကျင်၌ ကံ့ကော်၊ ခရေနှင့် မယ်ဇယ်ပင်ပေါင်း ၂၀၀ကျော်ကို စုပေါင်းစိုက်ပျိုးသွားမည်ဟု အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးတင်သစ်က ပြောကြားသည်။

၂၀၁၀မေလကစတင်ဖွဲ့စည်းခဲ့သောစိမ်းရောင်စိုအဖွဲ့သည်လွန်ခဲ့သောနှစ်ကလည်း ကမ္ဘာ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့တွင်သစ်ပင်များ စိုက်ပျိုးခဲ့ပြီး မိုးတွင်းကာလ၌လည်း သစ်ပင်များစိုက်ပျိုးခဲ့ရာ သစ်ပင်ပေါင်း ၃,၀၀၀ ကျော်ကိုမန္တလေးဝန်းကျင်နှင့် အခြားမြို့များတွင် စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

သစ်ပင်စိုက်ပျိုးခြင်းများသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက်အထူးသင့်လျော်သော နည်းလမ်းတစ်ခုဖြစ်သလိုစိုက်ပြီးသမျှ သစ်ပင်များ ရေရှည်ရှင်သန်ရေးကိုလည်းသစ်ပင်စိုက်ပျိုးသူများက ဆက်လက်ဂရုစိုက်ဆောင်ရွက်သင့်ကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းလုပ်ဆောင်နေသူများက ပြောကြားသည်။

စာ(၄၀) သို့





## Environment Cartoon



## ဆင်များကိုထိန်းသိမ်းရန် အာရှ၊ အာဖရိကရှစ်နိုင်ငံ ကတိပြု

**နယူးဒေလီ၊ မေ - ၂၅**



အနာဂတ်မျိုးဆက်များအတွက် ဆင်များ ဆက်လက်ရှင်သန်နေစေရန်ရည်ရွယ်၍ ဆင်စွယ်ရောင်းချခြင်းနှင့် ဆင်များအားတရားမဝင် ဖမ်းဆီးသတ်ဖြတ်ခြင်းများကို ပပျောက်အောင် ပြုလုပ်သွားရန် ဆင်ရိုင်းကောင်ရေအများဆုံးကျန်ရှိသေးသည့်နိုင်ငံရှစ်နိုင်ငံက ကတိပြုခဲ့ကြောင်း သိရသည်။

ဆင်များအား ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးဆွေးနွေးရန် ဆင်ကောင်ရေအသင့်အတင့်ကျန်ရှိသည့်ကမ္ဘာ့နိုင်ငံပေါင်း ၅၀ သည် ရှေ့လာမည့် ၂နှစ်တွင် တွေ့ဆုံဆွေးနွေးသင့်ကြောင်းလည်း အာရှနှင့် အာဖရိကနိုင်ငံ ရှစ်နိုင်ငံမှ သဘာဝပတ်ဝန်းကျင်ဝန်ကြီးများနှင့်အရာရှိများက တိုက်တွန်းထားသည်။

ဆင်များ၏စားကျက်ပျောက်ဆုံးလာမှုအဓိကအကြောင်းရင်းများမှာ သတ္တုတူးဖော်ရေးလုပ်ငန်းများ၊ သစ်တောများပြုန်းတီးလာခြင်းနှင့်လယ်ယာမြေဖော်ထုတ်ခြင်းများကြောင့်ဖြစ်သည်ဟု ရှစ်နိုင်ငံဝန်ကြီးအဆင့်တွေ့ဆုံပွဲက အသိအမှတ်ပြုပြောကြားသည်။ဆင်များ ကြုံတွေ့နေရသည့် ခြိမ်းခြောက်မှုများမှာ ကျားများကဲ့သို့ မဆိုးဝါးသော်လည်း ဆင်ကောင်ရေတဖြည်းဖြည်းကျဆင်းလာခြင်းမှာ ပူပန်စရာကောင်း ကြောင်း အိန္ဒိယသဘာဝပတ်ဝန်းကျင်ဝန်ကြီး ဂျိုင်ရမ်ယာမက်ရှ်က ပြောကြားသည်။လွန်ခဲ့သည့်နှစ်တစ်ရာအတွင်း အာရှဆင်ကောင်ရေထက်ဝက်လျော့ကျလာခဲ့ကြောင်း သိရသည်။

—*Ref: Boston Globe*



# Tourism

7DAY NEWS JOURNAL

Vol.10, No.11 · JUNE 2, 2011


## ခရီးသွားလုပ်ငန်းမြှင့်တင်ရေးသီးသန့်ခရီးသွားရုပ်သံလိုင်းထုတ်လွှင့်ရန်စီစဉ်

**အေးမြကျော်**

**ရန်ကုန်၊ မေ-၂၅**

မြန်မာနိုင်ငံ၏ ခရီးသွားဆွဲဆောင်မှုနေရာများကို နိုင်ငံတကာက ပိုမိုသိရှိရန်ရည်ရွယ်ကာမြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ MTB နှင့် Sky Net ရုပ်သံလိုင်းတို့ညှိနှိုင်း၍ ၂၄ နာရီထုတ်လွှင့်မည့် နိုင်ငံတကာခရီးသွားရုပ်သံလိုင်းတစ်ခု ထုတ်လွှင့်သွားရန် ညှိနှိုင်းနေကြောင်း MTB ဥက္ကဋ္ဌဦးခင်ရွှေက ပြောကြားသည်။

"ခရီးသွား channel (ရုပ်သံလိုင်း) တစ်ခုကို Sky Net ကနေ လွှင့်ဖို့စီစဉ်နေတယ်"ဟုဦးခင်ရွှေကမေ ၂၅ရက်တွင်သတင်းထောက်များအား ပြောကြားသည်။

Sky Net ရုပ်သံလိုင်းများကို ထုတ်လွှင့်လျက်ရှိသော ရွှေသံလွင်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ဝင်းကို ခရီးသွားရုပ်သံလိုင်းနှင့် ပတ်သက်၍ မေးမြန်းရာ "ခရီးသွားရုပ်သံလိုင်းကိစ္စက မနေ့ကမှစပြီး ပြောတာဆိုတော့ အသေးစိတ်အစီအစဉ်တွေ ဆက်ဆွေးနွေးရဦးမှာပါ" ဟု ပြောကြားသည်။ မြန်မာနိုင်ငံ၏ ခရီးသွားလာမှုလုပ်ငန်းကို နိုင်ငံတကာ သတင်း ရုပ်သံလိုင်းများဖြစ်သော CNN, BBC ရုပ်သံလိုင်းများလိုင်းအခြားသော အိမ်နီးချင်းနိုင်ငံများကဲ့သို့ကြော်ငြာလိုသော်လည်း ကြော်ငြာကုန်ကျစရိတ်မှာ ဒေါ်လာသန်းနှင့်ချီ ကုန်ကျမည်ဖြစ်၍ မဖြစ်နိုင်သေးကြောင်း ဦးခင်ရွှေကပြောသည်။ အိမ်နီးချင်းနိုင်ငံများဖြစ်သော ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ကမ္ဘောဒီးယားနိုင်ငံများမှာ ၎င်းတို့နိုင်ငံ၏ ခရီးသွားဆွဲဆောင်မှုနေရာများအား ရုပ်သံကြော်ငြာများဖြင့် CNN, BBC, CNA ကဲ့သို့ ရုပ်သံလိုင်းများတွင် လွှင့်ထုတ်ခြင်းဖြင့်ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်းများ ပြုလုပ်လျက်ရှိသည်။

## ထူးကုမဏီအုပ်စုပိုင် ကန်တော်ကြီးပဲလေ့စ်ဟိုတယ် အကြီးစားပြင်ဆင်ရန် ခေတ်ပိတ်



*ကန်တော်ကြီးပဲလေ့စ် ဟိုတယ်အား တွေ့ရစဉ်* ဓာတ်ပုံ – www.humbert-online.de

**အောင်သူရ**

**ရန်ကုန်၊ မေ-၂၅**

ထူးကုမ္ပဏီအုပ်စု ပိုင်ဆိုင်သော ရန်ကုန်မြို့ရှိကန်တော်ကြီးပဲလေ့စ် ဟိုတယ်အား အကြီးစားပြုပြင်မှုများပြုလုပ်ရန်အတွက် ဇွန် ၁ ရက်မှ ဇူလိုင်လကုန်ထိ ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း အဆိုပါဟိုတယ်၏ သတင်းထုတ်ပြန်ချက်ထားသည်။

လေအေးပေးစနစ်၊ ဓာတ်လှေကားအသစ်နှင့် အဆင့်မြင့်ပစ္စည်းများအသုံးပြုတပ်ဆင်ရန်အတွက် ခေတ္တပိတ်ထားခြင်းဖြစ်သည်ဟုလည်း အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့အပြင် အခြားအလုပ်ငန်းရှင်များ ပိုင်ဆိုင်သော ပုဂံမြို့ရှိ သရပါဟိုတယ်၏ ဧည့်ကြိုခန်းမ၊ အိပ်ခန်းနှင့် စားသောက်ဆိုင်များကိုလည်း ပြုပြင်မှုများ ပြုလုပ်နေကြောင်း အဆိုပါ ဟိုတယ်မှ ဈေးကွက်မန်နေဂျာဒေါ်စုစုခိုင်က ပြောသည်။

"ဟိုတယ်တော့ မပိတ်ဘူး။ ဆူညံသံမရှိဘူး။ လိုအပ်ချက်ရှိတဲ့နေရာတွေပြန်လုပ်တာ ဧည့်သည်တွေပေါ်မူတည်ပြီး လုပ်နေတာပါ" ဟု ဒေါ်စုစုခိုင်က ပြောကြားသည်။ယခုနှစ်ဧည့်သည်ဝင်ရောက်မှုနည်းခဲ့သော မေလဆန်းမှစ၍ ပုဂံရှိသီရိပစ္စယာစန်ကျူရီ ရီဆော့တ်မှာလည်း အကြီးစားပြုပြင်မှုများ လုပ်ခဲ့ပြီး အခြားသောဟိုတယ်များသည်လည်း အခန်းများ ထပ်မံတိုးချဲ့တည်ဆောက်လျက်ရှိသည်။

## ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ကျွမ်းကျင်ဝန်ထမ်းများအသင်း ပေါ်ပေါက်လာဖွယ်ရှိ

**ညီညီဇော်**

**မန္တလေး၊ မေ- ၂၅**

မြန်မာနိုင်ငံတွင်ပထမဆုံးဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာကျွမ်းကျင်ဝန်ထမ်းအသင်းကို တစ်နိုင်ငံလုံးတွင် သက်ဆိုင်ရာဇုန်နယ်မြေအလိုက် အစုအဖွဲ့များဖြင့် ဖွဲ့စည်းသွားမည်ဟု သတင်းရရှိသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်သော ယင်းအစီအစဉ်ကို မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရဆောင်ရွက်သွားမည်ဖြစ်ပြီး ၎င်းအသင်းတွင် သက်ဆိုင်ရာလုပ်ငန်းအခန်းကဏ္ဍအလိုက်လုပ်ငန်းအစုအဖွဲ့ ၁၂ ခုဖြင့် ဖွဲ့စည်းသွားမည်ဟု မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းမန္တလေးဇုန်မှတာဝန်ရှိသူတစ်ဦးကပြောကြားသည်။

၎င်းအသင်းအဖွဲ့ကြီးတွင် သက်ဆိုင်ရာလုပ်ငန်းအခန်းကဏ္ဍအလိုက် လုပ်ငန်းအစုအဖွဲ့ ၁၂ဖွဲ့ဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းအစုအဖွဲ့များမှာ စီမံခန့်ခွဲရေးဝန်ထမ်းများ အစုအဖွဲ့၊ ဧည့်ကြိုဝန်ထမ်းများ အစုအဖွဲ့၊ အိပ်ခန်းဆောင်ဝန်ထမ်းများ အစုအဖွဲ့၊ ဈေးကွက်အရောင်းမြှင့်တင်ရေးဝန်ထမ်းများအစုအဖွဲ့၊ ခရီးသွားလုပ်ငန်းများမှဝန်ထမ်းများအစုအဖွဲ့၊ အင်ဂျင်နီယာနှင့်ပြုပြင်ထိန်းသိမ်းဝန်ထမ်းများအစုအဖွဲ့၊စာရင်းအင်းနှင့်ဘဏ္ဍာရေးဝန်ထမ်းများအစုအဖွဲ့၊စားသောက်ဆိုင်ဝန်ထမ်းများအစုအဖွဲ့၊ အမှတ်တရပစ္စည်းဆိုင် အရောင်းဝန်ထမ်းများအစုအဖွဲ့၊သယ်ယူပို့ဆောင်ရေးဝန်ထမ်းများ အစုအဖွဲ့၊ကျန်းမာရေးနှင့် အထွေထွေဝန်ထမ်းများအစုအဖွဲ့၊လူ့စွမ်းအား အရင်းအမြစ်ဌာနဝန်ထမ်းများအစုအဖွဲ့တို့ဖြစ်သည်ဟု သိရသည်။

သက်ဆိုင်ရာ ဇုန်နယ်မြေအလိုက်ကျွမ်းကျင်ဝန်ထမ်းများဖြင့် အစုအဖွဲ့များဖွဲ့စည်းရာတွင်ဥက္ကဋ္ဌတစ်ဦးနှင့် သက်ဆိုင်ရာလုပ်ငန်း ခေါင်းစဉ်အလိုက်တာဝန်ယူမည့်အလုပ်အမှုဆောင်အနည်းဆုံး ၁၀ ဦးဖြင့် ဖွဲ့စည်းရန်ညွှန်ကြားထားကြောင်း သိရသည်။

## နေပြည်တော်ဟိုတယ်ဇုန်တွင် ဟိုတယ်ဝန်ဆောင်မှု သင်တန်းလေးမျိုး ဖွင့်လှစ်မည်

**အောင်သူရ**

**ရန်ကုန်၊ မေ-၂၅**

နေပြည်တော်ဟိုတယ်ဇုန်တွင်ဟိုတယ်ဝန်ဆောင်မှုသင်တန်းလေးမျိုးကို ဇွန် ၂ ရက်မှ ၂၂ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အစားအစာနှင့် အဖျော်ယမကာထုတ်လုပ်ရေး သင်တန်းအား တော်ဝင်ကုမုဒြာဟိုတယ်၊ ဟိုတယ်ဧည့်ခံကျွေးမွေးရေးသင်တန်းအား ရွှေနန်းတော်ဟိုတယ်၊ ဟိုတယ်ဧည့်ကြို သင်တန်းအား ဇမ္ဗူသီရိဟိုတယ်နှင့် ဟိုတယ်အိပ်ခန်းဆောင် ထိန်းသိမ်းရေးသင်တန်းအား အမရဟိုတယ်တွင် သင်ကြားမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။

အဆိုပါ သင်တန်းများအား မြန်မာနိုင်ငံ၌ကျန်ရှိသောဟိုတယ်ဇုန်များတွင်လည်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ပြီး တက္ကသိုလ်ဝင်တန်းအဆင့်တက်ရောက်ခဲ့သူများ သင်ကြားနိုင်သည်ဟု သိရှိရသည်။






7DAY NEWS JOURNAL
Vol.10, No.11 • JUNE 2, 2011






















7 DAY NEWS JOURNAL
Vol.10, No.11 · JUNE 2, 2011



# တရုတ်နိုင်ငံ ယန်စီမြစ်ကြောင်းတစ်လျှောက် မိုးခေါင်ရေရှားမှု အကြီးအကျယ်ကြုံတွေ့နေရ

**ဘေဂျင်း၊ မေ – ၂၅**

တရုတ်နိုင်ငံအလယ်ပိုင်းတွင် ၁၉၅၄ ခုနှစ်နောက်ပိုင်း အဆိုးဝါးဆုံး မိုးခေါင်ရေရှားမှုနှင့်ကြုံတွေ့နေရရာ ယန်စီမြစ်ကြောင်းတစ်လျှောက် ခရိုင်ဒေသကြီးများ၌နေထိုင်သည့် လူသန်းပေါင်းများစွာ မိုးခေါင်ရေရှားမှုဒဏ်ခံစားနေရကြောင်းသိရသည်။

မိုးခေါင်ရေရှားမှုမှာ လတ်တလော သက်သာရာမရနိုင်သေးဘဲ နောက်ဆယ်ရက်အတွင်း မိုးရွာသွန်းမှုလည်းမရှိနိုင်ကြောင်း တရုတ်မိုးလေဝသနှင့် ဇလဗေဒဌာနက သတိပေးထားသည်။ နိုင်ငံအလယ်ပိုင်းနှင့်တောင်ပိုင်းတွင်လည်း ၉၀ ဒီဂရီဖာရင်ဟိုက်နှင့် အထက် အပူချိန်မြင့်မားမှုဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသက သတိပေးထားသည်။

မိုးရေချိန်မှာလည်း ပုံမှန်ထက် ၃၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိလျော့နည်းနေကြောင်း ချိုင်းနားဒေးလီးသတင်းကဖော်ပြသည်။ စိုက်ပျိုးရေးအတွက် ရေသယ်ယူမှုများပြားခြင်းနှင့် ရေထိန်းသိမ်းမှုအားနည်းခြင်းကြောင့်လည်း အခြေအနေပိုဆိုးစေကြောင်း ကျွမ်းကျင်သူများကပြောသည်။

မိုးခေါင်ရေရှားမှု အဆိုးဝါးဆုံးဒေသများတွင် အန်ဟွေးကျွန်းစု၊ ဟူဘေး၊ ဟူနန်၊ ကျန်စီ၊ ဇီကျန်းခရိုင်ဒေသကြီးများ ပါဝင်ကြောင်း ရှန်ဟိုင်းမြူနီစပယ်ဒေသတွင်လည်း ထိခိုက်မှုရှိကြောင်းသိရသည်။ နိုင်ငံတောင်ပိုင်း ခရိုင်ဒေသကြီးအချို့တွင်လည်း မိုးခေါင်ရေရှားမှုဒဏ်ကြုံတွေ့နေရသည်။

ယခုနှစ် ပထမလေးလအတွင်း ယန်စီမြစ်ကြောင်းတစ်လျှောက် မိုးရွာသွန်းမှုမှာ ပုံမှန်ထက် ၄၀ ရာခိုင်နှုန်းလျော့နည်းခဲ့သည်။

*—Ref: UPI*

# တောင်တရုတ်ပင်လယ်ပြင်အတွင်း လက်နက်အပြိုင်တပ်ဆင်မှုပေါ်လာနိုင်ကြောင်း ဖိလစ်ပိုင်သတိပေး

**မနီလာ၊ မေ – ၂၅**



ဖိလစ်ပိုင်သမ္မတ ဘန်နစ်နိုအကွီနိုက တောင်တရုတ်ပင်လယ်အတွင်း ကျွန်းစုများပိုင်ဆိုင်မှုအငြင်းပွားနေကြသည့်အတွက် ဒေသတွင်း၌ လက်နက်အပြိုင်အဆိုင်တပ်ဆင်မှုများ ပေါ်ပေါက်လာနိုင်ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးနှင့်တွေ့ဆုံရာတွင် သတိပေးပြောကြားလိုက်သည်။ အကွီနိုသည် အထက်ပါသတိပေးစကားကို ဖိလစ်ပိုင်သို့ အလည်အပတ်ရောက်လာသော တရုတ်ကာကွယ်ရေးဝန်ကြီးအားလက်ခံတွေ့ဆုံရာတွင်ပြောကြားခဲ့ခြင်းဖြစ်သည်။ ၎င်းက တရုတ်ကာကွယ်ရေးဝန်ကြီးလျန်ကွမ်းလီအား "ကျွန်တော်တို့မှာ ဒီလိုထိပ်တိုက်တွေ့ဆုံမှုတွေရှိနေတော့ ဒီဒေသတွင်းမှာ လက်နက်ပြိုင်ဆိုင်မှုတွေကိုမြှင့်တင်ပေးရာရောက်မနေဘူးလား။ လက်နက်အပြိုင်အဆိုင်တပ်ဆင်ကြရင်တော့ ပဋိပက္ခဖြစ်နိုင်ခြေပိုတိုးလာမှာမဟုတ်လား" ဟု ပြောကြားခဲ့သည်။ အကွီနိုက လက်နက်အင်အားချို့တဲ့သော ဖိလစ်ပိုင်စစ်တပ်သည် တရုတ်စစ်တပ်ကို မယှဉ်နိုင်သော်လည်း မကြာသေးမီက တောင်တရုတ်ပင်လယ်အတွင်း ရေနံကြွယ်ဝသည့် ကျွန်းစုများပိုင်ဆိုင်မှုအငြင်းပွားနေခြင်းသည် ဖိလစ်ပိုင်ကို လက်နက်ပိုမိုတပ်ဆင်ရန် တွန်းအားပေးနေကြောင်းဆိုခဲ့သည်။

တောင်တရုတ်ပင်လယ်အတွင်းမှ ယင်းကျွန်းစုများကို ဖိလစ်ပိုင်၊ တရုတ်တို့အပြင် တရုတ် (တိုင်ပေ)၊ ဘရူနိုင်း၊ မလေးရှား၊ ဗီယက်နမ် စသည့်နိုင်ငံများကလည်း အပြည့်အစုံ (သို့မဟုတ်) တစ်စိတ်တစ်ပိုင်းအားဖြင့် ပိုင်ဆိုင်ကြောင်း ကြေညာထားသဖြင့် အငြင်းပွားနေကြခြင်းဖြစ်သည်။

*—Ref: AFP*





7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.11 · JUNE 2, 2011

## Leader's Profile

# ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်အကြီးအကဲ မစ္စဂျိုးဆက်ရှီရန်



ရဲမင်း

မစ္စဂျိုးဆက်ရှီရန်သည်ကုလသမဂ္ဂလက်အောက်ခံ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)၏ ၁၁ ဦးမြောက်ဦးဆောင်ညွှန်ကြားရေးမှူးဖြစ်သည်။ ၂၀၀၆ ခုနှစ် နိုဝင်ဘာလတွင် ထိုစဉ်က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုဖီအာနန်နှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၏ ညွှန်ကြားရေးမှူးချုပ်ဂျက်ကက်ဒီအောဖ်တို့က မစ္စရှီရန်အား WFP ၏ ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ်ခန့်အပ်ခဲ့သည်။

မစ္စရှီရန်သည် အမေရိကန်နိုင်ငံသူဖြစ်ပြီး ၁၉၇၆ ခုနှစ်တွင် ကိုလိုရာဒိုတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ယင်းနှစ်မှာပင် New York News World သတင်းစာတွင် အလုပ်ဝင်ခဲ့ပြီးနောက်ပိုင်း ယင်းသတင်းစာအတွက် အိမ်ဖြူတော်သတင်းထောက် ဖြစ်လာသည်။ ၁၉၈၂ ခုနှစ်တွင် ဝါရှင်တန်တိုင်းမ်သို့ ပြောင်းရွှေ့လုပ်ကိုင်ခဲ့သည်။ အုပ်ချုပ်မှုအယ်ဒီတာအဖြစ် တာဝန်ထမ်းဆောင်ရန် မစ္စရှီရန်သည် ဥရောပ၊ အာရှ၊ လက်တင်အမေရိကနှင့် အမေရိကန်အပါအဝင် နိုင်ငံ့ခေါင်းဆောင်များအား အင်တာဗျူးပြုလုပ်ခဲ့ပြီး အကျော်ကြားဆုံးမှာ မြောက်ကိုရီးယားခေါင်းဆောင် ကင်အီဆွန်းနှင့် အင်တာဗျူးဖြစ်သည်။ ၁၉၉၇ ခုနှစ်တွင် ဝါရှင်တန်မဂ္ဂဇင်းက မစ္စရှီရန်အား ဝါရှင်တန်၏ ဩဇာအရှိဆုံးလူ ၁၀၀ စာရင်းတွင် ထည့်သွင်းဖော်ပြခဲ့သည်။

မစ္စရှီရန်သည် နောက်ပိုင်းတွင် ဝေါလ်စထရိနည်းပညာကုမ္ပဏီ Starpoint Solutions တွင် အုပ်ချုပ်မှုဒါရိုက်တာအဖြစ် လုပ်ကိုင်ခဲ့သည်။ သို့သော် မစ္စရှီရန်သည် ဝါရှင်တန်သို့ပြန်လည်သွားရောက်ကာ အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ်များရုံး(USTR)တွင် အလုပ်ဝင်ခဲ့သည်။ လက်ထောက်အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ်အဖြစ် မစ္စရှီရန်သည် ကမ္ဘာအနှံ့သွားရောက်၍ အမေရိကန်နိုင်ငံနှင့် သက်ဆိုင်သည့် ကုန်သွယ်ရေးဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ခဲ့သည်။

ထို့မှတစ်ဆင့် မစ္စရှီရန်သည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန လက်အောက်ရှိ ဝါဏိဇ္ဇ၊ စီးပွားရေးနှင့်စိုက်ပျိုးရေးဌာန လက်ထောက်အတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်သည်။ စီးပွားရေးနှင့်ပတ်သက်၍ ကျယ်ပြန့်သောအကြောင်းအရာများတွင် ပါဝင်လုပ်ကိုင်ရပြီး အမေရိကန်နှင့်များအတွက် ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်ရေး၊စိုက်ပျိုးရေး၊ဘဏ္ဍာရေး၊ စွမ်းအင်၊ တယ်လီဖုန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများတွင်လည်း ကြည့်ရှုလုပ်ကိုင်ရသည်။

၂၀၀၆ ခုနှစ်တွင် မစ္စရှီရန်အား ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်အတွက် ရွေးချယ်ခဲ့ရာတွင် ကုလသမဂ္ဂဆိုင်ရာသံအမတ်ကြီးက မစ္စရှီရန်မှာ ထူးထူးခြားခြား အရည်အချင်း ပြည့်ဝသူဖြစ်ကြောင်း ထောက်ခံပြောဆိုခဲ့သည်။

WFP ၏ ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် မစ္စရှီရန်သည် ကမ္ဘာ့အကြီးဆုံး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးအဖွဲ့ကြီးကို စီမံခန့်ခွဲပေးရန် တာဝန်ရှိပြီး ကမ္ဘာတစ်ဝန်း ခန့်အပ်ထားသည့် ဝန်ထမ်းပေါင်း ၁၁,၀၀၀ အား အုပ်ချုပ်ရသည်။

၁၉၆၃ ခုနှစ်တွင် တည်ထောင်ခဲ့သည့်ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်သည် ပြီးခဲ့သည့်နှစ်က ကမ္ဘာတစ်ဝန်း နိုင်ငံပေါင်း ၈၀ ကျော်၌ ဆင်းရဲသားပေါင်း ၉၀ အတွက် အစားအစာများ ဝေငှပေးခဲ့သည်။

မစ္စရှီရန်သည် ခင်ပွန်းဟောင်းနှင့် သားသမီးသုံးဦးထွန်းကားထားသည်။

*—Ref: Wikipedia*

## နောက်ကျောဖုံး - ရာထူးမှ ဖြုတ်ချခံရမှုတွင် နိုင်ငံတကာ ပါဝင်ပတ်သက်ခဲ့ဟု မှ

ဟွန်ဒူးရပ်စ်သို့ ပြန်ရောက်အပြီးပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲ၌ ၂၀၀၉ ဇွန်လက ၎င်းအား ဖြုတ်ချခဲ့သော စစ်တပ်အာဏာသိမ်းမှုတွင် ပါဝင်သော စစ်သားများကို စုံစမ်းစစ်ဆေးသင့်ကြောင်းဇလာယာကဆိုသည်။ထို့ပြင်၎င်းက "ဒီအာဏာသိမ်းမှုဟာနိုင်ငံတကာပါဝင်ပတ်သတ်မှုတစ်ခုပါ။ လူ့အဖွဲ့အစည်းရဲ့ ကဏ္ဍပေါင်းစုံကလူတွေပါဝင်ခဲ့ပြီး သူတို့ကိုစုံစမ်းစစ်ဆေးသင့်ပါတယ်"ဟု ပြောသည်။

ဇလာယာသည် ယခင်ကလည်း ရောဘတ်တိုမစ်ချယ်လက်တီဦးဆောင်သောကြားဖြတ်အစိုးရကို ထောက်ခံမှုဖြင့် ဝါရှင်တန်အား ရှုတ်ချခဲ့ဖူးသည်။ သို့သော် သမ္မတအိုဘားမားနှင့် ကန်အရာရှိများကမူ အာဏာသိမ်းမှုကို ဝေဖန်ခဲ့သည်။ ဟွန်ဒူးရပ်စ်တွင်ဖြုတ်ချခံခဲ့ရပြီးနောက် ဇလာယာသည် ဒိုမီနီကန်သမ္မတနိုင်ငံ၌ ခိုလှုံခဲ့သည်။ ထို့နောက် ၂၀၀၉ ခုနှစ်တွင် လက်ရှိသမ္မတပေါ်ဖီရီယိုလိုဘိုရွေးကောက်ခံရပြီးနောက် ဗင်နီဇွဲလား၊ အာဂျင်တီးနား၊ ဘရာဇီး၊ နီကာရာဂွါနှင့် အီကွေဒေါစသော နိုင်ငံများက ဇလာယာအား မည်သည့်စွဲချက်မှမထားဘဲပြည်တော်ပြန်ခွင့်ပြုရန်တောင်းဆိုခဲ့ရာမှ ၎င်းသည် ယခုကဲ့သို့ ဟွန်ဒူးရပ်စ်နိုင်ငံသို့ ပြန်ရောက်လာခြင်းဖြစ်သည်။ အမေရိကန်နိုင်ငံများအဖွဲ့ကြီး OAS သည် လာမည့်ရက်ပိုင်းအတွင်း ဝါရှင်တန်မြို့တော်တွင် ဟွန်ဒူးရပ်စ်အရေးဆွေးနွေးမည်ဖြစ်ကာ အဖွဲ့၏ အထွေထွေညီလာခံကို လာမည့် ဇွန် ၅ ရက်မှ ၇ ရက်အထိ အယ်လ်ဆာဗေးဒိုးနိုင်ငံတွင် ပြုလုပ်သွားမည်ဟု သိရသည်။ *—Ref: AP*

## နောက်ကျောဖုံး - လေကြောင်းတိုက်ခိုက်မှုကြောင့် မှ

အရပ်သားကိုးဦးအတွက် ကျွန်တော်အရိုးသားဆုံး တောင်းပန်ချင်ပါတယ်"ဟု ပြောသည်။

တူးလန်းက လေကြောင်းတိုက်ခိုက်မှုကို ခရိုင်အတွင်းမရိန်းတပ်သားတစ်ဦးသေဆုံးခဲ့ရသည့် ညွှန့်ပေါင်းတပ်ဖွဲ့၏ ကင်းလှည့်ယာဉ် တိုက်ခိုက်ခံရမှုဖြစ်ပေါ်ပြီးနောက် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်းဆိုသည်။ ယခုအခါဟဲလ်မန့်ပြည်နယ်အစိုးရ ပြောခွင့်ရပုဂ္ဂိုလ်က နေတိုးအဖွဲ့၏တိုက်ခိုက်မှုကြောင့် မေ ၂၉ ရက်တွင် အိမ်နှစ်လုံးပျက်စီးခဲ့ပြီး အရပ်သား ၁၄ ဦးသေဆုံးကာ ခြောက်ဦးဒဏ်ရာရကြောင်း ဆိုသည်။

အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းကလည်း တိုက်ခိုက်မှုများကို ရှုတ်ချခဲ့ပြီး နေတိုး၏ ယခုကဲ့သို့ အရပ်သားများကိုပါ ထိခိုက်စေသည့် စစ်ဆင်ရေးများသည် လူမဆန်ကြောင်းပြောကြားသည်။

*—Ref: AP*

## နောက်ကျောဖုံး - လေမုန်တိုင်းကြောင့် လူ ၁၃၀ ကျော်သေဆုံးခဲ့သည့် မှ

ပြီးခဲ့သည့် အပတ်က တိုက်ခတ်ခဲ့သော ဂျော်ပလင်တိုနေးဒိုးမုန်တိုင်းသည် ဆယ်စုနှစ်များအတွင်း အဆိုးဆုံးလေမုန်တိုင်းတစ်ခုဖြစ်ကာ လူပေါင်း ၁၃၀ ကျော်သေဆုံး၍ လူရာပေါင်းများစွာဒဏ်ရာရခဲ့သည်။ သေဆုံးသူများမှ ၃၉ ဦးကို ယခုအချိန်အထိ ရှာမတွေ့သေးကြောင်းသိရသည်။

သမ္မတအိုဘားမားသည် ဥရောပခရီးစဉ်အဖြစ် အိုင်ယာလန်၊ ဗြိတိန်၊ ပြင်သစ်၊ ပိုလန်နိုင်ငံများသို့သွားရောက်လည်ပတ်ခဲ့ပြီး မေ ၂၈ ရက်(စနေနေ့)တွင် အမေရိကန်သို့ပြန်ရောက်ခဲ့ကာ တနင်္ဂနွေနေ့တွင် ဂျော်ပလင်သို့ ခရီးထွက်ခဲ့ခြင်းဖြစ်သည်။

*—Ref: AP*

## နောက်ကျောဖုံး - ယန်ဇီမြစ်ကြောင်းတစ်လျှောက် မိုးခေါင်မှုကြောင့် မှ

အဆိုပါမိုးခေါင်မှုသည်ရက်ပေါင်းခြောက်ဆယ်ကျော်ကြာမြင့်ခဲ့ပြီးလာမည့်ရက်အနည်းငယ်အတွင်း ဆိုင်ရာဒေသများတွင်လည်း ရပ်တန့်မည့်ပုံ မရှိနိုင်ကြောင်း ယင်းဌာနကဆိုသည်။

တရုတ်နိုင်ငံတွင် ရာသီဥတုဆိုင်ရာ ကပ်ဘေးများအတွက် သတိပေးစနစ်ကို အနိမ့်ဆုံး အပြာရောင်အဆင့်မှစ၍ အဝါရောင်၊ လိမ္မော်ရောင်၊ အနီရောင်စသဖြင့် ထိခိုက်မှုပမာဏအပေါ် မူတည်၍ အဆင့်များ သတ်မှတ်ထားသည်။ ပြီးခဲ့သည့်ဇန်နဝါရီလဆန်းမှစတင်၍ ကျန်းစု၊ အန်ဟွီ၊ ဟူပိုင်နှင့်ဟူနန်စသည့် တရုတ်ပြည်နယ်များတွင် မိုးရွာသွန်းမှုမှာ ၂၀၁၀ ထိုအချိန်နှင့် နှိုင်းယှဉ်လျှင် ၄၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိကျဆင်းခဲ့ပြီးနောက် ရက်ပေါင်း ၆၀ ကြာ မိုးခေါင်မှုကိုဖြစ်ပေါ်စေခဲ့ခြင်းဖြစ်ကြောင်း တရုတ်လူမှုရေးရာဝန်ကြီးဌာနကပြောသည်။

တရုတ်နိုင်ငံ၏ အကြီးဆုံးရေကန်ကြီးနှစ်ခုဖြစ်သော ဟူနန်ပြည်နယ်ရှိ ဒေါင်တင်ကန်နှင့် ကျန်ရှီးရှိ ပိုယန်ရေကန်တို့မှာလည်း မိုးခေါင်မှုကြောင့် ပြီးခဲ့သောမေ ၂၇ရက်တွင်ရေလုံးဝခန်းခြောက်ကာ မိုးခေါင်မှုဒဏ်ကို ပြည်နယ်ငါးခုမှ လူပေါင်း ၃၄ ဒသမ ၈၃ သန်းခန့် ခံစားနေရကြောင်း အဆိုပါဝန်ကြီးဌာနကပြောသည်။ ယင်းမှ လူပေါင်း ၄ဒသမ ၂သန်းခန့်မှာသောက်သုံးရေရရှိရေး အခက်အခဲများကြုံတွေ့နေရပြီး လူပေါင်း ၅ ဒသမ ၀၆ သန်းခန့်မှာအကူအညီလိုအပ်လျက်ရှိသည်။ ဝန်ကြီးဌာန၏ အဆိုအရမိုးခေါင်မှု ကပ်ဘေးကြောင့် မေလ ၂၇ ရက်အထိ စီးပွားရေးအရ တိုက်ရိုက်ဆုံးရှုံးမှု ယွမ်ငွေ ၁၄ ဒသမ ၉၄ ဘီလီယံရှိပြီး ကျွဲ၊ နွားကောင်ရေ ၁ ဒသမ ၀၇ သန်းနှင့် ကောက်ပဲသီးနှံစိုက်ပျိုးရာမြေဟက်တာပေါင်း၃ဒသမ ၇ သန်းခန့်လည်း ထိခိုက်မှုရှိခဲ့ကြောင်း ဆိုသည်။ ရာစုနှစ်ဝက်အတွင်း တရုတ်ပြည်၏ အဆိုးဝါးဆုံးဖြစ်ခဲ့သည့်ယခုမိုးခေါင်မှုကြောင့် တရုတ်နိုင်ငံအလယ်ပိုင်း ဟူပိုင်ပြည်နယ်မြို့တော် ဝူဟန်တွင် သီးနှံဈေးနှုန်းများမှာ ၁၉ ရာခိုင်နှုန်းခန့်မြင့်တက်ခဲ့သည်။ ယခုအခါ တရုတ်ဗဟိုအစိုးရက မိုးခေါင်မှုဒဏ်ကိုကယ်ဆယ်နိုင်ရေးအတွက် ရန်ပုံငွေ ယွမ် ၁ ဒသမ ၉၆ ဘီလီယံခန့် ခွဲဝေချထားပေးကြောင်းသိရသည်။

*—Ref: Xinhua*

TRADEMARK CAUTION

SCHIESSER

UNCOVER

7 DAY NEWS JOURNAL
Vol.10, No.11 · JUNE 2, 2011



# ကျွန်တော်တို့ရဲ့အလုပ်က အမေရိကန်ပြည်ထောင်စုကို လုံခြုံအောင်လုပ်ဖို့ပါ

## အမေရိကန်သမ္မတ ဘာရက်အိုဘားမားနှင့်တွေ့ဆုံခြင်း


■ ကျော်မျိုး

အမေရိကန်သမ္မတအိုဘားမားဟာ ဥရောပမှာ အမေရိကန်ရဲ့ အရင်းနှီးဆုံး မဟာမိတ်ဖြစ်တဲ့ ဗြိတိန်ကို မကြာသေးမီကပဲ နိုင်ငံတော်အဆင့် အလည်အပတ်ခရီးထွက်ခဲ့ပါတယ်။ အိုဘားမားဟာ ဗြိတိသျှဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းနဲ့တွဲဖက်ကာစားပွဲတင်တင်းနစ်ကစားခဲ့သလို နှစ်နိုင်ငံ မဟာမိတ်အဆင့်ဆက်ဆံရေး ခိုင်မာရေးကိုလည်းတွဲဖက်တည်ဆောက်သွားရမှာပါ။ လတ်တလောမှာ အနောက်အုပ်စုရဲ့ခေါင်းဆောင်နိုင်ငံတွေဖြစ်ကြတဲ့ အမေရိကန်နဲ့ဗြိတိန်အတွက် အကောင်းဆုံးလက်ဆောင်ကတော့ အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးစစ်ပွဲမှာ အဓိကပုံရိပ်ဖြစ်တဲ့ ဘင်လာဒင်ကို အသေဖမ်းမိနိုင်ခြင်းပဲဖြစ်ပါတယ်။ ယခုဖော်ပြမယ့် အင်တာဗျူးကတော့ အဲဒီလို ဗြိတိန်ကို အလည်ရောက်လာတဲ့ ကန်သမ္မတအိုဘားမားနဲ့ဗြိတိန်ရဲ့ ထိပ်သီးမီဒီယာဘီဘီစီတို့ရဲ့ တွေ့ဆုံမေးမြန်းမှုများမှ ကောက်နုတ်ချက်ဖြစ်ပါတယ်။ မေးမြန်းသူကတော့ အင်ဒရူးမားဖြစ်ပါတယ်။

**ဘင်လာဒင်ကို ဖမ်းမိပြီလို့သိလိုက်တဲ့ မကြာသေးမီ အချိန်ကာလလေးဆီ နောက်ကြောင်းပြန်သွားပြီး အမေးအဖြေကိုစလို့ရမလား။ ဒီကိစ္စဟာ ခက်ခဲတဲ့ ဆုံးဖြတ်ချက်တစ်ရပ်တော့ မဟုတ်ခဲ့ပါဘူး။ သမ္မတမဟုတ်ဘဲ အမေရိကန်တစ်ဦးအနေနဲ့ ဒီကိစ္စနဲ့ပတ်သက်လို့ ပုဂ္ဂိုလ်ရေးအရ ခံစားချက်တချို့တလေများရှိမလားခင်ဗျ။**

ဟုတ်ကဲ့။ ရှိပါတယ်။ ၉/၁၁ တိုက်ခိုက်မှုကာလတုန်းက ကိုယ်ချစ်ရတဲ့သူတွေကို ဆုံးရှုံးခဲ့ဖူးတဲ့ မိသားစုတွေနဲ့သာ ခင်ဗျားတွေ့ဖူးရင်၊ အဲဒီကိစ္စတစ်ခုလုံးဟာလည်း တိုင်းပြည်အတွက် ထူးခြားတဲ့တုန်လှုပ်စရာတစ်ခုလို့တွေးမိမယ်ဆိုရင်၊ ပြီးတော့ အမေရိကန်ပြည်ထောင်စုကတင်မကဘဲ ဗြိတိန်နဲ့ အခြားအဖွဲ့ဝင်နိုင်ငံတွေကပါ အာဖဂန်မှာ ကိုယ်ကျိုးစွန့် တာဝန်ထမ်းနေတဲ့ တပ်ဖွဲ့ဝင်တွေကိုကြည့်လိုက်ရင် အယ်လ်ကိုင်ဒါအဖွဲ့ရဲ့ရှုံးသွပ်တဲ့လုပ်ရပ်ကြောင့်သာ ဒါတွေအားလုံးဖြစ်လာတာလို့ ခြေရာခံပြီး ခင်ဗျားတွေးနိုင်မှာပါ။ ကျွန်တော်တို့အတွက်ကတော့ ဒီဖြစ်ရပ်ရဲ့နောက်ကွယ်က ကြိုးကိုင်သူကိုဖယ်ထုတ်နိုင်ခဲ့ပြီးဖြစ်တဲ့အတွက် အားရှိရတဲ့ကာလတစ်ခုပါ။ အမေရိကန်မှာလည်း ပျော်ရွှင်စွာတုံ့ပြန်မှုတွေကိုမြင်နိုင်ပါတယ်။ ပြီးတော့သေချာတာက ကျွန်တော်လည်း တစ်ဦးချင်းအနေနဲ့ ကျေနပ်မိပါတယ်။ ဘင်လာဒင်ကို စီးနင်းခဲ့တဲ့ အဖွဲ့ရဲ့ပြောင်မြောက်တဲ့စွမ်းဆောင်မှုကိုလည်း ကျွန်တော်ကျေးဇူးတင်မိပါတယ်။ ဘာကြောင့်လဲဆိုတော့ တိုက်ပွဲထဲကို ယူနီဖောင်းဝတ်ထားတဲ့လူတွေကို ဘယ်အချိန်မှာမဆို ခင်ဗျားစေလွှတ်ဖြစ်ခဲ့ရင် အကြီးမားဆုံးစိတ်ပူရတာက သူတို့ပြန်လာနိုင်မလား၊ မလာနိုင်ဘူးလားဆိုတာပါ။ ဒီတပ်ဖွဲ့ဝင်တွေကတော့ အသေအပျောက်မရှိဘဲ စစ်ဆင်ရေးကိုလုပ်ဆောင်ခဲ့တဲ့အတွက် ထူးခြားလှပါတယ်။

**ဒီကိစ္စဟာ သမ္မတကြီးကိုယ်တိုင်ပြောဖူးသလိုဆိုရင် ထူးခြားတဲ့ အလောင်းအစားကိစ္စတစ်ခုပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ သမ္မတကြီးရဲ့ တပ်ဖွဲ့ဝင်တွေဟာ ဘင်လာဒင်ကို ဝင်စီးချိန်မှာ ပါကစ္စတန်တပ်ဖွဲ့ဝင်တွေကို မှားယွင်းပစ်ခတ်မိတာမျိုးနဲ့ အဆုံးသတ်သွားနိုင်ပါတယ်။ ပြီးတော့ အဲဒီအချိန်မှာ ပါကစ္စတန်နဲ့ ဆက်ဆံရေးဟာ ခက်ခဲနေတော့ သူတို့က ဒီကိစ္စနဲ့ ပိုဆိုးအောင်လုပ်သလိုဖြစ်သွားနိုင်ပါတယ်။**



ဟုတ်ပါတယ်။ ပိုဆိုးသွားနိုင်ပါတယ်။ ကျွန်တော် တွက်ကြည့်ထားရသလောက် ရှိနိုင်တဲ့စွန့်စားရမှုကလည်း တပ်ဖွဲ့ဝင်တွေက ဘယ်လောက်ကောင်းကောင်းပြင်ဆင်ထားခဲ့သလဲဆိုတဲ့ နံပါတ်တစ်သတိထားစရာကိစ္စပါ။ ကျွန်တော်တို့ ဝင်စီးရမယ့်နေရာက ဘယ်လိုဖြစ်မလဲ။ ဘင်လာဒင်နေတဲ့နေရာကို ကျွန်တော်တို့ မြန်မြန်ဝင်စီးပြီး ပြန်ထွက်နိုင်တယ်လို့ တွေးခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော့် သမ္မတသက်တမ်းအတွင်း ဂရုတစိုက်နဲ့ တွေ့ကြုံခံစားခဲ့ရတဲ့ ဒီစစ်ဆင်ရေးဟာ မိနစ်လေးဆယ်လောက်ပဲ ကြာခဲ့တယ်ဆိုတာ သံသယရှိစရာမလိုပါဘူး။

**ပါကစ္စတန်အကြောင်းကိုရော ပြန်သွားလို့ရမလား။ အခုဆို သမ္မတကြီးမှာ ပါကစ္စတန်တာဝန်ရှိသူတွေ ဒါမှမဟုတ် အခြားသူ တွေက ဘင်လာဒင် အဲဒီမှာရှိခဲ့တာကို သိ၊ မသိဆိုတာနဲ့ ပတ်သက်လို့ရှင်းလင်းတဲ့ သိနားလည်ထားမှု တစ်ခုခုများ ရှိပါသလား။**

ကျွန်တော်တို့မှာမရှိပါဘူး။ ကျွန်တော်တို့သိတာကတော့ ဘင်လာဒင်အတွက် အဲဒီခြံဝင်းထဲမှာ ငါးနှစ်၊ ခြောက်နှစ်လောက် နေနိုင်ဖို့ဆိုတာ ပြင်ပအကူအညီတစ်မျိုးမျိုးတော့လိုနိုင်ပါတယ်။ အကူအညီက အစိုးရနဲ့ဆိုင်သည်ဖြစ်စေ၊ မဆိုင်သည်ဖြစ်စေ ကွန်ရက်တစ်ခုနဲ့ ထောက်ပံ့ထားသည်ဖြစ်စေ၊ လက်တစ်ဆုပ်စာလူတွေကူညီသည်ဖြစ်စေ အဲဒီကိစ္စတွေအားလုံးကို ကျွန်တော်တို့ စုံစမ်းနေပါတယ်။ ဒါပေမဲ့ ပါကစ္စတန်တွေကိုလည်း စုံစမ်းစစ်ဆေးပေးဖို့ကျွန်တော်တို့တောင်းဆိုထားပါတယ်။ ကျွန်တော်တို့ဟာ အခြားနေရာတွေမှာထက် ပါကစ္စတန်မြေပေါ်မှာ အကြမ်းဖက်သမားတွေကိုပိုပြီးချေမှုန်းနိုင်ခဲ့တယ်။ ဒီကိစ္စဟာ သူတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုမပါဝင်ဘဲ မဖြစ်နိုင်ပါဘူး။

**အရှေ့အလယ်ပိုင်းနဲ့ပတ်သက်လို့ သမ္မတကြီးရဲ့ မိန့်ခွန်းမှာလည်း ၁၉၆၇ စစ်ပွဲအပြီး သတ်မှတ်ခဲ့တဲ့ နယ်စပ်မျဉ်းတွေအကြောင်း ပြောခဲ့တယ်နော်။ အဲဒါဟာ လက်ရှိမှာ အမေရိကန်က ရပ်တည်နေတဲ့ သဘောထားလား။**

ဒီအတိုင်းပါပဲ။ ဒါပေမဲ့ ပါလက်စတိုင်း-အစ္စရေးပဋိပက္ခရဲ့သမိုင်းကြောင်းအရှည်ကြီးကိုသိထားတဲ့ လေ့လာသူတွေဟာ ငြိမ်းချမ်းရေးကိုလိုချင်တယ်ဆိုရင် ကပ်လျက်တည်ရှိနေတဲ့ (ပါလက်စတိုင်းနှင့်အစ္စရေး)နှစ်နိုင်ငံကို ရရှိမယ်ဆိုတာ ကျွန်တော်တို့ပြောခဲ့တာ အမှန်ပါ။

**ပါလက်စတိုင်းနယ်မြေ သေးသေးလေးကို သမ္မတကြီးဖန်တီးပေးနိုင်ပါ့မလား။**

ဟင့်အင်း။ နှစ်နိုင်ငံ ပူးတွဲရှိနေရေးကိစ္စကိုပဲသွားရမှာပါ။ စေ့စပ်ဆွေးနွေးမှုတွေရဲ့ အခြေခံကလည်း ၁၉၆၇ နယ်စပ်ကိုပြန်ကြည့်တာမျိုးပါဝင်ရမှာပါ။ နှစ်ဖက်စလုံးရဲ့ အကျိုးစီးပွားတွေကိုဖန်တီးပေးဖို့ လိုပါတယ်။ ဒါက တစ်ဖက်က ကြည့်ရင်ပေါ့။ နောက်တစ်ဖက်ဆိုရင်တော့ ဒါလည်း ကျွန်တော့်မိန့်ခွန်းရဲ့ အရေးကြီးတဲ့အပိုင်းပါပဲ။ အစ္စရေးတွေဟာ အနောက်ဘက်ကမ်းခြေမှာ သူတို့ရဲ့လုံခြုံရေးနဲ့ပတ်သက်လို့ ယုံကြည်မှု ရှိထားရပါမယ်။ လုံခြုံရေးကတော့ အစ္စရေးတွေအတွက် အရေးကြီးမှာပါ။ သူတို့ရဲ့ ပိုင်နက်နယ်မြေကို ကိုယ်တိုင်ကာကွယ်နိုင်ပြီလို့ မထင်မချင်းကတော့ အစ္စရေးတွေရွှေ့မှာမဟုတ်ပါဘူး။ ဂါဇာမှာ သူတို့ဖြစ်နေတာကိုကြည့်ရင် ဟစ်ဘိုလာအဖွဲ့က ဒုံးကျည်နဲ့ပစ်တာတွေကိုခံနေရတာပဲ။ ဒါကြောင့် ကျွန်တော်တို့ဆင်ခြေကတော့ လုံခြုံရေးနဲ့ပိုင်နက်နယ်မြေဆိုင်ရာကိစ္စတွေကိုဆွေးနွေးပြောဆိုမှုနဲ့စတင်ကြဖို့ပါ။

**သမ္မတကြီး ခေါင်းထဲမှာ ဒုတိယအကြိမ် သမ္မတသက်တမ်းအတွက်ရော တွေးထားပြီးပါပြီလား။**

ကြည့်လိုက်ရင်တော့ ကျွန်တော်တို့ အောင်မြင်ခဲ့တာတွေဟာ ထူးခြားခဲ့ပါတယ်။ နာဖျားနေချိန်မှာ ဒေဝါလီခံစရာမလိုဘဲ ကျန်းမာရေးစောင့်ရှောက်မှုရရှိအောင် ကျွန်တော်တို့ ဥပဒေပြင်ဆင်ပေးခဲ့တယ်။ စီးပွားရေးကျဆင်းမှုကြီးထဲကနေလည်း စီးပွားရေးကို ကျွန်တော်တို့ဆွဲတင်ခဲ့ပါတယ်။ ကမ္ဘာ့ဘဏ္ဍာရေးစနစ်ကြီးမပြိုလဲအောင်လည်း ဗြိတိန်နဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ကျောင်းသားတွေ ကောလိပ်တက်နိုင်ဖို့အတွက် ချေးငွေတွေရယူနိုင်အောင်လည်း ကျွန်တော်တို့လုပ်ပေးခဲ့တယ်။ သန့်ရှင်းတဲ့စွမ်းအင်ကဏ္ဍမှာလည်းမြှုပ်နှံထားပါတယ်။ ဒါကြောင့် နောက်ထပ်နှစ်တွေအများကြီး ကျွန်တော့်ကို အလုပ်များစေမယ့်ကိစ္စတွေမှာ လိုတာထက်ပိုပြီး ကျွန်တော် အောင်မြင်ခဲ့ပါတယ်။

*—Ref: BBC's Interview with President Obama*

7DAY NEWS JOURNAL

# Entertainment

Vol.10, No.11 • JUNE 2, 2011

## ပရိသတ် ၂၉သန်းကျော်မဲပေးမှုဖြင့် အမေရိကန်တို့ရဲ့ အသည်းကျော်ဖြစ်လာတဲ့ စကော့တီ

ရန်ကုန် - မေ ၂၇


အမေရိကန်နိုင်ငံ၏အကျော်ကြားဆုံးနှင့် လူစိတ်ဝင်စားမှုအများဆုံး သီချင်းဆိုပြိုင်ပွဲဖြစ်သော အမေရိကန်အသည်းကျော်(American Idol) သီချင်းဆိုပြိုင်ပွဲတွင်အသက် ၁၇နှစ်သာရှိသေးသော ဆယ်ကျော်သက်လူငယ်စကော့တီမက်ကွိုင်းရားက ပရိသတ် ၂၉သန်းမှပေးသော မဲဖြင့် ပထမဆုဆွတ်ခူးနိုင်ခဲ့သည်။

ပြီးခဲ့သောဗုဒ္ဓဟူးနေ့ ညကအေးချမ်းကာသြဇာရှိသော အသံကိုပိုင်ဆိုင်ထားသည့်စကော့တီသည်နောက်ဆုံးအဆင့်သို့အတူ ရောက်ရှိလာသော အသက်၁၆နှစ်အရွယ်ရှိလော်ရင်အား ကျော်ဖြတ်ကာ အမေရိကန် အသည်းကျော်ဆုကိုရရှိခဲ့ခြင်းဖြစ်သည်။

ယင်းအဆိုပြိုင်ပွဲသည် Foxရုပ်သံလိုင်းကကျင်းပသောအကြီးကျယ်ဆုံးအဆိုပြိုင်ပွဲဖြစ်ပြီး ဒိုင်လူကြီးများအဖြစ် ဂျနဖာလိုပက်ဇ်၊ စတီဗင်တိုင်လာကဲ့သို့သောကြယ်ပွင့်များကဆောင်ရွက်ပေးခဲ့သည်။

စကော့တီသည်အမေရိကန်အသည်းကျော်အဆိုတော်ပြိုင်ပွဲတွင် ပထမဆုံးဆုရရှိသော ကျေးလက်သီချင်း သီဆိုသည့် အမျိုးသား အဆိုတော်ဖြစ်သည်။ ယခုအခါအမေရိကန်သတင်းမီဒီယာများကအမေရိကန်အသည်းကျော်အဆိုပြိုင်ပွဲတွင်နောက်ဆုံးအဆင့်ထိ တက်ရောက်လာနိုင်ခဲ့သည့်အငယ်ဆုံးပြိုင်ပွဲဝင်နှစ်ဦးဖြစ်သည့်စကော့တီနှင့်လော်ရင်တို့သည် အပြင်တွင်ချစ်သူများဖြစ်သွားပြီဟု ရေးသားဖော်ပြနေကြသည်။

Ref ; Washington Post


စကော့တီနှင့်လော်ရင်

## Photo News



မေ ၂၆ရက်နေ့က ဆိုးလ်မြို့၌ကျင်းပခဲ့သော (၄၇)ကြိမ်မြောက် ဘေဆောင်အနုပညာဆုပေးပွဲတွင် အဖြူရောင်ဝတ်စုံကိုယ်စီနှင့် လှပနေကြသော တောင်ကိုရီးယားမင်းသမီးများဖြစ်ကြသည့် ဟန်ဆိုဂျိုး၊ မွန်းဂိုယောင်း၊ ပတ်ခ်မင်ယောင်းနှင့် ဆူဇီတို့ကိုတွေ့ရစဉ်။ Ref; Hancinema


မေ ၂၀ရက်နေ့က ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် ဖျော်ဖြေနေသော ချမ်းချမ်း။

## လမ်းခွဲလိုက်ကြတဲ့ ဘုဏ်းသိုက်နဲ့ ချမ်းချမ်း

အေးသူစံ

ရန်ကုန်၊ မေ - ၂၈

အနုပညာလောကအတွင်း ထင်ရှားသည့်စုံတွဲတစ်တွဲအဖြစ်တည်ရှိခဲ့ပြီး ရန်ဖြစ်လိုက်၊ ပြန်ချစ်လိုက်ဖြင့် နာမည်ကြီးလှသော မော်ဒယ်ဘုဏ်းသိုက်နှင့် အဆိုတော်ချမ်းချမ်းတို့နှစ်ဦးသည် ယခု မေလလယ်ပိုင်းတွင် လမ်းခွဲလိုက်ပြီဖြစ်ကြောင်း မော်ဒယ်ဘုဏ်းသိုက်ကပြောသည်။

"ဟိုအရင်က ရန်ဖြစ်လိုက်၊ ပြန်ချစ်လိုက်ဖြစ်ကြတာက ချစ်သူတွေသဘာဝ ရိုးရိုးတန်းတန်းကိစ္စလေးတွေနဲ့ဖြစ်ကြတာပါ။ အခုတစ်ခါမှာတော့ ကျွန်တော်ဘယ်လိုမှ လက်ခံလို့မရတဲ့အတိုင်းအတာဖြစ်တဲ့အတွက် ပြန်လက်တွဲဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူး။ စဖြစ်ခါစကတော့ ဒေါသလည်းထွက်တယ်။ စိတ်လည်းမကောင်းဘူး။ ယောကျ်ားတစ်ယောက်ရဲ့ မာနကိုထိခိုက်တယ်လို့ခံစားရတယ်။ ဒီရက်ပိုင်း ဘာအလုပ်မှလည်းလုပ်လို့မရဘူး။ သူ ဩစတြေးလျ မထွက်သွားခင်ကတည်းက ကျွန်တော်တို့လမ်းခွဲလိုက်တာပါ"ဟု ဘုဏ်းသိုက်က ပြောသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ချမ်းချမ်းကိုမေးမြန်းရန်ဆက်သွယ်သော်လည်း ဩစတြေးလျသို့ပြည်ပဖျော်ဖြေပွဲခရီးသွားနေသည့်အတွက် ချမ်းချမ်း၏အစ်မဖြစ်သူထံဆက်သွယ်မေးမြန်းရာတွင် "သူတို့နှစ်ယောက်လမ်းခွဲလိုက်တယ်ဆိုတာကတော့တကယ်ပါ။ ဒါပေမဲ့ ဘယ်လိုအကြောင်းတွေကြောင့်ဆိုတာ ကျွန်မတို့က ကာယကံရှင်မဟုတ်တဲ့အတွက် မပြောနိုင်ပါဘူး" ဟု ဖြေကြားခဲ့သည်။

C TALK

## စံရတီမိုးမြင့် ပြောပြတဲ့ အနုပညာရှင်နဲ့ facebook သုံးစွဲမှုအကြောင်း

■ ချမ်းခိုက်ခိုက်

ကုန်ပစ္စည်းကြော်ငြာလေးခုသာ ရိုက်ကူးထားပေမယ့် ရိုက်ကူးခဲ့တဲ့ကြော်ငြာတိုင်းမှာ ပရိသတ်သတိပြုမှုကိုရရှိထားတဲ့ မော်ဒယ်က စံရတီမိုးမြင့်ပါ။ ၂၀၀၉ ခုနှစ်အတွက် အကယ်ဒမီပေးပွဲမှာ ဇန်းကိုင်တစ်ဦးဖြစ်ခဲ့ပြီး နောက် သူမရိုက်ကူးခဲ့တဲ့ Chito ငရုတ်ဆီ၊ Doaru young အလှကုန်ကြော်ငြာတွေမှာ အမြင်ဆန်းဆန်း၊ ရိုက်ချက်ဆန်းဆန်းနဲ့ ဖက်ရှင်အဆန်းလေးတွေအပြင် သွက်လက်ပေါ့ပါးတဲ့ ကကွက်လေးတွေနဲ့ သရုပ်ဆောင် ချက်ကြောင့် ထင်ပေါ်လာသူလေး စံရတီမိုးမြင့်က ဆိုရှယ်ဝက်ဘ်ဆိုက်ဖြစ်တဲ့ ဖေ့စ်ဘွတ်ခ်သုံးစွဲရတာကို နှစ်သက်သူတစ်ဦးပါ။ အနုပညာရှင်နဲ့ ဖေ့စ်ဘွတ်ခ်သုံးစွဲမှုအကြောင်းစံရတီမိုးမြင့်ပြောပြခဲ့တာကို ဖတ်ရှုကြည့်ပါဦး။


ဓာတ်ပုံ - ဇော်မောင်မောင်(အမရပူရ)

ဖေ့စ်ဘွတ်ခ်မှာ စံရတီ အကောင့်နှစ်ခုနဲ့ Fan Page တစ်ခု သုံးပါတယ်။ စံရတီရဲ့ အကောင့်က San Yati Moe Myint ပါ။ အကောင့်တစ်ခုမှာ လက်ခံနိုင်တဲ့လူက ငါးထောင်ပဲ သတ်မှတ်ထားတော့ အကောင့်တစ်ခုက ငါးထောင်ပြည့်သွားတဲ့အတွက် နောက်ထပ်အကောင့်တစ်ခု ထပ်ဖွင့်ပြီးသုံးဖြစ်တာပါ။

ဖေ့စ်ဘွတ်ခ်ကို လွန်ခဲ့တဲ့သုံးနှစ်လောက်ကတည်းက သုံးဖြစ်ခဲ့တာပါ။ စသုံးတုန်းကတော့ ဂျီတော့ခ်ပေ့ါ။ ခုနောက်ပိုင်းကျတော့ ဂျီတော့ခ်ထက်ဖေ့စ်ဘွတ်ခ်ကပိုပြီး အနုပညာရှင်တွေအတွက် အကျိုးရှိလာတယ်။ ဓာတ်ပုံတွေကအစ ကိုယ့်လှုပ်ရှားမှုအကုန်လုံး တင်ပြလို့ရတဲ့အတွက် ဖေ့စ်ဘွတ်ခ်ကို တွင်တွင်ကျယ်ကျယ် သုံးဖြစ်တယ်။

ဖန်ပေ့ချ် (Fan Page) ကို လုပ်လိုက်တာတော့ သိပ်မကြာသေးဘူး။ တစ်ပတ်လောက်ပဲ ရှိသေးတယ်။ ပုံတွေတောင် သိပ်မတင်ရသေးဘူး။ ဖေ့စ်ဘွတ်ခ်အကောင့်တွေက သူငယ်ချင်းတွေ အရမ်းများလာတော့ ထပ်ပြီး လက်ခံလို့ မရတဲ့အတွက် ဖန်ပေ့ချ်လေးကို စိတ်ကူးရလို့ လုပ်ဖြစ်ခဲ့ပါတယ်။

စာ(၄၉)သို့

7 DAY NEWS JOURNAL
Vol.10, No.11 · JUNE 2, 2011



# မက်လောက်စရာကိုခံစားရေးဖွဲ့တဲ့အားတီရဲ့သီချင်းတစ်ပုဒ်

အေးသူစံ

ရန်ကုန်၊ မေ ၂၈

ဝိုင်းစုခိုင်သိန်း၏ ဒုတိယစီးရီးဖြစ်သော 'မျက်လှည့်' တွင် အားတီမှ 'မက်လောက်စရာ(၂)'အမည်ဖြင့် သီချင်းရေးပေးနေသည်ဟု သတင်းများ ထွက်ပေါ်နေခြင်းကြောင့် အားတီထံမေးမြန်းခဲ့ရာ ၎င်းက ထိုသို့ ဖြေကြားခဲ့သည်။

"ဝိုင်းစုအတွက် သီချင်း ရေးပေးနေတာ ဟုတ်ပါတယ်။ ဒါပေမဲ့မက်လောက်စရာ(၂)လို့ခေါင်းစဉ်လည်းမပေးထားသလို သီချင်းရဲ့ အကြောင်းအရာကလည်း လုံးဝမတူပါဘူး။ ပထမခွေထဲက မက်လောက်စရာသီချင်းကိုနားထောင်ပြီး ပေါ်လာတဲ့ စိတ်ကူးလေးကို ရေးပေးထားတာပါ။ သီချင်းအကြောင်းက အိမ်မွေးတိရစ္ဆာန်ကြောင်တစ်ကောင်ရဲ့ အကြောင်းပါ။ ကြောင်ဆိုတာမျိုးက အိမ်မှာဆိုရင် သခင်ကို ပွတ်သီးပွတ်သပ်နဲ့ အစာတောင်းစားမယ်။ ကလေးလေးလိုနေကြတယ်။ အပြင်ရောက်ရင်တော့ကဲပြီ။ အိမ်မှာ လိမ္မာသမျှအပြင်မှာ အတိုးချကဲတယ်ဆိုတာမျိုး ရေးထားတာပါ။ သီချင်းနာမည်ကလည်းခပ်ဆန်းဆန်းလေးပဲ ပေးထားတာပါ။ ဒါပေမဲ့ 'မက်လောက်စရာ (၂)' လို့တော့ ပေးမထားပါဘူး" ဟုတေးရေးအားတီက ပြောသည်။

ဝိုင်းစုခိုင်သိန်းအတွက် သီချင်းနှစ်ပုဒ်ရေးပေးဖြစ်ပြီး နှစ်ပုဒ်လုံးမှာ သီချင်းအမြူးလေးများဖြစ်သည်။ ဂီတအမျိုးအစားမှာ New Age Pop အမျိုးအစားများဖြစ်ပြီး သီချင်း၏ အကြောင်းအရာများမှာလည်း သမားရိုးကျထဲမှ ခွဲထွက်ထားသည်ဟု သိရသည်။



အေးသူစံ

■မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုတင်ဆက်မည့် မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကို ဇွန်လ ၂၆ ရက်နေ့တွင် အမျိုးသားကဇာတ်ရုံ၌ ကျင်းပမည်ဖြစ်သည်။ ပြပွဲတွင် တေးဂီတဖျော်ဖြေပွဲကို တေးရေးနောင်နောင် (SF)က စီစဉ်မည်ဖြစ်ပြီး အမျိုးသမီးများဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲအတွက် တင်မိုးလွင်က တာဝန်ယူစီစဉ်မည်ဖြစ်သည်။ ပွဲတစ်ခုလုံး၏ ဖျော်ဖြေရေးတင်ဆက်မှုအတွက် ဒါရိုက်တာမောင်သီက တာဝန်ယူတင်ဆက်မည်ဖြစ်သည်။

■စာရေးဆရာ ဖေမြင့်နှင့် ကာတွန်းအော်ပီကျယ်တို့သည် ၂၀၁၁ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် ကိုရီးယားနိုင်ငံသို့ စာပေဟောပြောရန် သွားရောက်မည်ဖြစ်ပြီး ကိုရီးယားနိုင်ငံ ပူချွန်းမြို့တွင် ယင်းနေ့မွန်းလွဲ တစ်နာရီခွဲမှ ညနေခြောက်နာရီအထိ ကျင်းပမည်ဖြစ်သည်။ စာပေဟောပြောပွဲတွင် စာရေးဆရာနှစ်ဦး၏ စာအုပ်များ ရောင်းချပွဲ၊ ပြသပွဲများအပါအဝင် စာရေးသူနှင့် စာဖတ်သူတို့ ဆွေးနွေးပွဲများကိုလည်း ထည့်သွင်းထားသည်ဟု သိရသည်။

■ထက်ထက် (Bobby Soxer) နှင့် လွှမ်းပိုင်တို့သည် စုံတွဲခွေတစ်ခွေ စီစဉ်နေပြီး ယခုနှစ်အတွင်း ထွက်ရှိနိုင်ရန် ဆောင်ရွက်နေကြောင်း ထက်ထက်ကပြောသည်။ ယင်းအခွေတွင် တစ်ယောက်တစ်ခြမ်းသီဆိုထားသည့် သီချင်းခြောက်ပုဒ်စီပါဝင်မည်ဖြစ်ပြီး စုံတွဲသီချင်းသုံးပုဒ်ခန့် ထည့်သွင်းမည်ဖြစ်သည်။ လက်ရှိတွင် ၎င်းတို့နှစ်ဦး၏ နာမည်ကြီးသီချင်းဖြစ်သော 'ခုန်လိုက်' သီချင်းပုံစံနှင့်မတူသည့်သီချင်းပုံစံများကိုထည့်သွင်းထားမည်ဖြစ်ပြီး Twister ဘက်နွယ်သော ဟစ်ဟော့ပ်ဂီတပုံစံအများဆုံးပါဝင်မည်ဟုသိရသည်။

■သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့တွင် မေလ ၁၈ ရက်မှ ၂၂ ရက်အထိ ကျင်းပခဲ့သော ဗုဒ္ဓသာသနာနှစ် (၂၆၀၀)ပြည့်အထိမ်းအမှတ်ပွဲတော်ကြီးတွင် သီရိလင်္ကာ-မြန်မာချစ်ကြည်ရေးအသင်း၏ဖိတ်ကြားချက်အရမြန်မာနိုင်ငံမှ အနုပညာရှင်များဖြစ်ကြသည့် မိုးယံဇွန်၊ ယုသန္တာတင်နှင့် ဂွတ္တဝင်တို့သုံးဦးက နိုင်ငံကိုယ်စားပြုတက်ရောက်ခဲ့ကြသည်။ ၎င်းခရီးစဉ်နှင့်ပတ်သက်သော ရှင်းလင်းပွဲတစ်ရပ်ကို မေလ ၂၆ရက်နေ့က စင်ထရယ်ဟိုတယ်၌ ပြုလုပ်ခဲ့သည်။






7 DAY NEWS JOURNAL
Vol.10, No.11 · JUNE 2, 2011

## စာ - ၄၇၊ စံရတီမိုးမြင့် မှ

ဖန်ပေ့ချ်ကတော့ ဝေဖန်မှုတွေအများဆုံးလက်ခံရရှိတယ်။ ပရိသတ်တွေကလည်းသူတို့မျက်စိထဲမှာ မြင်တွေ့နေတာတွေကို ဝေဖန်ပေးတယ်။ ဘယ်လိုဖက်ရှင်မျိုးဆို လိုက်ဖက်တယ်၊ ဘယ်လိုဖက်ရှင်မျိုးက မလိုက်ဘူးပေါ့။ တချို့က စံရတီကို Cute ဖြစ်တဲ့ပုံစံနဲ့ လိုက်တယ်ပြောတယ်။ တချို့က Sexy ဖြစ်တဲ့ဒီဇိုင်းလေးတွေနဲ့ လိုက်ဖက်တယ်လို့ပြောကြတယ်။ စံရတီ့ အတွက်ကျတော့ ဒီဝေဖန်မှုတွေက အရမ်းအဆင်ပြေတယ်။ ကိုယ့်ဖက်ရှင်ကို သူတို့ဝေဖန်တဲ့ အနေအထားကနေ မျှတအောင်ဖန်တီးပြီး ဝတ်ဆင်ပါတယ်။

ဖေ့စ်ဘွတ်ခ်အကောင့်ဖွင့်ထားတဲ့အတွက်ကြောင့် ကိုယ့်ပရိသတ်တွေနဲ့ ရင်းရင်းနှီးနှီး နွေးနွေးထွေးထွေးလေးရှိတယ်။ ဓာတ်ပုံတစ်ပုံတင်လိုက်တာနဲ့ ကိုယ့် ဖန်တွေရဲ့ဝေဖန်မှုတွေ၊ အကြံပေးမှုတွေကို ချက်ချင်း မြင်ရတွေ့ရတာ အရမ်းစိတ်လှုပ်ရှားဖို့ကောင်းတယ်။ ကိုစိုင်းစိုင်းတို့၊ သန္တာဗိုတို့ဆိုလည်းသူတို့ပရိသတ်တွေကို နွေးနွေးထွေးထွေးပြန်ဖြေထားတာလေးတွေကို စံရတီ သဘောကျတယ်။ ဒါကြောင့် ကိုယ့်ဖန်တွေကိုလည်း အမြဲတမ်း နွေးနွေးထွေးထွေးနဲ့ ပြန်ဆက်ဆံတယ်။ ပြန်ဖြေတယ်။

ကိုယ့်ရဲ့အကောင့်မှာသဘောရိုးနဲ့ သူငယ်ချင်းဖြစ်ချင်လို့ လာ Addတာရှိသလို အနှောင့်အယှက်ပြုခံရတာတွေလည်း ကြုံဖူးပါတယ်။ ကိုယ်က ဓာတ်ပုံတစ်ပုံကို ကိုယ့်ဖန်တွေ၊စာရင်းထဲက သူငယ်ချင်းတွေကို ကြည့်စေချင်လို့ တင်လိုက်တာ။ တချို့တွေက အဲဒီပုံတွေကို Celebrities.com တို့လို ဝက်ဘ်ဆိုက်တွေမှာတင်လိုက်ကြတယ်။ အဲဒါကျတော့မကောင်းဘူးပေါ့။ ကိုယ်တွေက အပျော်ရိုက်ထားတာပါ။ ကိုယ့်ဝေါလ်ပေါ်မှာ တင်လိုက်ရင် ဒါမျိုးလုပ်ချင်တဲ့သူက ယူသွားမှာပဲဆိုတော့ နောက်ပိုင်းပုံတွေတင်ရင် စိစစ်ပြီးမှတင်တော့တယ်။ ဒါပေမဲ့ သူငယ်ချင်းတွေနဲ့ရိုက်ထားတဲ့ပုံတွေကျတော့ Tag လုပ်ပြီး တွဲတာမျိုးတွေတော့ ရှောင်လို့မရဘူးပေါ့။

စံရတီဖေ့စ်ဘွတ်ခ်မှာသူငယ်ချင်းတွေ ဘာပြောပြော စံရတီ ဝင်ဆွေးနွေးပေးတယ်။ မေးခွန်းတွေဆိုလည်းပြန်ဖြေပေးတယ်။ ကိုယ်က သူတို့နဲ့ အပြင်မှာ အမြဲမတွေ့နိုင်ဘူးလေ။ ဒီတော့ ဖေ့စ်ဘွတ်ခ်မှာ နွေးနွေးထွေးထွေးနဲ့ ပြန်ပြောတယ်။ ဒီအလုပ်မလုပ်ခင်ကတည်းက ကိုယ်လည်း တခြား Celebrity တွေရဲ့ အကောင့်တွေမှာ ဝင်ရေးတာတို့၊ မေးခွန်းမေးတာတို့ကို အနုပညာရှင်က ပြန်ဖြေရင် သဘောကျတယ်လေ။ အပြင်မှာကျတော့ သူတို့မေးတာတွေကို ကိုယ်က တစ်ခွန်းချင်းစီ ပြန်မဖြေနိုင်တော့ ဖေ့စ်ဘွတ်ခ်ထဲမှာ အမြဲပြန်ဖြေဖြစ်ပါတယ်။

ဖေ့စ်ဘွတ်ခ်ကိုကိုယ့်ရဲ့တစ်နေ့တာမှာ အချိန်တော်တော်ပေးပြီးတော့ကို သုံးဖြစ်တယ်။ ညပိုင်းသုံးတာများတယ်။ မနက်ပိုင်းတွေက အလုပ်လုပ်ရတော့ ညပိုင်းဆို ဖေ့စ်ဘွတ်ခ်ကိုပုံမှန်သုံးတယ်။ ဖေ့စ်ဘွတ်ခ်ကိုတစ်နေ့မသုံးရရင် တစ်ခုခုလိုနေသလိုပဲ။ ဖေ့စ်ဘွတ်ခ်စွဲနေတဲ့အနုပညာရှင်ထဲမှာ စံရတီက ထိပ်ဆုံးကပါတယ်။ စံရတီအကောင့်ထဲမှာဆိုအနုပညာရှင်တွေထဲက ကိုစိုင်းစိုင်း၊ သန္တာဗို၊ အားတီ၊ ကိုဇော်ဌေးတို့နဲ့ အမြဲတွေ့ဖြစ်ပြောဖြစ်တယ်။

အနုပညာရှင်တိုင်းမှာ ဖေ့စ်ဘွတ်ခ်အကောင့်လေးတစ်ခုတော့ ရှိသင့်တယ်လို့စံရတီမြင်ပါတယ်။ ကိုယ်လှုပ်ရှားမှုမှန်သမျှ ချပြဖို့ဆိုတာ ဖေ့စ်ဘွတ်ခ်လိုနေရာမျိုးပဲ ရှိနိုင်တာလေ။ ကိုယ့်ပရိသတ်တွေနဲ့လည်း ရင်းရင်းနှီးနှီး နွေးနွေးထွေးထွေးရှိတယ်။ ဒါပေမဲ့ မလိုလားအပ်တဲ့ပြဿနာတွေလည်း ကြုံရနိုင်တယ်။ ကိုယ်ကြော်ငြာတဲ့ကုန်ပစ္စည်းဓာတ်ပုံတွေဆို တခြားဆိုက်တွေပေါ် ရောက်ရောက်သွားနိုင်တယ်။ ဒါကြောင့် ကုန်ပစ္စည်းကြော်ငြာဓာတ်ပုံတွေ၊ မဂ္ဂဇင်းဓာတ်ပုံတွေဆို ကြော်ငြာလွှင့်ပြီး မဂ္ဂဇင်းထွက်ပြီးမှ တင်ဖြစ်တယ်။

စံရတီကို အားပေးတဲ့၊ ဝေဖန်အကြံပေးချင်တဲ့ပရိသတ်တွေက စံရတီလိပ်စာနဲ့ ဖုန်းနံပါတ်ကို မသိကြတာများတယ်လေ။ စံရတီမှာဖေ့စ်ဘွတ်ခ်ရှိတော့ နာမည်ရိုက်လိုက်ရုံနဲ့တင် ရှာတွေ့နေပြီဆိုတော့ ပေးချင်တဲ့အကြံတွေကို အလွယ်တကူပေးနိုင်တယ်။ တစ်ဦးတစ်ယောက်ချင်းကို မဟုတ်ဘဲ အားလုံးကို တစ်ပြိုင်တည်းမှာ တုံ့ပြန်ပြောဆိုနိုင်တယ်။

ရင်းနှီးတဲ့သူငယ်ချင်းတွေ၊ အပြင်မှာခင်တဲ့သူငယ်ချင်းတွေရဲ့ ဖေ့စ်ဘွတ်ခ်တွေမှာ စာသွားရေးတာမျိုးတွေရှိပါတယ်။ အနုပညာရှင်ထဲကဆို အရေးကြီးတဲ့စကားပြောစရာရှိတဲ့အခါ ဖုန်းတွေ ဘာတွေဆက်လို့မရရင် သူတို့ ဖေ့စ်ဘွတ်ခ်မှာ သွားရေးဖြစ်တယ်။ အလုပ်နဲ့ပတ်သက်ရင်တော့ ဖေ့စ်ဘွတ်ခ်ကနေ သီချင်းဗီစီဒီတွေ ရိုက်ကူးပေးဖို့ ကမ်းလှမ်းခံရတာမျိုးလည်းရှိတယ်။

ဖေ့စ်ဘွတ်ခ်ဝင်လိုက်တာနဲ့ ကွန်းမန့်တွေဖတ်တာများတယ်။ တချို့ Application တွေဆို ဝင်ကလိကြည့်တယ်။ ဂိမ်းတော့ သိပ်မဆော့ဖြစ်ဘူး။ ဖန်တွေ ဝင်ရေးထားတဲ့ ကွန်းမန့်တွေကို ဖတ်ရတာ ရင်ခုန်တယ်။ အရမ်းသဘောကျတယ်။

ဖေ့စ်ဘွတ်ခ်ကိုသာမန်လူတွေလည်းသုံးကြတယ်။ ခုခေတ်မှာ ကလေးက အစ သုံးနေကြတာဆိုတော့ အနုပညာ ရှင်တွေအနေနဲ့လည်း သုံးသင့်ပါတယ်။ ဒါပေမဲ့ ကိုယ့် အတွက် အကျိုးရှိအောင် အသုံးချတတ်မယ်ဆိုရင်တော့ ကောင်းပါတယ်။ ဘယ်အရာမဆို ကောင်းတာရှိသလို မကောင်းတာလည်းရှိတော့ စံရတီကတော့ ဖေ့စ်ဘွတ်ခ်ကို ကိုယ့်အတွက် အကျိုးရှိအောင် အများဆုံး အသုံးချပါတယ်။




## ရော့ခ်နဲ့ဟစ်ဟော့ပ် ရောသမမွှေတဲ့ပွဲ

ဒဲနစ်အောင်အောင်

မျှော်စင်ကျွန်းမှာ ကျင်းပခဲ့တဲ့ ရော့ခ်နဲ့ ဟစ်ဟော့ပ် ဂီတပွဲလေးကိုသွားရောက် ကြည့်ဖြစ်ခဲ့ပါတယ်။ အမျိုးအစားမတူညီတဲ့ ဂီတနှစ်ခုကိုပေါင်းစပ် ကျင်းပတဲ့ပွဲမို့ ကြော်ငြာတွေ့ကတည်းက စိတ်ဝင်စားခဲ့တာပါ။ ပွဲစီစဉ်သူရဲ့ စိတ်ကူးစိတ်သန်းကောင်းပုံက ဟစ်ဟော့ပ်ထဲက တကယ့်လူငယ်ကြိုက် ရက်ပါတွေနဲ့ ရော့ခ်ဘက် ကလည်း တက်သစ်စ ရော့ခ်ကာတွေ ပေါင်းပြီးစီစဉ်ထားတဲ့ပွဲတစ်ခုပါ။ ပွဲလုပ်တဲ့ စနေနေ့ (မေ ၂၁ရက်) ညနေမှာ မိုးကအကြီးအကျယ်ရွာချလိုက်တော့ပွဲတော့ ပျက်ပြီလို့ ထင်လိုက်သေးတယ်။ မျှော်စင်ကျွန်းရောက်တော့ ဝင်ပေါက်မှာ လက်မှတ်ဝယ်။ လက်မှတ်ဈေးက ကြိုတင်ရောင်းဈေးငါးထောင်။ အခုမှ ဝယ်တော့ငါးထောင့်ငါးရာတဲ့။

မျှော်စင်ကျွန်းသွားရာ လမ်းတစ်လျှောက်မှာတော့ ဟစ်ဟော့ပ်ပွဲဖြစ်တဲ့သဘော သဘာဝအရလူငယ်တွေ။ လူငယ်မှ တော်တော့်ကို ငယ်ကြတာ။ ၁၅၊ ၁၆ နှစ်အရွယ်တွေ။ စင်ရှေ့ရောက်တော့ စင်ပေါ်မှာ Dancer တွေ ကနေပြီ။ အောက်က လူငယ်တွေလည်း တဟေးဟေးနဲ့ကို အားပေးနေကြတာ။ ကြည့်လို့ ကောင်းမယ့်နေရာတစ်နေရာယူပြီး သေချာကြည့်တော့မှ ကျွန်တော်ကိုယ်တိုင် စင်ပေါ် ပြေးတက်သွားချင်စိတ် ပေါက်မိပါတယ်။ ကနေကြပုံများ ဒါမျိုးလည်း ရှိသင့်ပါတယ်။

စင်အောက်က ပရိသတ်အများစုကတော့ ရန်ကုန် အင်တာနေရှင်နယ် ကျောင်းတွေက Grade 6, 7, 8 ထက်မပိုတဲ့ကလေးတွေများပါတယ်။ အစိုးရကျောင်းတွေကဆိုရင်လည်း နာမည်ကြီးကျောင်းက ကျောင်းသူ၊ ကျောင်းသားလေးတွေ အများစုကိုတွေ့ရပါတယ်။ အားလုံးလိုလို ကလေးသာသာလူငယ်တွေဆိုပေမယ့်စည်းကမ်းရှိရှိ အားပေးတာ တွေ့ရပါတယ်။ ဖက်ရှင်တွေကတော့ နည်းနည်းဆန်းတယ်။ ဟစ်ဟော့ပ်ပွဲတွေ သိပ်မကြည့်ဖြစ်တဲ့ ကျွန်တော်ညပိုင်းနေကာမျက်မှန်တကားကားနဲ့ လျှောက်သွားနေတဲ့ ကောင်လေး ငါးယောက်လောက်ကို မနည်းရှောင်နေရတယ်။

ကျွန်တော် သတိမထားမိလိုက်တဲ့ အချိန်မှာပဲ စင်ပေါ်မှာ ရက်ပါကောင်မလေး နှစ်ယောက်ရောက်နေပါတယ်။ ကတာတော့ တော်တော်ကြည့်လို့ ကောင်းပါတယ်။ ဒါပေမဲ့ နောက်က အခွေထဲမှာ Vocal သံပါ တစ်ခါတည်းထည့်ပြီး ရှေ့က ပါးစပ်လှုပ်နေတာတော့မကောင်းဘူးထင်တယ်။ ပရိသတ်အတော်များများလည်း ရိပ်မိပါတယ်။ ကောင်လေးတွေဘာမှ မပြောပေမယ့် မိန်းကလေးပရိသတ်တွေ လက်ခါပြလိုက်တာတွေ့မိလိုက်တယ်။

စာ(၃၀)သို့

## စာ - ၄၇၊ လမ်းခွဲလိုက်ကြတဲ့ ဘုဏ်းသိုက်နဲ့ ချမ်းချမ်း မှ

ချမ်းချမ်းသည် မေလလယ်က သြစတြေးလျသို့ ပြည်ပဖျော်ဖြေပွဲအတွက် ရန်ကုန်မှ မေလ ၁၇ ရက်တွင် ထွက်ခွာသွားပြီး ဇွန်လ ၇ ရက်နေ့တွင်မှပြန်လည်ရောက်ရှိမည်ဖြစ်သည်။ သြစတြေးလျသို့ချမ်းချမ်း မထွက်ခွာခင် အချိန်တည်းက ဘုဏ်းသိုက်နှင့် လမ်းခွဲခဲ့ခြင်းဖြစ်သည်ဟုသိရ သည်။

"ခုချိန်မှာ ဘာအလုပ်မှ မလုပ်နိုင်အောင်အရမ်းခံစားရလို့ အလုပ်တွေအကုန်လုံးကို ဒီတစ်ပတ်လုံး လုံးဝမလုပ်ဘဲ နောက်တစ်ပတ်ထဲနောက်ဆုတ်ထားပါတယ်"ဟု ဘုဏ်းသိုက်က သူ၏လက်ရှိခံစားချက်ကိုပြောပြသည်။ ချမ်းချမ်းနှင့်ဘုဏ်းသိုက်သည် ချမ်းချမ်း၏ 'တကယ်ဆိုရင် အချစ်ပဲလိုတယ်' ဗီစီဒီတွင် 'နေပါစေ' သီချင်း၌ အတူတွဲဖက်သရုပ်ဆောင်ခဲ့ပြီး ၎င်းတို့နှစ်ဦး၏ အချစ်ရေးနှင့်ပတ်သက်၍စာမျက်နှာများထက်တွင် ပွင့်ပွင့်လင်းလင်း ဖြေကြားခဲ့ခြင်းများရှိခဲ့သည်။

# TOP 10 MOVIES IN AMERICA

ယခုတစ်ပတ်အတွင်း
အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး
ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Pirates of the Caribbean: On Stranger Tides | N/A | ၉၀,၁၅၁,၉၅၈ | ၁ |
| ၂။ | Bridesmaids | Universal | ၅၉,၃၄၁,၃၁၀ | ၂ |
| ၃။ | Thor | Paramount | ၁၄၅,၃၆၁,၄၅၉ | ၃ |
| ၄။ | Fast Five | N/A | ၁၈၆,၁၆၅,၄၅၀ | ၄ |
| ၅။ | Priest | Sony | ၂၃,၈၃၃,၁၆၉ | ၂ |
| ၆။ | RIO | 20th Century Fox | ၁၃၁,၆၈၄,၃၆၅ | ၆ |
| ၇။ | Jumping the Broom | Columbia Tristar | ၃၁,၃၂၀,၅၆၂ | ၃ |
| ၈။ | Something Borrowed | Warner Brons | ၃၁,၅၁၉,၄၅၂ | ၃ |
| ၉။ | Water For Elephants | Fox 2000 | ၅၂,၄၅၆,၆၂၀ | ၅ |
| ၁၀။ | Tyler Perry's Madea's Big Happy Family | Lionsgate, The Tyler Perry Comapny | ၅၁,၇၂၃,၅၇၉ | ၅ |

## Movie Review

### X-Men : First Class



ဗီဇပြုပြင်ထားသော လူသားများ(ဗြူဟ်သား)များ ကမ္ဘာပေါ်တွင်ပေါ်ထွက်မလာမီ ချားလ်စ်နှင့် အဲရစ်တို့လည်း Professor X နှင့် Magneto ဟူသောအမည်များကို မခံယူမီတွင် ၎င်းတို့သည် အခင်မင်ဆုံး သူငယ်ချင်းများဖြစ်ကြပြီး ၎င်းတို့၏ ထူးခြားသောစွမ်းအင်များကို အသုံးပြု၍ ကမ္ဘာပေါ်တွင် နျူကလီးယားဘေးဒုက္ခကြီးမဖြစ်ပေါ်စေရန် အခြားဗြူဟ်သားများနှင့် ပူးပေါင်းဆောင်ရွက်ကြသည်။ သို့သော် ယင်းသို့ ကမ္ဘာကြီး မီးလောင်တိုက်အသွင်းခံရမည့်အရေးကိုဆောင်ရွက်နေကြစဉ်မှာပင် ၎င်းတို့နှစ်ဦးကြားတွင် အငြိုးအတေး အာဃာတများ ကြီးထွားလာပြီး Magneto's Brotherhood နှင့် Professor X's X-men ဟူ၍ ဂိုဏ်းများဖွဲ့ကြပြီး တစ်ဦးကိုတစ်ဦး အပြုတ်နှံကြရာ. . . . ။

Matthew Vaughn ရိုက်ကူးထားသည့် စိတ်ကူးယဉ်သိပ္ပံ၊ စွန့်စားခန်း၊ အက်ရှင် X-men ရုပ်ရှင်ကားအဆက်တွင် James Mc Avoy၊ Michael Fassbender၊ Caleb Landry Jones တို့ ဦးဆောင်ပါဝင်သည်။ 20th Century Fox က ဇွန်လ ၃ ရက်နေ့တွင်ဖြန့်ချိမည်ဖြစ်သည်။


# Sports

7 DAY NEWS JOURNAL
No.11 • JUNE 2, 2011

★★★အားကစားကြယ်ပွင့်★★★

“ဆုဖလားတွေ၊ ဂုဏ်ပြုခြင်းတွေ၊ အောင်မြင်မှုတွေဘယ်လောက်ပဲရပါစေ၊ ကျွန်တော်က ရိုဆာရီယိုမြို့ကလေး(အာဂျင်တီးနားနိုင်ငံ)မှာကြီးပြင်းခဲ့တဲ့ကောင်ကလေးတစ်ယောက်ပါပဲ။ အဲဒီမြို့သေးသေးလေးက ကျွန်တော့်ရဲ့ အိပ်မက်တွေအကောင်အထည်ဖော်ဖို့ အစပြုခဲ့တဲ့ နေရာပါ။ ပြီးတော့ ကျွန်တော့်ကိုယ်ကျွန်တော်ဘောလုံးသမားတစ်ယောက်ဖြစ်လာမယ်လို့တောင်မထင်ခဲ့ပါဘူး”

အထက်ပါစကားလုံးတွေပြောတဲ့သူကတော့ အသက် ၂၃ နှစ်သာရှိသေးပေမယ့် ကမ္ဘာ့ဘောလုံးသမိုင်းမှာ ဒဏ္ဍာရီ သူရဲကောင်းတွေဖြစ်တဲ့ ပီလီ၊ မာရာဒိုနာတို့နဲ့ တူညီတဲ့အဆင့်ရောက်နေပြီလို့သတ်မှတ်ခံထားရတဲ့ ကောင်လေးတစ်ယောက်ပါ။ သူက အာဂျင်တီးနားလက်ရွေးစင်နှင့် ကမ္ဘာကျော်ဘာစီလိုနာဘောလုံးကလပ်ရဲ့ ဘောလုံးမင်းသားမက်ဆီပါ။ သူ၏ကိုယ်ပိုင်ဖေ့စ်ဘွတ်ခ် (Leo Messi) စာမျက်နှာမှာ သူ့အကြောင်း ကိုယ်တိုင်ရေးထားတဲ့စာတိုလေးပါ။



အားမာန်

# ၂၃ ရာစုရဲ့ ဘောလုံးသူရဲကောင်း

အရပ် ၅ ပေ ၇ လက်မသာရှိပြီး လူကောင်သေးသေးလေးနှင့် သူက ဆုဖလားတွေတစ်ခုပြီးတစ်ခုရယူနေသည်။ တစ်ဦးချင်းဆုတံဆိပ်များနှင့် စံချိန်များစွာကိုလည်း သိမ်းကျုံးယူနေသည်။ ထိုအရာများထက်ပို၍ ထူးကဲသည်က တစ်ကမ္ဘာလုံးမှ ဘောလုံးချစ်ပရိသတ်များကို မြက်ခင်းစိမ်းစိမ်းပေါ်မှ ဖျော်ဖြေပေးနေသော သူ၏ မှော်ဆန်သော ဘောလုံးကကွက်များပင်ဖြစ်ပါသည်။

ကမ္ဘာကျော်တိုင်းမ်မဂ္ဂဇင်းမှ ရွေးချယ်သော ၂၀၁၁ ခုနှစ်အတွက် ကမ္ဘာတွင်ဩဇာအလွှမ်းမိုးနိုင်ဆုံး ပုဂ္ဂိုလ် ၁၀၀ စာရင်းဝင်သည့်ကောင်လေး၏ ဘောလုံးစွမ်းရည်နှင့် ပတ်သက်၍ နာမည်ကျော်ပြင်သစ်ဘောလုံးသမားအွန်နရီက အောက်ပါတိုင်း မှတ်ချက်ပြုရေးသားထားသည်။

“သူက ကလေးပဲရှိသေးတယ်။ လူကောင်လေးကလည်း ခပ်သေးသေးနဲ့ ခင်ဗျားကို ဘယ်တော့မှ နာကျင်အောင်လုပ်မယ်လို့ မထင်ရဘူး။ ဒါပေမဲ့ သူ့ခြေထောက်ထဲ ဘောလုံးရောက်သွားရင်တော့ ခင်ဗျားဒုက္ခရောက်ပြီသာမှတ်။ သူက လေ့ကျင့်ရေးကွင်းမှာတောင် မရှုံးနိမ့်ချင်သူပါ”

ပါရမီရှင်နည်းပြဟုဘောလုံးရေးရာကျွမ်းကျင်သူများက သတ်မှတ်ခံထားရသည့် ဘာစီလိုနာနည်းပြဂွါဒီယိုလာကလည်း “ကျွန်တော်မြင်ခဲ့ဖူးသမျှဘောလုံးသမားတွေထဲမှာ လီယိုနယ်လ်က အကောင်းဆုံးပါပဲ”ဟု မက်ဆီအကြောင်းချီးမွမ်းခန်းဖွင့်သည်။ ဘာစီလိုနာကို ဂွါဒီယိုလာ ကိုင်တွယ်ခဲ့သော သုံးနှစ်အတွင်း ဖလားကိုးလုံးရယူနိုင်ခဲ့သောနည်းပြဖြစ်သည်။ ထိုဖလား ကိုးလုံးတွင် ဥရောပချန်ပီယံလိဂ်ဖလားနှစ်လုံးနှင့် စပိန်လာလီဂါချန်ပီယံဖလားသုံးလုံးပါဝင်သည်။ ၁၉၉၂ က ကမ္ဘာ့ဘောလုံးလောက မှင်တက်စေခဲ့သော အိပ်မက်အသင်းဟု တင်စားခံရသည့် ဘာစီလိုနာထက်လက်ရှိအသင်းကပိုကောင်းနေပြီဖြစ်သည်။ ဂွါဒီယိုလာ၏ တပ်သားများထဲတွင်မှ မက်ဆီက အစွမ်းထက်ဆုံးဖြစ်၏။

“သူက ဘယ်ပြိုင်ပွဲမှာမဆို သူ့ရဲ့ အစွမ်းကိုထုတ်ပြတယ်။ သူက ဒိုက်မထိုးတတ်ဘူး။ ဒိုင်လူကြီးကိုစောဒကမတက်ဘူး။ သူလဲကျနေရင်လည်း ပြန်ထပြီး အကောင်းဆုံးပြန်ကြိုးစားတယ်။ မက်ဆီက ဘောလုံးသမားတိုင်းရဲ့ စံပြပါပဲ”ဟု ၁၉၉၂ ဝန်းကျင်က အိပ်မက်အသင်းကိုပွဲကိုင်ခဲ့သော ဘာစီလိုနာအသင်းနည်းပြဟောင်း ဂျိုဘန်ခရိုးယက်ကလည်း ဆိုသည်။

ကမ္ဘာကျော် စီအင်န်အင်န်သတင်းဌာနအားကစားသတင်းထောက်ကလည်း “ကမ္ဘာမြေပေါ်က အကောင်းဆုံး ဘောလုံးသမား”၊ “ဒဏ္ဍာရီထဲက အကောင်းဆုံး ဘောလုံးသမား”ဟု ဘာကာ-မန်ယူပွဲမတိုင်မီနှင့် ပွဲအပြီးတွင် မှတ်ချက်ပြုခဲ့သည်။

သူ၏ ဘောလုံးမှော်ဆန်သော စွမ်းရည်နှင့် ဆုဖလားများ တစ်ခုပြီးတစ်ခု ဆက်တိုက် သိမ်းယူနေမှုကြောင့် မာရာဒိုနာ၊ ပီလီတို့ထက်ပင်သာလွန်၍ ဘောလုံးလောက၏ ထာဝရအကောင်းဆုံး ဘောလုံးသမားဖြစ်ရန် အခြေအနေသို့ရောက်ရှိနေပြီဟု ဘောလုံးရေးရာကျွမ်းကျင်သူအချို့ကလည်း ဆိုနေလေပြီ။ သို့သော်အချို့သော ဘောလုံးရေးရာ ကျွမ်းကျင်သူအချို့ကလည်း မက်ဆီမှာ ပီလီ၊ မာရာဒိုနာတို့ကဲ့သို့ကမ္ဘာ့ဖလား မရဖူးသေး၍ ၎င်းတို့နှင့် တန်းတူ မသတ်မှတ်နိုင်သေးကြောင်း မှတ်ချက်ပြုကြသည်။

သို့သော် ဂန္ထဝင်ဘောလုံးသမား မာရာဒိုနာကမူ မက်ဆီကို သူနှင့် နှိုင်းယှဉ်ခြင်းကိုနှစ်သက်သည်။ “ကြီးကျယ်တဲ့ဘောလုံးသမားတွေက လူတိုင်းရဲ့မျက်လုံးဖွင့်လာအောင်၊ အမြဲအမှတ်ရနေအောင် ကစားနိုင်တယ်။ ဒါပေမဲ့ တကယ့်ကိုထူးခြားကောင်းမွန်တဲ့ ပါရမီရှင်ကစားသမားတွေက ခင်ဗျားတို့ ဘယ်တုန်းကမှ တွေးမထားတဲ့ အရာတွေကို ရင်သပ်ရှုမောဖြစ်အောင် ဖျော်ဖြေပေးနိုင်တယ်။ ဒါက မက်ဆီလုပ်ပြနေတဲ့ ပုံစံမျိုးပေါ့”ဟု မာရာဒိုနာက မက်ဆီနှင့်ပတ်သက်၍ပြောသည်။

သည်ကောင်လေး၏ တစ်ဦးချင်းရယူခဲ့သော ဆုတံဆိပ်များကလည်း မနည်းမနောပင်။ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုကို ၂၀၀၈-၀၉ နှင့်၊ ၂၀၀၉-၁၀ ဘောလုံးရာသီ နှစ်နှစ်ဆက်ရရှိထားသည်။ ဥရောပအကောင်းဆုံးဘောလုံးသမား ဆုကိုလည်း ၂၀၀၉ ခုနှစ်က ရရှိခဲ့သည်။ ဖီဖာ၏ တစ်နှစ်တာအကောင်းဆုံးဘောလုံးအသင်းတွင်လည်း ၃ နှစ်ဆက်၊ လာလီဂါအကောင်းဆုံးဘောလုံးသမားဆုကို ၂ နှစ်ဆက် ရရှိထားသည်။ ထို့အပြင် အသက် ၂၁အောက်ဥရောပအကောင်းဆုံးဘောလုံးသမားဆု၊ လာလီဂါ၏ အကောင်းဆုံးဘောလုံးသမားဆု၊ ဥရောပဂိုးသွင်းအများဆုံး ရွှေဖိနပ်ဆု၊ ဥရောပချန်ပီယံလိဂ် ဂိုးသွင်းအများဆုံးဆုနှင့် အကောင်းဆုံးဆုစသော ဆုတံဆိပ်ပေါင်းများစွာကိုရရှိထားသည်။

ကလပ်အသင်းဖြင့် ဥရောပချန်ပီယံလိဂ်၊ ကမ္ဘာ့တိုက်ကြီးများဖလား၊ လာလီဂါအမှတ်ပေးချန်ပီယံ၊ စပိန်ဘုရင့်ဖလားစသော အဓိကဆုဖလားကြီးများအားလုံးကိုလည်း သိမ်းကျုံးယူထားသည်။

ယူ-၂၃ အာဂျင်တီးနားအသင်းနှင့်အတူ ၂၀၀၈ အိုလံပစ်ဖလားကို ရရှိအောင် အဓိကနေရာမှ စွမ်းဆောင်ပေးခဲ့သည်။ သို့သော် ကိုပါအမေရိကဖလားနှင့် ကမ္ဘာ့ဖလားများကိုတော့ မက်ဆီ မရဖူးသေး။

မက်ဆီကို ၁၉၈၇ ဇွန် ၂၄ ရက်တွင် စက်ရုံအလုပ်သမားဖခင်နှင့် အချိန်ပိုင်းသန့်ရှင်းရေးဝန်ထမ်း မိခင်တို့မှ ရိုဆာရီယိုမြို့ကလေးတွင်မွေးဖွားခဲ့သည်။ ညီအစ်ကိုသုံးဦးတွင် သူကအငယ်ဆုံးသားဖြစ်သည်။ အသက်ငါးနှစ်အရွယ်တွင်ဘောလုံးစတင်ကစားသော မက်ဆီမှာ အသက် ရှစ်နှစ်အရွယ်၌ နယူးဝဲလ်အိုးဘွိုင်းအသင်းတွင် စတင်ကစားသည်။

သို့သော် လူကောင်သေးသေးကောင်လေးမှာ တစ်လတွင် ဒေါ်လာ ၉၀၀ ကုန်ကျမည့် ဟော်မုန်းချို့တဲ့သည့် ဝေဒနာကြောင့် စိတ်ဝင်စားသောအသင်းများ လက်လန်သွားကြသည်။ သို့သော် သူ့ဘဝအလှည့်အပြောင်းမှာ ဘာစီလိုနာ၏ အားကစားဒါရိုက်တာ Carles Rexach က တွေ့ရှိပြီး အသင်းသို့ ခေါ်ယူသွားခြင်းဖြစ်သည်။

ဘာကာဘောလုံးအကယ်ဒမီသို့ရောက်ပြီး ဘောလုံးပညာနို့ရည်ဝလင်စွာ သောက်သုံးပြီးနောက် အသက်ရလာသည်နှင့် အမျှ ဘောလုံးစွမ်းရည်များ ပိုမိုပြည့်ဝလာတော့သည်။ အသက် ၁၆ နှစ်နှင့် ၁၄၅ ရက်တွင် ဘာစီလိုနာအသင်းကြီးအတွက် စတင်ကစားခဲ့သည်။ လွန်ခဲ့သည့်ငါးနှစ်မှစ၍ ကမ္ဘာကျော် ဘာကာ၌ ပုံမှန်ပွဲထွက်ခွင့်ရကာ အစွမ်းပြတော့သည်။ ကမ္ဘာ့အကောင်းဆုံးစာရင်းဝင် ရှာဗီ၊ အင်နီယေစတာတို့နှင့်တွဲဖက်၍ ဆုဖလားများ တစ်ခုပြီးတစ်ခု သိမ်းပိုက်ကာ

စာ(၅၁)သို့






7DAY NEWS JOURNAL
Vol.10, No.11 • JUNE 2, 2011



# မြန်မာကလပ်များ အာရှဘောလုံး အဖွဲ့ချုပ်ဖလား ဝင်ပြိုင်မည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ မေ – ၂၇**

၂၀၁၂ အာရှဘောလုံးအဖွဲ့ချုပ်ဖလားပြိုင်ပွဲ(AFC Cup)သို့မြန်မာကလပ်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"2012 AFC Cup ဝင်ပြိုင်မပြိုင်ကိုAFC(အာရှဘောလုံးအဖွဲ့ချုပ်)က ဇွန် ၁ ရက်နောက်ဆုံးထား အကြောင်းကြားဖို့ပြောထားပါတယ်။ ကျွန်တော်တို့အနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်ဖို့ အကြောင်းကြားသွားမှာပါ"ဟုဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူက မေ ၁၇ တွင်ပြောသည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် အာရှဘောလုံးအဖွဲ့ချုပ်ဖလားပြိုင်ပွဲအား ၂၀၀၄ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခြင်းဖြစ်ပြီး၊ ပြိုင်ပွဲအဆင့်အတန်းအနေဖြင့် အာရှဘောလုံးအဖွဲ့ချုပ် ချန်ပီယံလိဂ်ပြိုင်ပွဲ အဆင့်အမြင့်ဆုံးကလပ် အသင်းပြိုင်ပွဲဖြစ်သည်။ ရတနာပုံဝင်ရောက်ယှဉ်ပြိုင်သော အာရှဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလားထက် ပိုမိုအဆင့်မြင့်သော ပြိုင်ပွဲတစ်ခုဖြစ်သည်။

အေအက်ဖ်စီဖလားပြိုင်ပွဲအား တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရရှိလိုသည့် လိဂ်ပြိုင်ပွဲအနေဖြင့် အနည်းဆုံးပြိုင်ပွဲဝင် အသင်း ၁၂ သင်းရှိရန်လိုအပ်ပြီး အသင်းခြောက်သင်းသည် ကိုယ်ပိုင်တွင် ပိုင်ဆိုင်ရန် လိုအပ်ကာ အိမ်ကွင်း၊ အဝေးကွင်းစနစ်ကို ကျင့်သုံးနိုင်ရန် လိုအပ်သည်။

လက်ရှိ မြန်မာနေရှင်နယ်လိဂ် ပထမအကျော့ပွဲစဉ်များကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်း၊ တောင်ကြီးမြို့ရှိ ကမ္ဘောဇကွင်း၊ မန္တလေးမြို့ရှိ ဗထူးကွင်းနှင့် မုံရွာမြို့ မုံရွာကွင်းတို့တွင် ကျင်းပပြုလုပ်လျက်ရှိပြီး၊ ဒုတိယအကျော့တွင် နေပြည်တော် အသင်းမှ အိမ်ကွင်းအဖြစ်လက်ခံကျင်းပမည်ဖြစ်သောကြောင့် အိမ်ကွင်းခြောက်ကွင်းရှိလာမည်ဖြစ်သည်။

"နေပြည်တော်အသင်းကလည်း ဒုတိယအကျော့ပွဲစဉ်တွေကို သူတို့အိမ်ကွင်း(ပေါင်းလောင်းကွင်းမှာ ကျင်းပဖို့ တင်ပြထားပြီး အဆင်မြှင့်တင်ပြုပြင်မှုတွေပြုလုပ်နေပါပြီ။ MFF အနေနဲ့ AFC ကို ဒီကွင်းခြောက်ကွင်းရဲ့ ပုံတွေကိုလည်း တင်ပြသွားမှာပါ" ဟု MFF တာဝန်ရှိသူက ပြောသည်။

MNL ပြိုင်ပွဲဝင်အသင်းများအနက် ဆောက်သမ်း မြန်မာအသင်း၊ ရောဝတီယူနိုက်တက်နှင့် ဉဿယူနိုက်တက် အသင်းများသည် အိမ်ကွင်းလက်ခံကျင်းပနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်းနှင့် ၂၀၁၂MNLပြိုင်ပွဲအမီလက်ခံကျင်းပနိုင်ရန်စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။

## စာ(၅၀) – ၂၃ ရာစုရဲ့ ဘောလုံးသူရဲကောင်း မှ

ဘောလုံးသမိုင်းတွင် အကောင်းဆုံးကလပ်အသင်းအဖြစ် သမိုင်းသစ်ရေးထိုးလျက်ရှိသည်။

နိုင်ငံအသင်းနှင့် ကလပ်အသင်းအတွက်မန်ယူကိုချေမှုန်းခဲ့သည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲအထိ ပွဲပေါင်း ၃၂၄ ပွဲတွင် သည်ကောင်လေးက ၁၉၆ ဂိုးသွင်းထားပြီး ၈၄ ဂိုးကို ဖန်တီးပေးခဲ့သည်။ ပွဲအရေအတွက်နှင့်ဂိုးရအောင်စွမ်းဆောင်မှုကိုတွက်ပါက မာရာဒိုနာထက် ပင်ပိုနေပြီ။ သို့သော် ဘရာဇီးပြည်တွင်းပြိုင်ပွဲ၌သာ ကစားခဲ့သော ပီလီ၏ စံချိန်ကိုမူ မမီသေး။ သို့သော် မက်ဆီမှာ ၂၃ နှစ်သာရှိသေးသည်။ ယခုဘောလုံးရာသီတစ်ရာသီတည်း၌ပင် ပြိုင်ပွဲစုံ၌ ၅၃ ဂိုးသွင်းယူခဲ့သည်။ ထိုအရေအတွက်က စီရော်နယ်ဒို၏ သွင်းဂိုးအရေအတွက်နှင့် အတူတူပင်ဖြစ်သည်။ သို့သော် ဒိုလေး၏ သွင်းဂိုးများက ပြည်တွင်းဖလားတစ်လုံးသာရပြီး မက်ဆီ၏ သွင်းဂိုးများက အဓိကဆုဖလားနှစ်လုံး ရရှိစေခဲ့သည်။ ထို့ကြောင့် ဘောလုံး ကျွမ်းကျင်မှုများက မက်ဆီမှာ စီရော်နယ်ဒိုကို အပြတ်အသတ်ကျော်လွန်နေသည်ဟု သုံးသပ်ကြသည်။



သူနှင့်ပတ်သက်၍ အထူးခြားဆုံးမှာ မောက်မာမှုမရှိဘဲ ရိုးသားခြင်း၊ ကြိုးစားခြင်းစသော ကမ္ဘာကျော်များတွင် တွေ့ရခဲသော ကိုယ်ရည်ကိုယ်သွေးပင်။ ဘောလုံးသမားများသာမက အားကစားသမားတိုင်းက အတုယူသင့်သည့် အချက်များလည်းဖြစ်သည်။ မြန်မာနိုင်ငံ၌ အောင်မြင်မှုမည်မည်ရရမရှိသေးသော မြန်မာနေရှင်နယ်လိဂ်တွင် ကစားပြီး ဝင်ငွေယခင်ထက်ကောင်းလာသည်နှင့် ကလပ်သွား၊ အနှိပ်ခန်းသွား အားလုံးကို လူမထင်သော ဘောလုံးသမားအချို့နှင့် မြန်မာ အားကစားသမားတိုင်း အတုယူရမည့် စိတ်ဓာတ်ပင်။

ဘာစီလိုနာအသင်းနည်းပြဟောင်း ဂျိုဟန်ခရိုင်းဖ်က မက်ဆီ၏ ရိုးသားမှုနှင့်ပတ်သက်၍ "သူ့ရဲ့မျက်နှာမှာ အပြုံးကို အမြဲတန်းတွေ့ရတယ်။ ဒါပေမဲ့ ၆၀ ကျော်အဖိုးကြီးတွေရဲ့ ဆံပင်ပုံစံတုံးတုံးနဲ့ ခပ်အေးအေးပဲနေပြီး ပေါ်ပြူလာဖြစ်ဖို့ ဂရုမစိုက်တဲ့သူ၊ စကားကြီးစကားကျယ် တွေမပြောဘဲ သူဘာလုပ်မယ်ဆိုတာလောက်ပဲ စကားနည်းနည်းပြောတဲ့သူက မက်ဆီပဲ"ဟု မှတ်ချက်ပြုသည်။

မြန်မာနှင့် ကမ္ဘာဘောလုံးပရိသတ်တို့၏ အသည်းကျော် သရဲနီမန်ယူကို ခြေမှုန်းခဲ့သည့် ပွဲအပြီး မက်ဆီက သူ၏ ဖေ့စ်ဘွတ်ခ်တွင် "ဒါဟာတကယ့်ကို အံ့ဩစရာပါ။ ကျွန်တော့်အတွက် တတိယမြောက် ချန်ပီယံလိဂ်ဖလားကိုရခဲ့တဲ့အတွက် ဘုရားသခင်ကိုကျေးဇူးတင်ပါတယ်။ ဒီနေ့က ကျွန်တော့်အတွက် ထူးခြားတဲ့နေ့ပါပဲ။ အခုကျွန်တော် နိုင်ငံအသင်းနဲ့အတူအခုလိုအဓိက ဆုဖလားတွေရယူချင်ပါသေးတယ်" ဟု သူ၏ ဆန္ဒကို မေ ၂၈ ရက်က ရေးသားထားသည်။

# ဘောလုံးသမိုင်းတွင် အကောင်းဆုံးကလပ်အသင်းအဖြစ်

# သမိုင်းသစ်ရေးထိုးခဲ့သော ဘာစီလိုနာ




ပြီးခဲ့တဲ့မေလ ၂၈ရက်နေ့က ပြုလုပ်ခဲ့တဲ့ ဥရောပဘောလုံးကလပ်အသင်းများရဲ့ အဆင့်မြင့်ဆုံးပြိုင်ပွဲကြီးဖြစ်တဲ့ ၂၀၁၁ ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲမှာ ဘာစီလိုနာအသင်းက မန်ယူအသင်းကို ၃-၁ ဂိုးပြတ်နဲ့ ခြေအသာ၊ ကစားကွက်အသာကစားပြီး အနိုင်ယူသွားခဲ့ပါတယ်။ ဘာစီလိုနာဟာ ဒီပွဲမှာ အနိုင်ရခဲ့တဲ့အတွက် ချန်ပီယံလိဂ်သရဖူကို လေးကြိမ်မြောက်ရရှိခဲ့ပြီး၊ ဒီဆယ်စုနှစ်ရဲ့ အအောင်မြင်ဆုံးအသင်း ဖြစ်လာခဲ့ပါတယ်။

ဒါ့အပြင် ဘာစီလိုနာနည်းပြဂွါဒီယိုလာဟာလည်း ပြီးခဲ့တဲ့ သုံးနှစ်အတွင်း ချန်ပီယံလိဂ်ဖလားကို နှစ်ကြိမ်ရယူပေးနိုင်ခဲ့ပြီး ချန်ပီယံလိဂ်သမိုင်းမှာ အသက်အငယ်ဆုံးနဲ့ အောင်မြင်တဲ့နည်းပြတစ်ဦးဖြစ်လာခဲ့ပါတယ်။ မန်ယူနည်းပြ ဖာဂူဆန်က ဘာကာကို သူနည်းပြုလုပ်ခဲ့တဲ့ သက်တမ်းတစ်လျှောက် အကောင်းဆုံးအသင်းဟု ချီးကျူးသွားပါတယ်။ ဘောလုံးရေးရာကျွမ်းကျင်သူများကလည်း လက်ရှိ ဘာစီလိုနာမှာ ဘောလုံးသမိုင်းတစ်လျှောက် အကောင်းဆုံးအသင်းဟု တညီတညွတ်တည်း မှတ်ချက်ပြုကြတယ်။ ဘာစီလိုနာဟာ ချန်ပီယံလိဂ်ဗိုလ်လုပွဲမှာ အနိုင်ရခဲ့တဲ့အတွက် လာမယ့်ဩဂုတ်လမှာ ကျင်းပမယ့် ၂၀၁၁ ယူအီးအက်ဖ်အေ စူပါဖလားပြိုင်ပွဲမှာ ယူရိုပါလိဂ် ချန်ပီယံပေါ်တိုနဲ့ယှဉ်ပြိုင်ရမှာဖြစ်သလို ကမ္ဘာ့တိုက်ကြီးများအလိုက် ကလပ်ချန်ပီယံတွေ ပါဝင်ကစားမယ့် ၂၀၁၁ ဖီဖာကလပ် ကမ္ဘာ့ဖလားပွဲမှာလည်း ထပ်မံယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ ဒါကြောင့် ဘာကာဗိုလ်စွဲခဲ့ပြီး ကျင်းပပြီးစီးခဲ့တဲ့ ၂၀၁၀-၁၁ ဥရောပချန်ပီယံ လိဂ်ဘောလုံးပြိုင်ပွဲရဲ့ ပွဲအချက်အလက်များ အနှစ်ချုပ်အချို့နဲ့ ပြီးခဲ့တဲ့ငါးနှစ်အတွင်း ချန်ပီယံလိဂ်ဗိုလ်လုပွဲတွေရဲ့ အချက်အလက်အချို့ကို ပါ နှိုင်းယှဉ်ဖော်ပြလိုက်ပါတယ်။

### ၂၀၁၀-၁၁ ဥရောပချန်ပီယံလိဂ်

| | |
|---|---|
| ပြိုင်ပွဲကာလ | -စက်တင်ဘာ ၁၄၊ ၂၀၁၀-မေ ၂၈ ၂၀၁၁။ |
| ယှဉ်ပြိုင်သောအသင်းများ | -အုပ်စုအဆင့်နှင့် ခြေစစ်ပွဲအပါအဝင် ၇၆ သင်း |
| ချန်ပီယံ | -ဘာစီလိုနာ |
| ဒုတိယ | -မန်ယူ |
| ပြိုင်ပွဲ၏ ပွဲစဉ်စုစုပေါင်း | -၁၂၂ ပွဲ |
| သွင်းဂိုးစုစုပေါင်း | -၃၄၄ ဂိုး(တစ်ပွဲပျမ်းမှ ၂ ဒသမ ၈၂ဂိုးနှုန်း) |
| ဂိုးအများဆုံးသွင်းသူ | -မက်ဆီ(ဘာစီလိုနာ) ၁၂ ဂိုး |
| အကောင်းဆုံးကစားသမား | -မက်ဆီ |
| ဂိုးအများဆုံးသွင်းသည့်အသင်း | -ဘာစီလိုနာ (၃၀ ဂိုး) |
| ဗိုလ်လုပွဲတွင် သုံးခဲ့သည့်ဘောလုံး | -အက်ဒီးဒက်စ် ကုမ္ပဏီ၏ Adidas Finale ဘောလုံး |
| ဂိုးဖန်တီးမှုအများဆုံး ကစားသမား | -အိုဇီးလ်(ရီးရဲမက်ဒရစ်) ၆ ကြိမ် |
| ပြစ်ဒဏ်ဘောအများဆုံး ပေးရသည့်အသင်း | -ရှော်လ်ကေး (၁၉၈ ကြိမ်) |
| ပြစ်ဒဏ်ဘောအများဆုံး ရသည့်အသင်း | -ဘာစီလိုနာ၊ (၂၁၁ ကြိမ်) |
| ဂိုးကွာဟမှုအများဆုံးပွဲ | -ဇီလီနာ ၀-၇ မာဆေး |

### ဗိုလ်လုပွဲရလဒ်

ဘာစီလိုနာ ၃-၁ မန်ယူ
ကွင်း-ဝင်ဘလေကွင်း(အင်္ဂလန်)
ပရိသတ်ဦးရေ - ၈၇,၆၉၅
ဘောလုံးပိုင်ဆိုင်မှု -
ဘာစီလိုနာ ၆၈ ရာခိုင်နှုန်း၊
မန်ယူ ၂၂ ရာခိုင်နှုန်း

**မှတ်ချက်။ စာရင်းများအရ ပြီးခဲ့သော ဗိုလ်လုပွဲ ၆ ပွဲတွင် ၂၀၁၁ ဗိုလ်လုပွဲမှာ ကြည့်ရှုသူပရိသတ်အများဆုံးဖြစ်ပြီး နှစ်သင်းအကြား ဘောလုံးပိုင်ဆိုင်မှုအကွာဟဆုံးလည်းဖြစ်၊ ၂၀၁၀ ဗိုလ်လုပွဲတွင် အင်တာမီလန်က နှစ်ဂိုးပြတ်နိုင်ခဲ့သော်လည်း ဘောလုံးပိုင်ဆိုင်မှု ၃၂ ရာခိုင်နှုန်းသာရှိခဲ့။**

7 DAY NEWS JOURNAL
Vol.10, No.11 • JUNE 2, 2011

# လက်ရှိဥက္ကဋ္ဌ ဘလတ္တာအား လာဘ်ပေးလာဘ်ယူမှုဖြင့် ဖီဖာစစ်ဆေးမည်

**ပါရီ၊ မေ – ၂၈**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ဖီဖာ ဥက္ကဋ္ဌ ရွေးကောက်ပွဲကာလ နီးကပ်လာချိန်တွင် လက်ရှိဥက္ကဋ္ဌ ဆပ်ဘလတ္တာအား လာဘ်ပေးလာဘ်ယူမှုရှိသည်ဟူသောစွဲချက်များအတွက် တရားဝင်စစ်ဆေးပေးသွားမည်ဖြစ်ကြောင်းဖီဖာက ကြေငြာလိုက်သည်။ ဘလတ္တာသည် မကြာမီရက်ပိုင်းအတွင်း ဖီဖာ၏ ကျင့်ဝတ်ကော်မတီ ရှေ့မှောက်တွင် ၎င်းအပေါ် စွဲချက်များကို ခုခံဖြေရှင်းသွားရမည်ဟု ဆိုသည်။

ဥက္ကဋ္ဌဘလတ္တာအားစစ်ဆေးပေးရန် တောင်းဆိုခဲ့သူမှာ လာမည့် ဇွန် ၁ ရက်ရွေးကောက်ပွဲတွင် ၎င်းနှင့်ယှဉ်ပြိုင်မည့် မိုဟာမက်ဘင်ဟာမန်ဖြစ်သည်။ ယခု ဖီဖာ၏ ကြေငြာချက်သည် ဘင်ဟာမန်က ဖီဖာဒု-ဥက္ကဋ္ဌ ဂျက်ဝါနာနှင့် ကာရစ်ဘီယံဒေသဘောလုံးအာဏာပိုင်နှစ်ဦးက ကျင့်ဝတ်ကော်မတီ ရှေ့မှောက်၌ ဘလတ္တာအားစစ်ဆေးပေးရန်တောင်းဆိုမှုအပြီး နှစ်ရက်အကြာတွင် ပေါ်ထွက်ခဲ့ခြင်းဖြစ်သည်။

ဘင်ဟာမန်နှင့် ဝါနာတို့သည်လည်းကွန်ကာကတ်ဖ်ဘောလုံးအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူး ချက်ဘလေဇာက ၎င်းတို့ကိုလာဘ်စားမှုများဖြင့်ပစ်မှတ်ထားကာစစ်ဆေးရန်တောင်းဆိုခြင်းခံခဲ့ရသည်။ ဗြိတိသျှမီဒီယာများ၏အဆိုအရ ပြီးခဲ့သော မေ ၁၀ နှင့် ၁၁ ရက်များက ထရီနီဒတ်၌ပြုလုပ်ခဲ့သော ကွန်ကာကတ်ဖ်ဘောလုံးကွန်ဖရင့်တွင် ဒေသတွင်းဘောလုံးအဖွဲ့ချုပ်များထံသို့ ကန်ဒေါ်လာ ၄၀,၀၀၀ ခန့် တန်ဖိုးရှိ လက်ဆောင်များ ပေးအပ်ခဲ့သည်ဟု သိရသည်။ *—Ref: ESPN*




# ဧဝရက်တောင်ပေါ်သို့ အကြိမ်အများဆုံး တက်ဖူးသူ ကမ္ဘာ့စံချိန်ရှင်က နောက်တစ်ကြိမ် ထပ်တက်မည်မဟုတ်ဟုဆို

**ခတ္တမန္ဒူ၊ မေ – ၂၈**



ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ထိပ်ပေါ်သို့ အကြိမ်ရေအများဆုံး တက်ရောက်ဖူးသည့် ကမ္ဘာ့စံချိန်ကို ရရှိထားသော တောင်တက်သမား အပ်ပါရှာပါက ၎င်းသည် ဧဝရက်တောင်ထိပ်ပေါ်သို့နောက်တစ်ကြိမ်ထပ်မံတက်တော့မည် မဟုတ်ကြောင်း ပြောကြားလိုက်သည်။

အသက် ၅၁ နှစ်အရွယ်ရှိ “စူပါရှာပါ” ဟုခေါ်ဆိုခံရသည့် ရှာပါသည် ကမ္ဘာပေါ်တွင် ဧဝရက်တောင်ထိပ်သို့ ၂၁ ကြိမ် တက်ရောက်ကာ ကမ္ဘာ့စံချိန်သစ်တင်ထားပြီး နီပေါနိုင်ငံ၏ ဂုဏ်ယူဖွယ်ရာနိုင်ငံသားတစ်ဦးလည်းဖြစ်သည်။ ၎င်းသည် နောက်ဆုံးအကြိမ် တောင်ထိပ်ပေါ်တက်ခြင်းကို ပြီးခဲ့သည့် မေ ၁၁ ရက်က ပြုလုပ်ခဲ့ပြီးနောက် ယခင်တင်ထားသော မိမိစံချိန်ဟောင်းကို ချိုးဖျက်ကာ စံချိန်သစ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။ ၎င်းသည် Eco Everest Expedition ဟုခေါ်သည့်အဖွဲ့ဖြင့် ၂၀၀၈၊ ၂၀၀၉၊ ၂၀၁၀၊ ၂၀၁၁ နှစ်များတွင် တောင်ထိပ်ပေါ်သို့ နှစ်စဉ်ဆက်တိုက်တက်ရောက်နိုင်ခဲ့သည်။

*—Ref: Xinhua*

# ၁၉၉၄ ကမ္ဘာ့ဖလားတွင် တားမြစ်ဆေးသုံးစွဲမှုရှိခဲ့ဟု မာရာဒိုနာထပ်မံ ဝန်ခံ

**ဗျူနိုအေးရိစ်၊ မေ – ၂၇**

အာဂျင်တီးနား ဘောလုံးအကျော်အမော် မာရာဒိုနာက အာဂျင်တိုင်း ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဂျူလီယို ဂရွန်ဒိုနာသည် ၁၉၉၄ ကမ္ဘာ့ဖလားအတွက်ဩစတြေးလျနှင့် ကစားရမည့် နောက်ဆုံးခြေစစ်ပွဲတွင် ၎င်းအပါအဝင် ကစားသမားများအား တားမြစ်ဆေးဝါးများသုံးစွဲစေခဲ့ကြောင်းထပ်မံဝန်ခံပြောကြားလိုက်သည်။

မာရာဒိုနာက အာဂျင်တိုင်းရေဒီယို မတ်ထရိုနှင့် တွေ့ဆုံရာတွင် “ဂရွန်ဒိုနာဟာ ပြိုင်ပွဲမစခင် တစ်ပတ်အလိုမှာပဲ တားမြစ်ဆေးသုံးစွဲမှု စစ်ဆေးရင်လည်း မပေါ်နိုင်တဲ့ ဆေးဝါးတွေ အသုံးပြုဖို့ ပြောခဲ့ပါတယ်” ဟု ဆိုသည်။

သို့သော် ဂရွန်ဒိုနာဘက်ကမူ တားမြစ်ဆေးသုံးစွဲမှု ထိန်းချုပ်ရေးတာဝန်ရှိသူများသည် ထိုပွဲတွင် မူးယစ်ဆေးသုံးစွဲသည့် နာမည်ပျက်ရှိဖူးသော မာရာဒိုနာအား အဓိကစစ်ဆေးခဲ့ကြောင်း ပြီးခဲ့သည့်အပတ်က ပြောခဲ့သည်။

မာရာဒိုနာသည် ထိုပွဲအရင် ၁၉၉၁ ခုနှစ်ကလည်း ကိုကင်းသုံးစွဲမှုဖြင့် ပွဲကစားခွင့် ၁၅ လပိတ်ပင်ခံခဲ့ရဖူးသည်။ ၁၉၉၄ ကမ္ဘာ့ဖလားတွင် မာရာဒိုနာနှင့်အတူပါဝင်ခဲ့သည့် နောက်ခံလူဘော်ရယ်လီနှင့် ကွင်းလယ်လူ ဟူဂိုပီရက်ဇ်တို့ကမူ မာရာဒိုနာ၏ ယခုစွပ်စွဲချက်ကို ငြင်းဆန်ထားကြသည်။ သို့သော် မာရာဒိုနာကမူ “ဘယ်သူဘာလုပ်တယ်ဆိုတာကျွန်တော်မသိပါဘူး။ ကျွန်တော်သိတာကတော့ ကျွန်တော်ဟာ အဲဒီတုန်းက တစ်မနက်ခင်းလုံး ဩစတြေးလျမှာ မနက် ရှစ်နာရီအထိ ဇနီးဟောင်းကလော်ဒီယာနဲ့ လမ်းထွက်လျှောက်နေခဲ့ပါတယ်။ လန်းဆန်းနေခဲ့ပါတယ်။ အခြားကစားသမားတွေလည်းမအိပ်နိုင်ခဲ့ကြပါဘူး။ ဘာကြောင့်လည်းဆိုတာ ကျွန်တော်မသိပါဘူး”ဟု ပြောကြားထားသည်။

*—Ref: Eurosport*

# ၂၀၂၀ အိုလံပစ်အတွက် မြို့တော် ၁၀ မြို့ အိမ်ရှင်လျှောက်ထားဖွယ်ရှိ

**ဘာလင်၊ မေ – ၂၈**

လာမည့် ၂၀၂၀ တွင်ကျင်းပမည့် နွေရာသီ ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲအတွက် အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရန် ကမ္ဘာ့မြို့တော်ကြီး ၁၀ မြို့က လျှောက်ထားဖွယ်ရှိနေကြောင်း နိုင်ငံတကာ အိုလံပစ်ကော်မတီ အိုင်အိုစီက ပြောကြားလိုက်သည်။ လာမည့် စက်တင်ဘာ ၁ ရက်တွင် ပိတ်သိမ်းမည့် အဆိုပါ အိမ်ရှင် လျှောက်ထားမှုများ၌ အီတလီနိုင်ငံ ရောမမြို့တော်တစ်ခုတည်းသာ လျှောက်ထားရန် အတည်ပြုထားပြီး ဖြစ်သော်လည်း ကျန်မြို့တော်များမှာမူ လျှောက်ထားရန် စဉ်းစားဆဲအဆင့် ရှိနေသည်ဟု အိုင်အိုစီက ဆိုသည်။

အိုင်အိုစီ၏ အမှုဆောင် ဂါးဟတ်ဟိုင်းဘာ့ဂ်က “ကျွန်တော်တို့မှာ ၂၀၂၀ အိုလံပစ်ကို ကျင်းပဖို့ စိတ်ဝင်စားတဲ့နိုင်ငံတွေ အများကြီးရှိနေတာတွေ့ရပါတယ်။ ၂၀၂၀ အတွက် မြို့တော် ၁၀ မြို့လောက်က စိတ်ဝင်စားနေခဲ့တာပါ။ ဒါကြောင့် အကောင်းဆုံးမြို့တစ်မြို့ကို ရွေးချယ်သွားမှာပါ”ဟု ပြောသည်။

အိုင်အိုစီသည် ၂၀၂၀ အိုလံပစ်၏ အိမ်ရှင်နိုင်ငံမြို့တော်ကို ၂၀၁၃ တွင် ရွေးချယ်မည်ဖြစ်ပြီး လျှောက်ထားသည့်မြို့များတွင် ဂျပန်နှင့်အရှေ့အလယ်ပိုင်းဒေသမှ မြို့တော်တစ်မြို့စီ ပါဝင်ဖွယ်ရှိကြောင်း ဆိုထားသည်။ လာမည့် ၂၀၁၈ ဆောင်းရာသီ အိုလံပစ်အတွက်မူ ယခုအချိန်အထိ မြို့တော်သုံးမြို့က လျှောက်ထားခဲ့ပြီး အိမ်ရှင်မြို့တော်ကို ဇူလိုင်လတွင် ရွေးချယ်ကြေငြာပေးသွားမည်ဖြစ်သည်။ အဆိုပါ မြို့သုံးခုမှာ ပြင်သစ်မှ အန်နက်စီ၊ ဂျာမနီမှ မြူးနစ်နှင့် တောင်ကိုရီးယားမှ ပြုံချန်းမြို့တော်များဖြစ်ကြသည်။

*—Ref: Reuters*






# ဘာလူစကိုနီအတွက် ဘက်လိုက်ထုတ်လွှင့်ခဲ့သည့် အီတလီ ုပ်သံအစီအစဉ်များ ဒဏ် ိုက်ခံရ




**ရောမ၊ မေ - ၂၄**

ဒုတိယအကြိမ် ဒေသဆိုင်ရာ ရွေးကောက်ပွဲများမပြုလုပ်မီ ထောက်ခံသူများအား လှုံ့ဆော်ပေးရေးအတွက် ဝန်ကြီးချုပ် ဆီဗီယိုဘာလူစကိုနီအား အသံလွှင့်ခွင့်ပေးခြင်းအတွက် ရုပ်သံအစီအစဉ်အများအပြားအား အီတလီနိုင်ငံ၏ ဆက်သွယ်ရေးလုပ်ငန်းများ စည်းမျဉ်းကြီးကြပ်ရေးအဖွဲ့က ဒဏ်ငွေများ ချမှတ်လိုက်ကြောင်း သိရသည်။

နိုင်ငံတော်ရုပ်သံနှင့် ၎င်း၏ ကိုယ်ပိုင်တီဗီလိုင်းများမှ ထုတ်လွှင့်ခဲ့သည့် အင်တာဗျူးများတွင် ဘာလူစကိုနီက ၎င်းကို ထောက်ခံသူများအား စည်းရုံးလှုံ့ဆော်ခဲ့ပြီး ၎င်း၏အစိုးရသည် ၂၀၁၃ ခုနှစ် မေလတွင် သက်တမ်းကုန်ဆုံးမည်၊ တာရှည်ခံမည် မဟုတ်ကြောင်း မှန်းဆချက်များကိုချေဖျက်ပြောဆိုခဲ့သည်။

ဆန့်ကျင်ဘက်သဘောထားအမြင်များ မပါရှိသည့် အင်တာဗျူးများကို ထုတ်လွှင့်ခြင်းမှာ ရွေးကောက်ပွဲဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ချိုးဖောက်ခြင်းဖြစ်သည်ဟု ဆက်သွယ်ရေးလုပ်ငန်း စည်းမျဉ်းစည်းကမ်းကြီးကြပ်ရေးအဖွဲ့ (Agcom)က ဘာလူစကိုနီ၏ Mediaset ရုပ်သံလိုင်းများနှင့် နိုင်ငံပိုင် RAI ရုပ်သံသတင်း အစီအစဉ်များအား ဒဏ်ငွေများချမှတ်ခဲ့သည်။

"ရွေးကောက်ပွဲ မဲဆွယ်မှုပြီးဆုံးသည့်တိုင်အောင် မျှတ၍ ပြည့်စုံသော သတင်းများပေးရန် တာဝန်ရှိကြောင်း အာဏာပိုင်အဖွဲ့က ထပ်မံ၍ အသိပေးပါသည်"ဟု Agcom ၏ကြေညာချက်က ဖော်ပြခဲ့ပြီး ဥပဒေအရခွင့်ပြုထားသည့် အမြင့်ဆုံး ဒဏ်ငွေ ၂၅၈,၂၃၀ ယူရိုချမှတ်ခဲ့ကြောင်း သိရသည်။ Mediaset ကမူ ယင်းဆုံးဖြတ်ချက်ကို အယူခံဝင်မည်ဟုပြောကြားသည်။

မေလ ၁၅၊ ၁၆ ရက်များက ကျင်းပခဲ့သည့် မြို့တော်ဝန်ရွေးကောက်ပွဲများတွင် ဘာလူစကိုနီ၏ ပြည်သူ့လွတ်မြောက်ရေးပါတီ (PDL)သည် ၎င်း၏မွေးရပ် မီလန်မြို့အပါအဝင် မြို့ကြီးအများအပြားတွင် ရှုံးနိမ့်မှုများ ကြုံတွေ့ခဲ့ကြောင်းသိရသည်။

*—Ref: Reuters*

# နာဇီများ ခွေးကို စကားပြောနိုင်ရန် လေ့ကျင့်ပေးခဲ့ဟု သုတေသနကဆို

**လန်ဒန်၊ မေ - ၂၄**



နာဇီဂျာမနီများသည် ဒုတိယကမ္ဘာစစ်ကာလအတွင်း စစ်ပွဲအနိုင်ရရန်အတွက် ခွေးများကို စကားပြောနိုင်ရန်၊ စာလုံးပေါင်းဖတ်တတ်နိုင်ရန် လေ့ကျင့်ပေးခဲ့ဖူးကြောင်း နောက်ဆုံးလေ့လာတွေ့ရှိချက်တစ်ခုကဖော်ပြလိုက်သည်။ သုတေသနအရ ဂျာမန်များသည် ခွေးများအား လူသားတို့ကဲ့သို့ပင် အသိဉာဏ်ရှိသည့် သတ္တဝါများအဖြစ် မှတ်ယူခဲ့ကြပြီး ၎င်းတို့ကို စစ်တပ်တွင် အကူအဖြစ် အသုံးပြုနိုင်ရန်လေ့ကျင့်ပေးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ဟစ်တလာကိုယ်တိုင်သည်လည်း အသိဉာဏ်ရှိသော တိရစ္ဆာန်များကို ၎င်း၏ အက်စ်အက်စ်အထူးတပ်ဖွဲ့ဝင်များနှင့် ဆက်သွယ်နိုင်ရေးအတွက် လေ့ကျင့်ပေးနိုင်သည်ဟုမျှော်လင့်ခဲ့ပြီး ခွေးများအား စကားပြောတတ်စေရန် လေ့ကျင့်ပေးသည့် အထူးခွေးလေ့ကျင့်ရေးကျောင်းတစ်ခုကိုလည်း တည်ထောင်ခဲ့ကြောင်းဆိုသည်။

နာဇီအာဏာပိုင်များသည် လူနှင့်ဆက်သွယ်နိုင်သည့် အထူးလိမ္မာရေးခြားရှိသောခွေးများကို ဂျာမနီနိုင်ငံတစ်ဝန်းမှ ရှာဖွေစုဆောင်းခဲ့ပြီး ခွေးများကို ၎င်းတို့၏ ခြေထောက်များ အသုံးပြု၍ အမူအရာဖြင့် စကားပြောနိုင်ရန်လေ့ကျင့်ပေးခဲ့သည်။ ခွေးများကို လေ့ကျင့်ပေးခဲ့ပုံများမှ တစ်ခုသော အသံထွက်ခိုင်းပုံမှာ အဒေါ့ဖ်ဟစ်တလာဆိုသည်မှာ မည်သူနည်းဟု မေးလျှင် Mein Fuhrer ဟူသော စကားလုံးကို ခွေးအား ဟောင်သံဖြင့် ရေရွတ်ခိုင်းပုံဖြစ်သည်။ ဟစ်တလာသည် ဉာဏ်ရည်မြင့်သော စစ်သုံးခွေးများ လေ့ကျင့်ရေးကျောင်းကို ဟန်နိုဗာမြို့အနီးရှိ လူတင်ဘာ့ဂ်မြို့တွင် ၁၉၃၀ ခုနှစ်များအတွင်းကစတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ယခုကဲ့သို့ နာဇီတို့၏ ခွေးများအား လေ့ကျင့်ပေးခဲ့ပုံအကြောင်း အသေးစိတ်ကို ကာဒစ်ဖ်တက္ကသိုလ်မှ အကြီးတန်းကထိကဒေါက်တာ ဘွန်ဒတ်ဆင်၏ Amazing Dogs: A Cabinet of Canine Curiosities တွင် မကြာသေးမီက အသေးစိတ်ဖော်ပြခဲ့သည်။

*—Ref: Telegraph*




TOSHIBA
Windows®. Life without Walls™.
Toshiba recommends Windows 7.
eco
အတွေးအမြင်သစ်ကို ဖော်ဆောင်သော အလှတရား
ကြိုးမဲ့ ချိတ်ဆက် ပြသ နိုင်မှု (WiDi)
Satellite E300
LUCKY BIRD TRADING CO., LTD.
DESIGNED for TECHNOLOGY
Visibly Smart
NEW

7DAY NEWS JOURNAL
Vol.10, No.11 • JUNE 2, 2011



# အမေရိကန်တွင် လေဆင်နှာမောင်း မုန်တိုင်းကြောင့် သေဆုံးသူတိုးလာ



**ဂျော့ပ်လင်း၊ မေ – ၂၆**

အမေရိကန်နိုင်ငံ မစ်ဆူရီပြည်နယ် ဂျော့ပ်လင်းမြို့တွင် ကြောက်မက်ဖွယ်ရာ လေဆင်နှာမောင်းမုန်တိုင်း တိုက်ခတ်ခဲ့ပြီးနောက် သေဆုံးသူအရေအတွက် ၁၂၅ ဦးရှိလာခဲ့ပြီး အနီးအနားပြည်နယ်များတွင် ဝင်ရောက်ခဲ့သည့် လေဆင်နှာမောင်းမုန်တိုင်းများကြောင့်လည်း သေဆုံးသူ ၂၅ ဦးရှိခဲ့ကြောင်းအာဏာပိုင်များကပြောကြားသည်။

နှစ်ပေါင်း ၆၄ နှစ်အတွင်း လူအသေအပျောက်အများဆုံး လေဆင်နှာမောင်းမုန်တိုင်းတိုက်ပြီး သုံးရက်အကြာတွင်ကယ်ဆယ်ရေးအဖွဲ့များက အနံ့ခံခွေးများ၏ အကူအညီဖြင့် ဂျော့ပ်လင်းမြို့ အပျက်အစီးများကြား၌ ရှာဖွေရေးပြုလုပ်နေသော်လည်း အသက်ရှင်ကျန်နေသူတစ်ဦးတစ်ယောက်မျှမတွေ့ရှိရကြောင်းသိရသည်။

ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်မည်ဟုတာဝန်ရှိသူများက ပြောကြားသော်လည်း အသက်မသေဘဲ ကျန်ခဲ့သူများတွေ့ရှိရေးမျှော်လင့်ချက်မှေးမှိန်လာကြောင်း သတင်းတွင်ဖော်ပြသည်။ လေဆင်နှာမောင်းမုန်တိုင်းကြောင့် ထိခိုက် ဒဏ်ရာရရှိခဲ့သူ ၉၀၀ ဦး အထိရှိကြောင်းသိရသည်။

မေလ ၂၅ရက်နေ့ ညပိုင်းတွင်လည်း လေဆင်နှာမောင်းမုန်တိုင်းများ ထပ်မံဖြစ်ပေါ်ခဲ့ရာ အိုကလာဟိုးမားပြည်နယ်တွင်ကိုးဦးသေဆုံးပြီး အာကန်ဆက်ပြည်နယ်တွင် လေးဦးနှင့် ကင်းဆက်ပြည်နယ်တွင် နှစ်ဦး သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

အိုကလာဟိုးမားပြည်နယ်တစ်ခုတည်းတွင် ယင်းညတစ်ညတည်း နိုင်ငံအရှေ့ပိုင်း အာကင်ဆက်၊ တင်နက်ဆီ၊ မစ္စစ္စပီပြည်နယ်များမှသည် အီလီနွိုက်၊ အင်ဒီယားနားပြည်နယ်များအထိ အမေရိကန်နိုင်ငံတစ်ဝန်း၌ ပြင်းထန်သည့် ရာသီဥတုအခြေအနေများဖြစ်ပေါ်လျက်ရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒမှ အရာရှိများကပြောသည်။

*—Ref: Reuters*

# မဟာဗျူဟာမြောက်ပြိုင်ဆိုင်မှုအသစ်များအကြောင်း အင်ဒိုနီးရှားသမ္မတ သတိပေးပြောကြား




**နူဆာဒူဝါ(အင်ဒိုနီးရှား)၊ မေ – ၂၆**

အကြမ်းဖက်ဝါဒနှင့် ဘာသာရေးပဋိပက္ခများကို ကမ္ဘာကြီးက ကိုင်တွယ်ဖြေရှင်းနေရစဉ်မှာပင်မဟာဗျူဟာကျသည့်ပြိုင်ဆိုင်မှု အသစ်များနှင့်ပတ်သက်၍ အင်ဒိုနီးရှားသမ္မတ ဆူစီလိုဘမ်ဘန်းယူဒိုယိုနိုက ပြောကြားလိုက်သည်။

ကမ္ဘာ့နိုင်ငံပေါင်း ၁၁၈ နိုင်ငံပါဝင်သည့် ဘက်မလိုက်လှုပ်ရှားမှု(NAM)၏(၁၆)ကြိမ်မြောက်ဝန်ကြီးများကွန်ဖရင့်အဖွင့်မိန့်ခွန်းတွင် အင်ဒိုနီးရှားသမ္မတက ယင်းသို့ သတိပေးပြောကြားခြင်းဖြစ်သည်။

အင်အားကြီးနိုင်ငံများကြားတွင် တည်ငြိမ်ပြီး ပူးပေါင်းဆောင်ရွက်မှုရှိသည့် ဆက်ဆံရေးဖြစ်ပေါ်လာစေရန် အားပေးတိုက်တွန်းရမည်ဖြစ်ကြောင်း၊ အင်အားချိန်ခွင်လျှာ ရွေ့လျားမှုမှနေ၍ မဟာဗျူဟာမြောက် တင်းမာမှုအသစ်များ မဖြစ်ပေါ်စေရန် ကျွန်ုပ်တို့က ဝိုင်းဝန်းကူညီရမည်ဖြစ်ကြောင်း မစ္စတာယူဒိုယိုနိုက ပြောသည်။

ဖြစ်နိုင်ပါက အပြုသဘောဆောင်သည့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဖြစ်ပေါ်လာရန် အားပေးအားမြှောက်ပြု၍ ရန်သူများက မိတ်ဆွေများဖြစ်လာရန်၊ မိတ်ဆွေများက အတူတကွလက်တွဲဆောင်ရွက်သူများဖြစ်လာရန် လုပ်ဆောင်ရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မစ္စတာယူဒိုယိုနိုက NAM အဖွဲ့မှာ ကမ္ဘာပေါ်တွင် အကြီးမားဆုံးငြိမ်းချမ်းရေးလှုပ်ရှားမှုအဖွဲ့ကြီးဖြစ်ကြောင်းပြောကြားခဲ့ပြီး အဖွဲ့လှုပ်ရှားမှုမှာ ၂၀ ရာစု၏ သမိုင်းကြောင်းကိုပြောင်းလဲစေခဲ့ကြောင်း၊ ရှေ့လာမည့် ဆယ်စုနှစ်များတွင်လည်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုများအတွက် အားထားရမည့်အဖွဲ့ဖြစ်ကြောင်း အင်ဒိုနီးရှားသမ္မတကပြောကြားသည်။

*—Ref: AFP*



# ယီမင်အခြေအနေ ပြည်တွင်းစစ်ဖြစ်နိုင်

**ဆာနား၊ မေ – ၂၆**

ယီမင်နိုင်ငံမြို့တော်ဆာနားတွင် သမ္မတအလီအဗ္ဗဒူလာဆာလေးဖြုတ်ချရေးတိုက်ခိုက်မှုများဖြစ်ပေါ်ခဲ့ပြီး ပြင်းထန်သောပေါက်ကွဲမှုများဖြစ်ပေါ်လျက်ရှိရာ ပြည်တွင်းစစ်ဖြစ်နိုင်သည့်အခြေအနေများပေါ်ထွက်လာလျက်ရှိသည်။

တိုက်ခိုက်မှုများကြောင့် လွန်ခဲ့သောသုံးရက်အတွင်း လူပေါင်း ၄၀ ကျော်သေဆုံးခဲ့ပြီး ဆာနားမြို့တော်မြောက်ပိုင်းတွင် အင်အားကြီးလူမျိုးစု ခေါင်းဆောင်ဆာဒစ်အယ်လ်အာမာအား သစ္စာခံသည့်တပ်ဖွဲ့များကတိုက်ခိုက်နေပြီး ၎င်းတို့က ပြည်ထဲရေးဝန်ကြီးဌာနအပါအဝင် အစိုးရအဆောက်အအုံများကို သိမ်းပိုက်ရန်ကြိုးစားနေကြသည်။

“ဆာနားမြို့တော်တောင်ပိုင်းကနေတောင် ပေါက်ကွဲသံတွေကြားနေရတယ်။ အရင်ရက်တွေက ကြားခဲ့ရတာ မော်တာတွေ၊ စက်သေနတ်တွေထက်တောင်ကြီးတဲ့လက်နက်ကြီးတွေဖြစ်ရမယ်”ဟု ဆာနားမြို့ခံတစ်ဦးကပြောသည်။

သွေးထွက်သံယိုအကြမ်းဖက်မှုများအတွက် တစ်ဖက်နှင့် တစ်ဖက် ပြစ်တင်ပြောဆိုနေကြပြီး အခြေအနေမှာ ပြည်တွင်းစစ် ဖြစ်သွားနိုင်ကြောင်း အတိုက်အခံတို့ကပြောသည်။

ယီမင်အခြေစိုက် အယ်လ်ကိုင်ဒါများ၏ ပစ်မှတ်ထားတိုက်ခိုက်ရန်ကြံစည်မှုများနှင့်ကြုံခဲ့ရသည့် အမေရိကန်နှင့်ဆော်ဒီအာရေးဗီးယားနိုင်ငံတို့ကလည်း ယီမင်အကျပ်အတည်းကိုပြေလည်ရန် ကြိုးပမ်းနေကြသည်။ ယီမင်နိုင်ငံတွင် မင်းမဲ့စရိုက်လွှမ်းမိုးသွားပါက ကမ္ဘာ့စစ်သွေးကြွကွန်ရက်များ လှုပ်ရှားရာနယ်မြေတိုးလာမည်ကို၎င်းတို့က စိုးရိမ်နေကြသည်။

အရေးတကြီးမလိုအပ်သော သံတမန်များနှင့် သံရုံးမိသားစုဝင်များ ယီမင်နိုင်ငံမှထွက်ခွာရန် အမေရိကန်အစိုးရက အမိန့်ထုတ်ပြန်ထားသည်။

*—Ref: Reuters*

# နှစ်တစ်ရာကျော်က နာရေးကြော်ငြာအမှား နယူးယောက်တိုင်းမ်သတင်းစာ ပြန်လည်ပြင်ဆင်

**နယူးယောက်၊ မေ – ၂၅**

အမေရိကန် နယူးယောက်တိုင်းမ်သတင်းစာကြီးသည် လွန်ခဲ့သည့် နှစ်ပေါင်း ၁၁၂ နှစ်က သတင်းစာတွင်ဖော်ပြသည့် နာရေးကြော်ငြာတစ်ခုမှ အမှားအယွင်းများကိုပြင်ဆင်ပေးခဲ့ကြောင်းသိရသည်။ အဆိုပါနာရေးကြော်ငြာမှာ ၁၈၈၉၊ ဇွန် ၂၉တွင်နယူးယောက်တိုင်း၌ကွယ်လွန်သူ မီလ်တန်ဂေ၊ ရှုဝမ့်အတွက် ဖော်ပြသော ကြော်ငြာဖြစ်သည်။ ယင်းနာရေးကြော်ငြာတွင် ကွယ်လွန်သူ၏အမည်ကို မဲလ်တန်ဟု စာလုံးပေါင်းထားပြီး အမေရိကန်ရေတပ်အကယ်ဒမီတွင် ၎င်းတာဝန်ထမ်းသောနှစ်များနှင့် မိသားစု၏ ဇာတိမြို့နှင့်ပြည်နယ်အမည်များ လွဲမှားနေသည်။ ယင်းအမှားများကို မစ္စတာရှုဝမ့်၏တူတော်သူ ဒန်နီယယ်ရှုဝမ့်(၇၇နှစ်)က မကြာသေးမီက တွေ့ရှိခဲ့ကာ သတင်းစာသို့ အကြောင်းကြားခဲ့ခြင်းဖြစ်သည်။ နယူးယောက်တိုင်းမ်သည်မစ္စတာရှုဝမ့်၏အကြောင်းကြားစာရပြီးနောက် မီတန်ရှုဝမ့်၏ နာရေးကြော်ငြာကို ၎င်းအကြောင်းပါသည့် အခြားသတင်းစာနာရေးကြော်ငြာများဖြင့်လည်း တိုက်ဆိုင်စစ်ဆေးပေးခဲ့သည်။

*—Ref: Telegraph*

7 DAY NEWS JOURNAL

# International

Vol.10, No.11 • JUNE 2, 2011




# ရာထူးမှ ဖြုတ်ချခဲ့မှုတွင် နိုင်ငံတကာ ပါဝင်ပတ်သက်ခဲ့ကြောင်း ဟွန်ဒူးရပ်စ်သမ္မတဟောင်း ပြောကြား

**တတ်ဂူစီဂယ်လ်ပါ (ဟွန်ဒူရပ်စ်)၊ မေ – ၃၀**

ပြည်ပြေးဘဝမှ နိုင်ငံသို့ မေ ၂၈ ရက်တွင် ပြန်ရောက်လာသော ယခင်ဟွန်ဒူးရပ်စ်သမ္မတဟောင်း မန်ချူရယ်လ်ဇလာယာက ၎င်းအားဖြုတ်ချကာ အာဏာသိမ်းခဲ့မှုတွင်နိုင်ငံတကာမှပါဝင်ပတ်သက်မှုရှိခဲ့ပြီး ၎င်းအား လုပ်ကြံရန်အထိပင် ကြိုးပမ်းခဲ့ကြကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ ဇလာယာသည် မေ ၂၈ (စနေနေ့)တွင် ကိုလံဘီယာနှင့် ဗင်နီဇွဲလားနိုင်ငံတို့၏ ကြားဝင်ညှိနှိုင်းပေးမှုဖြင့် ပြန်ရောက်လာခဲ့ခြင်းဖြစ်သည်။ ၎င်းပြန်ရောက်လာခြင်းသည် အလယ်အမေရိကတိုက်၏ ဆင်းရဲသောနိုင်ငံတစ်နိုင်ငံဖြစ်သည့် ဟွန်ဒူးရပ်စ်အတွက် အမေရိကနိုင်ငံများအသင်းသို့ပြန်လည်ဝင်ရောက်ခွင့်နှင့် ကမ္ဘာ့အသိုင်းအဝိုင်းနှင့် ပူးပေါင်းရေးအတွက် လမ်းပွင့်သွားပြီဖြစ်သည်။

စာ(၅၅)သို့

**Interview**




## ကျွန်တော်တို့ရဲ့ အလုပ်က အမေရိကန်ပြည်ထောင်စုကို လုံခြုံအောင်လုပ်ဖို့ပါ

အမေရိကန်သမ္မတ ဘာရက်အိုဘားမားနှင့် တွေ့ဆုံခြင်း

စာ- ၄၆

**News Analysis**



## စားနပ်ရိက္ခာဆိုင်ရာ ပထဝီဝင်နိုင်ငံရေးသစ်

စာ- ၃၆

## လေကြောင်းတိုက်ခိုက်မှုကြောင့် အာဖဂန်အရပ်သားများ သေဆုံးရမှုကို နေတိုးတပ်ဖွဲ့တောင်းပန်

**ကာဘူးလ်၊ မေ – ၃၀**

အာဖဂန်နစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းပြည်နယ် ဟဲလ်မန်တွင် နေတိုးတပ်ဖွဲ့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အနည်းဆုံး အရပ်သားကိုးဦးခန့်သေဆုံးခဲ့ရမှုကို တောင်းပန်ကြောင်း အာဖဂန်ရှိ နေတိုးအာဏာပိုင်တစ်ဦးဖြစ်သူ အမေရိကန်မရိန်းတပ်ဖွဲ့ ဗိုလ်ချုပ်ကြီး ဂျွန်တူးလန်းက ပြောကြားလိုက်သည်။

အာဖဂန်အနောက်တောင်ပိုင်းစစ်ဒေသ၏အကြီးအကဲ ဗိုလ်ချုပ်ကြီးဂျွန်တူးလန်းသည် ယခုတောင်းပန်မှုကို အာဖဂန်ရှိ နေတိုးနှင့် အမေရိကန်ညွှန့်ပေါင်းတပ်ဖွဲ့များ၏ အကြီးအကဲဗိုလ်ချုပ်ကြီး ဒေးဗစ်ပတ်ထရေးရပ်စ်နှင့် ဒုတိယဗိုလ်ချုပ်ကြီး ဒေးဗစ်ရိုဒရီဂွက်ဇ်တို့ကိုယ်စား ပြုလုပ်ပေးခဲ့ခြင်းဖြစ်သည်။ ကြေညာချက်၌ ၎င်းက "ဟဲလ်မန်ပြည်နယ် နော်ဇတ်ခရိုင်မှာ ဖြစ်ခဲ့တဲ့မတော်တဆ တိုက်ခိုက်မှုကြောင့်သေဆုံးခဲ့ရတဲ့

စာ(၅၅)သို့

## ယန်ဇီမြစ်ကြောင်းတစ်လျှောက် မိုးခေါင်မှုကြောင့် လူ ၃၅ သန်းထိခိုက်ကာ ယွမ်ငွေ ၁၅ ဘီလီယံ ဆုံးရှုံး



**ဘေဂျင်း၊ မေ – ၃၀**

လူပေါင်း ၃၅ သန်းကို ထိခိုက်စေခဲ့ပြီး စီးပွားရေးအရဆုံးရှုံးမှုတန်ဖိုး ယွမ် ၁၅ ဘီလီယံ(ကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံ)အထိရှိလာနေသော မိုးခေါင်မှုသည်ယန်ဇီမြစ်၏ အလယ်နှင့်အောက်ပိုင်းဒေသများတွင်ဆက်လက်ဖြစ်ပေါ်နေကာ ရာသီဥတုဘေးဒဏ်သတိပေးမှု 'အဝါရောင်အဆင့်' ရှိနေဆဲဖြစ်ကြောင်း တရုတ်အမျိုးသားမိုးလေဝသဗဟိုဌာနက ထုတ်ဖော်ပြောကြားလိုက်သည်။

စာ(၅၅)သို့

## လေမုန်တိုင်းကြောင့် လူ ၁၃၀ ကျော်သေဆုံးခဲ့သည့် ဂျော်ပလင်မြို့ ပြည်သူများထံ အိုဘားမားသွားရောက်တွေ့ဆုံ

**ဂျော်ပလင်၊ မေ – ၃၀**

အမေရိကန်သမ္မတ အိုဘားမားသည် အမေရိကန်မစ်ဆူရီပြည်နယ်တွင် လေမုန်တိုင်းတိုက်ခိုက်မှုကြောင့်ဖြစ်ပေါ်ခဲ့သော အပျက်အစီးများကိုကြည့်ရှုရန်နှင့် ဒေသခံများအား အကူအညီပေးနိုင်ရေးအတွက် ဂျော်ပလင်မြို့သို့သွားရောက်ကာ ပြည်သူများနှင့် တွေ့ဆုံခဲ့သည်။

အိုဘားမားသည် ထိုမြို့တွင် လေမုန်တိုင်းဒဏ်ကြောင့်သေဆုံးခဲ့ရသူများအတွက် ပြုလုပ်သော အောက်မေ့ဖွယ်အခမ်းအနား၌ တက်ရောက်ခဲ့ပြီး ဒေသခံများနှင့် တွေ့ဆုံခဲ့သည်။

မြို့ခံပြည်သူများအား "ခင်ဗျားတို့ကို ကျွန်တော်ကတိပေးပါတယ်။ ခင်ဗျားတို့တိုင်းပြည်ဟာ ခြေလှမ်းတိုင်းမှာ ခင်ဗျားတို့နဲ့ အတူတူရှိနေမှာပါ" ဟု ပြောကြားကာ ယခုနှစ်အတွင်း မုန်တိုင်းဒဏ်ခံရသည့် နိုင်ငံ၏ဒေသများအားလုံးကိုကူညီသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

စာ(၅၅)သို့



7DAY NEWS JOURNAL
Vol.10, No.11 • JUNE 2, 2011





SPECIAL REPORT

# ရောဂါဆိုး ဘယ်ဆေးနဲ့ ကုသမလဲ

■သတင်းအဖွဲ့

ကျွန်းသစ်သားစားပွဲ၏နောက်ရှိသစ်သားကုလားထိုင်ပေါ်၌ အင်္ကျီအဖြူရောင်၊ လုံချည်အညိုဖျော့ဖျော့ဝတ်ဆင်ထားသော အမျိုးသမီးတစ်ဦးထိုင်နေသည်။ သူမ၏ နဖူးကြောများမှာ တစ်စုံတစ်ခုကို အာရုံစူးစိုက်ပြီး စိတ်ရှုပ်ထွေးဟန်ဖြင့် လွန်ကဲစွာရှုံ့ထားသည်။

“ဒီတစ်ရာတန် ကော်ဖီမစ်လောက်ကို ရှင့်ကိုဝယ်ခိုင်းပါ့မလား။ အထုပ်ကြီးမှန်းမသိ၊ ဘာမှန်းမသိ။ သွား...အောက်မှာပြန်သွားဝယ်၊ အထုပ်ကြီးကိုပြောတာနော်။ ဘယ်လိုဟာတွေမှန်းကိုမသိဘူး”ဟုအသက်၃၅နှစ်အရွယ်ခန့်အထက်ပါအမျိုးသမီးထံမှထွက်လာသောစကားကြောင့် သူမအံ့ဩသွားသည်။

ဆက်တိုက်ထွက်ပေါ်လာသော မာကျောသည့်စကားလုံးများနှင့် မျက်နှာသွင်ပြင်အမူအရာတို့ကြောင့် သူမ၏ရှေ့တွင်ရပ်နေသည့် အသက် ၃၀ အရွယ်ရှိ မစုလှိုင်တစ်ယောက် ပျားပန်းခတ်လှုပ်ရှားသွားသည်။

မိသားစုသန်းခေါင်စာရင်းအသစ် ပြုလုပ်ရန်အတွက် သက်ဆိုင်ရာရုံးသို့ သွားရောက်ခဲ့သည့် သူမတစ်ယောက် အရေးတကြီးလိုအပ်နေသည့် ယင်းသန်းခေါင်စာရင်းအသစ် အမြန်ရရှိရန် အရာရှိအမျိုးသမီး တောင်းဆိုလာသည့် ကျပ်သုံးထောင်ဝန်းကျင်တန်ဖိုးရှိ ကော်ဖီမစ်တစ်ထုပ်ကိုနောက်တစ်ခေါက်သွားဝယ်ရတော့သည်။

“သန်းခေါင်စာရင်းကပျောက်သွားလို့ အသစ်ပြန်လာလုပ်တာ။ ကော်ဖီမစ်တစ်ထုပ်သွားဝယ်ဆိုလို့သူ အခုသောက်မယ်ထင်လို့အောက်က ကွမ်းယာဆိုင်က တစ်ရာတန် တစ်ထုပ်ဝယ်လာတာ။ အဆော်ခံလိုက်ရတယ်။ သူက အထုပ်ကြီး ဝယ်ခိုင်းတာပဲ။ ဝယ်ပေးရတော့မှာပေါ့”ဟု သုံးထပ်လှေကားကို ခဏခဏ အတက်အဆင်းပြုလုပ်ရသဖြင့် မောဟိုက်နေသည့် မျက်နှာအမူအရာဖြင့်ပြောလာသည်။

မစုလှိုင်တစ်ယောက်အထက်ပါအမျိုးသမီးဝယ်ခိုင်းသည့် ကော်ဖီမစ်အထုပ်ကြီးကို ဝယ်ယူပြီး အိမ်အပြန်တွင် ငါးဆယ်ကျပ်သာ ကျန်တော့သည်။ ထိုဖြစ်ရပ်မှာ ၂၀၁၀ ပြည့်နှစ် ဧပြီလ ၂၈ ရက်နေ့ မွန်းတည့် ၁၂ နာရီအချိန်က ဖြစ်စဉ်တစ်ခုဖြစ်သည်။

အထက်ပါကဲ့သို့ ဖြစ်ရပ်မျိုးကို အစိုးရရုံးအချို့၌ ကြုံတွေ့နေရသည်။ “လက်ဖက်ရည်ဖိုး”၊ “အာရကေ”၊ “ရေလောင်းလိုက်”စသော အမည်မျိုးစုံ၊ ပုံစံမျိုးစုံဖြင့် ရှိနေသည်။ လုပ်ငန်းကြီးများနှင့် ဆက်စပ်သောရုံးများတွင် စားပွဲအောက်မှသွားသော ငွေပမာဏ များပြားလှသည်။

မတ်လ ၃၀ ရက်မှစတင်၍ တာဝန်ယူခဲ့သော အစိုးရသစ်လက်ထက်တွင် ဦးစားပေးဖြေရှင်းသင့်သည့် အရေးများ၌ လာဘ်ပေးလာဘ်ယူတိုက်ဖျက်ရေး ပါဝင်ကြောင်း နိုင်ငံရေးလေ့လာသူများကဆိုကြသည်။ နိုင်ငံတော်သမ္မတဦးသိန်းစိန်ကလည်း မတ်လ ၃၀ ရက်တွင် ပြောကြားသည့် သူ၏ ပထမဆုံးမိန့်ခွန်း၌ လာဘ်ပေးလာဘ်ယူကိစ္စရပ်များကို ထိရောက်စွာတားဆီးသွားမည့်အကြောင်း အလေးထားပြောကြားသွားသည်။ သူ၏မိန့်ခွန်းတွင် လာဘ်ပေးလာဘ်ယူမှုများမှာတစ်ဦးချင်း ထိခိုက်စေသည်သာမက နိုင်ငံနှင့်လူမျိုးသိက္ခာကိုပါထိခိုက်စေသည့်အတွက် ပြည်သူများ၏ အကူအညီကိုရယူပြီး ထိရောက်စွာတားဆီးသွားမည်ဟုလည်း ပြောကြားသွားသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ထွန်းဦးကလည်း လာဘ်ပေးလာဘ်ယူမှုများနှင့်ပတ်သက်၍ မေလ ၁၀ ရက်က ပြုလုပ်ခဲ့သော သတင်းထောက်များနှင့် တွေ့ဆုံပွဲတွင် အောက်ပါအတိုင်း ပွင့်လင်းစွာပြောသည်။

“လာဘ်ပေးလာဘ်ယူကိစ္စက ချက်ချင်းကြီး မထူးနိုင်တဲ့ကိစ္စဖြစ်ပါတယ်။ ချက်ချင်းကြီး ထူးအောင်လုပ်လိုက်ရင် အခုတာဝန်ထမ်းဆောင်နေတဲ့ဝန်ထမ်းတွေမရှိရင် ကျန်တဲ့သူ ဘယ်သူဆက်လုပ်မလဲ။ ဒီလုပ်ငန်းနဲ့ပတ်သက်လို့ကျွမ်းကျင်တဲ့သူမရှိဘူးဖြစ်သွားမယ်။ အခု ကျွန်တော်တို့ သတိတွေပေးနေပြီ။ သတိပေးလို့ မရပ်တဲ့လူတွေနေရာကို အစားထိုးနိုင်အောင် အစီအမံတွေနဲ့ လုပ်နေပါပြီ”ဟု ဦးဉာဏ်ထွန်းဦးက ပြောကြားသည်။

ရန်ကုန် အင်းစိန်လမ်းမကြီး တစ်နေရာ၊ အဖြူရောင်ဦးထုပ်၊ အဖြူရောင်အင်္ကျီလက်ရှည်၊ နက်ပြာရောင်ဘောင်းဘီရှည်၊ ဘွတ်ဖိနပ်များ စီးထားပြီး ဝတ်စုံပြည့်ဖြင့် ယာဉ်ထိန်းရဲသုံးဦး အလုပ်များနေသည်။ သူတို့သုံးဦးက ဒတ်ဆန်းကား၏နောက်နားတွင်ရပ်နေသည်။ ထိုလမ်းမပေါ် ဖြတ်သွားသော ခရီးသည်တင်ဘတ်စ်ကားနှင့်ဟိုင်းလတ်ကားအချို့ပေါ်မှသူတို့အနီးရောက်သည်နှင့် ကားရပ်ကာ တစ်ထောင်တန်တို့ကို ကားပေါ်မှ ပြေးဆင်း၍ပေးကြသည်။ အဆိုပါလမ်းမပေါ်တွင် ခရီးသည်တင်ယာဉ် သုံး၊လေးစီး အမြဲဖြတ်သန်းသွားနေသည်။

ပို့ကုန်သွင်းကုန် လိုင်စင်လျှောက်ထားခြင်းများ၊ ဆောက်လုပ်ရေးလုပ်ငန်း တည်ဆောက်ခွင့်နှင့် နေထိုင်ခွင့်လျှောက်ထားခြင်း၊ နိုင်ငံကူးလက်မှတ်နှင့် နိုင်ငံသားသက်သေခံလက်မှတ်အမြန်ရရှိရန် လျှောက်ထားခြင်း၊ မိမိတို့လိုချင်သော ဖုန်းနံပါတ်နှင့် ဖုန်းအမြန်ရရေး ဆောင်ရွက်ခြင်း၊ ယာဉ်လိုင်စင်နှင့် မိမိတို့လိုချင်သော ယာဉ်နံပါတ် ရရှိအောင် ဆောင်ရွက်ခြင်း စသောနေရာမျိုးစုံ၌ အဂတိလိုက်စားမှုများမှာ ပုံစံမျိုးစုံဖြင့်မသိမသာသော်လည်းကောင်း၊ သိသိသာသာသော်လည်းကောင်း ရှိနေသည်။ပုဂ္ဂလိကလုပ်ငန်းများ၌ပင် ထိုရောဂါဆိုးရှိသည်။နေရာမျိုးစုံ၌ အဂတိလိုက်စားမှုများမှာ ပုံစံမျိုးစုံဖြင့်အမြစ်တွယ်နေသည်။

လာဘ်ပေးလာဘ်ယူပြုလုပ်ရာမှ စီးဆင်းသွားသောငွေများမှာ နိုင်ငံ့ဘဏ္ဍာငွေအဖြစ်လည်း ဝင်ရောက်လာခြင်းမရှိသလို၊ ကုန်ထုတ်လုပ်သူများက ထို့အတွက် အသုံးပြုရသောငွေများကိုပါထည့်သွင်းဈေးတင်ခြင်းကြောင့် နောက်ဆုံးတွင် စားသုံးသူ ပြည်သူများသာ အများဆုံးထိခိုက်နစ်နာသည်။ ထို့ကြောင့် နိုင်ငံတော်သမ္မတပြောသကဲ့သို့ တစ်ဦးချင်းသာမကဘဲ နိုင်ငံနှင့်လူမျိုးကိုပါ ထိခိုက်စေသည်။

“လာဘ်ပေးလာဘ်ယူဆိုတာ ပျောက်သွားဖို့ကတော့ မလွယ်ဘူး။ ပိုက်ဆံမပေးရင် ဝန်ထမ်းတွေက မလိုအပ်ဘဲ ရစ်နေတော့တာပဲ။ ဟိုစာရွက်လိုတယ်၊ ဒီစာရွက်လိုတယ်နဲ့။ လာဘ်ပေးလာဘ်ယူကိုလုံးဝမရှိတော့အောင် လုပ်နိုင်ရင်တော့ လုပ်ငန်းရှင်တွေလည်း ခံစားခွင့်ရှိနိုင်သလို စားသုံးသူတွေလည်း ဈေးသက်သက်သာသာနဲ့ခံစားရမယ်”ဟုပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

လာဘ်ပေးလာဘ်ယူကိစ္စရပ်များမှာ အစိုးရဌာနများတွင်သာမကဘဲ ပုဂ္ဂလိကလုပ်ငန်းများတွင်လည်း အမြစ်တွယ်နေသည်။

ပုဂ္ဂလိကကျောင်းများ၌ ကျောင်းအပ်လိုသူများခဲ့သော ယခုနှစ်တွင် ကျောင်းဝင်ခွင့်ရရှိရန်အတွက် ကျောင်းပိုင်ရှင်အတွက် Blue Label တစ်လုံးနှင့် မန်နေဂျာအတွက် ဒေါ်လာ ၅၀ မုန့်ဖိုးပေးခဲ့ရကြောင်း မကြာမီက ပုဂ္ဂလိကကျောင်းတစ်ကျောင်းတွင် ကျောင်းအပ်ခဲ့သူတစ်ဦးက ပြောသည်။ လုပ်ငန်းတွင်ကျယ်သော ပုဂ္ဂလိကလုပ်ငန်းကြီးအချို့တွင်လည်း အဂတိလိုက်စားမှုများမှာ ရှိနေခြင်းဖြစ်သည်။

“လာဘ်ပေးလာဘ်ယူဘာလို့ဖြစ်သလဲ။ တစ်အချက် လောဘကြီးလို့ဖြစ်တယ်။ နှစ်အချက် အကြောင်းကြောင်းကြောင့် သူ့မှာ သက်သာချောင်ချိမှုမရှိလို့ အခက်အခဲရှိလို့ဖြစ်တယ်။ ဒါတွေကို ကျွန်တော်တို့က လေ့လာပြီးတော့ သက်သာချောင်ချိမှုမရှိတဲ့သူတွေကို သက်သာချောင်ချိမှုရှိအောင် သက်ဆိုင်ရာက တာဝန်ရှိပုဂ္ဂိုလ်တွေက အစီအမံတွေ ဘယ်လိုလုပ်မလဲ။ လောဘတကြီး မတရားလုပ်နေတဲ့သူတွေကိုတော့ အရေးယူမှာပဲ။ နည်းနည်းစောင့်ကြည့်ပါဦး။ အခု မသိသေးတောင် တစ်နေ့နေ့ တစ်ချိန်ချိန်မှာသိလာပါလိမ့်မယ်”ဟု ဦးဉာဏ်ထွန်းဦးက အစိုးရဝန်ထမ်းများကြား၌ ဖြစ်ပေါ်နေသော လာဘ်ပေးလာဘ်ယူမှုများနှင့်ပတ်သက်၍ သုံးသပ်ပြောကြားသည်။

လာဘ်ပေးလာဘ်ယူကိစ္စများမှာ ဥပဒေအရ ပေးသူရောယူသူကိုပါ အပြစ်ပေးနိုင်သည့် ဥပဒေရှိသော်လည်း တရားရုံးသို့ရောက်ရှိလာသောအမှုများ၌ လာဘ်ပေးလာဘ်ယူမှုများမှာနည်းကြောင်း တရားရုံးချုပ်ရှေ့နေတစ်ဦးကပြောသည်။

အစိုးရဝန်ထမ်းတစ်ဦးကလည်း သူ၏အမြင်ကို အောက်ပါအတိုင်းပြောသည်။

“လာဘ်ပေးလာဘ်ယူက လူတိုင်းတော့မဟုတ်ပါဘူး။ အဲဒါက လူတစ်ယောက်ချင်းစီရဲ့ ကိုယ့်ကျင့်သိက္ခာနဲ့ ဆိုင်တယ်။ ဝမ်းရေးမပြေလည်မှုကြောင့် ယူတဲ့သူနဲ့၊ဆွဲကြိုးတွေ၊ ဖုန်းတွေရချင်လို့ယူကြသူတွေလည်းရှိတယ်။

“အဂတိလိုက်စားမှုပပျောက်ဖို့ဆိုရင်တော့ ဝန်ထမ်းတွေ စားဝတ်နေရေး ပြေလည်ဖို့က အရေးကြီးတယ်။ အခြားနေရာတွေထက် ရန်ကုန်မှာဆိုရင် ကုန်ဈေးနှုန်းက ပိုကြီးတယ်။ ဒါ့ကြောင့် အောက်ခြေနဲ့ အလတ်စားဝန်ထမ်းတွေက ရတဲ့လခနဲ့ ဘယ်လိုမှ မလောက်နိုင်ပါဘူး”ဟု အဆိုပါရောဂါဆိုး ပပျောက်ရန် ဝန်ထမ်းများ၏ စားဝတ်နေရေးပြေလည်အောင်သက်ဆိုင်ရာက စီစဉ်ပေးသင့်ကြောင်း တိုင်းဒေသကြီးတစ်ခု၏ အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထိုအဂတိလိုက်စားမှုကို ပပျောက်ရန် လူတို့၏ သဘောထားအမြင်နှင့် တန်ဖိုးထားမှုများကိုပြောင်းရန်လိုပြီး ကလေးငယ်များကို အခြေခံကျောင်းများမှာကတည်းက လာဘ်ပေးလာဘ်ယူမှုများမှာ မကောင်းမှန်းသိအောင် သွန်သင်ရန်နှင့် စာရိတ္တမဏ္ဍိုင် ခိုင်ခံ့ရန်သင်ကြားပေးသင့်ကြောင်း စီးပွားရေးပညာရှင်ဦးမော်သန်းက အကြံပြုသည်။

စီးပွားရေးပညာရှင် ဒေါက်တာအောင်ထွန်းသက်ကလည်း လာဘ်ပေးလာဘ်ယူမှာနည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ယူရာမှ အကျင့်ဖြစ်သွားပြီး နောက်ဆုံးတွင် ယဉ်ကျေးမှုပါ ဖြစ်လာခြင်းဖြစ်သည်။ ထို့ကြောင့် အကျင့်ဆိုးကိုဖြတ်ရန် အချိန်ယူရမည်ဖြစ်ပြီး လူ့ကျင့်ဝတ်နှင့်အညီ နေထိုင်တတ်ရန်၊ အဂတိကင်းရှင်းသူများကို စံပြသတ်မှတ်ပြီး၊ အဂတိလိုက်စားသူများကို အရေးယူခြင်း ကို နမူနာအနေဖြင့် ပြုလုပ်လျှင် ထိုရောဂါဆိုး ပျောက်ကင်းနိုင်ကြောင်း အကြံပြုသည်။

“Broken Window Theoryဆိုပြီးရှိတယ်။ အမေရိကားမှာ ပစ္စည်းနည်းနည်းများများ၊ ခိုးတာဝှက်တာ၊လာဘ်စားတာလက်မခံဘူး။ ချက်ချင်းအရေးယူတယ်။ ဒီလိုအသေးလေးတွေကအစ အရေးယူတော့လူတွေက အကြီးတွေမှာ မလုပ်ရဲတော့ဘူး။ လူတွေက ထင်ကြတယ်။ နည်းနည်းယူရင် လာဘ်စားတာမဟုတ်ဘူး။ များများယူမှ လာဘ်စားတာလို့။ နည်းနည်းများများ လာဘ်စားတာပဲ။ ဒါကို မကောင်းတဲ့အလုပ်လို့ သိမြင်လာအောင်ကို လုပ်ရမယ်” ဟု ဒေါက်တာအောင်ထွန်းသက်က အကြံပြုသည်။

■ **တရားရုံးချုပ်ရှေ့နေ ဦးအောင်သန်းစိုး**

လာဘ်စားမှုနဲ့ပတ်သက်ပြီး တိုင်ကြားရင် ထိထိရောက်ရောက် အရေးယူတယ်ဆိုတာတောင် တိုင်ကြားတဲ့လူက အင်မတန်နည်းတယ်။ ဥပဒေအတိုင်း လုပ်တဲ့လူတွေအများကြီးရှိပါတယ်။ အဲဒီလိုပဲ သိုးမည်းတွေလည်းရှိတယ်။ လူမှုအသိုက်အဝန်းက ဒီလာဘ်ပေးလာဘ်ယူမှုကို တကယ်ပျောက်ချင်တယ်ဆိုရင် အားလုံးဝိုင်းဝန်းပူးပေါင်းပါဝင်ဖို့လိုတယ်။ ပြောနေရုံနဲ့ကတော့ ရှိနေဦးမှာပဲ။ လူ့အသိုင်းအဝိုင်းနဲ့ လူ့အဖွဲ့အစည်းတစ်ခုလုံးက ဒါကို မလိုချင်ဘူးဆိုပြီး အားလုံးစုပေါင်း တိုက်ဖျက်လိုက်ရင်တော့ ဒါက ပျက်သွားမှာပဲ။ ပြည်သူတွေကလည်း လာဘ်ပေးလာဘ်ယူမှု ပျောက်ချင်တယ်ဆိုရင် မိမိကိုယ်တိုင်က လာဘ်မပေးနဲ့။ ဒါဆို အတိုင်းအတာတစ်ခုအထိ ရှိနေမယ်။ ကြာချင်ကြာမယ်။ ဒါပေမဲ့ အားလုံးက တိုက်ဖျက်ပြီး ဥပဒေအတိုင်းဖြစ်ရမှာပေ့ါဆိုရင်ဥပဒေကို အားကိုးပြီး ဆောင်ရွက်တဲ့လူများလာရင် ဒါက အလိုလိုပျောက်မှာပဲ။ ပြည်သူလူထုကိုယ်တိုင်က မိမိအမှုအခင်းနဲ့ ထားတယ်ဆိုရင် မိမိကိုယ်တိုင် ဥပဒေနဲ့အညီ ထိုက်သင့်တဲ့ပြစ်ဒဏ်ခံ၊ မလုပ်ဘူးဆိုရင်လည်း ဥပဒေနဲ့အညီ ခုခံကာကွယ်၊ ဒီလို ရဲရဲတင်းတင်းနဲ့ ဥပဒေဘက်တော်သားအနေနဲ့ လူတိုင်းနေကြမယ်ဆိုရင် လာဘ်ပေးလာဘ်ယူကိစ္စပျောက်သွားမှာပဲ။

■ **စီးပွားရေးပညာရှင် ဦးမော်သန်း**

ဥပဒေက ကျောသားရင်သားခွဲခြားပြီးသုံ့ကြတော့အရေးယူတယ်။ ဘယ်သူ့ကျတော့အရေးမယူဘူး။ ကျောသားရင်သားမခွဲဘဲ အပြစ်ရှိရင် ရှိသလို လက်မကောင်းရင်လက်၊ခြေမကောင်းရင်ခြေယုတ်စွအဆုံး ခေါင်းမကောင်းရင်ခေါင်းပါဖြတ်ပစ်ရမှာပါ။ နောက်တစ်ဖက်ကလည်းသဘောထားအမြင်တို့၊တန်ဖိုးထားမှုတို့ကိုကလေးတွေကို ငယ်ငယ်ကတည်းက အခြေခံကျောင်းတွေမှာ လေ့ကျင့်သင်ကြားပေးရမှာပါ။ နိုင်ငံခေါင်းဆောင်တွေ နမူနာကောင်းပြရမှာပေ့ါ။ မီးရောင်အောက် ရောက်နေတဲ့သူတွေကလည်း နမူနာကောင်းပေးဖို့ပါ။ တစ်ဖက်ကလည်း ပညာပေးရမယ်။

■ **ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး**

တည်ဆဲဥပဒေတွေကို လက်တွေ့ကျင့်သုံးဖို့လိုတယ်။ ပြစ်မှုဆိုင်ရာ ဥပဒေရှိတယ်။ အထူးဥပဒေတွေလိုတယ်။ ဝန်ထမ်းတွေက တရားဝင်ရရှိတဲ့ငွေကြေးမှအပ အခွင့်အာဏာကို အသုံးပြုပြီးရတဲ့ငွေ ကြေးတွေကို လက်ခံရင် အရေးယူလို့ရတဲ့ဥပဒေရှိတယ်။ ဒါကို တိတိကျကျဆောင်ရွက်ရင် အဂတိလိုက်စားမှုတွေလျော့သွားမှာပါ။ အခုဆိုရင် ကြားရတဲ့သတင်းအရ တရားရေးလောကမှာ လာဘ်ပေးတာကို တံ့ဆိုင်းနေကြပြီ။ တချို့ဌာနတွေကတော့ သမ္မတက Clean Government ဖြစ်ရမယ်လို့ ပြောသွားပြီးတဲ့နောက်မှာပဲ ခုချိန်ထိ ဒါတွေကိုလုပ်နေကြတာတွေလည်းရှိနေတာပဲ။

7DAY NEWS JOURNAL
Vol.10, No.11 · JUNE 2, 2011

# ငွေအကြွေရှားပါးမှုက ငွေဖောင်းပွမှုကို တွန်းအားပေး



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

နေလင်းထွန်း

ရန်ကုန်၊ မေ-၂၀

ပြည်တွင်း၌ အခက်အခဲကြုံတွေ့နေရသော ငွေအကြွေ ရှားပါးမှုသည်ငွေကြေးဖောင်းပွမှုပြဿနာအား တွန်းအားဖြစ်စေနိုင်ကြောင်း ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်ဟောင်း ဦးမော်သန်းကဆိုသည်။

ငွေအကြွေ ရှားပါးမှုအား ဈေးဝယ်ကုန်တိုက်ကြီးများ၊ အရောင်းဆိုင်များ၊ မြို့တွင်းပြေးဆွဲသော ယာဉ်လိုင်းများတွင် အဓိကရင်ဆိုင်နေရလျက်ရှိပြီး ဈေးနှုန်းသက်သာသည့်အခြေခံစားသောက်ကုန်ပစ္စည်းများ ရောင်းဝယ်ရာတွင်လည်း အခက်အခဲဖြစ်ပေါ်လျက်ရှိသည်။

"အကြွေကြောင့်လည်း ဈေးနှုန်းတက်တာပါတယ်။ အကြွေထုတ်ဖို့ လိုတာပေါ့။ အာဏာပိုင်တွေအနေနဲ့လည်း အဟန့်အတားဖြစ်နေတယ်။ ဥပမာ-တစ်ရာတန်ထုတ်တဲ့အတွက် ကုန်ကျတာကသုံးရာဖြစ်နေတယ်။ ရှုံးတယ်ပေါ့။ ဘာလုပ်နိုင်ဆိုရင် တစ်ရာတန်ကို စက္ကူမထုတ်ဘူး။ သတ္တုနဲ့ အကြွေစေ့ထုတ်မယ်။ ကုန်ကျစရိတ်ပိုကုန်လည်း သူကသက်တမ်းကို ပိုကြာရှည်စေတယ်။ သုံးတာများရင်တွက်ခြေကိုက်တယ်ပေါ့။နောက်တစ်ခုက သူများနိုင်ငံတွေမှာ သူတို့ပိုက်ဆံကို တရိုတသေနဲ့ မြတ်နိုးနိုးကိုင်တွယ်တယ်။ ကိုယ့်နိုင်ငံများအသစ်ထုတ်လိုက်လည်း နားမလည်တဲ့ သူတွေက ဆုပ်ခြေပြီးတော့လည်းကိုင်တော့ ခဏလေးနဲ့ပျက်စီးတာပေါ့။ အစိုးရကလည်း အဲဒါတော့ ဘယ်တတ်နိုင်မလဲ။ ပြည်သူတွေဘက်ကလည်း ကိုယ့်ပိုက်ဆံကို ရိုရိုသေသေ ကိုင်တွယ်ရမှာပေါ့" ဟုဦးမော်သန်းကဆိုသည်။

ယခုအခါ ရန်ကုန်မြို့တွင်း သွားလာနေကြသော ခရီးသွားများ အခက်အခဲဖြစ်နေသော ငွေအကြွေပြဿနာ ပြေလည်စေရန် ယာဉ်လိုင်းများပြေးဆွဲနေသော မှတ်တိုင်အချို့၌ သက်ဆိုင်ရာမှ ငွေအကြွေ လဲလှယ်ပေးလျက်ရှိကြောင်း သိရသည်။

# လျှပ်စစ်မီတာအတွက် အပိုကြေး လုံးဝမပေးရဟု တာဝန်ရှိသူပြောကြား

သိမ့်သိမ့်စိုး

*ပြည်သူအချို့၏ လျှပ်စစ်မီတာတပ်ဆင်ခြင်းများတွင် မသမာမှုအချို့ဖြစ်လေ့ရှိသည်ဆို၍ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေး အဖွဲ့မှ အတွင်းရေးမှူးဦးမောင်မောင်လတ်နှင့် လျှပ်စစ်မီတာတပ်ဆင်ခြင်းနှင့်ငွေကြေးဆိုင်ရာများကို တွေ့ဆုံမေးမြန်းထားသည်များမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။*

**■ မီတာပုံးလျှောက်ထားတဲ့နေရာမှာ ကျသင့်ငွေထက် ပိုပေးနေရတာတွေ ရှိတယ်လို့ပြောကြတယ်။ ဘာကြောင့်ပါလဲ။**

မီတာလျှောက်ထားတဲ့အခါမှာ သတ်မှတ်ကြေးအတိုင်းပဲ ပေးသွင်းရမယ်။ လုံးဝ ပိုမပေးရဘူး။ အိမ်သုံးမီတာ လျှောက်ရင် စုစုပေါင်း ကျပ် ၇၀,၀၀၀ ကုန်မယ်။ လမ်းကနေ အိမ်ကိုသွယ်တဲ့ မီးကြိုးခနဲ့ မီတာကိုပုံးလုပ်တာတွေအတွက်တော့ ထပ်ကုန်မယ်။ အဲဒါတွေအတွက် ကုန်တာကတော့ ပိုပေးရတာ မဟုတ်ပါဘူး။

**■ မီတာလျှောက်လို့ချပေးတဲ့အခါ ဌာနအနေနဲ့ တရားဝင်ပြေစာထုတ်ပေးတာမျိုး ရှိပါသလား။**

မီတာချပေးတဲ့အခါကုန်ကျငွေအသေးစိတ်ကို ဌာနက ချလန်ဖြတ်ပေးပါတယ်။

**■ အမြန်ကြေးပေးရင် မြန်မြန်ရတာမျိုးက ဝန်ထမ်းတွေ ဘယ်လိုဆောင်ရွက်တယ်ထင်ပါသလဲ။**

အမြန်ကြေးပေးရတယ်ဆိုတာမရှိပါဘူး။ မီတာလျှောက်ပြီး တစ်ပတ်အတွင်း ချပေးတယ်။ မီတာထုတ်တဲ့ဆီက နောက်ကျတာကလွဲရင် ကျန်တာနောက်ကျတာမရှိဘူး။ အခုမီတာထုတ်ထားတာတွေရှိနေပြီဆိုတော့ တစ်ပတ်အတွင်း မရလို့တိုင်ကြားရင် အရေးယူပေးသွားမယ်။ မီတာလျှောက်ဖို့ ဘယ်သူ့ထောက်ခံချက်မှလည်း မလိုဘူး။

**■ မီတာတပ်ဆင်တဲ့အခါမှာ တပ်ဆင်ခအပြင် လက်ဖက်ရည်ဖိုးတောင်းတာကို ဘယ်လိုမြင်သလဲ။ လာဘ်ပေးလာဘ်ယူမြောက်တယ်လို့ ပြောလို့ရလား။**

ပိုက်ဆံတောင်းယူတာမျိုးရှိလို့ တိုင်ရင် အရေးယူပေးမယ်။ ပိုက်ဆံပေးမှ လုပ်ပေးမယ်ဆိုရင်တော့ လာဘ်ပေးလာဘ်ယူဖြစ်တယ်။စေတနာရှိလို့လက်ဖက်ရည်တိုက်ရင်တော့ မပြောတတ်ဘူး။

**■ လျှပ်စစ်ဌာနက မီတာကျတဲ့အခါ ကျသင့်ငွေထက် ပိုယူတာကြောင့် ကာယကံရှင်တွေက စာရေးပို့တာမျိုး၊ အကြောင်းကြားတာမျိုးရှိလား။**

ရန်ကုန်တိုင်းဒေသကြီးမှာ မီတာနဲ့ပတ်သက်ပြီး တိုင်တာမရှိဘူး။ မီတာကျတာများလို့ ကွန်ပလိန်းတက်တာပဲ ရှိတယ်။ တိုင်ကြားတာ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ မရှိဘူး။

**■ ပိုယူတာမျိုး၊ လာဘ်ယူတာမျိုးမရှိအောင် ရုံးတွင်းမှာ ဘယ်လိုစည်းကမ်းချက်တွေ သတ်မှတ်ထားလဲ။**

ရုံးထဲမှာ ကပ်ထားတဲ့စည်းကမ်းချက်စာရွက်ရှိတယ်။ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှဝန်ထမ်းများသည်အောက်ပါအချက်များနှင့် ပတ်သက်၍ တိကျစွာလိုက်နာဆောင်ရွက်ကြရန် ညွှန်ကြားသည်။

မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှ ထရန်စဖော်မာနှင့် မီတာများလာရောက် လျှောက်ထားရာတွင်လည်းကောင်း၊ ပစ္စည်းစီမံရေးဌာနသို့ ကုမ္ပဏီများမှ ပစ္စည်းများ တင်သွင်းရာတွင်လည်းကောင်း၊ ဘဏ္ဍာရေးဌာနသို့ ကုမ္ပဏီများမှ ငွေများထုတ်ယူရာတွင်လည်းကောင်း မည်သည့်အကြောင်းကိစ္စနှင့်မဆို ငွေများ၊ တန်စိုးလက်ဆောင်ပစ္စည်းများ၊ လာဘ်ပေးလာဘ်ယူခြင်း လုံးဝ(လုံးဝ) မပြုလုပ်ကြရန် စတဲ့အချက်တွေ ကြေညာထားတယ်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

လာဘ်ပေး လာဘ်ယူမှုတွေနဲ့ ပတ်သက်ပြီး တိုင်တာရှိရင် စုံစမ်းစစ်ဆေးရေး ခုံရုံးဖွဲ့ပြီး စစ်တယ်။ စစ်ဆေးမှုကို အစည်းအဝေးခေါ် ယူဆုံးဖြတ်တယ်။ အဲဒီပေါ်မူတည်ပြီး အရေးယူဆုံးဖြတ်တယ်။ ဝန်ထမ်းကို ထုတ်ပစ်တာတွေရှိတယ်။ ရဲစခန်းမှာ အမှုဖွင့်တရားစွဲပြီး ထုတ်ပစ်တယ်။ အဲဒါကတော့ အမြင့်ဆုံး အရေးယူတာပေါ့။ အရာရှိတွေကိုပဲ မယူမနေရ ပင်စင်ပေးတာတွေလည်း ရှိတယ်။

**■ အိမ်ငှားက ဝန်ထမ်းနဲ့ ညှိပြီး လစဉ် မီတာလျှော့ဖတ်တာတွေ၊ အိမ်ရှင်ကျမှ မီတာ အများကြီးဆောင်ရတာတွေရှိတယ်လို့ သိရပါတယ်။ အဲဒီလို မဖြစ်အောင် ဘယ်လိုဆောင်ရွက်ဖို့ရှိလဲ။**

အဲဒီလိုတွေ မရှိအောင် မြို့နယ်က မီတာစာရေးတွေအပြင် ရုံးချုပ်က အရာထမ်းတွေပါဆင်းပြီးအဲဒီလိုကိစ္စတွေ မဖြစ်အောင် အတတ်နိုင်ဆုံး ပြုလုပ်နေပါတယ်။

# မြောက်ဦးမြို့ ပုဂလိက လျှပ်စစ်ဖြန့်ဝေရေးလုပ်ငန်း မီတာခဈေးပြောင်း

မြတ်စုမွန်

ရန်ကုန်၊ မေ-၂၈

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့တွင် တော်ဝင်ထူးလင်းလျှပ်စစ်ဓာတ်အားပေးရေးကုမ္ပဏီက စပါးခွံသုံးမီးစက်အသုံးပြုကာ မီးပေးလျက်ရှိရာ မီတာတစ်ယူနစ်လျှင် မီတာခ ကျပ်၄၅၀ ကောက်ခံနေရာမှ ကျပ် ၅၀၀ နှုန်း တိုးမြှင့်ကောက်ခံကြောင်း မြောက်ဦးမြို့ဒေသခံကုန်သည်တစ်ဦးက ပြောသည်။

"မြို့မှာမီးလာရင်အိမ်ပေါက်စေ့မီးခလုတ်တွေလိုက်ပိတ်ထားရတယ်။ မီးလာရင် ကြောက်နေပြီ" ဟု အထက်ပါဒေသခံက ပြောသည်။ အဆိုပါကုမ္ပဏီ၏ မီးပေးမှုပုံစံအား ဒေသခံများက ကြိုက်နှစ်သက်မှုမရှိသဖြင့် ကိုယ်ပိုင်ဂျင်နရေတာများဝယ်ယူကာ ရပ်ကွက်အလိုက်စည်းဝေးတိုင်ပင်ပြီး ရခိုင်ပြည်နယ် လျှပ်စစ်ဝန်ကြီးထံသို့ လက်မှတ်ရေးထိုးတိုင်ကြားထားရန်စီစဉ်နေကြောင်း ဒေသခံတစ်ဦးကဖြစ်သည့် ဦးရွှေတင်က ပြောကြားသည်။

"ကျွန်တော်တို့မြို့သူမြို့သားတွေကတော့မီတာခကြောင့် ဝန်ထုပ်ဝန်ပိုးဖြစ်နေတယ်။ ပြီးတော့ မီတာစာရွက်တွေကိုလည်း စောစောလာမပေးဘူး။ ရက်ကျော်ဒဏ်ကြေးရအောင် တမင်လုပ်နေတာနဲ့တူတယ်။ ပြီးတော့ တစ်ရက်ကျော်ရင် မီးဖြတ်တတ်တဲ့အတွက် အဲဒီမီးကြိုးပြန်ဆက်ခကျပ် ၂,၀၀၀ ဆိုပြီးတောင်းတယ်။ ဒါပေမဲ့ အိမ်ကိုတကယ်မီးလည်းလာမဖြတ်ဘဲ တောင်းနေတာပါ"ဟု ဦးရွှေတင်ကပြောသည်။ထိုသို့အိမ်သုံးမီတာယူနစ်ခများအပြင် မြို့တွင်းလမ်းမီးတိုင်များအတွက်ကိုလည်းဒေသခံပြည်သူများကပင် ပေးဆောင်နေရကြောင်း သိရသည်။

"မီတာခ ၁ ယူနစ်ကို ၃၀၀၊ ၃၅၀ နှုန်း လျှော့မပေးဘူးဆိုရင် ဒီကုမ္ပဏီကို ကျွန်တော်တို့ ဒေသခံတွေ အလိုမရှိတော့ဘူး။ မြို့ကကုန်သည်တွေ၊ မြို့မိမြို့ဖတွေပေါင်းပြီး ကိုယ့်ဘာသာမီးလင်းရေးကော်မတီထောင်ဖို့ပြင်ဆင်ထားပြီ။ ဒီကုမ္ပဏီက စပါးခွံသုံးပြီး မီးပေးနေတာ။ တစ်ယူနစ် ၄၅၀ နှုန်းနဲ့ကောက်တာ။ ၂၀၀၉-၁၀ ဘဏ္ဍာရေးနှစ်မှာ သူတို့ကျပ်သိန်းပေါင်း ၁၂၈၅ သိန်းကျော်ရခဲ့တယ်။ မြို့အတွက် သာရေးနာရေးဘာမှ မလုပ်ဘူး။ ကိုယ့်ဘာသာကိုယ်လုပ်ရင်တော့ အမြတ်ငွေတွေကိုမြို့ရဲ့ကျန်းမာရေး၊ ပညာရေးအသုံးစရိတ်ရန်ပုံငွေထားပြီး လုပ်သွားမယ်"ဟု ဦးရွှေတင်ကပြောသည်။

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့တွင် တော်ဝင်ထူးလင်းကုမ္ပဏီက ၂၀၀၉ ခုနှစ်မှစတင်ကာ တစ်ရက်ခြားစီလျှပ်စစ်မီးစတင်ပေးခဲ့ကြောင်းသိရသည်။ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့တွင် စပါးခွံနှင့် ဒီဇယ်ဆီ နှစ်မျိုးလုံးအသုံးပြုကာ ၁ ယူနစ်လျှင် မီတာခ ၄၀၀ကျပ်နှုန်းဖြင့် လည်းကောင်း၊ ရခိုင်ပြည်နယ် သံတွဲမြို့တွင်ဖိုးသီးချိုလျှပ်စစ်ဓာတ်အားပေးရေး ကုမ္ပဏီက ဒီဇယ်ဆီ အသုံးပြုကာ တစ်ယူနစ်လျှင် ၄၀၀ ကျပ်နှုန်းဖြင့် ၂၄ နာရီအသီးသီးမီးပေးလျက်ရှိကြကြောင်း သိရသည်။

အထက်ပါသတင်းနှင့် ပတ်သက်၍ တော်ဝင်ထူးလင်းကုမ္ပဏီသို့ဆက်သွယ်မေးမြန်းရာ ကုမ္ပဏီ၏ ဝန်ဆောင်မှုလုပ်ငန်းများ မြန်ဆန်စေရန်နှင့် မီတာခလျှော့ချကောက်ခံနိုင်ရန် စီစဉ်သွားမည်ဖြစ်ကြောင်း ကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးကပြောသည်။

"မီတာစာရွက်တွေ သုံးစွဲသူလက်ထဲ မြန်မြန်ရောက်နိုင်အောင် ဒီလကစပြီး လုပ်သွားမယ်။ ပြီးတော့ ကျွန်တော်တို့ မီးပေးတဲ့အခါ မသမာသူတွေရဲ့ မီးခိုးသွယ်မှုတွေရှိနေတယ်။ ပျောက်ဆုံးယူနစ်တွေက ထုတ်လွှတ်လိုက်တဲ့ယူနစ်ရဲ့ ၄၀ ရာခိုင်နှုန်းရှိနေတယ်။ အခုကျွန်တော်တို့ တစ်ရက်ကို ၁၃ နာရီနှုန်းနဲ့မြို့ကို ၃ပိုင်းပိုင်းပြီး အလှည့်ကျပေးနေတယ်။ မီတာခ ၁ ယူနစ် ၅၀၀ မှ မပေးနိုင်ဘူးဆိုရင် မီးပေးချိန် ၁၃ နာရီခွဲ မပေးနိုင်တော့ဘူး"ဟု တော်ဝင်ထူးလင်းလျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးကုမ္ပဏီမှမန်နေဂျင်းဒါရိုက်တာဦးစိုးသင်းအောင်က ပြောသည်။ ပျောက်ဆုံးယူနစ်များနှင့်မီးခိုးယူသွယ်တန်းမှုများကြောင့် မီတာခနှုန်းမြင့်နေခြင်းဖြစ်ရာအများပြည်သူ ဝန်ထုပ်ဝန်ပိုး ဖြစ်နေမှုများကို ဖြေရှင်းနိုင်ရန် ဌာနနှင့်ညှိနှိုင်းကာ လျှပ်စစ်မီးကြိုးဟောင်းများအားလဲလှယ်ခြင်း၊လျှပ်စစ်ဥပဒေအရမီတာပုံးများအား နေအိမ်များအပြင်သို့ထုတ်၍ တပ်ဆင်ခြင်းများပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့က စပါးခွံနဲ့ ဒီဇယ်တွဲသုံးပါတယ်။ မီတာမြန်နေတာ၊ နှေးနေတာတွေ မဖြစ်ရအောင် သမာဓိချိန်ခွင်လိုမျိုး စံမီတာတွေ စမ်းသပ်သုံးစွဲသင့်တယ်။ ကျွန်တော်တို့က မီတာအပေါ်မှာ လုပ်စားနေတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ကလည်း အီးပီစီဝန်ထမ်းနဲ့ပေါင်းပြီးမသမာမှုမလုပ်ဘူး။ ပြည်သူကလည်း ဝန်ထမ်းနဲ့ပေါင်းပြီး မသမာမှုမလုပ်ကြပါနဲ့လို့ ပြောချင်ပါတယ်" ဟု ဦးစိုးသင်းအောင်ကပြောသည်။

"မြို့ကလူတွေ ကိုယ်ပိုင်ဂျင်နရေတာတွေ ဝယ်ချင်ရင် ကျွန်တော်တို့ကုမ္ပဏီက အကြွေးစနစ်နဲ့ ရောင်းပေးမယ်လို့ပြောဖူးပါတယ်"ဟု ၎င်းကဆက်လက်ပြောသည်။

7 DAY NEWS JOURNAL
Vol.10, No.11 • JUNE 2, 2011



# ‘ဘယ်နေရာမဆို ပိုက်ဆံပေးရင်ရတယ် ဆိုတဲ့အသိ စွဲသွားပြီ’

## တရားရုံးချုပ်ရှေ့နေ ဦးသန်းမောင်(စစ်တွေ)နှင့်အင်တာဗျူး

မြတ်စုမွန်



ဓာတ်ပုံ-ဇေမောင်မောင်(အမရပူရ)

**ပြည်သူ့ဝန်ထမ်းတွေ အဂတိလိုက်စားတာ သေချာကြောင်းတွေ့ရရင် ဘယ်လိုဥပဒေတွေနဲ့ အရေးယူနိုင်ပါသလဲ။**

ဖိုးဝမ်းစီ ဝမ်းတူး ၄(၁)(င)၄(၂)လို့ ခေါ်တဲ့ ၁၉၄၈ အဂတိလိုက်စားမှုတားမြစ်ရေး အက်ဥပဒေ အမှတ် ၆၇ က ဝန်ထမ်းတွေကြားမှာ အင်မတန်နာမည်ကြီးတယ်။ အခုနောက်ပိုင်းမှာ အဲဒါနဲ့တရားစွဲတာ သိပ်မကြားရတော့ဘူး။ တရားသူကြီး၊ ရဲ၊ အရာရှိတွေနဲ့ ဌာနဆိုင်ရာဝန်ထမ်းတွေ ခဏခဏထိတယ်။ ထောင် ၇ နှစ်အထိချလို့ရတယ်။ အဂတိလိုက်စားလို့ရထားတဲ့ ငွေကြေး၊ အဆောက်အအုံ၊ ပစ္စည်းတွေအားလုံးကိုနိုင်ငံတော်ပိုင်သိမ်းလို့ရတယ်။ နောက် ရာဇသတ်ကြီးဥပဒေပုဒ်မတွေလည်း ရှိတယ်။ ပြည်သူ့ဝန်ထမ်းတွေ လာဘ်ပေးလာဘ်ယူလုပ်ရင် အဲဒီဥပဒေနဲ့ အများဆုံးအရေးယူတာပဲ။ ပြီးတော့ ရာဇသတ်ကြီးဥပဒေတွေထဲက ပုဒ်မ ၁၆၁၊ ၁၆၂၊ ၁၆၃၊ ၁၆၄၊ ၁၆၇တို့လည်းရှိတယ်။ အဲဒါတွေထက် ပိုထိရောက် စနစ်တကျ အရေးယူချင်လို့ ဒီဥပဒေကို အသစ်ပြဋ္ဌာန်းတာ။ တစ်ခါ ငွေကြေးအလွဲသုံးစားမှုပြုတာတွေဖြစ်လာရင် ရာဇသတ်ကြီးဥပဒေတွေထဲက ပုဒ်မ ၄၀၉ နဲ့လည်း အရေးယူတယ်။ အဲဒါက ပြစ်ဒဏ်ကြီးတယ်။ တစ်သက်တစ်ကျွန်းဖြစ်စေ၊ ထောင်ဆယ်နှစ်ဖြစ်စေ ချနိုင်တယ်။ နောက် ဥပဒေတစ်ခုက ၁၉၅၁ ခုနှစ် ရာဇဝတ်ဥပဒေပြင်ဆင်ချက်အက်ဥပဒေ၊ ဒါကလည်း အင်မတန်အရေးပါတယ်။ ဒီဘက်ခေတ်မှာ မြန်မာနိုင်ငံရဲ တပ်ဖွဲ့ ဥပဒေ၊ သစ်တောဥပဒေ၊ သတ္တုတွင်းဥပဒေ၊ ငွေကြေးဆိုင်ရာအဖွဲ့အစည်းတွေမှာလည်း လာဘ်ပေးလာဘ်ယူ၊ အဂတိလိုက်စားတာ၊ မတော်မတရားလုပ်တာတွေရှိရင်လည်း သက်ဆိုင်ရာဌာနအလိုက် ဥပဒေတွေနဲ့အရေးယူလို့ရတာတွေရှိတယ်။ ဘယ်ဝန်ထမ်းမဆို လာဘ်ယူတယ်၊ အဂတိလိုက်စားတယ်ဆိုရင် အရေးယူလို့ရတယ်။ အဂတိလိုက်စားမှုဆိုတဲ့အထဲမှာ လာဘ်ပေးလာဘ်ယူ၊ အကျင့်ပျက်ခြစားမှု၊ မတော်မတရားရယူမှု အားလုံးအကျုံးဝင်တယ်။ ဒီဘက်ခေတ်မှာ ပေါ်လာတဲ့ စောစောက ဥပဒေတွေအပြင် ငွေကြေးခဝါချမှုဥပဒေတွေရှိတယ်။ ဥပဒေတွေကတော့ အခိုင်အမာရှိနေတာပဲ။ ဘယ်သူပြောမှလုပ်တော့မယ်၊ ဘယ်ဝါပြောမှလုပ်တော့မယ်ဆိုတာမဟုတ်ဘူး။ အစကတည်းက လုပ်ရင်လည်း ရနေတာပဲ။

**တရားရုံးတွေမှာ လာဘ်စားရင်ရော အရေးယူလို့ရတဲ့ဥပဒေတွေရှိလား။**

အဲဒါတွေကလည်း ဒီဥပဒေနဲ့ အကျုံးဝင်တာပဲ။ ဖိုးဝမ်းစီ ဝမ်းတူးက တရားသူကြီးတွေ၊ ဥပဒေအရာရှိတွေ၊ ရဲတွေအကုန်လုံးကို အရေးယူလို့ရတယ်။

**အခု နောက်ပိုင်းမှာ လူတွေက ပိုက်ဆံရှိရင် လူသတ်လို့ရတယ်ဆိုတဲ့ စကားမျိုးတွေသုံးလာကြတယ်။ အရင်တုန်းကရော အဲဒီလိုစကားတွေသုံးခဲ့ကြလား။ အဲဒီလိုသုံးဖို့ အကြောင်းတရားတွေရှိခဲ့တာတွေ့လား။ ဘယ်လိုမြင်ပါသလဲ။**

ခေါင်မိုးကလုံမှ ကြမ်းလုံတာ။ မြို့နယ်တစ်ခုမှာဆိုပါစို့။ မြို့နယ်အကြီးအကဲက ခေါင်ပဲ။ ခရိုင်မှာဆိုလည်း ခရိုင်အကြီးအကဲက ခေါင်ပဲ။ အထက်၊ အောက်ဆိုတာ နေရာတိုင်းမှာရှိတာပဲ။ ဒီတော့ အောက်ဆုံးအဆင့်က လူကို သူ့အထက်လူက မကွပ်ကဲမကြီးကြပ်ဘူး၊ သူကိုယ်တိုင်က လုပ်တယ်ဆိုရင် အဲဒီလို အဆင့်ဆင့်ဖြစ်သွားတာတွေက ကြက်မနဲ့ကြက်ဥလို ဖြစ်သွားမှာပဲ။ အဲဒီတော့ ဘယ်ကစလုပ်ကြမလဲဆိုရင် အပေါ်ရော၊ အောက်ရောက လုပ်ရမှာပဲ။ အခု ဘယ်လိုဖြစ်လာသလဲဆိုရင် လာဘ်ပေးလာဘ်ယူတဲ့ပမာဏက ဘယ်ခေတ်ကာလတုန်းကနဲ့မှ မတူ အောင်အရမ်းကြီးထွားလာတယ်။ အရင်တုန်းက လက်ဖက်ရည်ဖိုးလို့ ပြောတယ်။ အခုက မဟုတ်တော့ဘူး။ တကယ့် ဘဝတစ်ခုလုံးအတွက် လုပ်လာကြတယ်။ အရင်တုန်းကဆို ပဲပြုတ်သည်သားတောင် စာတော်ရင် လူရည်ချွန်ဖြစ်တာပဲ။ သူများ မိုးခါးရေသောက်လို့လား၊ ကိုယ်တိုင်ကပဲ မိုးခါးရေသောက်ချင်လို့လား မပြောတတ်ဘူး။ အဆင့်တိုင်းမှာ ဒီနည်းကို သုံးပြီးတော့ လူကြီးတွေဖြစ်လာကြရင် ခုနကပြောသလို ခေါင်မိုးက လုံတော့မှာလား။ လူထုကိုယ်တိုင်ကလည်း လိုအပ်တာတွေ အများကြီးရှိတယ်။ လာဘ်ယူအောင်လည်း လာဘ်ပေးတဲ့လူက ဖျက်ဆီးတယ်။ လာဘ်ယူတဲ့လူကလည်း လာဘ်မပေး ပေးအောင်လုပ်တယ်။ တစ်ခါတလေကျရင် လာဘ်ယူတယ်ဆိုတာ ယူချင်လို့ ယူတာမဟုတ်ဘဲ အရည်အချင်းကိုပြချင်လို့၊ ရာထူးဌာနကိုလေးစားအောင်လို့ ယူတာမျိုးဖြစ်လာတယ်။

**ဝန်ထမ်းတွေ လာဘ်စားတာကို အရေးယူဖို့ဥပဒေရှိသလို လာဘ်ပေးတဲ့ ပြည်သူတွေကို အရေးယူနိုင်တဲ့ ဥပဒေတွေရော ရှိသလား။**

များသောအားဖြင့်ကတော့ လာဘ်ပေးတဲ့လူကို သက်သေအဖြစ် လုပ်တာများတယ်။ အမှန်ကတော့ အရေးယူလို့ရတယ်။ ဒါပေမဲ့ လာဘ်ယူတဲ့လူကို ဖော်ထုတ်ဖို့အတွက် အမှုတော်တော်များများမှာ လာဘ်ပေးတဲ့လူကို သက်သေအဖြစ်အသုံးပြုတယ်။ အမှန်ကတော့ လာဘ်ပေးတဲ့လူက လူမှုကျင့်ဝတ်အရတရားခံ၊ အပြစ်ရှိတဲ့လူ။ သူပေးလို့ကိုယ်ကယူတယ်၊ တောင်းတယ်ပြောပြော၊ မတောင်းဘူးပြောပြော၊ ချဉ်းကပ်တယ်ပြောပြော၊ ပေးသူရှိလို့ယူသူရှိတယ်။ ပေးသူလည်း အပြစ်ရှိတယ်။ ရာဇဝတ်ကြောင်းအားဖြင့် သူ့ကို တရားခံအဖြစ် မထည့်ဘူးဆိုရင်တော့ အပြစ်ပေးလို့မရဘူး။

**ဝန်ထမ်းတွေက သူတို့ရတဲ့လစာနဲ့မလုံလောက်လို့လာဘ်ယူရတာပါဆိုတဲ့ အကြောင်းပြချက်နဲ့ပတ်သက်လို့ ဘယ်လိုမြင်ပါသလဲ။**

အဲဒါက စတာပဲ။ အစိုးရဝန်ထမ်း တစ်ယောက်ကို တစ်လ ဆယ်သိန်းပေးကြည့်။ အစိုးရလစာ တောင် ဆယ်သိန်းရတာ။ မင်းပေးတဲ့ လာဘ်က သိန်း ၁၀၀ မရရင် မလုပ်ဘူးဆိုတာမျိုးဖြစ်သွားလိမ့်မယ်။ အခြေခံအားဖြင့်တော့ မလောက်ငတာပါပဲ။ မလောက်ငတာကနေ လောဘဝင်လာတယ်။ ကိုယ့်ရဲ့နေရာက ဒီလိုတောင်းလို့ရပါလားလို့သိသွားတယ်။ ပေးတဲ့လူလည်း ရှိပါလားလို့ သိသွားတဲ့အခါမှာတော့ လစာမလုံလောက်တာတစ်ခုတည်းလို့တော့ အကြောင်းပြလို့ ဘယ်လိုမှမဖြစ်နိုင်ဘူး။

**အရင်တုန်းက ဝန်ထမ်းတွေကရော သူတို့လစာဝင်ငွေနဲ့ လုံလောက်ခဲ့ကြသလား။ လာဘ်စားမှုအခြေအနေက အခုနဲ့ယှဉ်ရင် ဘယ်လိုရှိခဲ့သလဲ။**

ဦးတို့သိသလောက် အရင်တုန်းက အမှုတစ်ခုရှိခဲ့ဖူးတယ်။ လာဘ် ၂၀၀ ယူလို့ဆိုပြီး အရာရှိတစ်ယောက်ကို ထောင် ၇နှစ်ချလိုက်တယ်။ အဲဒီတုန်းက သူ့လစာက ၄၀၀၊ ၅၀၀ လောက်တော့ရှိမယ်။ လစာနဲ့ လာဘ်အချိုးက လက်ရှိကာလမှာ မတန်တဆကိုများသွားပြီ။ အရင်တုန်းက လစာရဲ့ ဆယ်ပုံတစ်ပုံတို့၊ လက်ဖက်ရည်ဖိုးတို့က စခဲ့တာပဲ။ တောင်းတိုင်း ရမှန်းသိသွားတော့ “ငါ့လစာ ဒီလောက်ဆိုတော်ပါပြီ။ ဒီလောက်ဆိုရင်တော့ ငါ့သားသမီး စားဝတ်နေရေးအတွက် လုံလောက်ပါပြီ”ဆိုတဲ့ဟာနဲ့ မတင်းတိမ်တော့ဘူး။ အကြောင်းပြချက်သာဖြစ်လိမ့်မယ်။ လစာ မလုံလောက်တာ တစ်ခုတည်းနဲ့မဟုတ်တော့ဘူး။ ဒါပေမဲ့ လစာမလုံလောက်တာကိုလည်း အစိုးရက ထိန်းကျောင်းပေးရမယ်။ ဌာနတွေမှာ လာဘ်ရတဲ့နေရာရှိတယ်။ မရတဲ့နေရာရှိတယ်။ အစိုးရက အားလုံးကို တန်းတူရည်တူကြည့်ရမယ်။ လုပ်စားလို့မရတဲ့ ဌာနတွေရှိတယ်။ အချို့ဝန်ထမ်းတွေဆိုရင် အရမ်းသနားစရာကောင်းတယ်။ ဒီတော့ လစာမလုံလောက်ဘူးဆိုတာ အကြောင်းအရင်းတစ်ရပ်က မှန်တယ်။ အဓိကက လစာနဲ့ လုံလောက်အောင် လစာကိုချည်း မြှင့်ပေးတဲ့စနစ်ထက် အစစအရာရာ ကုန်ဈေးနှုန်းကျဆင်းရေးတို့၊ မလိုလားအပ်တဲ့ ကုန်ကျစရိတ် တွေမရှိရေးတို့လုပ်ပေးရမယ်။ ရတဲ့ လစာလေးနဲ့ သားလေးတစ်ယောက်ကိုတော့ ကျောင်းထားနိုင်တဲ့အရည်အချင်း ရှိရမယ်။

**လာဘ်ပေး လာဘ်ယူမှုတွေကြောင့် နိုင်ငံတော်အတွက် ဘယ်လိုအကျိုးဆက်တွေရှိနိုင်သလဲ။**

ကလေးတွေရဲ့ အနာဂတ်က နောင် လူကြီးတွေဖြစ်လာမယ်။ ဝန်ထမ်းတွေ အဲဒီအမြစ်စွဲနေတဲ့ ဘယ်နေရာမဆို ပိုက်ဆံပေးရင်ရတယ်ဆိုတဲ့အသိစွဲနေပြီ။ အဲဒီလိုလုပ်ရင် တိုင်းပြည်မှာ ပညာရှင်တွေ၊အရာရှိတွေ၊အတတ်ပညာရှင်တွေရဲ့ အရည်အသွေးဟာနိမ့်ကျန်ခဲ့တာဒီနေ့အခုလက်တွေ့မြင်နေရတာပဲ။ လွန်ခဲ့တဲ့ ၁၀ နှစ် အနှစ် ၂၀ က စလာခဲ့တဲ့ကိစ္စ၊ အခုချိန်မှာရှင်းနေတာပဲ။ နိုင်ငံတကာက လူတွေနဲ့ ဒီကလူနဲ့ ဌာနချင်းအတူတူတောင်အရည်အချင်းပြတ်ကျန်ခဲ့တယ်။ အဲဒီလာဘ်ပေးလာဘ်ယူမှုတွေရဲ့အကျိုးဆက်တွေပဲ။

**ဦးတို့တွေ့ခဲ့ ကြုံခဲ့တဲ့ အတွေ့အကြုံတွေအရ လာဘ်စားမှုကို မပပျောက်သွားဘူးဆိုရင်တောင် တဖြည်းဖြည်းလျော့နည်းလာအောင် ဘယ်လိုလုပ်သင့်သလဲ။ သူများနိုင်ငံတွေမှာ လုပ်နေတဲ့ ပုံစံတွေထဲက ဘယ်သူ့တွေကို အတုယူသင့်ပါသလဲ။**

ကမ္ဘာမှာ လာဘ်စားမှုအနည်းဆုံးထဲမှာ ဦးတို့ရဲ့ အိမ်နီးချင်း စင်ကာပူက နံပါတ်တစ်ပဲ။ အရှေ့တောင်အာရှထဲမှာ လာဘ်စားတယ်လို့ နာမည်ဆိုးတာ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်။ သူတို့လည်း သန့်စင်ရေးတွေတော့လုပ်လာပြီ။ ကမ္ဘာမှာနံပါတ်စဉ်အနေနဲ့ကောင်းတာက စင်ကာပူ။ သူတို့မှာက နိုင်ငံသားအားလုံးက အတွေးအခေါ်၊ အမြော်အမြင်အဆင့်အတန်းမြင့်တယ်။ လာဘ်ပေးတဲ့လူလည်းမရှိဘူး။ လာဘ်ယူတဲ့လူလည်းမရှိဘူး။ လာဘ်ယူတာနဲ့ချက်ချင်းပြုတ်သွားတာ။ လာဘ်တောင်းတာနဲ့ ချက်ချင်း ဖုန်းကောက်ဆက်လိုက်တာနဲ့ ဒီကောင်ထောင်ထဲဝင်ပေ့ါ။ အခု ဒီမှာက လာဘ်ယူတာတောင် ကျေးဇူးတင်ရမယ့်ခေတ်ဖြစ်နေတယ်။ လူနေမှုအဆင့်အတန်း၊ အတွေးအခေါ်၊ အမြော်အမြင် အခြေခံကောင်းခဲ့တဲ့ တို့နိုင်ငံဟာ အခုဘာလို့ကျဆင်းသွားသလဲဆိုတော့ နှစ်ရှည်လများ ဒီဟာတွေကို မသိကျိုးကျွံပြုခဲ့လို့ အဲဒီဒဏ်ကိုအခုခံစားနေရတာ။ လာဘ်ပေးတာ၊ လာဘ်ယူတာပျောက်အောင်ပြည်သူတစ်ရပ်လုံးက အသိတရားရှိရှိနဲ့ တာဝန်သိသိလုပ်ရမယ်။ တာဝန်သိသိနဲ့ တစ်ယောက်နဲ့ တစ်ယောက် ထိန်းကျောင်းသွားမယ်ဆိုရင် လျော့သွားမယ်။ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ တစ်ဦးချင်းစီရဲ့ တာဝန်မသိတတ်မှုကြောင့် ဖြစ်ရတဲ့ကိစ္စ။ အများပြည်သူက အများပါ။ လာဘ်ယူတဲ့လူက အနည်းစုပါ။ လူ ၁၀၀ မှာ လာဘ်ယူတာက နှစ်ယောက်ပါ။ကျန်တဲ့၉၈ယောက်က လာဘ်ပေးနေရတဲ့လူ။ အဲဒီကိစ္စနဲ့ အကျုံးမဝင်တဲ့လူ။ ၉၈ ယောက်က နှစ်ယောက်ကို ထိန်းမယ်ဆိုရင် ဒီလူ့ဘောင်ကြီးက လာဘ်စားမှု မပျောက်ရင်တောင် လျော့သွားမှာပေ့ါ။ အခုက ဒီဟာကြီးကို လမ်းမှန်ကြီးလို့ လက်ခံနေကြတာ။ လာဘ်စားပြီး ပိုက်ဆံမတန်တဆရှိနေသူကို အိမ်ကသမီးနဲ့ ပေးစားတာ။ ဒါကို ချီးကျူးကြတယ်။ ရိုးသားလို့မွဲနေတဲ့အကောင်ဆို ငတုံး။ လူ့အသိုင်းအဝိုင်းက အဲဒီလိုဖြစ်နေတယ်။ လူတွေက ကိုယ့်တာဝန်နဲ့ကိုယ် အပြန်အလှန်ထိန်းကျောင်းကွပ်ကဲသွားမယ်ဆိုရင် အထိုက်အလျောက်လျော့သွားမယ်။

**အခု အစိုးရသစ်လက်ထက်မှာ နိုင်ငံတော်တာဝန်ရှိသူတွေကို အဂတိလိုက်စားမှုနဲ့ပတ်သက်ပြီး ဘာများပြောချင်တာရှိသေး လဲ။**

နိုင်ငံတော်တာဝန်ရှိသူ၊ ဌာနတစ်ခုရဲ့ အကြီးအကဲတစ်ယောက်က အဲဒီဌာနမှာ ဆောင်ရွက်နေတုန်းမှာ သူ့သားသမီး၊ သူ့ဆွေမျိုးတွေဟာ အဲဒီလုပ်ငန်းနဲ့ တိုက်ရိုက်ပတ်သက်တဲ့ စီးပွားရေးလုပ်ငန်းတွေကိုလုပ်ကိုင်နေတယ်ဆိုတာမျိုးက မသင့်လျော်တဲ့ကိစ္စတစ်ခုပါ။ အဂတိတရားလေးပါးဖြစ်တဲ့ ဆန္ဒ၊ လောဘ၊ ဘယ၊ မောဟထဲမှာ ငွေယူယူ၊ မယူယူ အကျင့်ပျက်ပြားမှု၊ တစ်နည်းအားဖြင့် အဂတိလိုက်စားမှုလို့ပြောရမှာပါ။

**ဟုတ်ကဲ့။ ကျေးဇူးအများကြီး တင်ပါတယ် ဦး။**

7DAY NEWS JOURNAL
Vol.10, No.11 · JUNE 2, 2011

## ဦးဇော်ဇော် လေလံအောင်ခဲ့သော ရှေးဟောင်းအဆောက်အအုံပြုပြင်ခြင်းလုပ်ငန်း မကြာမီစတင်မည်

သန်းဌေး

ရန်ကုန်၊ မေ – ၂၈

ယခုနှစ် ဖေဖော်ဝါရီလကုန်က လေလံအောင်ခဲ့သော ရှေးဟောင်းအဆောက်အအုံတစ်ခုဖြစ်သည့် ရိုးကုမ္ပဏီ တိုက်ဟောင်းအား မကြာမီ ပြန်လည်ပြုပြင်ခြင်း စတင်တော့မည်ဖြစ်ကြောင်း ဦးဇော်ဇော်က ပြောသည်။

“ကျွန်တော်တို့ လေလံအောင်ထားတာ ၃၀ ရာခိုင်နှုန်းလည်း ငွေသွင်းပြီးပါပြီ။ လတ်စသတ်ပြီးရင် လုပ်ငန်းစပါမယ်” ဟု ၎င်းကပြောသည်။

ယခင်က ရိုးကုမ္ပဏီတိုက်ဖြစ်သော လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနရုံးသည်ကိုလိုနီလက်ရာရှေးဟောင်းအဆောက်အအုံတစ်ခုဖြစ်သည်။ ယခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် မြေကွက်နှင့် အဆောက်အအုံ တိုက်ခန်းပေါင်း ၂၆၈ ခုအား နိုင်ငံတော်က လေလံပစ်၍ ပုဂ္ဂလိကသို့ လွှဲပြောင်းပေးခဲ့ရာတွင် အဆိုပါအဆောက်အအုံပါဝင်သည်။

အဆိုပါ အဆောက်အအုံအား အမိုးမိုးရန် နှောင့်နှေးနေရခြင်းမှာ အမိုးလိုင်နာအကွက်များ လန်နေသောကြောင့်ဖြစ်ကြောင်း ဦးဇော်ဇော်က ပြောသည်။

၂၀၁၀ ဒီဇင်ဘာလကုန်ကတည်းက ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ခဲ့ပြီး အဆိုပါလုပ်ငန်းများ လက်စသတ်ပြီးမှသာ လေလံအောင်ထားသူက အမိုးပြန်လည်ပြုပြင်ခြင်းနှင့် ရှေးဟောင်းလက်ရာများ မပျက်စီးစေရန် ထိန်းသိမ်းဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။



## ခရီးသွားလုပ်ငန်းအဖွဲ့ အမှတ်တံဆိပ်ဒီဇိုင်းပြိုင်ပွဲ

အေအမ်ကေ

ရန်ကုန် – မေ ၂၇

မကြာမီကခရီးသွားဆိုင်ရာအသင်းအဖွဲ့များစုပေါင်းဖွဲ့စည်းလိုက်သော မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့၏ အမှတ်တံဆိပ်သတ်မှတ်နိုင်ရန်အတွက် အမှတ်တံဆိပ်ပြိုင်ပွဲပြုလုပ်သွားမည်ဖြစ်သည်ဖြစ်ကြောင်း ထိုအဖွဲ့မှ သတင်းထုတ်ပြန်သည်။ အဖွဲ့၏ရည်ရွယ်ချက်နှင့် ပုံရိပ်ကို အဓိပ္ပာယ်ပေါ်လွင်စွာ ရေးဆွဲပုံဖော်နိုင်သည့် ဒီဇိုင်းလက်ရာများကိုရွေးချယ်သွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်တစ်ဦးလျှင် ငါးပုံအထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်သူများသည် မိမိကိုယ်တိုင် ဖန်တီးထားသောဒီဇိုင်းဖြစ်ကြောင်းဝန်ခံကတိပြုချက်နှင့်အတူ ဇွန် လ ၂၅ ရက် နောက်ဆုံးထား၍ အဖွဲ့သို့ပေးပို့ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲတွင် ဆုရရှိသူကို ကျပ်ငါးသိန်းချီးမြှင့်မည်ဖြစ်ပြီး အကယ်၍ ဆုရရှိသည့် ဒီဇိုင်းကို တစ်ပတ်အတွင်း ကန့်ကွက်သူရှိပါကဆုကိုပယ်ဖျက်သွားမည်ဖြစ်သည်။ ရွေးချယ်ခံရခြင်းမရှိသောဒီဇိုင်းကိုပြန်လည်တောင်းယူနိုင်ကြောင်းသိရသည်။ ပြိုင်ပွဲဝင်လိုသူများအနေနှင့်လိုဂို ဒီဇိုင်းများကို အခန်း(၁၀၁)၊ ရွှေသံလွင်ကွန်ဒို၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်သို့ပေးပို့ ယှဉ်ပြိုင်နိုင်သည်။

### ပြင်ဆင်ဖတ်ရှုပါရန်

7Day News ဂျာနယ်အတွဲ (၁၀)၊ အမှတ်(၉) စာမျက်နှာ (၂၃)မှ ထူးကုမ္ပဏီဝက်ဘ်ဆိုက်အပါအဝင် ဝက်ဘ်ဆိုဒ်အချို့ တိုက်ခိုက်ခံရပြန် သတင်းမှ Bagan Princess Hotel ဝက်ဘ်ဆိုက်မှာ ထူးကုမ္ပဏီနှင့် မသက်ဆိုင်ပါကြောင်းပြင်ဆင်သိမှတ်ပေးပါရန်။ အတွဲ(၁၀)၊ အမှတ်(၁၀)မှ ‘ပဲတောင်သူ့အလွမ်း’ဆောင်းပါးမှ ‘ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ဧကစုစုပေါင်း ၁၇သိန်းကျော်ရှိ’အစား **‘စိုက်ဧကသိန်း၃၀ကျော်ရှိ’**ဟုလည်းကောင်း၊ ‘ပဲစိုက်ဧက၁၅သိန်း’အစား **‘ပဲစိုက်ဧက၁၈သိန်း’**ဟုလည်းကောင်း၊ ယခုတစ်ပတ်ထုတ်ဂျာနယ် ‘၂၁ရာစု၏ ဘောလုံးသူရဲကောင်း’ ဆောင်းပါးမှ ‘ရှာမီ’အစား **‘ရှာဗီ’**ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **အယ်ဒီတာ**

## မီးသင့် ချင်းတွင်းရတနာဈေး ပြန်လည်တည်ဆောက်မှု စတင်

မျိုးမင်းဦး

မုံရွာ၊ မေ – ၂၉

မီးသင့်ခဲ့သော မုံရွာမြို့မှ ချင်း တွင်းရတနာ ဈေးအရှေ့ဘက်တိုက်တန်းအား အသစ်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကို မေ ၂၆ ရက် နံနက်ပိုင်းမှ စတင်ပြီဖြစ်သည်။ ၂၀၁၀ ဇွန်လ ၃ ရက် နံနက် အစောပိုင်းတွင် လောင်ကျွမ်းခဲ့သောမီးကြောင့် နှစ်ထပ်ဈေး ကြီးမှ ဆိုင်ခန်းပေါင်း ၄၀၆ ခန်း ဆုံးရှုံးခဲ့ပြီး ကာလတန်ဖိုးကျပ် သိန်းပေါင်း ၁၆၅၆ သိန်း ဆုံးရှုံး ခဲ့သည်။ မေ ၂၆ ရက် နံနက်တွင် ပန္နက်တင်ခဲ့သော ဈေးသစ်တွင် ဆိုင်ခန်းများ ဝယ်ယူနိုင်ရန်အတွက် ဆိုင်ခန်းမီးလောင်ဆုံး ရှုံးထားခဲ့သော လုပ်ငန်းရှင်များ လုံးပမ်းနေရကြောင်း သတင်းရရှိ သည်။

## စာ(၂၉) – ဝေါမြို့နယ်မှ တောင်သူနှင့် ဆန်စက်ပိုင်ရှင်ဦးကျော်တင့်နှင့်တွေ့ဆုံခြင်း မှ

ဦးတို့က နွေစပါးမှာ သွင်းအားစုကို ဘယ်လောက်လောက်ထည့်လဲဆိုတော့ နှစ်သိန်းနဲ့ နှစ်သိန်းခွဲကြားထည့်တယ်။ စပါးဈေးက သုံးသိန်း (သို့) သုံးသိန်းခွဲ (သို့) လေးသိန်းဖြစ်ရင်ဖြစ်မယ်။ အဲလိုဖြစ်မယ်ဆိုရင်မြတ်တယ်။ ဒီနှစ်က သွင်းအားစုတွေကလည်း များလာတယ်။ မြေသြဇာဈေးတွေကလည်းတက်လာတယ်။ဒီဇယ်ဈေးတွေကလည်း တက်လာတယ်။ ထုတ်လုပ်မှုစရိတ်များပြီးတော့ ရရှိလာတဲ့ဈေးနှုန်းက မထင်မှတ်တဲ့ဈေးနှုန်းတွေဖြစ်နေတယ်။ အခု သုံးသိန်းဈေးပေါက်တယ်ဆိုရင် စပါး ၅၀ ရရင် တစ်သိန်းခွဲပဲ။ အနည်းဆုံး တစ်ဧကကို လုပ်အားမပါဘဲနဲ့ငါးသောင်း၊ခြောက်သောင်းရှုံးနေပြီ။ ကိန်းဂဏန်းများလာတဲ့အခါကျတော့ကျွန်တော်တို့လည်း မတတ်နိုင်ဘူး။ ဦးတို့ မတတ်နိုင်ရင်ဦးတို့ကိုမှီခိုနေရတဲ့ တောင်သူအသေးတွေကိုမတွဲနိုင်မကူနိုင်တော့ဘူး။ ဒီနေ့ခံစားနေရတာပေါ့။

**လယ်ယာလုပ်သားရှားပါးတဲ့ အသံပိုကြားလာတယ်နော်။**

အခု လယ်ယာလုပ်သားက တအားရှားနေတယ်။ အဲဒီပြဿနာ အများကြီးတိုးလာတယ်။ လယ်ယာလုပ်သား ရှားတာက ဦးတို့အမြင်မှာ ဘာတွေ့သလဲဆိုတော့ ရိုးရိုးသားသား အမြင်မှာတော့ ဦးတို့ပေးနိုင်တဲ့ ငွေကြေးပေါ့။ တစ်နှစ်ကရော မနှစ်ကရော ဒီနှစ်ရောပေါ့။ လယ်ယာလုပ်သားတစ်ယောက်ကို (ကျွမ်းကျင်လုပ်သားပေါ့) စရိတ်ငြိမ်းငါးသောင်းပေးတယ်။ သူ့ကို ထမင်းကျွေးတာပေါ့နော်။ အခါအားလျော်စွာ အဝတ်အစားလည်းဝယ်ပေးတာပေါ့။ ဒါပေမဲ့ သူ့ကိုမှီခိုစားသောက်နေတဲ့မိသားစုက ငွေငါးသောင်းနဲ့ ဘယ်လိုမှ မလောက်နိုင်ဘူး။ ဦးတို့ကလည်း လက်ရှိ ကုန်ဈေးနှုန်းနဲ့ကျတော့ ဒီငါးသောင်းထက် လုံးဝပိုမပေးနိုင်ဘူး။ အကျိုး ဆက်ကတော့ ကုန်ဈေးနှုန်းနဲ့ပဲ ဆိုင်သလားမသိဘူး။ လူတွေက ဈေးနှုန်းပေါပေါနဲ့ စားချင်ပါတယ်။ ဒါပြောရဲပါတယ်။ ဒါပေမဲ့ လယ်ယာလုပ်သားတွေခံစားနေရတာတွေ သူတို့မသိလို့ပါ။ သိရင်သော်လည်းကောင်း ဒါမှမဟုတ် ခံစားမိရင်ပေါ့၊ ဆန်ဈေးများတယ်လို့ ညည်းမှာမဟုတ်ပါဘူး။ မလောက်ငတော့ လုပ်ငန်းအပေါ်မှာ ကတိတွေပျက်လာတာပေါ့။ သူ့နေရာမှာ အစားထိုးရတဲ့ လူကျတော့လည်း ငွေက ထပ်ကုန်၊ ဦးတို့ဘက်ကလည်း နှစ်ခါ၊ သုံးခါကုန်တယ်။ သူတို့ကရောလောက်ငလားဆိုတော့ မလောက်ငဘူး။ မောင်ဖြူဆီက ယူတယ်။ မောင်နီဆီကယူတယ်။ မောင်ညိုဆီက ယူတယ်။နှစ်ယောက်၊သုံးယောက်ယူပြီးတော့ သူ့မှာ နောက်ထပ်ယူစရာမရှိတဲ့အခါကျတော့ မထူးတော့ဘူး။ ရွှေ့ပြောင်းလုပ်သားလို့ခေါ်တဲ့နိုင်ငံခြားကိုသွားအလုပ်လုပ်တယ်ဆိုပြီး ပြေးကုန်ရော။ အဲလိုမျိုး ဆိုးဆိုးရွားရွား ဖြစ်လာတာ သုံးနှစ်၊ လေးနှစ် လောက်ရှိပြီ။ ဒီနှစ်ပိုင်းမှာ သိသိသာသာပိုဖြစ်လာတာ။

**သွားတဲ့နှုန်းက တော်တော်များလား။ အရေအတွက် အကြမ်းဖျင်းဆိုရင် တစ်လဘယ်လောက်ရှိမယ်ထင်လဲ။**

နေ့စဉ် တစ်နေ့ကို ငါးရာနှုန်းလောက် ဦးတို့တွေ့နေရတာပဲ။ အခုဟာကတော့ ရောဝတီတိုင်းဒေသကြီးကလည်း ပဲခူးတိုင်းဒေသကြီးလောက်တော့မထွက်ဘူး။ ပဲခူးတိုင်း အရှေ့ဘက်ခြမ်း၊ အခုအများဆုံးထွက်တာ။ ဦးတို့သိသလောက်တော့ အရင်တုန်းကတော့ မလေးရှားဆိုရင် အညာကနေ အသွားများကြတယ်။ ဒီ မြန်မာနိုင်ငံအောက်ပိုင်းကတော့ ထိုင်းကိုပဲထွက်ကြတာများတယ်။ ဒီနှစ်မှာတော့ မထင်မှတ်လောက်အောင်ထွက်ကြတယ်။ လယ်ယာမြေကို စွန့်ခွာသွားကြပြီလို့ ဦးတို့ခံစားရတယ်။ သူတို့သွားရတဲ့ရည်ရွယ်ချက်က စိုက်ပျိုးရေးပညာကို လေ့လာဖို့သွားတာမဟုတ်ဘူး။ ဖြေရှင်းဖို့က သူတို့ဝမ်းရေးပဲ။ ဒီလယ်ယာစိုက်ပျိုးရေးလုပ်ငန်း လုပ်သား လောကထဲကို တစ်လုံး၊ နှစ်လုံး၊ သုံးလုံးဆိုတဲ့ ချထီကိစ္စတွေ ဝင်လာတယ်။ ဥပမာ-တစ်ရာသီမှာ တစ်နေ့ကို ကောက်စိုက်သမ လူ ၂၀ ယူမယ်။ တစ်လလောက်စိုက်ရမယ်။ လူ ၆၀၀ စာလောက်ကျမယ်။ တစ်ထောင်လောက်ဆို သူ့ကို ငွေခြောက်သိန်းလောက်ပေးထားရမှာပေါ့။ အဲဒီငွေခြောက်သိန်းကို ကိုယ်ကသွားပေးထားလိုက်တယ်။ တစ်ချိန်တုန်းကတော့ သူကလည်း သူ့ကိုမှီခိုနေတဲ့ ကောက်စိုက်သမတွေကို ငွေ ပြန်လွှဲပေးတယ်။ သူကိုယ်၌က ဒီငွေကို လောင်းကစားထဲထည့်လိုက်တယ်။ အချိန်တန် ကောက်စိုက်သမတွေမလာ၊ ကောက်စိုက်သမခေါင်းဆောင်ကိုယ်တိုင်က ဒီလောင်းကစားထဲရောက်သွား၊ နောက်ပိုင်းကျတော့ ကောက်စိုက် သမလေးတွေကိုယ်၌က သူတို့လေးတွေပါ ထိုးလာကြတယ်။ မနက်ဘက်ကျရင် အိမ်ကထွက်လာရင်လယ်ကွင်းထဲ အရင်မရောက်ဘူး။ ချဲဒိုင်ဆီအရင်ရောက်တယ်။ ၁၁ နာရီလောက်ဆိုရင် လယ်ကွင်းထဲမှာ သူတို့စိတ်မရှိတော့ဘူး။ ညနေပိုင်း သုံးနာရီဆိုရင်လည်း သူတို့စိတ်က လယ်ကွင်းထဲမှာ မရှိတော့ ညနေဇယားပြန်မျှော်နေပြီ။ အဲဒါတွေက လယ်ယာလုပ်ငန်းတွေကို အဟန့်အတားပေါ့။ ကြာလေ ကြာလေ ဆိုးလာတယ်။ နှစ် ၂၀ကျော်ကြာတဲ့အထိ ချဲထီရှိနေတာကိုလည်း အံ့သြမိတယ်။

**လယ်ယာလုပ်ငန်းဖွံ့ဖြိုးအောင် အစိုးရအနေနဲ့ ဘာတွေလုပ်ပေးသင့်တယ်လို့ထင်လဲ။**

ပထမတုန်းကတော့ ဦး ဉာဏ်မီသလောက် စဉ်းစားတာပေါ့။ အိတ်စ်ပို့လုပ်ငန်းလည်း ဦးကိုယ်တိုင်ကလည်း မလုပ်ဖူးဘူး။ ကြားသလောက်ပြောတာပေါ့နော်။ ဒီအိတ်စ်ပို့တာ တွေဟာ ဆန်စပါး Export လုပ်ရင် ပို့ကုန်အခွန်က ၁၀ ရာခိုင်နှုန်းပေါ့။ နိုင်ငံတော်ကိုပေးရတာ။ ပတ်ဝန်းကျင်နိုင်ငံတွေမှာကျတော့ အဲလိုမျိုး ကူးသန်းရောင်းဝယ်ရေးမှာ အပြိုင်ဖြစ်လာတဲ့အခါကျရင် ထမ်းရတဲ့အခွန်မျိုးကိုလည်းလျှော့ပေးတယ်။ နောက် ပံ့ပိုးငွေတွေလည်း ပေးတယ်လို့ ဂျာနယ်၊ မဂ္ဂဇင်းတွေမှာဖတ်ရတယ်။ အဲလိုလေးများ နိုင်ငံတော်အနေနဲ့ ဒီကုမ္ပဏီကြီးတွေကို အဲလိုလုပ်ပေးရင် ဦးတို့ဘက်က ၁၀ ရာခိုင်နှုန်းလောက် ဈေးနှုန်းလေးတက်လာမယ်။ ဒီလောက်ပဲ မျှော်လင့်တယ်။ အိတ်စ်ပို့ကိုလည်း မှန်မှန်လေးဖွင့် ပေးစေချင်တယ်။

**ရာသီဥတုဖောက်ပြန်တာနဲ့ပတ်သက်ပြီး အစိုးရဆီက ဘယ်လိုအကူအညီမျှော်လင့်လဲ။**

စပါးအခြောက်ခံစက်တစ်ခုရဲ့ တန်ဖိုးက သိန်း ၂၀၀ ဝန်းကျင်ဆို သူများနိုင်ငံမှာ လယ်လုပ်တယ်ဆိုတာက ပိုက်ဆံရှိလို့လယ်လုပ်တာ၊ ဒီမှာက မွဲလို့လယ်လုပ်တာ။ ဒီကိန်းဂဏန်းကို ဘယ်လိုမှ တောင်သူမလုပ်နိုင်ဘူး။ အခုလုပ်ငန်းရှင်တွေပေါ့၊ အထူးပြုကုမ္ပဏီတော်တော်များများမှာလည်း ဒီနေ့သိသလောက် မတွေ့သေးဘူး။ မရင်းနှီးချင်လို့ပဲလားမသိဘူး။ အဲဒီစက်မျိုးတွေ ထောက်ပံ့ရင် မဆိုးဘူး။

**မိုးလေဝသသတင်းနဲ့ပတ်သက်ပြီးပြောပေးပါဦး။**

ဦးတို့လည်း လယ်ထဲက ပြန်လာရင် မိုးလေဝသသတင်းလေးကိုတော့ မိုးကြိုကာလတို့၊ မိုးနှောင်းကာလတို့ အမြဲတမ်းသတိထားတယ်။ မိုးလေဝသဆိုတာ သိအောင်လည်း ကြိုးစားရမယ်။ သိပြီးရင်လည်း ဘယ်လိုလုပ်ရမလဲဆိုတာ ကိုယ်က ပြန်ပြီးလုပ်ရမယ်။ ဒီတော့ တောင်သူတွေသိအောင်တော့ အချိန် တစ်ချိန်လေးပေါ့နော်၊ ဦးတို့အနေနဲ့ကတော့ ကိုရီးယားကားထက်စာရင် ဒါလေးကို ပိုကြည့်ချင်တယ်။ သတင်းစာမှာ လစဉ် မိုးလေဝသ သုံးသပ်ချက်ကို တစ်လတစ်ကြိမ်လောက် နေရာလေးပေးသင့်တယ်လို့ထင်တယ်။

**အခုအခြေအနေမျိုးမှာ တောင်သူတွေ အခြေအနေကောင်းအောင် ငွေထုတ်ပေးမယ်ဆိုရင် ချေးငွေအနေနဲ့ ပြန်ကောင်းလာနိုင်မလား။**

နိုင်ငံတော်ကပဲဖြစ်ဖြစ်၊ ကုမ္ပဏီတွေကပဲဖြစ်ဖြစ် တောင်သူတွေလိုအပ်တဲ့ သွင်းအားစုကို စေတနာနဲ့ထောက်ပံ့ ပံ့ပိုးမယ်ဆိုရင် ထောက်ပံ့လိုက်တဲ့ငွေကြေးက လယ်ယာမြေထဲရောက်သွားရင်တော့ အကျိုးရှိမယ်။ တောင်သူကနဂိုက ပညာအခြေခံကလည်း နည်းတယ်။ ပညာအခြေခံနည်းလို့ တောင်သူကို ချဲတွေ၊ နှစ်လုံးတွေ ထိုးတယ်လို့ဆိုလိုတာမဟုတ်ဘူး။ ပညာအခြေခံများတဲ့မြို့က ပညာတတ်ဝန်ထမ်းတွေတောင် ထိုးနေကြတာပဲ။

**စပ်မျိုးစပါးကိုရော စိုက်ပျိုးဖို့ စိတ်ဝင်စားလား။**

စပ်မျိုးစပါးစိုက်ဖို့ဆိုတာမှာ သွင်းအားစုက လယ်ယာလုပ်သားတွေအများကြီးသုံးရတယ်။ ဒီနေ့ လယ်ယာလုပ်သားမရှိဘူး။ အဲဒီအခက်အခဲက နံပါတ်တစ် မလုပ်နိုင်ဘူး။ နည်းပညာက ရပါတယ်။ အဲဒီနည်းပညာကလည်း လူတွေတော်တော်များများသုံးရမှာ။ လူနဲ့ပဲ တော်တော်များများလုပ်ရမှာ။ သွင်းအားစုကလည်း တော်တော်များများထည့်ရမှာ။ ထည့်ဖို့ငွေကြေးကလည်း အများနဲ့ခြုံငုံရင် မထည့်နိုင်ဘူး။ ဦးတို့ကတော့ လက်ရှိအနေအထားမှာ လုပ်နိုင်တဲ့အနေအထားမရှိဘူး။

**ဒီလိုသာ ဆက်ကြုံနေရရင် ဦးအနေနဲ့ ဘယ်လောက်ကြာကြာ ဆက်တောင့်ခံနိုင်မလဲ။**

အလွန့်အလွန် သုံးနှစ်ပဲ။ ဒီအခြေအနေက မပြောင်းရင် တောင်သူတွေ လယ်မြေကို ကျောခိုင်းရတော့မယ်။ ကိုယ့်ကိုယ်ကိုလည်း ခိုင်းရတော့မယ်။ ဘာလို့ လဲဆိုတော့ ရောင်ခြည်မှ မသန်းတော့တာ။

**ဒီကာလလောက် တောင်သူတွေ အခြေအနေဆိုးတာကြုံဖူးလား။**

မကြုံဖူးပါဘူး။ အဆိုးဆုံးကာလပါ။ နှစ်ရာသီဆက် ဖြစ်သွားတဲ့အတွက် အဆိုးဆုံးကာလပဲ။ မနှစ်ကဆို ပဲဈေးလည်းကောင်းတယ်။ စပါးဈေးလည်းကောင်းတယ်။ ပထမနှစ်က ဖြစ်သွားတဲ့ဟာကို ကျေတဲ့သူရှိတယ်၊ မကျေတဲ့သူရှိတယ်။ ဒီနှစ်ကတော့ ဒဏ်ရာဒဏ်ချက်တွေနဲ့ပေါ့။

**အခုလိုဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။**